www.burmeseclassic.com

# တက္ကသိုလ်ဘုန်းနိုင်

## ခေါမသဃမိုင်းရိုပ်ပြ
## ဂန္ထဝင်ဇာတ်ဆန်းများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ခေါပြသမိုင်းရှိပါပြ

# ဂန္ထဝင်ဇာတ်ဆန်းများ

## တက္ကသိုလ်ဘုန်းနိုင်

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၈၀၊ ၀၉-၅၁၂၇၄၉၃

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၁၁၈၈၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀၄၅၃၁၁၀၉ |
| ပထမအကြိမ် | - | ဒီဇင်ဘာလ၊ ၂၀၁၀ ခုနှစ်။ |
| | | ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ | - | ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် | - | Sky ပုံနှိပ်တိုက် |
| | | အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | စွယ်တော်ပုံနှိပ်တိုက် |
| | | အမှတ် (၁၄၇)၊ (၅၁) လမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးကျော်ခင်၊ ကံ့ကော်ဝတ်ရည်စာပေ |
| | | ၅၁၊ ရေကျော်လမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | - | ဝင်းမြင့်ဦး |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

၉၃၀

ဘုန်းနိုင်၊ တက္ကသိုလ်

ခေါမသမိုင်းရိပ်ပြ ဂန္ထဝင်ဇာတ်ဆန်းများ / တက္ကသိုလ်ဘုန်းနိုင်။ - ရန်ကုန်။

ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်။

စာမျက်နှာ-၁၉၄၊ ၁၃×၂၀ စင်တီမီတာ။

(၁) ခေါမသမိုင်းရိပ်ပြ ဂန္ထဝင်ဇာတ်ဆန်းများ


www.burmeseclassic.com

www.burmeseclassic.com

စကားသစ္စာ
မှန်သောခါကား
ဩဇာလေးနက်
ပေါ်ဆိုတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။ ။

ရှင်မဟာသီလဝံသ

BURMESE CLASSIC

သစ္စာ
ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျှင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေကျေးဇူးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမှန်အမြတ်
ငါ့အတတ်ဟူ၊ စာဖတ်သူ့ပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


♦ ဆရာဘုန်းတင့်ကျော်၏ အမှာစာ ၉


BURMESE CLASSIC


အခန်း [ ၁ ] ကပ်ကမ္ဘာဦး ၁၇

အခန်း [ ၂ ] မေတ္တာလမ်းကြောင်း သွေ့ရှဲစောင်းသော် ၁၉

အခန်း [ ၃ ] အဖသတ် မင်းတစ်ဆက် ၂၃

အခန်း [ ၄ ] ဝရဇိန်လက်နက်ရှင် ၂၇

အခန်း [ ၅ ] ကမ္ဘာဦးက နတ်သျှင်နောင်ကြီး ၃၅

အခန်း [ ၆ ] ချစ်၍ မျှိုသည် ၃၉

အခန်း [ ၇ ] ချစ်လို့ရယ်တဲ့ မကုန် ၄၁

အခန်း [ ၈ ] စုလျားရစ်သီ မပတ်မိ ၄၆

အခန်း [ ၉ ] ချစ်ပင် ချစ်သော်လည်းကွယ် ၄၉

အခန်း [ ၁၀ ] လျှာနှင့်သွား ၅၃

အခန်း [ ၁၁ ] ခေါင်းမှ ဖွားသူ ၅၆

အခန်း [ ၁၂ ] တံခါးနှစ်ပေါက် ထွက်သူ ၆၀


## တန်ခိုးရှင်များ


အခန်း [ ၁၃ ] ပိုးဆိုက်ဒင်အကြောင်း ၆၅

အခန်း [ ၁၄ ] ဟားမီးစ်၏ စရိုက်သဘာဝ ၇၄

အခန်း [ ၁၅ ] အပိုးလိုး၏ စရိုက်သဘာဝ ၈၃


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အခန်း [ ၁၆ ] | အဲရီးစ်၏ စရိုက်သဘာဝ | ၉၃ |
| အခန်း [ ၁၇ ] | ဟီဖီစတက်စ်၏ စရိုက်သဘာဝ | ၉၇ |
| အခန်း [ ၁၈ ] | အသီးနီး၏ စရိုက်သဘာဝ | ၁၀၁ |
| အခန်း [ ၁၉ ] | **အားတမစ်(စ်)၏ စရိုက်သဘာဝ** | ၁၀၈ |
| အခန်း [ ၂၀ ] | ဒီမီးတား၏ စရိုက်သဘာဝ | ၁၁၅ |
| အခန်း [ ၂၁ ] | ဒိုင်အာနီးဆက်စ်၏ စရိုက်သဘာဝ | ၁၂၇ |
| အခန်း [ ၂၂ ] | အက်ဖရာဒိုက်တီး၏ စရိုက်သဘာဝ | ၁၃၉ |
| အခန်း [ ၂၃ ] | ဟက်စတီယာ၏ စရိုက်သဘာဝ | ၁၅၃ |
| အခန်း [ ၂၄ ] | ဆိတ်နတ် ပင်န်၏ စရိုက်သဘာဝ | ၁၅၆ |
| အခန်း [ ၂၅ ] | မြေအောက်ကမ္ဘာမှ တန်ခိုးရှင်များ | ၁၆၀ |
| အခန်း [ ၂၆ ] | လူသားတို့ မိတ်ဆွေ | ၁၆၄ |
| အခန်း [ ၂၇ ] | တန်ခိုးရှင်ငယ်များ | ၁၇၅ |
| အခန်း [ ၂၈ ] | | ၁၈၀ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

BURMESE CLASSIC

ကမ္ဘာ့စာပေနယ်တွင် လည်းကောင်း၊ မြန်မာ့စာပေနယ်တွင် လည်းကောင်း၊ ရသစာပေ အနုပညာရှင်လည်းဖြစ်၊ စာပေပညာရှင်လည်း ဖြစ်သောသူ ရှားပါသည်။ ရသစာပေ အနုပညာရှင်ဟူသည်မှာ ကဗျာ၊ ဝတ္ထု၊ ပြဇာတ် အစရှိသော ရသစာပေအမျိုးမျိုးကို အနုပညာမြောက် ဖွဲ့ဆိုတတ်ကြသော စာရေးဆရာများ ဖြစ်ကြပါသည်။ စာပေပညာရှင်ဟူသည်မှာ ကဗျာသဘောတရား၊ ဝတ္ထုသဘောတရား၊ ပြဇာတ်သဘောတရား၊ စကားပြေသဘောတရား၊ စာပေဝေဖန်ရေး သဘောတရား၊ အလင်္ကာသဘောတရား၊ ဘာသာစကားသဘောတရား၊ စာပေသဘောတရားများ၊ ဓာတ်ညွှန်းသဘောတရားများကို နည်းစနစ်နှင့်တကွ ကျွမ်းကျင် တတ်မြောက် နားလည် သရုပ်ခွဲကာ စာပြု ကျမ်းပြုတတ်ကြသော ပညာရှင်များ ဖြစ်ကြပါသည်။ စာဖတ်ပရိသတ် လေးစားသော ရသစာပေ အနုပညာရှင်တစ်ဦး ဖြစ်လာရန်လည်း မလွယ်။ အများပြည်သူ လေးစားသော စာပေပညာရှင်တစ်ဦး ဖြစ်လာရန်လည်း မလွယ်ပါ။ လူပုဂ္ဂိုလ်တစ်ဦးအနေနှင့် ရသစာပေ အနုပညာရှင်လည်းဖြစ်၊ စာပေပညာရှင်လည်း ဖြစ်နှစ်ထပ်ကွမ်းဂုဏ်နှင့် ပြည့်စုံသည့်သူ ဖြစ်ဖို့ ပို၍ပင် မလွယ်ပါ။ ထိုသို့ မလွယ်ကူ

www.burmeseclassic.com

www.burmeseclassic.com



လှသောကြောင့် ခေတ်တစ်ခေတ်စီ၌ ရသစာပေအနုပညာရှင် ဖြစ်သကဲ့သို့ စာပေပညာရှင်လည်း ဖြစ်သော လူပုဂ္ဂိုလ်မျိုး ရှားလှပါသည်။

မြန်မာ စာပေလောကတွင် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့သည် ရသစာပေအနုပညာရှင် ဖြစ်သကဲ့သို့ စာပေပညာရှင်လည်း ဖြစ်သော နှစ်ထပ်ကွမ်း ဂုဏ်နှင့် ပြည့်စုံသည့် ပညာရှင် ဆရာကြီးများ ဖြစ်ပါသည်။ ထိုဆရာကြီး နှစ်ဦးနောက်၌ ထိုဆရာကြီး နှစ်ဦးကဲ့သို့ ရသစာပေအနုပညာရှင်၊ စာပေပညာရှင် ဟူသော နှစ်ထပ်ကွမ်းဂုဏ်နှင့် ပြည့်စုံသည့် အနည်းငယ်မျှသော ရှားပါးပညာရှင်တို့အနက် တစ်ဦးမှာ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင် ဖြစ်ပါသည်။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်သည် မြန်မာကဗျာ၊ မြန်မာသီချင်း၊ မြန်မာဝတ္ထု အနုပညာလက်ရာကောင်းများကို ရသမြောက် ဖန်တီးနိုင်သည့် စာပေ အနုပညာရှင်တစ်ဦး ဖြစ်သကဲ့သို့ ဝတ္ထုရှည် သဘောတရား၊ စာပေဝေဖန်ရေး သဘောတရား၊ ကဗျာသဘောတရား၊ ကမ္ဘာ့စာပေနှင့် မြန်မာစာပေ သဘောတရားများကို အဆင့်မြင့် နက်နဲစွာ သရုပ်ခွဲ လေ့လာ ဖော်ထုတ်ကျမ်းပြု ရေးသားခဲ့သော စာပေပညာရှင် ဆရာကြီးတစ်ဦးလည်း ဖြစ်ပါသည်။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်သည် အနည်းဆုံး နှစ်တစ်ထောင်ခန့် သက်တမ်း ရှိသော မြန်မာစာပေကို မြန်မာတို့ သိစေရန်၊ နှစ်တစ်ထောင်မှ နှစ် နှစ်ထောင်ကျော် သက်တမ်းရှိသော အနောက်တိုင်း ဥရောပစာပေ ခေါ် ကမ္ဘာ့စာပေကိုလည်း မြန်မာတို့ သိစေရန် များစွာ အပင်ပန်းခံ ကြိုးကုပ်အားထုတ် ရေးသား တင်ပြခဲ့ပါသည်။

ခပ်သိမ်းကလျာ ရှုဖွယ်သာတည်းဟူသော စာပေကျမ်း၊ လီရနှာဂင်္ဂါ ရေဝတီ (ကဗျာ၏ နိယာမနှင့် ကဗျာ၏ သင်္ခါရ) ကဗျာကျမ်း၊ ခေါမသမိုင်းရိုပ်ပြ ဂန္ထဝင်ဇာတ်ဆန်း စာတမ်း၊ အမြင့်သို့ အာရုံညွှန့်တက်ခြင်း ကဗျာစာတမ်း၊ ဝေဖန်ရေးအထက်မှာ မည်သူမှ မရှိပါ၊ စာတမ်းများကို ဆရာကြီး ဘဝ၏ နောက်ဆုံး ဆယ့်လေးနှစ်တာအတွင်း စာဖိတ်ပရိသတ်အတွက် အထူးသဖြင့် ဆရာကြီး၏ ပြောစကားအရ လူငယ် ကဗျာဆရာလောင်းများ၊ ဝတ္ထုရေး ဆရာလောင်းများ ဟူသော မျိုးဆက်သစ်တို့အတွက် ရည်ရွယ် ပြုစု ရေးသား တင်ပြသွားခဲ့ပါသည်။

ထူးချွန်သည့် ကဗျာဆရာ၊ စာရေးဆရာ ဖြစ်ချင်သော လူငယ်များ အနေနှင့် မိမိအမျိုးသားစာပေ (ဝါ) မြန်မာစာပေကို ထဲထဲဝင်ဝင် နှံ့နှံ့စပ်စပ်

www.burmeseclassic.com

www.burmeseclassic.com



သိထားသင့်သကဲ့သို့ ကမ္ဘာ့စာပေ၊ ကမ္ဘာ့စာပေဝါဒ၊ အနောက်တိုင်း အနုပညာဝါဒတို့နှင့် ပတ်သက်၍လည်း သမိုင်းကြောင်း ဖြစ်ထွန်း ပေါ်ပေါက်မှုများနှင့် တကွ ကမ္ဘာ့အနုရသစာပေ လက်ရာကောင်းများကို ကောင်းစွာ သိသင့်သည်ဟု ဆရာကြီး ယုံကြည် ယူဆပါသည်။

အထူးသဖြင့် အနောက်တိုင်းဖြစ် စာပေဝါဒ၊ အနုပညာဝါဒ အမျိုးမျိုးနှင့် ပတ်သက်၍ ကဗျာဆရာလောင်း၊ ဝတ္ထုဆရာလောင်းများကို ဆရာကြီး သတိပေးလိုဟန် ရှိပါသည်။ ကလောင်သစ်တို့ကို ကမ္ဘာ့စာပေ၊ မြန်မာ့စာပေ မန့်စပ်ခင် အနောက်တိုင်းဖြစ် စာပေဝါဒ၊ စာပေအနုပညာ အယူအဆဝါဒများ၏ နောက်မြီးဆွဲ လိုက်မိသူမျိုး ဆရာကြီး မဖြစ်စေလိုပါ။ စီးကြောင်းတို့ များစွာ ပါဝင်သော စာပေသမုဒ္ဒရာကြီး အကြောင်း နှိုက်နှိုက်နဲနဲ နှံ့နှံ့စပ်စပ် မသိ၍ စီးကြောင်းတစ်ခုမျှသာ ဖြစ်သော စာပေဝါဒတစ်ခုကို အစွန်းရောက် နာယူပြီး ဝါဒတစ်ခုဖြင့် မိမိကလောင်၊ မိမိအမြင်ကို မိမိဘာသာ လက်ထိတ်ခတ် မိလျက်သား ဖြစ်သွားရခြင်းမျိုးကို ဆရာကြီး တက္ကသိုလ်ဘုန်းနိုင် အားမပေးပါ။ စာပေဝါဒတစ်ခုသည် ကိုင်စွဲသူ၏ ကန့်သတ်မြင် ရှုထောင့်တစ်ခုသာ ဖြစ်လေ့ရှိပြီး ဗဟုမြင်မှ ကင်းကွာတတ်ပါသည်။ ထို့ကြောင့် စာဖတ်ပရိသတ်နှင့် ကဗျာဆရာ၊ ဝတ္ထုဆရာလောင်းလျာများအတွက် ဗဟုမြင် (ဝါ) အမြင်ကျယ်ကျယ် ဖြင့် ရှုမြင်ခြင်းမျိုးကို ပေးနိုင်ရန် ဆရာကြီး ကြိုးစားလေ့ရှိပါသည်။

ဆရာကြီး၏ အယူအဆမှာ ကမ္ဘာကိုလည်း သိရမည်။ မြန်မာကို လည်း သိရမည်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ရုံနှင့်လည်း မဖြစ်သေး။ နိုင်ငံခြား ဒိန်ခဲတုံးကြီး၏ ကောင်းခြင်းများအပြင် Side Effect (ဘေးထွက်ဆိုးကျိုး) များ၊ အစွန်းသွားမှုများကို မသိ နားမလည်ဘဲ အပိခံ၍လည်း မဖြစ်သေး။

ကိုယ့်မှာ ရှိတာ၊ ကောင်းတာ၊ မြင့်တာတွေကိုလည်း သိရမည်။ သူ့မှာ ရှိတာ၊ ကောင်းတာ၊ မြင့်တာတွေကိုလည်း သိရမည်။ အထင်သေးလွန်မှု၊ အထင်ကြီးလွန်မှုများ၊ အစွန်းရောက်မှုများကို ရှောင်သင့်သည်။ ကိုယ့်၌ မရှိသေးသော ကောင်းတာမျိုးကို လေ့လာနည်းယူသင့်သည်။ ကိုယ့်၌ ရှိပြီး သော ကောင်းခြင်း၊ မြင့်ခြင်း၊ မှန်ခြင်းတွေကိုလည်း မတိမ်ကော မပျောက်ပျက် စေသင့်။ ရှေးပညာရှိတို့ သတိပေးလေ့ရှိသည့် စကားအတိုင်း အရိုးကို အရေ မဖုံးအောင် ပြုဆောင်သင့်သည်ဟု ဆရာကြီး ယူဆသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေ ပရိသတ်တို့အဖို့ ကမ္ဘာ့စာပေမှ မသိမဖြစ် သိသင့် လေ့လာသင့်သော စာတို့ကို နိုင်ငံခြားဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို တင်ပြရာတွင်လည်း ဆရာကြီး ရေးသား သုံးစွဲသွားသော ရေးဟန်နှင့် အသုံး အနှုန်းတို့မှာ အံ့သြဖွယ် အတုယူဖွယ် ဖြစ်ကြောင်း တွေ့မြင်ရပါသည်။ ရေးသား ပြန်ဆို တင်ပြ မတတ်လျှင် အလွန်အိပ်ငိုက်စဖွယ် ဖြစ်စေမည့် လေးနင့်နက်နဲ လှသော ကမ္ဘာကျော် ပလေးတိုးကျမ်း၏ အချို့အပိုင်းကဏ္ဍများ၊ အရစ္စတိုတယ် ၏ ကျမ်းတစ်ကျမ်းတို့ကို ဆွဲဆောင်မှု အားကောင်းကောင်း၊ ရေးထားဟန် သွက်သွက်ဖြင့် နိုင်နင်းကျွမ်းကျင်စွာ ပြန်ဆိုတင်ပြပုံမှာ ကမ္ဘာ့ကျမ်းလေးကြီး များကို ဖတ်ချင့်စဖွယ် ဖြစ်အောင် မြန်မာဘာသာသို့ မည်သို့ ပြန်ဆိုတင်ပြ၍ ရကြောင်း ကျွန်တော်တို့ ပညာရပါသည်။

✓ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း (ကမ္ဘာ့စာပေနှင့် မြန်မာ့စာပေ နှိုင်းယှဉ်ဆန်းစစ် တင်ပြသော) စာပေကျမ်း၊ လီရနာ ဂင်္ဂါ ရောဝတီ ကဗျာ၏ နိယာမနှင့် ကဗျာ၏ သဒ္ဒါရ (ကမ္ဘာ့ကဗျာသဘောနှင့် မြန်မာ့ကဗျာသဘော အကြောင်း နှိုင်းယှဉ်လေ့လာတင်ပြသော) ကဗျာကျမ်းနှင့် ခေါမသမိုင်းရိပ်ပြ ဂန္ထဝင်ဇာတ်ဆန်းများကို ဆရာကြီး ရေးသားတင်ပြရာတွင် နှိုင်းယှဉ် လေ့လာ ရှုမြင်နည်း (compare and contrast) ဖြင့် ကမ္ဘာ့စာပေကိုလည်း သိစေ၊ မြန်မာ့စာပေ၌ သူတို့စာပေနှင့်အပြိုင် အဆင့်မြင့်မြင့် အရာတို့ ရှိနေခြင်းကို လည်း သိစေ၊ ပရိသတ်ကို တရားမဟော ဆရာမလုပ်ဘဲ ရသစုံစုံ၊ မြင်ကွင်းစုံစုံ ဖြင့် ဆွဲဆောင်လျက် မြန်မာစာဖတ်ပရိသတ်နှင့် ကလောင်သစ်လောင်းလျာများ အတွက် ရေးသား တင်ပြခဲ့ပုံမှာ အလွန်ပညာပါပြီး ရေးရမလွယ်သော ဘာသာပြန် နည်းပညာသုံး စာပေကျမ်းပြု ပညာကြီးတစ်ခု ဖြစ်ပါသည်။

ခေါမသမိုင်းရိပ်ပြ ဂန္ထဝင်ဇာတ်ဆန်းများပါ တန်ခိုးရှင်များအကြောင်း တွင် မူလ သူတို့စာ သူတို့ ဇာတ်လမ်းထဲ၌ တဏှာပေမ ကာမရာဂအကြောင်း များကို ဘွင်းဘွင်းရှုးရှုး တစ်တစ်ခွခွ မျက်စိရှက်၊ နားရှက်စရာ ရေးဖွဲ့ထား သည်တို့နှင့် ပတ်သက်၍ မူလစာဆို ပုဂ္ဂိုလ်တို့၏ ဆိုလိုရင်း သဘော အဓိပ္ပာယ် နှင့် ရသလည်း မပျက် မပျောက်ရစေ၊ မြန်မာ့ယဉ်ကျေးမှု မြန်မာ့အမြင်၌ ဖတ်၍လည်း ဣန္ဒြေမပျက် သိက္ခာမပျက် အပြစ် ဒေါသသင့်သည်မျိုး မဖြစ်စေ၊ မြန်မာ နား၊ မြန်မာ့မျက်စိဖြင့် ကြား မြင် ဖတ်ရှု၍လည်း သင့်တော် လျော်ကန် စေအောင် ဆရာကြီးအနေနှင့် ဝေါဟာရ အသုံးအနှုန်းများ ပြန်လှန်သုံးစွဲပြပုံ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်တင်ပြပုံ တင်ပြနည်းနှင့် ရသပေးပုံတို့မှာ မျက်စိရှက်စရာ၊ နားရှက်စရာ မပါရှိဘဲ ညက်ညောပါးနပ် ပြောင်မြောက်လှပါသည်။ ခေါမတို့အကြောင်းလည်း သိစေ၊ မျက်စိရှက်၊ နားရှက်လည်း မဖြစ်ရစေ ဆရာကြီး ရေးတတ်လှပေသည်။

ဆရာကြီးသည် ခေါမစာပေ၊ ခေါမအတွေးအမြင်၊ ခေါမသမိုင်း၊ ခေါမယဉ်ကျေးမှုအကြောင်း တင်ပြရာတွင် ခေါမသမိုင်းရိပ်ပြ ဂန္ဓဝင်ဇာတ်ဆန်းများပါ အရေးကြီးသော တန်ခိုးရှင်များအချို့ကို နိုင်နင်း ကျွမ်းကျင်စွာ ဘာသာပြန်ဆို ဖော်ပြပြီးနောက် ယင်းခေါမသမိုင်းရိပ်ပြ ဂန္ဓဝင်ဇာတ်ဆန်းများပါ 'သူရဲကောင်းများအကြောင်း' ကို ဘာသာပြန်ဆို တင်ပြလျှင်လည်း ရှေးမြန်မာသမိုင်း မစ်သ်တို့ပါ တကောင်း နဂါးနိုင်မင်း၊ တကောင်းနဂါးရမင်း၊ တကောင်းသူရဲကောင်း မောင်ပေါက်ကျိုင်း၊ ပထမမြန်မာနိုင်ငံတော်ကြီး တည်ထောင်ပေးခဲ့သော သရေခေတ္တရာ သူရဲကောင်းမင်း ဒွတ္တပေါင်၊ ဒုတိယ မြန်မာနိုင်ငံတော်ကြီး တည်ထောင်ပေးခဲ့သော ပုဂံသူရဲကောင်းမင်း သမုဒ္ဒရာဇ်နှင့် သူရဲကောင်းလုလင် ပျူစောထီး၊ တတိယမြန်မာနိုင်ငံတော်ကြီး ဆက်လက် တည်ဆောက်ပေးခဲ့သော သူရဲကောင်းမင်း အနော်ရထာ၊ ယင်းအနော်ရထာမင်း၏ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဟူသော သူရဲကောင်း လေးဦး၊ ဗျတ်ဝိ ဗျတ္တဟူသော လူစွမ်းကောင်း နှစ်ဦး အစရှိသော ရှေးတကောင်းသမိုင်းမစ်သ်၊ သရေခေတ္တရာ သမိုင်းမစ်သ်နှင့် ပုဂံသမိုင်းမစ်သ်တို့ပါ မြန်မာသူရဲကောင်းများနှင့် နှိုင်းယှဉ်ဆန်းစစ် ရေးသား တင်ပြစရာများ ဆရာကြီးမှာ ရှိလိမ့်မည် ဖြစ်ကြောင်း သံသယဖြစ်စရာ မရှိပါ။

စာဖတ်ပရိသတ်အတွက် ကံမကောင်း အကြောင်းမလှသည်မှာ လုံမလေးမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာစာရေးဆရာမ မလေးလုံ ကွယ်လွန်သွားခြင်း ဖြစ်ပါသည်။ မြန်မာစာဖတ်ပရိသတ်အတွက် စာပေစိတ် စာပေစေတနာရှိသော ဆရာမ မလေးလုံသည် ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်မှ စာဖတ်ပရိသတ်သို့ ပေးဆက် တင်ပြလိုသော 'ခေါမသမိုင်းရိပ်ပြ ဂန္ဓဝင်ဇာတ်ဆန်းများ' ကို တန်ဖိုး သိနားလည်စွာဖြင့် လုံမလေးမဂ္ဂဇင်းတွင် လစဉ် အခန်းဆက် ဘာသာပြန်စာပေ လက်ရာကောင်းတစ်ခု အဖြစ် စာပေဝတ္ထုရား ကျေပွန်စွာ မှန်မှန် ထည့်သွင်း ဖော်ပြပေးခဲ့ပါသည်။ 'ခေါမ တန်ခိုးရှင်များ' ကို တစ်ကာ ရပ်ပြီး 'ခေါမသူရဲကောင်းများ' အကြောင်း လုံမလေးမဂ္ဂဇင်းတွင် ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆို ဖော်ပြခါနီး အချိန်တွင် စာပေစိတ်ရှိသော ဆရာမ မလေးလုံ ကွယ်လွန်သွားခဲ့၍ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်လည်း 'ခေါမသူရဲကောင်းများ' ကဏ္ဍကို ဆက်လက် ပြန်ဆိုရေးသားရန် ရှိသော်လည်း မပြန်ဆိုဖြစ်တော့ပါ။

ဆရာကြီးသည် ကမ္ဘာ့စာပေ ခေါ် ဥရောပစာပေ ယဉ်ကျေးမှုကြီး၏ အရေးကြီးသော မူလဘူတ အရင်းအမြစ် အနွယ် စတင်ရာ ခေါမစာပေနှင့် မြန်မာစာဖတ်ပရိသတ်ကို အကျွမ်းတဝင် ဖြစ်စေချင်ပါသည်။ အနောက်တိုင်း စာပေနှင့် အတွေးအခေါ်ကို အပြည့်အဝ နားလည်ဖို့မှာ ခေါမစာပေနှင့် အတွေးအခေါ်ကို မသိ၍ မဖြစ်ပါ။ အနောက်တိုင်း စာပေ၊ ခေါမစာပေတို့မှ အနုပညာဆိုင်ရာ နည်းပညာ နည်းစနစ်များ မသိဘဲ လုံးချင်းဝတ္ထု နော်ဗယ်လ် (Novel) ခေါ် ရသစာပေ အမျိုးအစားသစ်ကို ကမ္ဘာ့စံချိန်မီ ရေးသားနိုင်ဖို့ မလွယ်ပါ။ ခေါမစာပေ၊ ကမ္ဘာ့စာပေတို့ဆီမှ လုံးချင်းဝတ္ထု (Novel) နည်းပညာများ၊ အနုပညာနည်းစနစ်များနှင့် ပတ်သက်၍ အတုယူစရာ၊ ဆည်းပူးစရာများ ရှိပါသည်။ ယင်းတို့ကို သဘောပေါက် သိနားလည်သကဲ့သို့ မိမိတို့၏ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှု၊ မြန်မာ့အတွေးအခေါ်ကိုလည်း ကောင်းစွာ သိနားလည်မည် ဆိုလျှင် အရိုးကို အရွက်မဖုံးသော လုံးချင်းဝတ္ထု (Novel) ကောင်းများ ဖန်တီးနိုင်ပါလိမ့်မည်။ ဤကား ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ စာပေစေတနာပါတည်း။

ဆရာကြီးဇော်ဂျီသည် ကမ္ဘာ့စာပေနယ်ပယ်မှ 'ပလေတိုးနိဒါန်း' ကို မြန်မာစာပေနယ်အတွက် စတင်ပြန်ဆိုပေးခဲ့ပါသည်။ အဆိုပါ 'ပလေတိုးနိဒါန်း' စာအုပ် ပုံနှိပ် ထုတ်ဝေပြီးနောက် နှစ်အနည်းငယ်အကြာ ဆရာကြီးဇော်ဂျီနှင့် ဆုံတွေ့စဉ် ဆရာကြီးဇော်ဂျီကို ဆရာ တက္ကသိုလ်ဘုန်းနိုင် ချီးကျူး ပြောဆို မေးမြန်းခဲ့ပါသည်။

"ဆရာ ပလေတိုးနိဒါန်းကို ဘာသာပြန်ပေးတာ သိပ်ဝမ်းသာတယ် ဆရာ၊ ပလေတိုး နိဒါန်း ပြီးတော့ အရစ္စတိုတယ်ရဲ့ စာပေကျမ်း ၈ ကျမ်းကို ဆရာ ဆက်ဘာသာပြန်မှာပဲလို့ မျှော်နေတာ။ အရစ္စတိုတယ်လ်ကျမ်းတွေကိုလည်း ဆရာ ဆက်ပြီး ဘာသာပြန်ပေးပါဦး"

"အဲဒါတွေ ဆရာ ဘာသာမပြန်ချင်လို့ မဟုတ်ပါဘူး၊ ပလေတိုးနိဒါန်း စာအုပ် ထွက်ပြီးတော့ အခြေအနေ ကြည့်ရတာ ဒီကျမ်းတွေဟာ မြန်မာပြည်အတွက် အချိန်မတန်သေးဘူး၊ စောနေတယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆရာကြီးဇော်ဂျီ ခပ်ညည်းညည်း ဖြေကြားခဲ့ကြောင်း၊ ဆရာကြီးဇော်ဂျီ ထိုသို့ ဖြေသံ ကြားရ၍ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် စိတ်မကောင်းဖြစ်ခဲ့ရကြောင်း၊ ဆရာဇော်ဂျီ နာမည်ကြီး ပရိသတ်ကြီးသည်ကို အကြောင်းကြောင်းကြောင့် မလိုကြ၍ ဆရာဇော်ဂျီ ရေးသမျှတိုင်းကို နင်ပဲငဆ ရင့်ရင့်သီးသီး အပုပ်ချ စော်ကား ပြောဆို ရေးသားကြသူ အချို့ကြောင့် ဆရာကြီးဇော်ဂျီ စိတ်ပျက်ခဲ့သည် ထင်ကြောင်း ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် ပြန်ပြောပြခဲ့ဖူးပါသည်။

ဆရာကြီးဇော်ဂျီသည် မြန်မာနိုင်ငံ စာဖတ်ပရိသတ်အတွက် စာပေစေတနာ စာပေတာဝန်သိစိတ်ဖြင့် ခေါ်မစာပေမှ 'ပလေးတိုး နိဒါန်း' ကို ဖောင်မိတ်ဆက်ပေးခဲ့၏။ ဆက်လက် ဘာသာပြန်ဆိုရန်ရှိသော အရစ္စတိုတယ်၏စာပေအနုပညာကျမ်း ၈ ကျမ်းအနက်မှ တစ်ကျမ်းကို မြန်မာစာဖတ်ပရိသတ်နှင့် ခပ်သိမ်းကလျာ ရှုဖွယ်သာတည်း စာပေကျမ်းတွင် ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ဆက်လက် ပြန်ဆိုမိတ်ဆက် ဖြည့်ဆည်းပေးခဲ့ပါသည်။ ခေါ်မစာပေမှ အရေးကြီးလေ့လာသင့်သော အရစ္စတိုတယ်၏ ကျမ်း ၇ ကျမ်းကို မြန်မာ စာဖတ်ပရိသတ်အတွက် ဆက်လက်ပြန်ဆိုရန် ကျန်ရှိနေပါသေးသည်။ ထို့နည်းတူစွာခေါ်မသမိုင်းရိပ်ပြ ဂန္ထဝင်ဇာတ်ဆန်းများထဲမှ 'ခေါ်မသူရဲကောင်းများ' စာပေကဏ္ဍကို ဆက်လက်ပြန်ဆိုရန် ကျန်ရှိနေပါသည်။ ခေါ်မတန်ခိုးရှင်များအကြောင်းကို လွန်ခဲ့သော နှစ်ပေါင်းများစွာ အကြာက ဆရာတစ်ဦး ဘာသာပြန်ဖော်ပြဖူးပါသည်။ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင် ပြန်ဆို တင်ပြပုံနှင့် ရှုထောင့်ချင်း တင်ပြပုံချင်းမူ မတူပါ။ စာပေတာဝန်တစ်ရပ်ကို တစ်ယောက် တစ်မျိုးစီထမ်းဆောင်ခဲ့ကြသည်ဟုသာ ဆိုစရာ ရှိပါသည်။ ခေါ်မကဗျာဆရာကြီး ဟိုးမား၏ အီဒီယက်ဆီနှင့် အိလိယက်ကို ဆရာနိုင်ဇော် ဘာသာပြန်ဆိုပေးခဲ့ပါသည်။

လုံမလေးမဂ္ဂဇင်းမှ လစဉ် အခန်းဆက်အဖြစ် ပုံနှိပ် ဖော်ပြခဲ့သော ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ ခေါ်မ သမိုင်းရိပ်ပြ ဂန္ထဝင် ဇာတ်ဆန်းများပါ 'ခေါ်မတန်ခိုးရှင်များ' ဘာသာပြန် ဆောင်းပါးစာတမ်းတို့ကို ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ စာပေစေတနာကို အောက်မေ့လျက် လုံးချင်းစာအုပ်တစ်အုပ်အဖြစ် မြန်မာနိုင်ငံ စာဖတ်ပရိသတ်သို့ စီစဉ် တင်ဆက်အပ်ပါသည်။

ဘုန်းတင့်ဖျော်

၂၅-၃-၁၀

www.burmeseclassic.com

www.burmeseclassic.com



ယူးရေနက်စ်



ဂိုးယာ

## အခန်း [ ၁ ]

# ကပ်ကမ္ဘာဦး

သုညမှ ဘဝ စခဲ့ရသည် ဆိုရမည် ထင်၏။

ဘာသဏ္ဌာန်၊ ဘာအစီအစဉ်မှ မရှိသောကြောင့် ဘာဟုပင် အဆိုရခက်သော **ကေးအော့စ်** (Chaos) မှ မြေပထဝီမယ် **ဂိုးယာ** (Gaia) ခမျာ မွေးဖွားလာရသည်။ ဂိုးယာထံမှ မိုးကောင်းကင် **ယူးရေနက်စ်** (Uranus) ဆင့်ပွားလာခဲ့ရပြန်၏။

အာသဝေ မပျက်လေသမျှ ပါလေချက် သမုဒယ တဏှာ ထင်သည်။

တောင်တန်းတို့၏ အထက်··· ဟိုး အမြင့်ဆီမှနေ၍ ယူးရေနက်စ်သည် ဆိတ်ငြိမ်စွာ လဲလျောင်း အိပ်ပျော်နေလေသော ဂိုးယာကို မြတ်နိုးစုံမက် နှစ်နှစ်သက်သက် ငေးလျက်သား ကြည့်နေမိသည်။

ချစ်ပိုင်ဆက်ရာ၊ လက်ဆောင်လျှာမူ၊ ဘဇာ ဖြစ်သင့်ပါသနည်း။

ဂိုးယာ၏ ကိုယ်တစ်ခွင်မှ လျှို့ဝှက်ဖုံးကွယ်အပ်သော လျှိုမြောင်ချိုင့်ဝှမ်းများထက်သို့ ယူးရေနက်စ်က အသက်မျိုး အောင်စေသည့် မိုးရေပေါက်များကို သီတာချမ်းမြ ဖျန်းချ ဖွေသွန်ပေးသည်။ ထိုအခါ···

www.burmeseclassic.com

www.burmeseclassic.com



ဂျိုးယာသည် မြက်ပင်၊ ပန်းပွင့်နှင့် ပင်မြင့်ပေါမှာ တောအဖြာဖြာ တို့ကို ခန္ဓာ၌ ဝန်ဆောင်တော့သည်။

ချစ်လျှင် မဝေး၊ မမုန်းလျှင် နီးကြလေသည်။

ယူးရေနက်စ်သည် ညတည်းဟူသော ကမ္ဗလာ စောင်မည်းကြီးကို သယ်ဆောင်လာပြီး မိမိနှင့်တကွ ဂျိုးယာ၏ ကိုယ်ပေါ် ဖြန့်ကျင်း လွှမ်းခြုံချ လိုက်သည်။

အမှောင်ကမ္ဘာဝယ် အဘယ်မှာ မိုးနှင့် မြေတို့ ခြားပါတော့မည်နည်း။

**ရဝေ ခန်းဆောင်၊ သလွန်ညောင်ဝယ်၊ သုံးမြွောင်ရုံကာ၊ နေလှည့်ရာကို၊ ဩော်... စကြာလက်ရုံး၊ ကြိုးပြီးဆုံးတော့၏။ ။**

www.burmeseclassic.com

www.burmeseclassic.com


ကောတက်စ်


ဂျိုင်းဂျီးစ်

အခန်း [၂]

# မေတ္တာလမ်းကြောင်း သွေ၍ စောင်းသော်

ယူးရေနုက်စ်နှင့် ပေါင်းဖက်သဖြင့် ဂီးယာတွင် ထူးဆန်းသော သားများကို ဖွားမြင်လေသည်။ ရှေးဦးစွာ ဖွားမြင်သော သားကြီး သုံးဦးကား ကြီးထွားလာသော်လည်း လူသားအသွင်သဏ္ဍာန် ပြည့်ပြည့်ဝဝ မရှိ။ လက်ပေါင်း တစ်ရာစီ ရှိသည့် လူ့ဘီလူးကြီးများသာတည်း။ သူတို့၏ အမည်များကား…

(၁) ဘရိုင်အားရီးယက်စ် (Briareus)

(၂) ဂျိုင်းဂျီးစ် (Gyges)

(၃) ကောတက်စ် (Cottus)

ဟူ၍ ဖြစ်သည်။

သူတို့ သုံးဦးတို့သည် **လက်ရုံး တစ်ရာရှင်** များဟု ဘွဲ့ရကြသည်။

လက်ရုံးတစ်ရာရှင်များနောက် **မျက်လုံး တစ်လုံးရှင်**များကို ဂီးယာ မွေးရပြန်၏။ သူတို့ကား နဖူးလယ်တွင် မျက်လုံးတစ်လုံးစီသာ ပါသည့် လူ့ဘီလူးကြီးများပင် ဖြစ်ကြပြီး အမည်များကား…

www.burmeseclassic.com

www.burmeseclassic.com





(၁) ဘရွန်တီးစ် (Brontes)
(၂) စတီရက်ပီးစ် (Steropes)
(၃) အားဂျီးစ် (Arges)
ဟူ၍ ဖြစ်၏။

သူတို့ သုံးဦးကို **ဆိုင်းကလော့ပ်များ** (Cyclope) ဟု ခေါ်ကြသည်။

ဆိုင်းကလော့ပ် ညီအစ်ကိုများကား ပန်းပဲအတတ်၌ အလွန်ကျွမ်းကျင်ပြီး လက်နက်အမျိုးမျိုး လုပ်တတ်သည်။ တစ်ပြိုင်တည်းဝယ် မဟုတ်မခံ မာန်ကြီးလေသမျှ ရိုင်းစိုင်း ကြမ်းတမ်းသူများလည်း ဖြစ်ကြသည်။

ယူးရေနက်စ်ကြီးသည် ဝိဇယမင်းသား၏ ဖခင် သီဟဗာဟုမင်းကြီးကဲ့သို့…

**'သားရှူးသားမိုက်၊ ဒုစရိုက်ကို၊ အလိုလိုက်မိ၍၊ ကေရာစ်ဘုန်းထက်၊ မင်းဖြစ်လျက်နှင့်၊ ငါ အရှက်တွေ့ရပြီ။ … စရိုက်မသို၊ အမိုက်ပိုကို အလိုမလိုက်ကောင်းသင့်ပေ… ။ ကြုံလာချေမင်း။ သင်း သေမှ မြန်စွာ ပြည်ထဲရေး သာတော့မည်'**

ဟု တွေးသည်လော မသိ။ သားအရင်းတွေ ဖြစ်လျက်က ဆိုင်းကလော့ပ် ညီအစ်ကိုများကို ကမ္ဘာမြေအတွင်းအောက်၌ရှိ မှောင်မည်း သုဉ်းဆိတ်သော **တားတရက်စ်** (Tartarus) ခေါ် ငရဲအရပ်ဆီသို့ ပစ်ချခဲ့၏။

ကမ္ဘာမြေနှင့် မိုးကောင်းကင် မည်မျှ ဝေးသနည်း။ ထိုမျှအတူပင် ကမ္ဘာမြေနှင့် တားတရက်စ်သည် ဝေးသည် ဆို၏။ ပန်းပဲ ပေတုံးတစ်ခုကို ကမ္ဘာမြေမှ ပစ်ချလိုက်လျှင် တားတရက်စ်သို့ ရောက်ရန် ကိုးရက် ကြာသည် ဟူ၏။

ထိုတားတရက်စ် ငရဲတွင်းဆီသို့ ဆိုင်းကလော့ပ်တို့ကို ယူးရေနက်စ်က ပစ်ချထားလိုက်၏။

သားတွေကြောင့်…

**'ကြယ်ညီလာပိုက်၊ အာကာတိုက်မှာ၊ ကြာသိုက်နန်းဘုံ၊ ငွေစန်းယုန်ကို၊ လှမ်းခုန်ဆွတ်ခြွေ၊ ပြုံးပြာရာဟုကြမ်း၊ တက်၍ ဖမ်းသည့်…၊ သမ်းမှောင်ဝေ၊ မအေ နှလုံးနောက်လှတယ်'**

ဟု အပူမီးတောက်ရသူကား… ဂျီးယာ။

www.burmeseclassic.com

www.burmeseclassic.com



ဝိဇယမင်းသား၏ မယ်တော် မိဖုရားကြီးက…

**'ဘယ့်နှယ် ဖန်လို့၊ မကြိုတတ်အား၊ မယ်ဘုရားမှာဖြင့်ကွယ်၊ ငါ့**

**သားကြောင့်လေ၊ ငွေပုလဲစို့၊ သဲမှိုမှိုမှာ၊ လဲလို့များ သေလိုက်ချင်ပေါ့'**

ဟု ညည်းရှုံ ညည်းသည်။ ဂျီးယာကမူ သားတွေအတွက် လင်ပေါ်တွင် မကျေ။ လက်စားချေရန် အခွင့်အလမ်းကို စောင့်နေသည်။

ထိုစဉ်အတွင်း ဂျီးယာတွင် တတိယမြောက် သားသမီးတစ်စုကို မွေးဖွားပြန်၏။ သူတို့ကား ပြည့်စုံသော လူ့အသွင်သဏ္ဌာန် ရှိကြသည်။ အကောင်အထည်အားဖြင့်လည်း ကြီးကြသည်။ ယောကျ်ားများကို **တိုင်းတန်** (Titan) ဟု ခေါ်ပြီး မိန်းမများကို **တိုင်းတန်နစ်(စ်)** (Titaness) ဟု ခေါ်သည်။

ဖခင်စိတ်မဲ့သော ယူးရေးနက်စ်ကို တိုက်ခိုက်ရန် တိုင်းတန်တို့အား ဂျီးယာက သွေးဆောင် စည်းရုံးသည်။

တိုင်းတန် ခုနစ်ဦးအနက် အငယ်ဆုံးဖြစ်သူ **ကရိုးနက်စ်** (Cronus) က ခေါင်းဆောင်ပြီး မိခင်၏အကြံကို အကောင်အထည်ဖော်ရန် သဘောတူကြသည်။

မီးခတ်ကျောက်သားဖြင့် ပြုလုပ်ထားသော တံစဉ်တစ်ခုကို လက်နက်အဖြစ် အသုံးပြုရန် ကရိုးနက်စ်အား ဂျီးယာက ပေးအပ်သည်။

ဩော်… ရဝေခန်းဆောင် သလွန်ညောင်မှာပင် ဖြစ်ခဲ့လေသည်။

လကွယ် သန်းခေါင်ည အမှောင်တကာတို့ထက် မှောင်လေစွသော ဆန္ဒ ရာဂနှင့် ဒေါသ မောဟတို့၏ ကြောက်စရာ အမှောင်…။ ကမ္ဘာဦးည တစ်ညမှ ကြောက်စရာ အမှောင်။

ညကမ္ဘလာမည်းကြီးကို ယူးရေးနက်စ်က မိမိကိုယ်ပေါ်နှင့် ဂျီးယာ၏ ကိုယ်ပေါ်ဝယ် လွှမ်းခြုံလိုက်သည်။ သောက်လေ သောက်လေ ငတ်မပြေသော ဆားငန်ရေသဘာဝ ဗျာပါရ လုံ့လကာယ သံသဂ္ဂဖြင့် ချစ်စထုံးနှောင် ပျော်ရအောင်ဟူသော အချိန်… ။

ဂျီးယာ လျှို့ဝှက်ဖုံးကွယ်ပေးထားသော နေရာရိပ်မှ ကရိုးနက်စ်က သူ့ဘယ်လက်ကို ဆန့်ထုတ်လိုက်သည်။ သူ့ညာလက်က အသွားစိတ်၍ ထက်လှသော မီးခတ်ကျောက်တံစဉ်ကို မြဲမြဲစွာ ဆုပ်ကိုင်လျက် ယူးရေးနက်စ်၏ ယောကျ်ားတန်ဆာကို ကောက်ပင်ပမာ လှီးဖြတ်သိမ်းယူလိုက်သည်။

သစ္စာဖောက် သားကို ကျိန်ဆဲရင်း ယူးရေးနက်စ် ကွယ်လွန်ရသည်။

ယူးရေးနက်စ်၏ သွေးစက်တို့ကား အချည်းနှီးမဖြစ်။ ဂျီးယာ၏ကိုယ်တွင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့၍ နောင် အချိန်ပြည့်သောအခါ၌ ကြောက်မက်ဖွယ်သော သမီး သုံးဦးကို မွေးဖွားသည်။ သူတို့၏ အမည်ကား…



အီရင်နစ်(စ်)

(၁) အလက်တိုး (Alecto)
(၂) တီဆစ်ဖနီး (Tisiphone)
(၃) မီဂေးရ (Megaera)
ဟူ၍ ဖြစ်သည်။

သူတို့ ညီအစ်မ သုံးဖော်ကို **အီရင်နစ်(စ်)** (Erinnyes) ဟု လည်းကောင်း၊ **ဖျူးရီးစ်များ** (Furies) ဟု လည်းကောင်း ခေါ်သည်။

ဖျူးရီးစ်တို့ကား ခေါင်းတွင် ဆံပင်အစား မြွေတို့ ပေါက်နေကြသည့် ဘီလူးမကြီးများ ဖြစ်ကြသည်။ လျှို့ဝှက်အကုသိုလ်ပြုထားသူတို့ကို ဆိတ်ကွယ်ရာ မပေးဘဲ နောက်မှ အရိပ်ပမာ ကောက်ကောက်လိုက်၍ အပြစ်ဒဏ်ခတ်သူများ ဖြစ်ကြသည်။

ဩော်… သည်တစ်ညတွင်ကား ဖျူးရီးစ်တို့ကို မမွေးသေး။

ကရိုးနက်စ်သည် သူ ဖြတ်ယူခဲ့သော ပစ္စည်းကို ဘယ်လက်နှင့် ဆုပ်ကိုင်ယူလာပြီး သမုဒ္ဒရာတွင်းသို့ လွှင့်ပစ်သည်။ ထိုအချိန်မှစ၍ ဘယ်လက်သည်လည်း ယုတ်သောလက်ဟု လောက၌ သမုတ်လာခဲ့သည်။

ယူးရေနက်စ်၏ ပစ္စည်းမှ ကျသော သွေးစက်တို့ကြောင့် မြေပြင်အနှံ့တွင် **အတ်ရှ်** (Ash) ဟု ခေါ်သော သစ်ပင်တစ်မျိုးကို မှီ၍ဖြစ်သည့် ရက္ခစိုးမျိုး **နှင့်ဖ်နတ်သမီးများ** (Nymph) ဖွားလာကြသည်။

ယူးရေနက်စ်၏ ပစ္စည်းကြီးကား သမုဒ္ဒရာတွင် အချိန်အတန်ကြာ မျောပါနေခဲ့သည်။ နောက်ဆုံးတွင် ရေမြှုပ်ဖြူဖြူကြီးတစ်ခု ဖြစ်လာခဲ့ပြီး ထိုရေမြှုပ်ဖြူတွင်း၌ **အက်ဖရာဒိုက်တီး (Aphródite)** ဟု ခေါ်မဘာသာနှင့် ခေါ်သော **ဗီးနက်စ်** (Venus) အချစ်နတ်သမီးသည် သန္ဓေတည် ဖွားမြောက်လာခဲ့သည်။

ဗိမ္ဗိသာရမင်းကို သတ်၍ အဇာတသတ် နန်းတက်သကဲ့သို့ ကမ္ဘာဦး လောကတွင်လည်း အဖသတ်မင်း ကရိုးနက်စ် သူနိုင်ငါ မင်းပြုလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကရိုးနက်စ်



ရီးယာ

အခန်း [ ၃ ]

# အဖသတ် မင်းတစ်ဆက်

ကရိုးနက်စ်က နှမတော် ရီးယာကို မိဖုရား မြှောက်၍ စိုးစံသည်။ အချိန်တန်သော် ရီးယာ၌ သားကောင်း သမီးမြတ်များ ဖွားမြင်လာခဲ့သည်။



တစ်ဦး၏ အမည်ကား **ဟက်စတီယာ** (Hestia) ဖြစ်သည်။ နောင်အခါတွင် သူကား မီးဖို၊ ယန်းပဲမီးဖိုတို့ကို စိုးသော နတ်ဒေဝီ ဖြစ်လာသည်။ ရောမဘာသာနှင့် သူ့ကိုပင် **ဗက်စတာ** (Vesta) ဟု ခေါ်သည်။

နောက်တစ်ဦး၏ အမည်ကား **ဒီမီးတား** (Demeter) ဖြစ်သည်။ နောင်အခါတွင် သူကား စိုက်ပျိုးရေးနှင့် သီးနှံပေါ်ကြွယ်မှုကို စိုးသူ၊ အိမ်ထောင်ရေးကို စောင့်ရှောက်သူ နတ်ဒေဝီ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဦး၏ အမည်က **ဟီးရာ (Hera)** ဖြစ်သည်။ ရွှေကြိုးသိုင်းဖိနပ်ရှင် ဟုလည်း ခေါ်ကြသည်။ သိကြားမင်း၏ မိဖုရားကြီး သုစိတ္တာကဲ့သို့ သူကား နောင်အခါတွင် တန်ခိုးကြီးလာသည့် **ဇူးစ်နတ်မင်းကြီး (Zeus)** ၏ ဩဇာကြီးလှသော မိဖုရားကြီး ဖြစ်လာမည့်သူတည်း။

နောက်တစ်ဦး၏ အမည်က **ဟေးဒီးစ် (Hades)** ဖြစ်သည်။ နောင်အခါတွင် သူကား မြေအောက်ကမ္ဘာ ငရဲရွာကိုစိုးသည့် ယမမင်း ဖြစ်လာမည့်သူတည်း။

နောက်တစ်ဦး၏ အမည်က **ပိုးဆိုက်ဒင် (Poseidon)** ဖြစ်သည်။ သူ့ကို မြေပထဝီကို တုန်ခါစေသူဟု ခေါ်ကြသည်။ သူက နောင်တွင် သမုဒ္ဒရာကိုလည်းကောင်း၊ မြင်းတို့ကိုလည်းကောင်း စိုးသော နတ်မင်း ဖြစ်လာသည်။

အနာဂတ်၏ ဘုန်းရှင်ကံရှင်များ…

သို့ရာတွင် ဖွားဦးစကာမှ သူတို့၏ ကံများက မလှကြ။

ဥမ္မာဒန္တီပျို့တွင် သိဝရာဇ်မင်းကြီးက…

**'ဖွားဦးစက၊ ငါ့ကို မသား၊ သတ္တဘာဂ၊ ဒေဝရာဇာ'** ဟု ဆိုခဲ့သည်။

ဟက်စတီယာတို့ မောင်နှမတစ်တွေခမျာတို့အတွက်မှာမူ ဖွားဦးစက မ,သည့် ဒေဝရာဇာ မရှိ။

မျိုချသည့် ဒေဝရာဇာသာလျှင် ရှိခဲ့လေသည်။

သူတို့ကို မျိုချသည့် ဒေဝရာဇာကြီးကား အခြားသူ မဟုတ်။ သူတို့၏ ခမည်းတော် ကရိုးနက်စ် ကိုယ်တိုင်တော်ကြီး ဖြစ်၏။

အဖြစ်က ဤပုံ။

ကရိုးနက်စ်ကြီး သဝန်ကြောင်သည်။

အဘိဓ္ဇာ၊ ဗျာပါဒ၊ ဣဿာနှင့် မစ္ဆရိယတရားတို့ကြောင့် ယူးရေနက်စ်မှ ဆင်းသက်လာသူ အနွယ်တူဟူသမျှတွင် မိမိမှတစ်ပါး အခြား မည်သူ့ကိုမျှ နတ်မင်းကြီး ဖြစ်လာမည်ကို ကရိုးနက်စ်ကြီး မနာလို၊ မရှုစိမ့်။

ပြီးတော့ ကရိုးနက်စ်ကြီး ကြောက်သည်။

မသေမီလေး၌ ယူးရေနက်စ်ကလည်း ကျိန်ဆဲသွားသည်။ စူဠသုဘဒ္ဒါလို… နောင်မှ နောင်တရသော မိခင် ဂိုးယာကလည်း နိမိတ်ဖတ်သည်။

အဖသတ်မင်းမှာ တူသော အကျိုးပေးမည် ဟူသတတ်။

မည်မျှ တန်ခိုးကြီးကြီး သူလည်း သားသမီး၏ နန်းချခြင်းကို ခံရမည် ဟူသတတ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရီးယာ သန္တေရှိလျှင် ကရိုးနက်စ်ကြီးက မဟာဝီရိယနှင့် စောင့်ကြည့်နေသည်။

ကလေးငယ် မွေးလာသည်နှင့် တစ်ပြိုင်နက် ပခက်တွင်း ရောက်သည် ထိအောင် မစောင့်။

ကလေးကို ကရိုးနက်စ်ကြီးက ချက်ချင်း ကောက်ယူ၍ သူ့ဗိုက်ကြီး တွင်းသို့ မျိုချပစ်လိုက်၏။

ဤသို့ဖြင့် ဟက်စတီယာ အစ ပိုးဆိုက်ဒင် အဆုံး မောင်နှမငါးဦးတို့ မှာ ရွှေအိမ်နန်းနှင့် ကြငှန်း မစံကြရ။

ခမည်းတော်၏ ဗိုက်တွင်းဆီသာ သက်ဆင်းစံကြရလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဇူးစ်နတ်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ဇုးစ်

အခန်း [ ၄ ]

# ဝရဇိန်လက်နက်ရှင်

ဖခင်ရင်း ဖြစ်လျက်က မထောက်မညှာ သားရင်း သမီးရင်းကိုစင်လျက် ဗိုက်တွင်း မျိုချရက်သူ နှလုံးသား ကင်းမဲ့လှသည့် ကရိုးနက်စ်ကြောင့် ရီးယာမှာ စိတ်တွင်း၌ ကျိတ်၍ ဒေါသူပုန်ထနေရှာသည်။

ရီးယာသည် မိခင်ကြီးဖြစ်သူ ဂီးယာထံ လည်းကောင်း၊ ယခုအခါ ကြယ်မှုန် ပြန့်ကျဲသည့် ကောင်းကင်ကျယ်ကြီး ဖြစ်နေသော ခမည်းတော် ယူးရေနက်စ်ထံ လည်းကောင်း ချဉ်းကပ်လျက် အကြံဉာဏ်တောင်းရှာသည်။

ဂီးယာနှင့် ယူးရေနက်စ်တို့ကလည်း အဖသတ်မင်း၏ ကြမ္မာကို ဆင်ခြင်လျက် ဟောကိန်းထုတ်ကာ အကြံပေးကြသည်။

**'ဘဒ္ဒနဝတီ၊ စိတ်နာသည်၊ ပေါက်ကျိုင်းရဲ့အပေါ်တွင်...'**

တကောင်း သမိုင်းပြ ဂန္ထဝင်ဇာတ်ဆန်းကလည်း ဤသို့ ဆိုသည်။

စိတ်နာသော မိန်းမတစ်ယောက်ကား ကြောက်မက်ဖွယ် ကောင်းလေစွ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရီးယာသို့ နောက်ထပ်သားတစ်ဦး မွေးချိန် ရောက်လာပြန်သည်။

ခေါ်မတိုင်း၏ ဟိုးအဝေး တောင်ဘက်ပိုင်း **ပယ်လပနီးဆက်စ်** (Peloponnesus) ကျွန်းဆွယ်ကြီး၏ အလယ်ဗဟိုဌ် **အားကားဒီးယား** (Arcadia) ဟု ခေါ်သည့်နယ် ရှိသည်။ ထိုနယ်၌ နေရောင်၌ပင် မည်သည့်သတ္တဝါ၏ ကိုယ်ရိပ်မျှ မကျ မထင်သော **လိုင်ကေးယွန်** (Lycaeum) တောင်ထိပ် ရှိသည်။

မှောင်မိုက်လှသော သန်းခေါင်ယံတစ်ညဌ် ထိုလိုင်ကေးယွန်တောင်ထိပ်တွင် **ဇူးစ်** (Zeus) ဟုခေါ်သော သားငယ်ကို **ရီးယာက** တိတ်တဆိတ် မွေးသည်။

ဇုးစ်လေးကို **နီဒမြစ် (River Neda)** တွင် ရေချိုးသန့်စင်ပြီးနောက် ဘွားတော်ကြီး ဂျီးယာ လက်သို့ ရီးယာက လွှဲအပ်ခဲ့သည်။ သူကိုယ်တိုင်ကမူ ကရိုးနက်စ် ရှိရာ **သောမဆီယွန်**တောင်ထိပ် (Mount Thaumasium) ဆီသို့ ပြန်လာခဲ့ပြီး ကလေးအနှီး ဖျင်စရှည်နှင့် ပတ်ရစ်ထုပ်ထားသော ကျောက်တုံးတစ်တုံးကို ကရိုးနက်စ်အား ကလေးဟု ဆက်သ၏။ ကရိုးနက်စ်ကလည်း ဆုတ်ဆိုင်းမနေဘဲ အနှီးနှင့်တကွသော ကျောက်တုံးကို ကလေး အမှတ်နှင့် ပါးစပ်တွင်း သွင်း၍ ခဏချင်း မျိုချလိုက်၏။

သွားလေရော့ တစ်ကောင်··· ကရိုးနက်စ်ကြီး ဤသို့ ကြုံးဝါး၍ သဘောအကျကြီး ကျနေပေမည်။



ဇုးစ်

မွေးကင်းစ ဘုန်းသမ္ဘာရှင် ဇုးစ်လေးကိုကား ဘွားတော်ကြီး ဂျီးယာက ပင်လယ်ခြားရာ **ကရီးတ်** (Crete Island) ကျွန်း **လိုက္ကတက်စ်**အရပ်သို့ ဆောင်ယူလာခဲ့ပြီး **အီးဂျီးယင်** (Aegean Hill) တောင်ရှိ **ဒိကတီး** (Dicte Cave) လိုဏ်အတွင်း၌ ဝှက်ထားလိုက်သည်။

ပျားနတ် **မလစ်ဆီးယက်စ်** (Mellsseus)နှင့် ဆိတ်နတ်သမီး **အင်မ်လသီးယ** (Amaltheia) တို့မှ ဖွားသည့် အကဲ(ရှ) သစ်ပင်စောင့်နတ်သမီး **အဒရပ်စတီးယ** (Adrasteia) နှင့် **အိုင်အိုး** (Io) ခေါ် **ညီအစ်မ** နှစ်ဖော်တို့ ရှိကြသည်။ ဘွားတော် ပထဝီမိခင်ကြီး ဂျီးယာက ထိုညီအစ်မနှစ်ဖော်တို့ကို ဇုးစ်အား မွေးမြူပြုစုရန် တာဝန်ပေးခဲ့လေသည်။

ဇုးစ်သည် ပျားရည်သောက်၍ အင်မ်လသီးယ၏ နို့ကို စို့ပြီး ကြီးပြင်းလာရသည်။ ဇုးစ်၏ နို့တို့ဖက်ကား ဆိတ်နတ် **ပင်န်** (Goat-Pan) ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com





ကောင်းကင်၌ လည်းကောင်း၊ မြေပြင်၌ လည်းကောင်း၊ ပင်လယ်ပြင်၌ လည်းကောင်း ဇူးစ်လေးကို ကရိုးနက်စ်ကြီး ရှာမတွေ့ရန် ကောင်းကင်လည်း မဟုတ်၊ မြေပြင်လည်း မဟုတ်၊ ပင်လယ်ပြင်လည်း မဟုတ်သည့် နေရာတွင် ထားကြပုံက ဤသို့… ။

ဇူးစ်လေးကို ရွှေပုခက်တွင်း၌ ထားသည်။ ပုခက်ကို သစ်ပင်တစ်ပင်၏ အကိုင်း၌ တွဲလောင်းဆင်ထားသည်။ ပိုင်ပါဘိ။

ဤသည့်တိုင်အောင် ကလေး ငိုသံကို ကရိုးနက်စ်ကြီး ကြားသွားမည်ကို စိုးရိမ်ရလေသေးသည်။ ဇူးစ်လေး၏ ငိုသံကလည်း ကျယ်ပါဘိခြင်း။

ရီးယာသည် ဇူးစ်ကို မွေးဖွားခါနီးက ဝမ်းနာလှသဖြင့် မြေပြင်ကို လက်ဝါးနှစ်ဖက်နှင့် ဆုပ်ကိုင် အားတင်းခဲ့ရရှာသည်။ ရီးယာ၏ လက်ချောင်းလေးများနှင့် ထိရာ မြေမှ ဒက်တဲလ်စ် (Dactyls) ခေါ် သမီး ငါးဦး၊ သား ငါးဦး ဖွားလာခဲ့သည်။ သမီးများကို ဘယ်လက်ချောင်းလေးများက ဖွားခဲ့ပြီး သားများကို ညာလက်ချောင်းလေးများက ဖွားခဲ့သည်။ သူတို့ကို လက်ချောင်းဖွားများဟု ခေါ်သည်။ ယောကျ်ားလေး လက်ချောင်းဖွားများကို ကျူးရတီးစ် (Curetes) ဟု ခေါ်သည်။ သူတို့အမည်များကား…

(၁) **ဟာရကလီးစ်** (Heracles)
(၂) **ပီးအင်နီးယက်စ်** (Paeonius)
(၃) **အက်ပမီးဒီးစ်** (Epimedes)
(၄) **အိုင်အဆီးယက်စ်** (Iasius)
(၅) **အစဆီးဒက်စ်** (Acesidas)

ဟူ၍ ဖြစ်ကြသည်။


ဟာရကလီးစ်

နောင်သော် ဟာရကလီးစ်သည် သူ့ညီတော်များအတွက် ကမ္ဘာမြေ၌ ပထမဆုံးဖြစ်သော **အိုလံပစ်** (Olympic) ပြိုင်ပွဲကြီးကို ကြီးမှူးကျင်းပပေးသူ ဖြစ်လာသည် ဆို၏။ ပီးအင်နီးယက်စ်မှာလည်း ဤကမ္ဘာမြေ၏ ပထမဆုံးသော အိုလံပစ်ချန်ပီယံ ဆိုသတည်း။

ယခုအချိန်၌ကား သူတို့က တာဝန်တစ်မျိုး ထမ်းကြသည်။

www.burmeseclassic.com



ကျူးရတီးစ် ညီနောင်တို့သည် လက်နက် ဆွဲကိုင်လျက် ဇူးစ်လေး၏ ပုခက်ကို ဝန်းရံ စောင့်ရှောက်ကြသည်။

ဇူးစ်လေး ငိုသည့်အခါ သူတို့ကလည်း သူတို့၏ ဒိုင်းများကို သူတို့၏ လှံတံနှင့် ရိုက်၍ ခုန်ပေါက် အော်ပေးကြသည်။ သူတို့အသံကြားတွင် ဇူးစ်လေး ၏ ငိုသံ မြုပ်ပျောက်သဖြင့် ကရိုးနက်စ် မကြားနိုင်။

ဤသို့ဖြင့် ကမ္ဘာဦး ကျွန်စစ်မင်းသား ဇူးစ်သည် မိုးတွင်း၌လည်း မသေ။ ပုခက်တွင်း၌လည်း မသေ။

ဇူးစ်သည် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော လူငယ်တစ်ဦး ဖြစ်လာချိန် ၌ကား အဖြစ်မှန်ကို ကရိုးနက်စ်ကြီး ရိပ်မိလာသည်။ ထို့ကြောင့် ပုခက်တွင်း မသေလျှင် ရှင်ဝတ်ချိန် သေဟု ကရိုးနက်စ်ကြီးက ရှာဖွေ၍ လိုက်တော့၏။ သို့ရာတွင် နောက်ကျခဲ့လေပြီ။

ဇူးစ်က မိမိကိုယ်ကို မြွေနဂါးအသွင်ဆောင်၍ လည်းကောင်း၊ အထိန်းတော်ကြီး နှစ်ဦး ဖြစ်ကြသော အဒရပ်စတီးယနှင့် အိုင်အိုးတို့ကို ဝက်ဝံကြီး များ အသွင်ပြောင်းစေ၍ လည်းကောင်း ရုပ်ဖျက် ရှောင်တိမ်းလွတ်မြောက် ခဲ့သည်။

ဤသို့ဖြင့် ဇူးစ်သည် နေရာသစ် လိုဏ်သစ်သို့ ရွှေ့ပြောင်း နေထိုင် လျက် တောင် တောထူသော **အိုက်ဒ** (Ida) အရပ်မှ သိုးထိန်းများကြားတွင် ကြီးပြင်းကာ လူလားကောင်းကောင်း မြောက်လာခဲ့သည်။

ယူးရေနက်စ်နှင့် ဂျီးယာမှ မွေးသည့် လူသားအသွင်ရှိသော ရောမ တန်ခိုးရှင် ယောကျ်ားများကို တိုင်းတန်၊ မိန်းမများကို တိုင်းတန်နစ်(စ်)ဟု ခေါ်ကြောင်း ဆိုခဲ့ပြီ။ ကရိုးနက်စ် ကိုယ်တိုင်မှာလည်း တိုင်းတန် ဖြစ်ပြီး သူ့အပေါ်တွင် သစ္စာစောင့်သူ နောင်တော် တိုင်းတန်များ ရှိသည်။ ရီးယာမှာ လည်း တိုင်းတန်နစ်(စ်) တစ်ဦးပင် ဖြစ်ပြီး ညီအစ်မ တိုင်းတန်နစ်(စ်)များ ရှိသေးသည်။

**မီးတစ်စ်** (Metis) ဟု ခေါ်သော တိုင်းတန်နစ်(စ်)သည် ဇူးစ်၏ အဒေါ် တော်ပြီး သမုဒ္ဒရာ ချောင်းနံဘေးတွင် နေ၏။ အရွယ်ရောက်လာခဲ့သော ဇူးစ်သည် မီးတစ်စ် ထံ ချဉ်းကပ်၍ အကြံဉာဏ်များ တောင်းသည်။ မီးတစ်စ်၏ အကြံပေးချက်အရ ဇူးစ်သည် မယ်တော်မိဖုရားကြီး ရီးယာထံ သွားလျက် ကရိုးနက်စ်၏ ယမကာ ခွက်ကိုင်အဖြစ် မိမိကို ခန့်ထားခိုင်းရန် ပြောသည်။

www.burmeseclassic.com



လက်စားချေလိုစိတ် ပြင်းပြနေသော ရီးယာကလည်း ရှိုက်လှိုက်လှဲလှဲ သဘောတူလျက် ဇူးစ်ကို ယမကာခွက်ကိုင် အမှုထမ်း ခန့်လေအောင် ကရိုးနက်စ်အား သွေးဆောင် တိုက်တွန်းတော့ရာ ဇူးစ်ကို ဇူးစ်မှန်း မသိသော ကရိုးနက်စ်ကလည်း မယား အလိုကို လိုက်ရှာတော့သည်။

ကရိုးနက်စ်ကား ပျားရည်စပ်သော သေရည်ယမကာကို အစဦး သောက်ကြူးသည်။ မီးတစ်စ် အကြံပေးချက်အရ ရီးယာက အော့အန်ဆေးတစ်မျိုးကို ဖော်စပ်ပြီး ဇူးစ် လက်ထည့်၏။ သေရည်တွင် အော့အန်ဆေး ရောခတ်ပြီး ဇူးစ်က ကရိုးနက်စ်ကို ဆက်၏။

လူမှန်းမသိ မူးအောင် သောက်ပြီးနောက် ကရိုးနက်စ်မှာ မထိန်းနိုင် မသိမ်းနိုင် အော့အန်တော့ရာ··· ပထမ သူ မျိုထားသော ကျောက်တုံးကြီး ထွက်လာသည်။ ထို့နောက် ဇူးစ်၏ အစ်ကို၊ အစ်မတွေ တစ်ယောက်ပြီး တစ်ယောက် အကောင်းပကတိ ထွက်လာကြသည်။

ကျေးဇူးတင်မဆုံးလေသော အစ်ကို၊ အစ်မများက ဘုန်းသမ္ဘာရှင် ညီငယ် ဇူးစ်ကို ခေါင်းဆောင်မြှောက်၍ တိုင်းတန်တို့နှင့် စစ်ခင်းကြလေတော့၏။

ကရိုးနက်စ်ကိုယ်တိုင်မှာ အိုမင်းမစွမ်း ခဲ့ပြီ ဖြစ်သောကြောင့် တိုင်းတန်တို့ကလည်း သူတို့ထဲတွင် အကြီးမား အထွားကျိုင်းဆုံး ဖြစ်သည့် **အက်တာလက်စ်** (Atlas) ကို ဗိုလ်မြှောက်လျက် ပြန်လည်တိုက်ခိုက်သည်။



အက်ထလက်စ်

သိကြားနှင့် အသူရာ စစ်ပွဲကဲ့သို့ ဇူးစ်တို့နှင့် တိုင်းတန်တို့၏ စစ်ပွဲကြီးမှာ ဆယ်နှစ် ကြာသည်။ သူတစ်ပြန် ကိုယ်တစ်ပြန် ကမ္ဘာဦး နှန်းလု စစ်ပွဲကြီး၌ မည်သည့်ဘက်က နိုင်မည်ဟု မခန့်မှန်းနိုင်သော အခြေအနေ။

ထိုအခြေအနေတွင် ဘွားတော်ကြီး ဂိုးယာ က မြေးဖြစ်သူ ဇူးစ်ဘက်မှ ပုရောဟိတ်ကြီးအဖြစ် ဝင်လာခဲ့သည်။

ဂိုးယာက ဇူးစ်အား တားတရက်စ်စံ ဦးရီးတော်များနှင့် မဟာဒီဘီ ဖွဲ့နိုင်လျှင် စစ်ပွဲကို အောင်နိုင်လိမ့်မည်ဟု ဟောကိန်းထုတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကရိုးနက်စ်သည် ခမည်းတော်ကို လုပ်ကြံပြီးစတော့မှ နောင်တော် လက်ရုံးတစ်ရာရှင်များနှင့် ချုတ်တစ်လုံးရှင် ဆိုင်းကလော့ပ်တို့ကို တာတာရက်စ် ငရဲအကျဉ်းမှ ခေတ္တ လွှတ်ပေးခဲ့သေးသည်။ သို့ရာတွင် သူ့ရာဇပလ္လင် ဖင်မြဲ သောအခါ ခမည်းတော်နည်းတူ လက်ရုံးတစ်ရာရှင်များနှင့် ဆိုင်းကလော့ပ် တို့ကို တားတရက်စ်အကျဉ်း၌ ပြန်ချထားသည်။

ဇူးစ်က ဘွားတော်ကြီး၏ အကြံကို လက်ခံ၍ တားတရက်စ်သို့ တိတ်တဆိတ် လာခဲ့သည်။ ငရဲတံခါးမှူး အမျိုးသမီးကြီး ကင့်ပီး (Campe) ကို သတ်ဖြတ်ပြီးနောက် သော့ကို ယူ၍ ဦးရီးတော်တို့ကို ကယ်ယူခဲ့သည်။ အားပြတ်နွမ်းနယ်နေသော ဦးရီးတော်များကို နတ်သုဒ္ဓါ နတ်ယာမကာများ ကျွေးမွေး၍ ပြုစုလိုက်ရသေးသည်။

ကျန်းမာ အားပြည့်လာကြသောအခါ ပန်းပဲဝိဇ္ဇာ ဆိုင်းကလော့ပ် များက တူတော်မောင်များအတွက် လက်နက်ဆန်းများ လုပ်ပေးသည်။

ဇူးစ်အတွက်က ဝရဇိန်လက်နက် မိုးကြိုးစက်သွား တစ်ခု··· ။

ဟေးဒီးစ်အတွက်က ရှိန်းဆာယာ ကိုယ်ပျောက်သည့် သံခေါင်းစွပ် ဦးထုပ်တစ်လုံး··· ။

ပိုးဆိုက်ဒင်အတွက်က အသွား သုံးခွ ရှိသော ထရိုင်းဒင့် (Trident) ခေါ်သည့် မိန်းလက်နက်ကြီး··· ။

ညီနောင် သုံးပါးတို့သည် တိုင်ပင်၍ နည်းဗျူဟာဆွဲကာ အကောင် အထည် ဖော်ကြတော့၏။

ကိုယ်ပျောက် သံခေါင်းစွပ် ဆောင်း၍ ဟေးဒီးစ်က ကရိုးနက်စ်အနီး ချဉ်းကပ်ပြီး သူ့လက်နက်တွေကို သိမ်းဆည်းသည်။ သူ လုပ်နေသည်ကို မည်သူ မျှ မမြင်ရ။

ကရိုးနက်စ် လက်နက်မဲ့လေမှ ပိုးဆိုက်ဒင်က ရုတ်တရက် ဝင်ပြီး မိန်းလက်နက်ကြီးဖြင့် ခြိမ်းခြောက်သည်။

ပိုးဆိုက်ဒင်ဆီ အာရုံရောက်၍ ကရိုးနက်စ် အငိုက်မိနေခိုက်တွင် ကရိုးနက်စ်ကို ဇူးစ်က ကြောက်မက်ဖွယ်ကောင်းလှသော သူ့ဝရဇိန်လက်နက် ဖြင့် ပစ်ချလိုက်တော့၏။

ကျန်သော တိုင်းတန်တို့ကို လက်ရုံးတစ်ရာရှင် သုံးဦးတို့က ကျောက်ဆောင် ကျောက်ခဲတို့ဖြင့် မနားတမ်း ပစ်ပေါက် တိုက်ခိုက်ကြရာ အခြေအနေ မထိန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



မသိမ်းနိုင် ယိမ်းယိမ်းယိုင်ယိုင် ဖြစ်နိုက် ဇူးစ်၏ နို့စို့ဖက် ဆိတ်နတ် ပင်နိက သူ့အသံအာပြဲနှင့် အလစ် ဝင်အော်လှန့်သည်။

တိုင်းတန်တို့ သွေးပျက်၍ ခြေဦးတည့်ရာ ပြေးတော့ရာ ဂေါ့ဒ် (God) ဟု အမည်ယူသော တန်ခိုးရှင် ဇူးစ်တို့အသိုက်က နင်းလိုက်၍ အပြတ်အနိုင်ယူကြသည်။

ကရိုးနက်စ်ကို ဝရဇိန်လက်နက်ဖြင့် နှိမ်နင်းသော်လည်း ဇူးစ်သည် သေအောင် မသတ်။ သူက အဖသတ်သား ထပ်မဖြစ်လို။

အတ်တလက်စ်မှတစ်ပါး ကရိုးနက်စ် အပါအဝင် တိုင်းတန်တို့ကို ယခု ဗြိတိသျှကျွန်းစု ရှိရာ ကမ္ဘာ့အနောက်ဖျားသို့ ပြည်နှင်ဒဏ်ခတ်ပြီး လက်ရုံးတစ်ရာရှင်များ၏ ထာဝရ အစောင့်အကြပ်အောက်၌ ထားသည်။

မီးတစ်စ်နှင့် ရီးယာတို့၏ မျက်နှာကို ထောက်ပြီး တိုင်းတန်နစ်(စ်) များကိုကား ချမ်းသာခွင့်ပေးသည်။

တိုင်းတန်တို့၏ ခေါင်းဆောင် အက်တလက်စ်ကိုကား သူ့အပြစ်နှင့် လျော်ညီစွာ ဤလောက၌ အကြီးလေးဆုံး အပြစ်ဒဏ်ကို ပေးသည်။

ဇူးစ် အမိန့်ဖြင့် အက်တလက်စ်သည် မိုးကောင်းကင်ကြီးကို ပခုံးဖြင့် ထာဝရ ထမ်းဆောင်ထားရသည်မှာ ယနေ့အထိ။

မိမိ အမှတ်ဖြင့် ကရိုးနက်စ်ကြီး မျိုချခဲ့သော ကျောက်တုံးကြီးကို လူတို့ ပူဇော်ရန် ဒဲလ်ဖိုင် (Delphi) အရပ်၌ ဇူးစ်ကိုယ်တိုင် စိုက်ထူထားသည်။ ထိုကျောက်တုံး ကြီးကို ဘိသိက်ဆီမွှေး သုတ်လိမ်း၍ ထိုကျောက်တုံးကြီးထက် မရက် မဖွဲ့ရသေးသော သိုးမွေးချည်ခင်တို့ကို တင်ထားလျက် လူတို့ ပူဇော်နေကြသည်မှာလည်း ယနေ့အထိ။

အသူရာတို့ကို နှိမ်နင်းအောင်မြင်ပြီးနောက် မြင်းမိုရ်တောင်ထိပ် တာဝတိံသာနတ်ပြည်၌ သိကြားမင်း စိုးစံလေသကဲ့သို့ ဓေါမတိုင်း၏ မြောက်ပိုင်း **အိုလင်ပတ်စ်** (Olympus Mountain) တောင်ထိပ်၌ ဇူးစ်သည် နတ်ဘုရင်ကြီး အဖြစ် စိုးစံသည်။ သူနှင့် သူ့ညီအစ်ကို မောင်နှမ သားသမီးများသည် ဓေါမ ဘာသာဖြင့် **သီးအက်စ်** (Theos)၊ အင်္ဂလိပ်ဘာသာဖြင့် **ဂေါ့ဒ်**ဟု ခေါ်သော တန်ခိုးရှင်များ ဖြစ်ကြသည်။ သူတို့ အားလုံးကို **အိုလင်ပီယင်ဒီးအက်တီ** (Olympian Deity) ဟု ခေါ်သည်။ အိုလင်ပီယင်နတ်ဘုရားများဟု အမိပ္ပာယ် ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုလင်ပီယင် ပရမေသွာ နတ်ဘုရားဘုရင်ကြီး **ဇူးစ်**သည် လဝယ်ယုန်တံဆိပ် ခတ်နှိပ်သကဲ့သို့ သူ့ဘဝ **တစ်စိတ်တစ်ပိုင်း**က အဖြစ်အပျက် **နိမိတ်**ကို ကောင်းကင်ပြင်၌ တံဆိပ် ခတ်နှိပ်ထားသည်။

ယနေ့ ကောင်းကင်၌ **မြွေတာရာ** (Serpent Constellation) **နှင့်** **ဝက်ဝံတာရာ** (Bear Constellation) ခေါ် နက္ခတ်တို့ ရှိနေသည်။

ထိုနက္ခတ်တို့ကား ကရိုးနက်စ်ကြီး ရန်မှ သူနှင့် သူ့အထိန်းတော်ကြီးများ ရုပ်ဖျက် ရှောင်တိမ်းခဲ့ရသည့် အဖြစ်ကို ယနေ့တိုင် မမေ့နိုင်အောင် ဇူးစ် ခတ်နှိပ်ထားသော တံဆိပ်ပင်ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၅ ]

# ကမ္ဘာဦးက နတ်သျှင်နောင်ကြီး

တာဝတိံသာနတ်ပြည် ဆိုလျှင် မြန်မာတိုင်း သိသည်။ မြင်းမိုရ်ဟု ခေါ်သော မေရုတောင်ထိပ်၌ ရှိသော နတ်ပြည် ဖြစ်သည်။ သိကြားမင်း စံနေသည်။

မြန်မာတိုင်း မသိသည်ကား 'တာဝတိံသ' ဟူသော စကား၏ အဓိပ္ပာယ်သာ ဖြစ်သည်။

တာဝတိံသ ဟူသော မာဂဓစကား၏ အဓိပ္ပာယ်ကား 'သုံးဆယ့်သုံး' ဟု ဖြစ်သည်။ တာဝတိံသာနတ်ပြည် ဆိုသည်မှာ နတ်မင်း သုံးဆယ့်သုံးပါးတို့ စိုးစံရာ ဖြစ်သည်။ နတ်မင်း ဆိုသော စကားကို ပါဠိပညာရှင်ကြီး ချိုင်းလ်ဒါးက ဆူပီးရီးယားအိန်ဂျယ်လ် (Superior Angel) ဟု ဆီလျော်အောင် ဘာသာပြန်သည်။ သူတို့ လက်အောက်ခံ သာမန်နတ် အင်ဖီးရီးယားအိန်ဂျယ်လ်တွေ အများ ရှိသည်ကိုး။

နတ်မင်း သုံးဆယ့်သုံးပါးအနက် အကြီးအချုပ် (ဝါ) နတ်မင်းခေါင်း၏ အမည်ကား သက္ကဟု လည်းကောင်း၊ ဣန္ဒြ ဟု လည်းကောင်း ခေါ်သော

www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်း ဖြစ်သည်။ နတ်မင်းချုပ်ကို **အားချ်အိန်ဂျယ်လ်** (Archangel) ဟု ချိုင်းလ်ဒါးက ဘာသာပြန်သည်။

သိကြား (ဝါ) နတ်မင်းချုပ်ကို **နတ်သျှင်**ဟုလည်း ခေါ်သည်။

မဃဒေဝလင်္ကာသစ်၌-

**'သိကြားနတ်သျှင်၊ ကုသိုလ်ရှင်အား၊ မမြင်ရှောင်ကာ၊ မနေသာတည်း'**

ဟု ခွဲခြား ရေးစပ်ခဲ့သည်။

အင်း… သည်တော့ သိကြား ဆိုသည်မှာ နတ်သျှင်။ နတ်တို့၏ အရှင်သခင်။ ကျန်သော နတ်မင်း သုံးဆယ့်နှစ်ပါးကလည်း ကျန်နတ်တွေ၏ အရှင်သခင်။ ထို့ကြောင့် သိကြားကို ကျန်သည့် နတ်မင်းတွေထက်ပင် သာလွန်သောကြောင့် **နတ်သျှင်နောင်**ဟု ခေါ်လျှင် မမှားဟု ထင်သည်။

မြန်မာ ပေါရာဏ၌ ဘုရင်ကို နတ်သျှင်ဟု ခေါ်သည်။ စာဆို တောင်ငူမင်းကို နတ်သျှင်နောင်ဟု ခေါ်သည်။ ဘုရင့်အစ်ကိုဟု အဓိပ္ပာယ်ရနေသည်။ မင်းတကာတို့၏ အထွတ်အထိပ် ဟံသာဝတီ ဆင်ဖြူများရှင်(ဟု ကျော်စောသော ဘုရင့်နောင်) ဘွဲ့ကို သွယ်ဝိုက် လိုက်တုထားဟန် ရှိသည်။

အိုလင်ပတ်စ်တောင်ထိပ်၌ အိုလင်ပီယင်ဒီးအက်တီနတ်မင်းတွေပေါ်၌ ကြီးမှူးစိုးစံနေသော ဇူးစ်ကား ခေါ်မတို့၏ ကမ္ဘာဦး နတ်သျှင်နောင်ကြီး ဖြစ်လေသည်။

ကမ္ဘာဦး နတ်သျှင်နောင်ကြီးနှင့် ကျွန်ုပ်တော်တို့၏ တောင်ငူ နတ်သျှင်နောင် တူသော အချက်တစ်ခုက ရှိနေသည်။

ဓာတုကလျာကို မြင်ရသူ တောင်ငူ နတ်သျှင်နောင်က-

**'မရည်း မထင်၊ ဖြူတ်ချည်းမြင်ကာ၊ နတ်ပင်ယိုးမှား၊ ဝိုးဝါးတွေးချွတ်၊**

**စိတ်လုံးညွတ်သည်၊ ဘုံထွတ်နန်းတောင်နေတို့လော'**

ဟု စပ်ခဲ့သည်။

**ဘုံထွတ်နန်းတောင်နေ** ဆိုသည်မှာ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးကို ဆိုသည်။

ဓာတုကလျာသည် နတ်သျှင်နောင်၏ အဒေါ် တော်သည်။ နတ်သျှင်နောင်ထက်လည်း အသက် ၁၉ နှစ် ကြီးသည်ဟု အချို့က ဆိုကြသည်။

အဒေါ်တော်နှင့် တူတော်မောင်။

www.burmeseclassic.com

www.burmeseclassic.com



ရှူးစ်ကြီးခမျာမှာလည်း လောကကို စိုးသော ပရမေသွာ နတ်သျှင်နောင်ကြီး ဖြစ်ခါမှ မိဖုရား လိုချင်စိတ် ပေါက်လာခဲ့၏။

**'ဘုံထွတ်နန်းတောင်နေတို့လော...'**

ဟု သူ မျက်စိကျသူက မီးတစ်(စ်)။ သူ့အရီးတော်... ။

မီးတစ်(စ်)ကို မှတ်မိကြမည် ထင်ပါသည်။ သူက ရှူးစ် နန်းဆွဲချခဲ့သော ကရိုးနက်စ်ကြီး၏ နှမ။ တိုင်းတန်နစ်(စ်) တစ်ဦး။

တိုင်းတန်နစ်(စ်) ဆိုတော့ အင်း... ကြီးမည်၊ ထွားမည်။ အဲ... လှလည်း လှမည်။ နတ်ဘုရား၏ သမီးကိုး... ။

မီးတစ်(စ်)ဟူသော စကား၏ အဓိပ္ပာယ်က အင်္ဂလိပ်ဘာသာဖြင့် ဆိုသော် **ကောင်ဆယ်လ်** (Counsel) ဟု အဓိပ္ပာယ်ရ၏။ ပညာ၊ အကြံကောင်း ဉာဏ်ကောင်းဟု ဘာသာပြန်ရမည်။

တိုင်းတန်နစ်(စ်) မီးတစ်(စ်)ကား ခန္ဓာကိုယ်သာ ကြီးထွားသည် မဟုတ်။ ပညာဉာဏ်လည်း ကြီးထွားသည်။ ကရိုးနက်စ်ကြီးကို ဖြုတ်ချရေး၌ ရှူးစ်သည် မီးတစ်(စ်)ထံမှ အကြံဉာဏ် ရယူဖူးသည်။



မီးတစ်(စ်)

မီးတစ်(စ်)ကား ရှူးစ်၏ အရီးတော်သာမက ကျေးဇူးရှင်။

လူကို ချစ်သလော၊ ပညာကို ချစ်သလော။ အင်း... မိဖုရား မြှောက်၍ ကျေးဇူးဆပ်ချင်သလော မသိ။ ပို၍ ငယ်ရွယ်သော နှမတော်တွေ ရှိလျက်သားနှင့် ရှူးစ်သည် အရီးတော် ဓာတုကလျာ မီးတစ်(စ်)ကိုမှ **'သူနှင့် ကြင်မှ၊ မကြင်ရဟု'** သဲသဲမဲမဲ စွဲသည်။

ခက်သည်ကား...

မီးတစ်(စ်) ရှူးစ်ကို မချစ်။

တောင်ငှ နတ်သျှင်နောင် ကမ္ဘူ သနားအောင် ချွဲခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'နွဲ့မှီတုစုံ၊ ဘုန်းချင်းဆုံကို၊ ကြေးမုံအသွင်၊ ရှုမြင်နေကျ၊ ပါချင်လှ၍၊
ထိန်းယရွှေဘော်၊ လျှောက်ပါသော်လည်း၊ နားတော်မညွတ်၊ ဆင်းကြာ
နတ်သည်၊ နှုတ်လွှတ်မပါ မြွက်သောကြောင့်'

မှဋ္ဌောဘုရားတိုင်ရတု ဖြစ်သည်။

ဖိုးစိကြီးကမူ ဘုရားတွေ ဘာတွေ တိုင်မနေ။ တိုင်စရာ ဘုရားလည်း မရှိ။ သူ့ဘာသာသူတော့ သူကိုယ်တိုင်က 'ဘုရား' ကိုး။

သူက ကဗျာဆရာ မဟုတ်။ သူက ဝရဇိန်လက်နက်ရှင်… တန်ခိုးရှင်… လက်တွေ့သမား… ။

ထိန်းယရွှေဘော်တွေ၊ အောင်သွယ်တော်တွေကို အားကိုးမနေ။

နွားသိုး ကြိုးပြတ် လိုက်တော့၏။

မီးတစ်(စ်)ကလည်း အသွင်အမျိုးမျိုး ပြောင်း၊ ရုပ်ဖျက်လျက် ပြေးသည်။

သို့ရာတွင် ဘုန်းရှင် ကံရှင် တန်ခိုးရှင်လက်မှ အဘယ်မှာ လွတ်အံ့နည်း။

အပြီးသတ်ကျတော့ ဖိုးစိသည် သူ့ဘိုးတော်ကြီး ယူးရေနက်စ်အတိုင်း ပင် မီးတစ်(စ်)အပေါ် စကြာလက်ရုံး၊ ကြိုးပြီးဆုံးတော့သည်။

မီးတစ်(စ်)ခမျာမှာလည်း ဖိုးစိ၏ ပထမ ဖွေဆော်ဦး မိဖုရားကြီး ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၆ ]

# ချစ်၍ မျိုသည်...

တန်ခိုးရှင်၏ မိဖုရား ဖြစ်ရသည်မှာ တယ်မနိပ်လှလေ... ။

မီးတစ်(စ်) ၌ သန္ဓေရှိလာခဲ့သည်။

ထိုအခါကျမှ ဘွားတော်ကြီး ဂိုးယာနှင့် ဘိုးတော်ကြီး ယူးရေနက်စ် တို့က ဗေဒင်ဟောကြသည်။

ခမည်းတော် ဇူးစ်ထက် ဉာဏ်ကြီးသော သားသမီးတို့ မီးတစ်(စ်)မှ မွေးလိမ့်မည်။

ပထမ ဖီးကွက်မျက်လုံးပမာ မျက်လုံး ရှိသော သမီးတော် **အသီးနီး** (Athene) ကို ဖွားမည်။ အသီးနီးသည် ခမည်းတော်နှင့် တန်ခိုးလည်း တူမည်။ ဉာဏ်ရည်လည်း တူမည်။

ထို့နောက် သားတစ်ဦး ထပ်မွေးဦးမည်။ ထိုသားကား နတ်နှင့်လူ လူတို့၏ ဘုရင် ဖြစ်မည်။ ဇူးစ်ကို နန်းမှ ဆွဲချလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော်… တန်ခိုးရှင် ဖြစ်ရသည်မှာလည်း မလွယ်ပါတကား။ ထိုယ့်ထက် တန်ခိုးကြီးလာမည့်သူကို အမြဲ ကြောက်နေရသည်။

ဇူးစ်သည် ထာဝရ နတ်သျှင်နောင်ကြီးအဖြစ် ဆက်စံလိုပါက အခြားနည်းလမ်း မရှိ။ ကလေးတွေ မမွေးမီ မအေကို ဦးအောင် ဗိုက်တွင်း မျိုချထားဟု ဂျီးယာနှင့် ယူးရေနက်စ်တို့က ယတြာ ချေခိုင်းတော့သည်။

ဇူးစ် ဘာလုပ်မည်နည်း။

ဝိဇယမင်းက မယ်ကုဝဏ်ကို ပြောသကဲ့သို့…

**'မောင့်ကြင်ဦး၊ ဘီလူး ဖြစ်၍၊ ချစ်ရက်နှင့်သာ၊ ကျေးဇူးထောက်ထား၊ နောက်ဖြစ်လားကို၊ သနားညှာ၊ အားနာလျက်ပင် ဖြစ်တော့တယ်'**

ဟု လွမ်းမနေတော့။

ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု မီးတစ်(စ်)ကို သလွန်ညောင်ဆီခေါ်ခဲ့သည်။ မီးတစ်(စ်)ခမျာ ရမ္မက်ဇောနှင့် မိန်းမောနေတုန်း သူ့တစ်ကိုယ်လုံးကို ဇူးစ်က ဗိုက်တွင်းသို့ မျိုချလိုက်တော့၏။

ဩော်… ချစ်၍ မျိုသည်။ သို့ရာတွင် ဘာကို ချစ်ပါသနည်း။

တာနောယကွကြီးက သူ့ဇနီးကို ချစ်လွန်း၍ ကြုတ်တွင်း ထည့်ကာ ပါးစပ်တွင်း ငုံထားခဲ့သည်။ ယခုခေတ်လည်း ချစ်သူကို ချစ်လွန်း၍ **'ဆီးဖြူဖန်ခါးလို ငုံထားလိုက်ချင်တယ်'** ဟု ဆိုကြသည်။

ချစ်လွန်းလို့… ။

ဇူးစ်ကမူ ငုံထားရုံမက မျိုချလိုက်သည်။

နောင်အခါတွင် ဇူးစ်က မီးတစ်(စ်)ကို သူ မျိုချသည်မှာ ဉာဏ်ပညာကို ချစ်၍ယောင်ယောင် လျှောက်ပြောသည်။ မီးတစ်(စ်)ကို သူ မျိုချထားသဖြင့် သတိ၊ ပညာနှင့် ဆင်ခြင်တုံတရား သူ၌ အစဉ်ရှိနေသည်ဟု ကြွားသည်။

သူ့ဗိုက်တွင်းမှ မီးတစ်(စ်)ကမူ မယ်ကုဝဏ်လေးနှင့်…

**'ခုကာလ သည်ခေတ်မှာ၊ လှေနစ်တဲ့ ဗိုးစံ၊ ကုဏ္ဍလံလို၊ ဉာဏ်တစောင်းငယ်နှင့်၊ အို… ကိုယ်ကောင်းသာ ကြိတ်တဲ့ လင်…'**

ဟု အော်နေမည်လော မသိ။

www.burmeseclassic.com

www.burmeseclassic.com




အခန်း [ ၇ ]

## ချစ်လို့ရယ်တဲ့ မတွန်

မီးတစ်(စ်)ကို မျိုချပြီးသည့်နောက် ဇုစ်သည် မိဖုရားတစ်ယောက်ပြီး တစ်ယောက် ပြောင်းတော့၏။

မီးတစ်(စ်)ပြီးနောက် **သီးမစ်(စ်)** (Themis) ကို ယူသည်။ သီးမစ်(စ်) မှာလည်း ယူးရေနက်စ်နှင့် ဂိုးယာ၏ သမီးပင် ဖြစ်သောကြောင့် ဇုစ်၏ အရီးတော်ပင် ဖြစ်သည်။

သီးမစ်(စ်)ဟူသော စကား၏ အဓိပ္ပာယ်ကား ထုံးတမ်းစဉ်လာ သို့မဟုတ် ဥပဒေ ဟု ရ၏။ သီးမစ်(စ်)ကို ဥပဒေနှင့် တရားမျှတမှုကို စိုးသော နတ်ဒေဝီဟု ဆိုကြသည်။ သီးမစ်(စ်) ပုံကို ချိန်ခွင်ကိုင်ထားဟန် သရုပ်ဖော်ကြ၏။

ဇုစ်နှင့် ပေါင်းဖက်ရသဖြင့် သီးမစ်(စ်)တွင် **ဆီးဇင်းစ်** (Seasons) လေးပါးနှင့် **ဖိတ်စ်** (Fates) သုံးပါးကို မွေးသည်။

www.burmeseclassic.com

www.burmeseclassic.com





ကလိုးသိုး



အက်တရာပေါ့(စ်)

ဆီးဇင်းစ်၏ အဓိပ္ပာယ်ကား ရာသီဥတု ဖြစ်သည်။ ဖိတ်စ်၏ အဓိပ္ပာယ်က ကြမ္မာ။

ကြမ္မာညီအစ်မ သုံးဖော်၏ အမည်တို့ကား...

(၁) ကလိုးသိုး
(Clotho)

(၂) လက်ကဆစ်(စ်)
(Lachesis)

(၃) အက်တရာပေါ့စ်
(Atropos)

ဟူ၍ ဖြစ်သည်။

ကလိုးသိုးကား အသက်ချည်မျှင်ကို ကျစ်ရသူ ဖြစ်သည်။ ကလိုးသိုး ဆိုသည့် စကား၏ အဓိပ္ပာယ်ကိုယ်၌က ကျစ်သူ၊ မိုင်းငင်သူဟူ၍ ရသည်။ လက်ကဆစ်(စ်)၏ အဓိပ္ပာယ်က တိုင်းတာသူဟူ၍ ဖြစ်၏။ လက်ကဆစ်(စ်)သည် အသက်ချည်မျှင်၏ အရှည်ကို တိုင်းရသူ ဖြစ်သည်။ အသက်ချည်မျှင်လေး မည်မျှ ရှည်ရမည်ကိုကား ဇူးစ်က အဆုံးအဖြတ် ပေးသည်။ သေချိန် ရောက်သူ၏ အသက်မျှင်လေးကို လက်ကဆစ်(စ်) တိုင်းပြရာ နေရာ၌ အက်တရာပေါ့စ်က ကတ်ကြေးနှင့် ညှပ်ဖြတ်ချလိုက်၏။

လက်ကဆစ်(စ်)ကိုသတ္တဝါတို့ အကြောက်ဆုံး ဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ ထို့ကြောင့်လည်း သူ့နာမည်က လက်ကဆစ်(စ်)။ သူ့စိတ်ပြောင်းရန် မည်သူမျှ မတတ်နိုင်သူဟု အဓိပ္ပာယ်ရသည်။ **ခေါ်သည်းမာ** ဟု ခေါ်ရမည်ထင်၏။

သီးမစ်(စ်) ပြီးနောက် ဇူးစ်သည် **ယူးရီနိုမီး** (Eurynome) ကို ယူပြန်၏။

ယူးရီနိုမီးသည် တိုင်းတန်နစ်(စ်) **အိုးဆီးယင်နက်စ်** (Oceanus) ၏ သမီး ဖြစ်သည်။ စကြဝဠာကြီးကို ပတ်လျက် အိုးဆီးယင်နက်စ်ဟုပင် ခေါ်သော မြစ်ကြီး တစ်ခု ရှိသည်။ တိုင်တင်းနစ်(စ်) အိုးဆီးယင်နက်စ်ကား ထိုမြစ်ကို စိုးပြီး သမီးပေါင်းများစွာ ရှိလေရာ ယူးရီနိုမီးသည် ယင်းတို့အနက်မှ တစ်ဦး ဖြစ်လေသည်။

ယူးရီနိုမီး၏ အဓိပ္ပာယ်မှာ ကျယ်ဝန်းသော ခရီးဟု ရသည်။ ယူးရီနိုမီးကား လဗိမာန်ကို စိုးသော နတ်ဒေဝီ ဖြစ်သည်။ သမီး သုံးဦး ရပြန်၏။ သူတို့ကို **ချရတီးစ်** (Charites) ညီအစ်မ သုံးဖော်ဟု ခေါ်သည်။ ပျော်ရွှင်မှု၊ ဆွဲဆောင်မှု၊ ကျက်သရေနှင့် အလှတရားတို့ကို စိုးသော နတ်ဒေဝီများ ဖြစ်ကြလေရာ **သီရိဒေဝီများဟု** ခေါ်သော် ရနိုင်၏။

ယူးရီနိုမီး ပြီးနောက် ဇူးစ်သည် အစ်မတော် ဒီမီးတားကို ယူပြန်၏။ ဒီမီးတား၏ အဓိပ္ပာယ်ကား ဘာလီသီးနှံတို့၏ မိခင်ဟု ဖြစ်သည်။ ဒီမီးတားမှ သမီးတော် **ပါဆက်ဖနီ** (Persephone) ကို ဖွားသည်။ ပါဆက်ဖနီ ဆိုသည်မှာ ဖျက်ဆီးခြင်းကို သယ်ဆောင်လာသူဟု **အဓိပ္ပာယ်ရ**၏။

ဒီမီးတား ပြီးနောက် ဇူးစ်က **နီးမော့ဆနီး** (Mnemosyne) ကို ယူပြန်၏။ နီးမော့ဆနီးမှာ မှတ်ဉာဏ်ဟု အဓိပ္ပာယ်ရသည်။ **နီးမော့ဆနီးမှ မူးဇ်** (Muses) ညီအစ်မ ကိုးဖော်ကို ဖွားသည်။

မူးဇ် ကိုးဖော်ကား စာပေ၊ အနုပညာနှင့် သိပ္ပံပညာတို့ကို စိုးသော နတ်ဒေဝီများ ဖြစ်ကြသည်။ **သူတို့၏ အမည်များကား**..

(၁) **ကလိုက်ယပီး** (Calliope)
(၂) **ကလိုက်အိုး** (Clio)
(၃) **ယူးတားပီ** (Euterpe)
(၄) **မဲလ်ပိုမနီး** (Melpomene)
(၅) **တားပဆစ်ကရီး** (Terpsichore)
(၆) **အရက်တိုး** (Erato)

www.burmeseclassic.com

www.burmeseclassic.com



(၇) **ပေါ်လီဟင်မ်နီယ** (Polyhymnia)

(၈) **ယူးရေးနီယ** (Urania)

(၉) **သေးလီယ** (Thalia)

ဟူ၍ ဖြစ်ကြသည်။

သူတို့ ညီအစ်မ ကိုးဖော်၌ အထူးပြုမှုကိုယ်စီ၊ တာဝန်ကိုယ်စီ ရှိကြသည်။

ကလိုက်ယပီးက စကားတန်ဆာ အလင်္ကာဆင်မှုနှင့် အက်ပစ် ခေါ် မဟာကဗျာကြီးတွေကို စိုးသည်။ ကလတ်ဆစ်စစ်(စ်)။ စာကြီးပေကြီးသမား။

ကလိုက်အိုးက သမိုင်းပညာ စာပေတို့ကို စိုးသည်။

ယူးတားပီက ဂီတနှင့် တေးသီချင်းများကို စိုး၏။

မဲလ်ပိုမနီးက ထရက်ဂျဒီ ပြဇာတ်တို့၏ သခင်မ ဖြစ်၍ အလွမ်းသန်သည် ဆိုရမည်။

တားပဆစ်ကရီးကမူ ပန်တျာသခင်မ။ အကဒေဝီ။

အရက်တိုးက စိတ်ကူးယဉ်သူ။ ရိုးမင်းတစ်ဆစ်… အချစ်ကဗျာရှင်မ။

ပေါ်လီဟင်မ်နီယကမူ ဓမ္မတေးရှင်။ ဘာသာရေးကဗျာတို့ကို စောင့်သည်။

ယူးရေးနီယကတော့ သိပ္ပံပညာရှင်မ။ နက္ခတ္တဗေဒကို စိုးသည်။

သေးလီယကမူ ပျော်ပျော်နေတတ်ဟန် တူသည်။ ဟာသ ပြဇာတ်များနှင့် ကျေးလက် တောရွာ ကဗျာများကို စိုးသည်။ ဘဝသရုပ်ဖော်သခင်မ ဖြစ်ဟန်တူသည်။

အဲ… လူစာရေးဆရာတွေလိုတော့ ကလိုက်ယပီးတို့၊ အရက်တိုးတို့၊ သေးလီယတို့ ရန်မဖြစ်ကြ။ ချစ်ချစ်ခင်ခင်ပင်။

မူးဇ်တို့၏ အမေ နီးမော့ဆနီး အပြီး၌ ဇူးစ်သည် **လီးတိုး** (Leto) ကို ယူပြန်၏။

လီးတိုးကား **တိုင်းတန်စီးအက်စ်** (Coeus) နှင့် တိုင်းတန်နစ်(စ်) **ဖီးဘီ** (Phoebe) တို့၏ သမီး ဖြစ်သည်။

လီးတိုးမှ **အပိုးလိုး** (Apollo) နှင့် **အားတမစ်(စ်)** (Artemis) တို့ကို မွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အပိုးလိုးက ဂီတ၊ ကဗျာ၊ ဗေဒင်နှင့် ဆေးပညာတို့ကို စိုးသည့် နတ်သား ဖြစ်သည်။ အားတမစ်(စ်)ကား လနတ်သမီး ဖြစ်လာပြီး တောရိုင်း တိရစ္ဆာန်တို့နှင့် အမဲလိုက် ကစားခြင်းအပေါ် စိုး၏။

အင်း… ဤမျှနှင့်ပင် ဖူးစ်ကြီး၏ မိဖုရားစာရင်းမှာ အတန်ရှည်သွားလေပြီ။

အမှန်မှာ နောက်ဆက်ရန် ရှိသေးသည်။ ယခုအထိ ဖော်ပြပြီးသည်တို့မှာ တန်းတူရည်တူ နတ်မယားများသာ ဖြစ်သေး၏။

ဖူးစ်က နတ်ပြည်၌ ပွေရသည်ကို အားမရ၊ လူ့ပြည်သို့လည်း ဆင်းဆင်းပြီး ပွေသေးသည်။ အဲသည်စာရင်းကလည်း ရှိသေးသည်။

ထားပါတော့… ။

နောက်ဆုံးတော့၊ အဲ… နောက်ဆုံးတော့မှ မဟုတ်ပါ။ အချစ်ဆုံး… ဤသို့မှ ခေါ်နိုင်မည်။

အချစ်ဆုံးတစ်ယောက်ကို ဖူးစ်ကြီး တွေ့သည်။

အဲသည် အချစ်ဆုံးနှင့်ကျမှ ဖူးစ်ကြီး၏ ချစ်ရေးမလွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၈ ]

# စုလျားရစ်သီ မပတ်မီ

ဖူးစ်ကြီး၏ အချစ်ဆုံးကား အစ်မတော် ဟီးရာ၊ ရွှေကြိုးသိုင်းဖိနပ်ရှင်မ။

ဩော်… ဤနေရာ၌ ဖူးစ်ကြီးက ကျွန်တော်တို့၏ မင်းတုန်းမင်းတရားကြီးနှင့် တူသည်။

အပင်း… မင်းတုန်းမင်းတရားကြီးကလည်း ခေတ်စကားနှင့် ဆိုရသော် 'များ'သည်။ မည်မျှများများ မင်းတုန်းမင်းတရားကြီး၏ အချစ်ဆုံးကား မိဖုရားခေါင်ကြီး စကြာဒေဝီ။

စကြာဒေဝီက မင်းတုန်းမင်း၏ ဖအေတူ မအေကွဲ အစ်မတော်။ မင်းတုန်းမင်းထက် အသက်ကြီးသည်။

မိမိ၏ မောင်တော်အရင်း ပုဂံမင်းကို နန်းမှချ၍ ဘုရင် တက်လုပ်သူ မင်းတုန်းမင်းကို အစ၌ စကြာဒေဝီက မကြည်။ အဲသည် မကြည်သူကို မင်းတုန်းမင်းက တန်းတန်းစွဲ။ ဖွတ်ဆွဲ နန်းတင်မည် လုပ်နေသောကြောင့် မင်းကြီးကတော် ခင်ဆုံက– 'ကာသစ်ကယ်တဲ့ နန်းသူမောင်။ သရစ်ကယ် နွယ်သိမ်

www.burmeseclassic.com





ဟီးရာ

၌၊ ပြက္ခဒိန်ခါတော်လုချိန်မို့’ ဟု သတိပေးခဲ့ရသည်။ ‘မြကြောလွှင် ပင်သစ္စတ်ဆီက၊ ထုံဝတ်ရည် မကြည်သေးပါဘု၊ အရေးတော် သီသီ မြန်လှတယ်’ ဟု ရွှေဇက်တော် ဆွဲပြီး ရွှောရိုက် အုပ်ပေးရ သည်။

ဖူးစ်ကြီးအပေါ်၌ မီးတစ်(စ်) ‘ထုံဝတ်ရည် မကြည်သည်’က သူ့မောင် ကရိုးနက်စ်ကြီးကို နန်းချခဲ့သူမို့ဟု ဆိုသော် ဆို၍ရသည်။

ဟီးရာကမူ ကရိုးနက်စ်ကြီး ဗိုက်တွင်းမှ ဖူးစ် ကျေးဇူးကြောင့် ထွက်လာရသူ။

အဲသည် ဟီးရာကလည်း မီးတစ်(စ်)နည်းတူ ဖူးစ်ကြီးအပေါ် ထုံဝတ်ရည် မကြည်။

ဟီးရာ မကြည်သည်ကား ဖူးစ်ကြီး ‘များ’သည်ကို ကြောက်သောကြောင့် ဖြစ်ဟန်တူသည်။

ခက်သည်ကား ဖူးစ်ကြီး၌ ခင်ဆုံ မရှိ။ အရေးတော်သီသီ မြန်လှသည်ဟု ရွှေဇက်တော် ဆွဲပြီး ရွှောရိုက်အုပ်ပေးမည့်သူ မရှိ။

ဖူးစ်ကြီးကား သူ့ဝသီအတိုင်း ‘လိုက်’တော့၏။ ဟီးရာကလည်း ရှောင်ပြေးသည်။

မိုးထိအောင် လှေကားဆင်၊ အိုလင်ပတ်စ်တောင်စိုး လွတ်နိုင်ရိုးလား။

အဲ… သူ တကယ် ချစ်လေသူ ဖြစ်၍လော မသိ။ ဖူးစ်ကြီးက ချစ်ဗျူဟာနည်းသစ် ထွင်သည်။

အချို့က ကရိုးတ်ကျွန်းရှိ နော့ဆက်စ် (Cnossus) မြို့ တည်ရာမှာဟု ဆိုသည်။ အချို့ကမူ အားဂလစ်(စ်) (Argolis) နယ်ရှိ ဥဩတောင် (Cuckoo Mountain) ဟု ခေါ်သော သောနက်စ် (Mount Thornex) တောင်ထိပ်မှာဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဟီးရာပျို့က မယ့်တစ်ကိုယ်တည်း။**

ထိုစဉ်ဝယ် သနားဖွယ် ဥသြငှက်လေးတစ်ကောင် ပျံလာသည်။

သူ့တစ်ကိုယ်လုံး ပေရေနေသည်။

သူ့အမွေးအတောင်တွေကလည်း ရွှဲရွှဲစိုလျက်။

ပင်လယ်တွင် မုန်တိုင်းမိလာသော ဥသြငှက်ငယ်…

ဟီးရာက လက်များ ဆန့်တန်း ကြိုဆိုသည်။

နိုနားလှည့်ပါ မယ့်ရင်ခွင်မှာ…

ဟီးရာက ဥသြလေးကို ရင်ခွင်မှာ ယုယစွာ ပွေ့ထားပြီး ကိုယ်ငွေ့ပေး၍ နွေးစေသည်။

နတ်သမီး၏ ရင်ငွေ့… နတ်သမီး၏ ရင်ငွေ့က အတွေ့ထူးမည်။ အတွေ့ထူးကြောင်း ဇနက္ကဇာတ်မှာလည်း ဆိုသည်။

ဟီးရာ ဆိုသည်ကလည်း နတ်သမီး၊ အဲသည် နတ်သမီး၏ ရင်ခွင်မှာက ဒုက္ခသည် ဥသြငှက်ကလေး… ။

နတ်၏ အတွေ့နှင့် ဥသြငှက်ကလေး မိန်းမော အိပ်ပျော်သွားပါသလား။

ဟင့်အင်း… ကြီးလာသည်။ ရောမကြီး…

ရောမမှ ရောမ ဖူးစ်ကြီး…

နောက်တော့…

**'စုလျားရစ်သီ၊ မပတ်မီက၊ ချစ်ညီဖောက်ပြန်၊ မတော်ဟန်ကို၊ နှမ်းရုံရွယ်ရှိ၊ ကျင့်တပြိကား၊ ချုတ်စီစောင်းလှည့်၊ မကြည့်ချင်ပြီ…'**

ဟု မကျေနပ်သော်လည်း မိန်းမတို့ အသက် အရှက်မို့ ဖူးစ်ကြီးကို မိမိ ယူခဲ့ရပါသည်ဟု နောက်တော့ ဟီးရာက ဆင်ခြေပေးသည်။

ဟီးရာနှင့် ဖူးစ်တို့ ကြီးကြီးကျယ်ကျယ် အကယ် လက်ထပ်ထိမ်းမြားကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၉ ]

# ချစ်ပင် ချစ်သော်လည်းကွယ်

ဖူးစ်နှင့် ဟီးရာတို့၏ တရားဝင် လက်ထပ်ပွဲသို့ နတ်သား နတ်သမီးတွေ မှန်သမျှ တက်ရောက်ကြပြီး အဖိုးတန်ပစ္စည်းများ လက်ဖွဲ့ကြသည်။

ပထဝီမိခင် ဘွားတော်ကြီး ဂျီးယာက ရွှေပန်းသီးများ သီးသော ရွှေပန်းသီးပင် တစ်ပင်ကို အထူးလက်ဖွဲ့သည်။ ထိုရွှေပန်းသီးပင်ကို **အက်တလက်စ်** (Mount Atlas) တောင်ထိပ်ရှိ ဟီးရာ ပိုင် ဥယျာဉ်တွင်း၌ စိုက်ထားသည်။

ဖူးစ်နှင့် ဟီးရာတို့က မင်္ဂလာဦးညကို **အေရှမိုင်းနား** (Asia Minor) ဟု ယခု ခေါ်သော **အနတိုးလီးယ** (Anatolia) ကျွန်းဆွယ်ကြီး၏ ကမ်းခြေ အလွန်၌ ရှိသည့် **ဆားမော့စ်ကျွန်း** (Samos Island) တွင် ကုန်စေသည်။ သူတို့နှစ်ဦး၏ ကြင်စဦး ပျားရည်ဆမ်းအချိန်သည် နှစ်ပေါင်း သုံးရာ ကြာသည် ဆို၏။

အင်း… ချစ်နိုင်ကြပါပေသည်။

ယင်းသို့ ချစ်ပင် ချစ်သော်လည်း ဖူးစ်က သူ့အချစ်၌ အကန့်အသတ် ထားသည်။

www.burmeseclassic.com

www.burmeseclassic.com





အက်ထလက်(စ်)တောင်

သူ့အဖြစ်ကလည်း မလွယ်။

ယခုအခါ ဇူးစ်သည် **ကောင်းကင်ဘုံ၏ ဖခင်ကြီး** (Father of Heaven) ဘွဲ့ယူ၍ ဝရမိန် လက်နက်ကြီး တကားကားနှင့် လုပ်နေရသည်။

မလုပ်၍ မဖြစ်။

အိုလင်ပတ်စ်တောင်ထိပ်စံ သူ့မိသားစုက အလွန်ရန်လိုပြီး အလွန်သူပုန်ထတတ်သည်။ အဲသည် လူလွန်မသားသမီး မိသားစုကို သူ့ဝရမိန်လက်နက်ကြီး လက်လက်ပြလျက် ဇူးစ်က အမြဲ ခြိမ်းခြောက် ထိန်းထားရသည်။

သူ့အလုပ်ကလည်း အများသား။ နေတွေ၊ လတွေ၊ ကြယ်တွေ၊ နက္ခတ်တွေ ပုံမှန် အလုပ်လုပ်နေရန်လည်း အစဉ် အမိန့်ပေးနေရသည်။ လောကတစ်ခုလုံးအတွက် ဥပဒေတွေလည်း ထုတ်ထုတ်ပေးရသည်။ ကတိတွေ မြဲအောင်၊ သစ္စာတွေ ခိုင်အောင်၊ ကျိန်စာတွေ စူးအောင်လည်း လိုအပ်သလို ငရဲကြီးကြီး ပြရသည်။ အဲ… ဗေဒင် မေးလာလျှင် ဗျာဒိတ်တွေလည်း မြွက်မြွက်ပေးရသည်။

ဟာမာမင်း… ပရမေသွာ နတ်ဘုရင်ကြီး လုပ်စားရသည်မှာ မသောသာပါကလား။

www.burmeseclassic.com

www.burmeseclassic.com



သည်ကြားထဲ ဝါသနာကြောင့် ထထပွေရသော မဟာလုပ်ငန်းကြီးကလည်း ရှိတော်မူသေး၏။

ဗျားရည်ဆမ်းအချိန်ကို အနှစ် သုံးရာကြီးများ ကြာအောင် ချစ်လိုက်ကြသော်လည်း ဇူးစ်နှင့် ဟီးရာတို့က မတည့်ကြ။ မကြာခဏ စကားများရန်ဖြစ်ကြသည်။

ဇူးစ်က ဟီးရာကို မထိန်မဝှက်ဘဲ သူ့လျှို့ဝှက်သော အကြံအစည်များကို ဖွင့်ဟပြောသည့်အခါတော့ ပြောပါ၏။ ဟီးရာထံမှ အကြံကောင်း ဉာဏ်ကောင်းလေးများ ယူသည့်အခါတော့ ယူပါ၏။ သို့ရာတွင် ဟီးရာကို သူ ပုံ၍တော့ မယုံ။

ယုံ၍လည်း ဘယ်ဖြစ်မည်နည်း။ သမိုင်း သင်ခန်းစာကြီးတွေက ရှိနေသည်လေ။

သူ့ဘိုးအေနှင့် သူ့အဖေကို ဝိုင်းလုပ်ကြံကြရာ၌ သူ့အဘွားနှင့် သူ့ အမေတို့သည် တက်ကြွသော အပိုင်းမှ ပါဝင်ခဲ့ကြသည် မဟုတ်ပါလော။

ထို့ကြောင့် ဟီးရာကို မယုံ။ တန်းတူရည်တူ တန်ခိုးအာဏာ ပေးမထား။

သူနှင့်တူသော တန်ခိုးဆို၍ မိမိ ချစ်ခင်နှစ်သက်သူ လူတွေ၊ တိရစ္ဆာန်တွေပေါ် ကြိုတင်၍ ကောင်းခြင်းမင်္ဂလာ ဗျာဒိတ်ချပေးနိုင်သော တန်ခိုးတစ်ခုကိုသာ ဟီးရာအား သူ နှင်းအပ်ထား၏။

ဆိုလိုသည်မှာ ဇူးစ်ထံ ဆုတောင်းသကဲ့သို့ ဟီးရာထံ ဆုတောင်းနိုင်သည်။

ဟီးရာလည်း 'မ'နိုင်သည်ဟူလို။ အဟင်း… လိုချင်တာ ရှိလျှင် ချဉ်းကပ်နိုင်သည်။

ဟီးရာကလည်း ဇူးစ်အပေါ် မကျေနပ်လှ။

အခွင့်သင့်လျှင် အကွက်ဆင်၍ ယောကျ်ားကို နှိမ်တတ်သည်။ ပညာသားပါပါနှင့် လင်တော်မောင်၏ ကိစ္စတွင်း ဝင်ရှုပ်တတ်သည်။ လင်တော်မောင်၏ ခြေရာ လက်ရာတွေကို ဖျက်တတ်သည်။

ပြောင်ကြီးတော့ မဆန့်ကျင်ရဲ။ ဆန့်ကျင်လည်း ဇူးစ်က မှတ်လောက်အောင် ဆုံးမသည်။ ကြိမ်နှင့် တီးချင် တီးသည်။ ဝရမိန်လက်နက်ကြီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထုချင် ထုမည်။ မီးတစ်(စ်)ကို မျိုချသကဲ့သို့ မျိုချလိုက်လျှင်လည်း ဘယ့်နှယ် လုပ်ပါမည်။

ထို့ကြောင့် ဟီးရာသည် ပရိယာယ်နိုင်နိုင်နှင့်သာ ကိုင်တွယ်ရရှာသည်။ တစ်ခါတစ်ရံ ပရိယာယ်နှင့် ရေသောအခါ **အချစ်နတ်ဒေဝီ အဘ်ဖရောဒိုက်တီး** ၏ ရွှေခါးစည်းကို ငှားဝတ်သည်။

ဤရွှေခါးစည်းကို စည်းလိုက်လျှင် မြင်သမျှ ဖိုသတ္တဝါသည် **အချစ်** မှန်အယိုကြီး ယို၍ မိန်းမအလိုနိုင်ငံသို့ ကောက်ကောက်ပါအောင် လိုက်တော့သည် ဆို၏။

ဟီးရာသည် ကျူဦးထဲ ကျပ်ထဲ ကျလျှင် ဤရွှေခါးစည်းကို ငှားငှားပြီး ဇူးစ်ကြီးကို အပိုင်ကိုင်တတ်၏။

ယောကျ်ား ချစ်စေသော လျှို့ဝှက်နည်း တစ်နည်းလည်း ဟီးရာမှာ ရှိသေး၏။

အားဂလစ်(စ်)နယ်၏ မြို့တော် ဖြစ်လာသော **အားဂက်စ်** (Argos) မြို့အနီး၌ **ကနားသက်စ်** (Canathus) ဟု ခေါ်သော စမ်းချောင်းတစ်ခု ရှိလေသည်။

ဇူးစ်နှင့် လက်ထပ်ပြီးသည့် နောက်တစ်နေ့မှ စ၍ ဟီးရာသည် ကနားသက်စ် စမ်းချောင်းတွင်း၌ နေ့စဉ်မှန်မှန် ရေချိုးသည်။

ကနားသက်စ် စမ်းချောင်းတွင်း၌ ရေတစ်ခါ ချိုးလျှင် မိန်းမတစ်ယောက်သည် တစ်ခါ အပျိုစစ်စစ် ပြန်ဖြစ်သည် ဆိုသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၀ ]

# လျှာနှင့်သွား

ထာဝရ အပျိုစင်ကြီး ဟီးရာတစ်ယောက် တစ်ချိုတွင် ခြေလှမ်းမှားသည်။

ရှုးစ်သည် မာနကြီး၏။ စိတ်မထင်လျှင် အသေးအဖွဲ ကိစ္စလေးမျှနှင့် ပင် ဒေါသကြီးပြီး ဗိုလ်ကျ အနိုင်ကျင့်တတ်သည်။

ဟက်စတီယာမှတစ်ပါး သည်းမခံနိုင်ကြတော့သော အိုလင်ပီယင် နတ်ဘုရားတို့သည် ဟီးရာ၊ ပိုးဆိုက်ဒင်၊ အပိုးလိုးတို့ကို ခေါင်းဆောင် တင်၍ တစ်နေ့တွင် သူ့ရတနာသလွန်ပေါ်၌ စက်တော်ခေါ်အိပ်ပျော်နေသည့် ရှုးစ်ကို ဝိုင်းဖမ်းလျက် ဆူးရှိသော သားရေကြိုးတို့ဖြင့် ချည်နှောင်ထားလိုက်ကြ၏။ ရှုးစ် မလှုပ်နိုင်အောင်လည်း ကြိုးတို့ကို အထုံး တစ်ရာတိတိ အထပ်ထပ် ထုံးထားလိုက်ကြသည်။

မလှုပ်သာ မလှုပ်နိုင်တော့သည်။ မိမိအား ဖမ်းထားသူများကို ဇော်မှ ဟုတ်အတွင်း သေစေရမည်ဟု ရှုးစ်က ခြိမ်းခြောက်နေ၏။ ရှုးစ်၏ ဝရဇိန်

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ကြီးကို ဇုးစ် လက်လှမ်းမမီရာ၌ ရွှေ့ထားပြီးကြသော ဟီးရာတို့ အသိုက်က သရော်လျက် ဟားတိုက်လျက် ရယ်ကြသည်။

ထို့နောက် ဟီးရာတို့ အသိုက်သည် အောင်ပွဲခံကြရင်းက ဇုးစ်နေရာကို မည်သူ ဆက်ခံကြမည့် အရေး သဘောထား သေးသေးနုပ်နုပ်နှင့် လိပ်များပမာ ကိုယ့်ဘက်ကိုယ် ယက်၍ ငြင်းခုံ စကားများကုန်၏။

ဤအဖြစ် အားလုံးကို **သီးတစ်(စ်)** (Thetis) က မြင်သည်။ **သီးတစ်(စ်)** ကား **နီရူးစ်** (Nereus) ခေါ်သော ပင်လယ်စောင့်နတ်၏ ရင်သွေး **နီရီအစ်ဒ်** (Nereid) ညီအစ်မများဟု ထင်ရှားသည့် ပင်လယ်ပျော် နင့်ဖ်နတ်သမီး ငါးဆယ်အနက်မှ တစ်ဦး ဖြစ်လေသည်။

အိုလင်ပီယင်နတ်ဘုရားတွေကြား ပြည်တွင်းစစ် ဖြစ်တော့မည့် ဘေးကို မြင်သော သီးတစ်(စ်)က လက်ရုံးတစ်ရာရှင် ဘရိုင်အားရီးယက်စ်ထံ အပြေးအလွှား သွားသတင်းပို့တော့၏။

ဘရိုင်အားရီးယက်စ် လိုက်လာပြီး ဇုးစ်အား ချည်တုပ်ထားသော ကြိုးတစ်ထုံးကို လက်တစ်ခုနှင့် ခဏချင်း တစ်ပြိုင်နက် ဖြေပေးလိုက်သည်။

ဤသစ္စာဖောက်မှုကြီး၌ ဟီးရာသည် ထိပ်တန်းခေါင်းဆောင်မှန်း သိသွားသော ဇုးစ်က ဟီးရာ၏ လက်ကောက်ဝတ် တစ်ဖက်ဆီ၌ ရွှေကွင်းစွပ်ပြီး ဟီးရာကို ကောင်းကင်၌ တွဲလောင်းထားသည်။ ထို့နောက် ခြေကျင်းဝတ်တစ်ဖက်စီ၌ ပေတုံး တစ်တုံး ကပ်ချည်ဆွဲပြီး အပြစ်ပေးသည်။

မချိမဆံ့ ဝေဒနာကြောင့် ကယ်ပါ ယူပါ တစာစာ အော်နေရှာသော ဟီးရာကို ကြည့်၍ စိတ်မချမ်းမသာ ဖြစ်နေကြသော်လည်း အခြားနတ်ဘုရားများမှာ တုတ်တုတ်မျှ မလှုပ်ရဲ။ ဝင်ကယ်ရန်ကား ဝေးစွ။

နောက်ဆုံးကျမှ ‘မိမိအား နောင် ဘယ်သောအခါမှ မတော်လှန်ပါ’ ဟု သစ္စာဆိုကြလျှင် ဟီးရာကို လွှတ်ပေးမည်ဟု ဇုးစ်က ကြေညာသည်။ မလွှဲသာကြသဖြင့် နတ်ဘုရားအားလုံးတို့ မထက်မသန် တွန့်တွန့်ဆုတ်ဆုတ် သစ္စာဆိုကြလေသည်။

ဇုးစ်က သူ့ကတိအတိုင်း ဟီးရာကိုတော့ လွှတ်ပေးသည်။

ပိုးဆိုက်ဒင်နှင့် အပိုးလိုးတို့ နှစ်ယောက်ကိုကား လူသား ဘုရင် လေးအိုမဒွန် (Laomedon) ထံ အခမဲ့ ကျွန်သွားလုပ်ခိုင်း၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးသည် **လေးအိုမဒွန်**၏ ကျွန်များအဖြစ် ကမ္ဘာကျော် **ထရွိုင်** (Troy) မြို့ကြီးကို ဆောက်ပေးခဲ့ကြသည် ဆိုသတည်း။

**တော်ပါသေး၏။**

ဟီးရာကို ဇူးစ်သည် မျိုးချမပစ်။ မိဖုရားခေါင်ကြီးအဖြစ် ဆက်ထားသည်။

**ဇူးစ်နှင့် ဟီးရာသည် သားသမီး သုံးဦး မွေးသည်။ သူတို့၏ အမည်ကား . . .**

(၁) **အဲရီးစ်** (Ares)

(၂) **ဟီဖီစတက်စ်** (Hephaestus)

(၃) **ဟီးဘီ** (Hebe)

တို့ ဖြစ်ကြသည်။

အဲရီးစ်နှင့် ဟီဖီစတက်စ်တို့သည် ယောက်ျားလေးများ ဖြစ်ကြပြီး ဟီးဘီက မိန်းကလေး ဖြစ်သည်။

အချို့က ဤကလေး သုံးဦးမှာ ဇူးစ်နှင့် ရသည် မဟုတ်ဟု ဆိုကြသည်။

အဲရီးစ်နှင့် အမြွာညီမ **အီရစ်(စ်)** (Eris) တို့အား ဟီးရာသည် ပန်းပွင့်ကြီးတစ်ပွင့်ကို ကိုင်မိသောကြောင့် သန္ဓေရှိလာရသည် ဆို၏။ ထိုနည်းတူစွာ ဟီးဘီအားလည်း ဂေါ်ဖီထုပ်ကို ကိုင်မိသောကြောင့် သန္ဓေရှိလာသည် ဆို၏။

**ဟီဖီစတက်စ်ကမူ** အထူးဆန်းဆုံး။ ဟီးရာ၏ မေထုန် မမှီဝဲဘဲ ရသည့် (Parthenogenous) သား ဟူ၏။

မည်သို့ဖြစ်စေ၊ သူတို့သုံးဦးကား ဇူးစ်နှင့် ဟီးရာတို့၏ တရားဝင် သားသမီးများ ဖြစ်ကြသည်။

မင်းက မွေးတော့ မင်းသား၊ မင်းသမီး။ နတ်ဘုရားကြီးက မွေးတော့ နတ်ဘုရားလေးတွေ . . . ။

ဇူးစ်၏ အံ့ဖွယ်အကောင်းဆုံး သမီးတော် နတ်ဘုရားမတစ်ဦးလည်း ရှိသေး၏။

သူ့ကို ဟီးရာက မမွေး။ ဇူးစ်ကြီးကိုယ်တိုင် ငယ်ထိပ်မှ မွေးသည်။

www.burmeseclassic.com

www.burmeseclassic.com


အသီးနီး

အခန်း [ ၁၁ ]

# ခေါင်းမှ ဖွားသူ

သူ့၏ အချစ်ဦး မိဖုရားခေါင်ကြီး မီးတစ်(စ်)ကို ဇူးစ်သည် ဆီးဖြူ ဖန်ခါးလို ငုံထားရုံမက ဗိုက်တွင်း မျိုချခဲ့ကြောင်း ရေးခဲ့ပြီးပြီ။

ချစ်သူ၏ နှလုံးတွင် မဟုတ်။ ဗိုက်တွင်း၌ ကမ္ဘာကုန်ကျယ်သရွေ့ စံမွေ့ရရှာသည့် မီးတစ်(စ်)ခမျာ၌ သန္ဓေပါသွားသည်။

ထိုသန္ဓေကို ရည်ညွှန်းပြီး ဘိုးတော်ကြီး ယူးရေနက်စ်နှင့် ဘွားတော်ကြီး ဂိုးယာတို့က ဇူးစ်နှင့် တန်ခိုးလည်းတူ၊ ဉာဏ်လည်း တူမည့် သမီးကို မွေးမည်ဟု ဗေဒင်ဟောခဲ့ကြခြင်း ဖြစ်လေသည်။

မွေးမည့် အရာတွေ မမွေးတော့အောင်ဟု မဟာပညာကျော် ဇူးစ်က မိခင်ကို ကိစ္စတုံး မျိုချလိုက်ခြင်းပင် ဖြစ်သည်။

ယာယီတော့ ကိစ္စ ငြိမ်းသွားသယောင် ရှိသည်။

ဇူးစ်သည် စိတ်ချလက်ချဖြင့် အဲ... 'ချစ်လို့ရယ်တဲ့ မကုန်' ဇာတ်သိမ်းကို ခင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားတွေ တစ်ယောက်ပြီး တစ်ယောက် တသီကြီး ယူသည်။ ကလေးတွေ တစ်ယောက်ပြီး တစ်ယောက် မွေးသည်။

နောက်ဆုံး၌ ဟီးရာကို ယူပြီး သားတွေ၊ သမီးတွေပင် ရပြီးပြီ။

မည်မျှ ကြာမည်နည်း။

နတ်သက် ဆိုတော့ အင်း… ကြာပေမည်။

မပူမပင် မကြောင့်မကြနှင့် သူ့ဝရစိန်လက်နက်ကြီး လက်က မချ တော့ဘဲ ကမ္ဘာဦး နတ်သျှင်နောင်ကြီးသည် အိုလင်ပတ်စ် တောင်တော်ထိပ်တွင် ဘုန်းမီးနေလ တောက်၍ စိုးစံ မင်းမူနေသည်။

သို့ရာတွင် တစ်နေ့၌ သိကြားမင်း၏ နန္ဒာရေကန်နှင့် နှိုင်းရမည့် တရိုက်တွန်း (Triton) ရေကန်ကြီး၏ ကမ်းခြေ သဲသာသောင်မြေဝယ် ဖူးစ် တစ်ယောက် လေညင်းခံ လမ်းလျှောက်နေခိုက် ခေါင်းကိုက်လာသည်။

ရိုးရိုးကိုက်သည် မဟုတ်။ သေလုအောင် ကိုက်သည်။ ဦးခေါင်းကြီး တစ်ခုလုံး ပေါက်ကွဲထွက်တော့မည်ကဲ့သို့ ကိုက်သည်။

ဝေဒနာနှင့် ဒေါသ ပေါင်းနှိပ်စက်သဖြင့် မဟာတန်ခိုးရှင်ကြီးမှာ ရာဇဣန္ဒြေတွေ ဘာတွေ မထိန်းနိုင်တော့ဘဲ ဝံပုလွေများ၊ ခွေးများ ညည်းအူ သကဲ့သို့ ညည်းအူတော့သည်။ စကြဝဠာကို အုပ်မိုးထားသည့် ကောင်းကင်ကြီး တစ်ခုလုံး ပဲ့တင် ရိုက်ဟည်း ခြိမ့်ခြိမ့်မြည်တော့ဟူသတတ်။

ဤသည်ကို နှောင်းခေတ် အင်္ဂလိပ်စာဆို ဂျွန်ကိ(စ်) (John Keats) က သူ၏ **စိန့်အက်ဂနစ်(စ်) အခါကြိုညချမ်း** (The Eve of St. Agnes) ကဗျာတွင် ရည်ညွှန်းဖွဲ့စပ်ခဲ့သည်။

ဤကဗျာမှ ဓာတ်လိုက်မင်းသမီး **မက်ဒလင်း** (Madeline) တို့၏ ရဲတိုက်ကြီးအတွင်း ကပွဲခန်းမ၌ သံစုံတီးဝိုင်းကြီးမှ မြည်သံကို ဂျွန်ကိ(စ်)က…

'The music, yearning like a God in pain.'

**'လေးလေးသာ ဟီးတော့တယ်။ နတ်ကြီးဝေဒနာ ဒဏ်ကြောင့်။ ညည်းသည့်ဟန် သံစုံဝိုင်း။ နှိုင်းသင့်၏ ထင်'**

ဟု စပ်ခဲ့သည်။

ကျွန်တော်တို့ ဂီတတွင်တော့ 'မျောက်မင်း အူသံ' ရှိသည်။ ဩော်… သူတို့မှာလည်း 'နတ်မင်း အူသံ' ရှိလေသတတ်။

နတ်မင်း အူသံကို **ဟားမီးစ်** (Hermes) က ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟားမီးဇ်မှာလည်း ဇူးစ်၏ သား ဖြစ်သည်။ **ဇူးစ်၏** မိဖုရားတွေ များလွန်းသဖြင့် ကျွန်တော် မျက်စိလည်ပြီး ဟားမီးဇ်၏ မိခင်အကြောင်း မပြောပြမိခဲ့။

ကရိုးနက်စ်နှင့် တိုင်းတန်တွေကို အောင်မြင်ပြီးနောက် မိုးကောင်းကင်ကြီးကို ထာဝရ ထမ်းထားရန် ဇူးစ်က ပြစ်ဒဏ်ပေးခဲ့သော အက်တလက်(စ်)ကြီးကို မှတ်မိကြပေလိမ့်မည်။ ထိုအက်တလက်(စ်)ကြီးနှင့် ဇနီး **'ပလီးယာနီး'** (Pleione) တို့မှ **'ပလီးယာဒီးဇ်'** (Pleiades) ဟု ခေါ်သော သမီး ခုနစ်ဖော်ကို ဖွားမြင်သည်။ ပလီးယာဒီးဇ်တို့ကို ဇူးစ်ကြီးက ကြယ်တို့အလယ်တွင် နေရာချပေးထားသဖြင့် **'တောရပ်စ်'** (Taurus) ဟု ခေါ်သော **'နွားတာရာ'** အစုတွင်းမှာ ယခုတိုင် တွေ့နိုင်သေးသည်။ မြန်မာလိုတော့ ပလီးယာဒီးဇ်တို့ကို ခြောက်ဆိပ်ကြယ်ဟု ခေါ်သည်။ ယခုအခါတွင် ပလီးယာဒီးဇ်ကြယ်အစု၌ ကြယ်ခြောက်လုံးကိုသာ တွေ့ရသည်။ ပလီးယာဒီးဇ် ညီအစ်မတွေအနက် ခြောက်ယောက်က နတ်တွေနှင့် ညားကြပြီး တစ်ယောက်မှာ လူသားနှင့် ယူသောကြောင့် ထိုတစ်ယောက်ကို ဇူးစ်က ကြယ်စုတွင်း မထည့်သွင်းဘဲ ပယ်ထားသည် ဆို၏။ အဟင်း... ဇူးစ်ကြီး၏ 'အပယ်ရတနာ...'။

ပလီးယာဒီးဇ် ခြောက်ဦးက နတ်တွေနှင့် ညားကြရာ၌ ဇူးစ် တစ်ယောက်တည်းနှင့်ပင် သုံးယောက် ညားသည်။



ဟားမီးဇ်

ညီအစ်မ ခုနစ်ဖော်အနက် အကြီးဆုံးနှင့် အလှဆုံး၏ အမည်မှာ **'မေးယာ'** (Maia) ဟု ခေါ်သည်။ ထိုမေးယာနှင့် ဇူးစ်တို့ ပေါင်းဖက်ကြသဖြင့် ဟားမီးဇ်ကို ဖွားမြင်သည်။

ဟားမီးဇ်ကို ရောမတို့က **'မာကျူရီ'** (Mercury) ဟု ခေါ်ကြသည်။ မြန်မာလိုတော့ ပြဒါးဟု အဓိပ္ပာယ်ရသည်။ ပြဒါး ဆိုသည် အလွန်လျှင်မြန်သည်။ ဖမ်းရခက်၏။

www.burmeseclassic.com



ဟားမီးဇ်သည်လည်း နတ် တွေထဲတွင် အလွန်လျင်မြန်သည်။ သူ့ဦးထုပ်၌ အတောင်ပံ နှစ်ခု ပါရှိသကဲ့သို့ ဖိနပ်များတွင်လည်း အတောင်ပံများ ပါသည်။ အိုလင်ပီယင် တန်ခိုးရှင်တွေအနက် ဟားမီးဇ်သည် ခြေမြန်တော် တမန်နတ် ဖြစ်၏။

ဇူးစ်ကြီး၏ မိဖုရားစာရင်း ရှယ်သဖြင့် ကျွန်တော် ပြောလက်စတော့လမ်း ချော်တောင်ေ့သွားသည်။ သည်းခံတော်မူပါ။ ပြန်ဆက်ပါမည်။

ခမည်းတော် နတ်မင်း အသံ ကြားသဖြင့် ဟားမီးဇ်သည် အပြေး ရောက်ရှိလာသည်။

ခမည်းတော် ခံစားနေပုံကို ကြည့်ပြီး ဘာဖြစ်နေသည်ကို ဉာဏ်လျင်သော ဟားမီးဇ်က ချက်ချင်း ရိပ်မိသည်။

ဟားမီးဇ်က သူနှင့် ဖအေတူ မအေကွဲ ညီအစ်ကိုတော်သူ ဟီဖီစတက်စ် ကို ပြေးခေါ်သည်။

ဟီးရာ၏ သား ဟီဖီစတက်စ်သည် ခေါမ 'ပန်းပဲမောင်တင့်တယ်' ဖြစ်သည်။

ဤနေရာတွင်ကား ပန်းပဲမောင်တင့်တယ်က ဒီဝက လုပ်တော့သည်။

ဦးနှောက်တွင်းရှိ ပိုးကောင်ကြောင့် ခေါင်းခဲရောဂါ ဖြစ်နေသူအား ဒီဝက ကုသပုံကို ကျွန်တော်တို့ ဖတ်ဖူးသည်။ ဦးခေါင်းကို ညင်သာသိမ်မွေ့စွာ ခွဲဖောက်ပြီး ပင့်ကူသဏ္ဍာန် ပိုးကောင်ကို ဒီဝက,က ထုတ်ယူသည် ဆို၏။

ဒီဝက မဟုတ်ဘဲ ပန်းပဲမောင်တင့်တယ်သာ ဖြစ်သော ဟီဖီစတက်စ် ကမူ မညင်သာ မသိမ်မွေ့။

သူက စို့ကြီးတစ်ခုကို ရောမ သူ့တူကြီးဖြင့် ရိုက်သွင်း၍ ဇူးစ်၏ ခေါင်းကို ဖောက်ပေးသည်။ ဇူးစ်၏ ခေါင်း၌ ဤသို့ဖြင့် ထွက်ပေါက် ပွင့်လာ သည်နှင့်တစ်ပြိုင်နက်တွင်... ကျယ်လောင် ကြွေးကြော်သံကို ဟိန်းဟစ်လျက် လက်နက်အပြည့်အစုံ ကိုင်စွဲကာ စစ်နတ်ဒေဝီ **'အသီးနီး' (Athene)** ခုန်ထွက် လာခဲ့သည် ဆိုသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၂ ]


# တံခါးနှစ်ပေါက် ထွက်သူ

အသီးနီးက ဇူးစ်ကြီး၏ ခေါင်းမှ ဖွားသူ သမီး ဖြစ်သည်။

ဇူးစ်ကြီး၏ ပေါင်သားအတွင်းမှ ဖွားသော သားတစ်ဦးလည်း ရှိသေးသည်။

ဇူးစ်ကြီးသည် နတ်မိဖုရားတွေများရုံနှင့် မကျေနပ်သေးဘဲ လူပြည် သို့ ဆင်းဆင်းပွေတတ်ကြောင်း ရေးခဲ့ပြီးပြီ။

ခေါမတိုင်းတွင် ရှေးအကျဆုံးမြို့ဖြစ်သည့် 'သီးဘီးစ်'ဟု ခေါ်သော မြို့ကြီးတစ်မြို့ ရှိသည်။ ထိုမြို့ကြီးကို အသီးနီးနတ်ဒေဝီ၏ လမ်းညွှန်စောင်မမှုဖြင့် လူမင်းသားသူရဲကောင်း 'ကက်ဒမက်စ်' (Cadmus) က တည်ဆောက်ခဲ့သည်။



ဒိုင်အာနီးဆက်စ်

www.burmeseclassic.com

www.burmeseclassic.com



သီးဘီးစ်မြို့၏ မြို့တည် နန်းတည် ဘုရင်ကြီး ဖြစ်လာခဲ့သူ ကက်ဒမက်စ်၌ ဆင်မလီ (Semele) ဟု ခေါ်သည့် လှပသော သမီးတော်တစ်ပါး ရှိသည်။ ဆင်မလီ ဆိုသည်မှာ 'လ' ဟု အဓိပ္ပာယ်ရှိလေရာ စန္ဒာဒေဝီဟု ဘာသာပြန်ရမည် ထင်၏။

ဇူးစ်ကြီးက လူ့ပြည် ဆင်းပြီး စန္ဒာဒေဝီမင်းသမီးလေး ဆင်မလီနှင့် ချစ်ခန်းဖွင့်သည်။

ကျွန်တော်တို့၏ သမိုင်းရိပ်ပြ ဂန္ထဝင်ပုံပြင်တစ်ခု၌လည်း သိကြားမင်းနှင့် လူမင်းသမီး မယ်လမုတို့ ချစ်ကြိုးသွယ်ကြသည့် ဇာတ်လမ်း ရှိသည်။ သိကြားမင်း၏ နတ်မိဖုရားတွေက မယ်လမုကို မနာလို ဖြစ်ကြသည် ဆို၏။

ယခုလည်း ဇူးစ်၏ မိဖုရားကြီး ဟီးရာက ဆင်မလီကို မနာလိုဝန်တိုဖြစ်တော့၏။

ဟီးရာ အကွက်ဆင် လုပ်ကြံပုံကား ရှင်မွေ့နွမ်း၊ မင်းနန္ဒာဇာတ်မှ နတ်မိကျောင်း 'မလက်တို'၏ အကွက်ဆင် လုပ်ကြံပုံနှင့် တူလှ၏။

မလက်တိုက ငမိုးရိပ်မိကျောင်းနှင့် ရန်သူ ဖြစ်သည်။ ငမိုးရိပ်က မင်းနန္ဒာ၏ ကျွန်။ သခင် ဘုန်းကြီးတော့ ကျွန်လည်း တန်ခိုးကြီးသည်။ မင်းနန္ဒာ ဘုန်းကြီးနေသမျှ ငမိုးရိပ်ကို မလက်တိုနှင့် အပေါင်းပါတို့ မနိုင်နိုင်။ ရန်ဘက်မပြုရဲ။

မလက်တိုက လူယောင်ဖန်ဆင်း၍ ရှင်မွေ့နွမ်း၏ လူယုံ အပျိုတော်ဖြစ်အောင် ကြိုးစားသည်။ ထို့နောက် မင်းနန္ဒာ၏ ညာလက်ရုံး ခေါင်းအုံး အိပ်ခွင့်တောင်းရန် ရှင်မွေ့နွမ်းကို မြှောက်ပေးသည်။ ရှင်မွေ့နွမ်းကလည်း မလက်တို၏စကား နားဝင်၍ မင်းနန္ဒာကို ပူဆာသည်။ ငြင်းမရသည့်အဆုံး၌ ချစ်သူ့အလိုကို မင်းနန္ဒာ လိုက်ခဲ့ရသည်။ ဘုန်းသမ္ဘာ ယုတ်လျော့သွားသော မင်းနန္ဒာ ငမိုးရိပ်မိကျောင်း စီး၍ မြစ်ကြောင်းမှ အပြန်တွင် မလက်တိုတို့က ဝိုင်းတိုက်ကြသည်။ လွမ်းဖွယ်၊ ကြေကွဲဖွယ်သော ရှင်မွေ့နွမ်း မင်းနန္ဒာဇာတ်ကို ကျွန်တော် ဆက်ရေးပြရန် မလိုပါ။ မြန်မာတိုင်း သိကြပါသည်။

ယခု ဟီးရာကလည်း ဆင်မလီ၏ အိမ်နီးပါးချင်း အဘွားအိုယောင်ဆောင်၍ ဆင်မလီနှင့် အကျွမ်းဝင်အောင် ပြုသည်။

ထိုအချိန်၌ ဆင်မလီ၏ ဝမ်းတွင် ဇူးစ်နှင့် ရသည့် သန္ဓေသည် ခြောက်လရှိနေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆင်မလီခမျာ ချစ်သာ ချစ်နေရသည်။ ဇူးစ် မည်သူမှန်း မသိ။

လူယောင်ဆောင်ထားသော ဟီးရာက အမျိုးအမည် မသိသူနှင့် ပေါင်းနေရသည်မှာ အန္တရာယ် ကြီးကြောင်း၊ ကြောက်ဖွယ်သော နာနာဘာဝကြီး တစ်ကောင် မဟုတ်ဟု မဆိုနိုင်ကြောင်း၊ မိမိအား ဆက်မလှည့်စားနိုင်အောင် ဇူးစ်ကို သူ့ပင်ကိုဇာတိ အဖြစ်မှန်နှင့် သဏ္ဌာန်အစစ်ကို ပြခိုင်းသင့်ကြောင်း ဆင်မလီအား သွေးဆောင် နားသွင်းတော့၏။

ဟီးရာ သွေးဆောင်သည့်အတိုင်း ဆင်မလီက ဇူးစ်ကို တောင်းဆိုသည်။ ဇူးစ်က အလိုမလိုက်ဘဲ ငြင်းဆန်သောအခါ ဆင်မလီသည် ဇူးစ်အား မိမိ၏ စက်ခန်းခွင်၌ အုံးပြိုင်သဥ္စာ ယှဉ်ခွင့်မပေးဘဲ ပြန်ငြင်းဆန်တော့၏။

ဒေါသအမျက် ခြောင်းခြောင်းထွက်သွားသော ဇူးစ်က သူ့ပဇာတိ တန်ခိုး သဘာဝကို အားကုန်ပြလိုက်တော့၏။

မိုးကြိုးစာတ်နှင့် လျှပ်စစ်မီး...

တစ်ခဏအတွင်းမှာပင် ဆင်မလီခမျာ လောင်ကျွမ်း ပြာကျသွားတော့၏။

သို့ရာတွင် အလွန်လျင်မြန်သော ဟားမီးဇ်က သန္ဓေသားကိုမူ အချိန်မီ လုယူ ကယ်ဆယ်လိုက်နိုင်သည် ဆို၏။

ဇူးစ်ကြီး၏ ပေါင်ကို ခွဲပြီး သန္ဓေသားကို ထည့်သွင်းကာ ခွဲစိတ်ရာ ပိတ်အောင် ဟားမီးဇ်က ပြန်ချုပ်ထားလိုက်သည်။

ဇူးစ်၏ ပေါင်သားတွင်း၌ သန္ဓေသားသည် နောက်ထပ် သုံးလ နေပြီးမှ မီးရှူးသန့်စင် ဖွားမြင်တော်မူလာ၏။

ဇူးစ်၏ပေါင်မှ ဖွားသော ဤသတို့သားကို **ဒိုင်အာနီးဆက်စ်** (Diony-sus) ဟု ခေါ်သည်။ 'နှစ်ကြိမ် ဖွားသူ'ဟူ၍ လည်းကောင်း၊ 'တံခါးနှစ်ပေါက်ထွက် ကလေး' ဟူ၍ လည်းကောင်း အဓိပ္ပာယ်ရပါသည်။

တံခါးနှစ်ပေါက်ထွက် ဤကလေးနှင့် အိုလင်ပီယင်ဒီးအက်တီ ခေါ် အိုလင်ပီယင် နတ်စာရင်းကို ချုပ်၍ရပါပြီ။

ကျွန်တော်တို့၏ ရှေးကျမ်းများ၌ 'အဋ္ဌရသ မဟာဒေဝါ' ဟူ၍ နတ်မင်းကြီး ဆယ့်ရှစ်ပါး စာရင်း ရှိသည်။

ကျွန်တော်တို့၏ ပြည်တွင်းဖြစ် နတ်တွေလည်း ၃၇ ဦး ရှိသည်ဟု စာရင်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါမတို့၌ကား အိုလင်ပီယင်နတ်မင်းနှင့် နတ်ဒေဝီ ၁၂ ပါး ရှိသည်။

(၁) ဇူးစ်
(၂) ပိုးဆိုက်ဒင်
(၃) ဟားမီး(စ်)
(၄) အဲရီးစ်
(၅) အပိုးလိုး
(၆) ဟီဖီစတက်စ်

ဟူ၍ ပုရိသ တန်ခိုးရှင် ခြောက်ပါး။

(၁) ဟီးရာ
(၂) အက်ဖရာဒိုက်တီး(စ်)
(၃) ဟက်စတီယာ
(၄) အားတမစ်(စ်)
(၅) ဒီမီးတား
(၆) အသီးနီး

ဟူ၍ ဣတ္ထိယတန်ခိုးရှင်မ ခြောက်ပါး။ ပေါင်း ဆယ့်နှစ်ပါး ရှိသည်။

မူလက ဤသို့ နတ်မင်း၊ နတ်ဒေဝီ ခြောက်ပါးစီ အညီအမျှ ရှိသော်လည်း နောင်တွင် ဇူးစ်က သူ့သားတော် တံခါးနှစ်ပေါက်ထွက် ကလေးဒိုင်အာနီးဆက်စ်ကို မြှောက်စားလာသောကြောင့် သဘောကောင်းပြီး သည်းခံစိတ်ရှိသူ ဟက်စတီယာက နေရာ ဖယ်ပေးသည် ဆို၏။

ယင်းကြောင့် ယခုအခါ နတ်မင်း ၇ ပါး ရှိလာပြီး နတ်ဒေဝီ ၅ ပါးသာ ရေတွက်ရတော့၏။



ဟေးဒီး(စ်)

ဇူးစ်တို့၊ ပိုးဆိုက်ဒင်တို့နှင့် ညီအစ်ကိုအရင်း ဖြစ်သော ဟေးဒီး(စ်)ကမူ အိုလင်ပတ်စ်တောင်တော်၌ မစံ။ မြေအောက်ကမ္ဘာ၌သာ စိုးစံသည်။ ထို့ကြောင့် သူ့ကို အိုလင်ပီယင်နတ်စာရင်းတွင် မသွင်း။ သို့ရာတွင် မြေအောက်ကမ္ဘာသခင် ဟေးဒီး(စ်)သည်လည်း တန်ခိုးရှင်တစ်ဦးပင် ဖြစ်လေသတည်း။

www.burmeseclassic.com

# တန်ခိုးရှင်များ

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၃ ]

# ပိုးဆိုက်ဒင် အကြောင်း


ပိုးဆိုက်ဒင်

အိုလင်ပီယင်ဒီးအက်တီ ခေါ် အိုလင်ပတ်စ်တောင်ထိပ်စံ ခေါမ နတ်စာရင်းချုပ်ခဲ့ပြီး ဖြစ်ရာ ထို နတ်တစ်ဦးချင်း၏ အကျင့်စရိုက် နှင့် ပြုမူလုပ်ဆောင်ချက်တို့ကို ဖော်ပြပါမည်။

ခေါမနတ်တို့ကို အင်္ဂလိပ် ဘာသာဖြင့် ဂေါ့ဒ် (god) ဟု 'ဂျီ'အသေးနှင့် ရေးကြပါသည်။ ဘာသာကြီးများမှ အနန္တတန်ခိုးရှင် များကို ဂေါ့ဒ် (God) ဟု 'ဂျီ' အကြီးနှင့် ရေးကြသည်။ ခေါမ

www.burmeseclassic.com

www.burmeseclassic.com






နတ်များကို အချို့က 'နတ်ဘုရား' ဟု ဘာသာပြန်ကြသည်။ ဘုရားဆိုသည်မှာ ကြီးကျယ်မြင့်မြတ်လှပါသည်။ ခေါမနတ်တွေက 'ဗရုတ်ကျ'ကြလွန်းသဖြင့် သူတို့ကို ဘုရားဟု ကျွန်တော် မခေါ်ချင်ပါ။ ခေါ်လျှင် အခြားဘုရားများကို အားနာဖို့ကောင်းလှပါသည်။ ထို့ကြောင့် သူတို့ကို နတ်ဟူ၍သာ ကျွန်တော် ခေါ်ပါသည်။

ဩော်… နတ် ဆိုသည်က ကာမဘုံသား။ ကာမဘုံသားဟူသည်က အင်း… ဗရုတ်ကျသည်။ ကျွန်တော်တို့ အရှေ့တိုင်းမှ နတ်တော်တော်များများလည်း ဗရုတ်ကျကြသည်။ ကျွန်တော်တို့၏ ပြည်တွင်းဖြစ် ၃၇ မင်း ဆိုသော နတ်တွေထဲတွင်လည်း ဗရုတ်ကျသူတွေ တော်တော်များများ ပါကြသည်။

သို့ရာတွင် ခေါမနတ်တွေ ဗရုတ်ကျပုံက သူများနတ်တွေထက် သာသည် ထင်၏။

အမှန်ကား… အချို့ကိစ္စတွင် ခေါမနတ်တွေက ဆင်းမ်ဘိုးလ် (Sym-bol) ခေါ် သင်္ကေတများသာ ဖြစ်သည်။

အလွန်ရှေးကျသော ကမ္ဘာဦးအစက သဘောများ၊ သဘာဝများ၊ အဖြစ်အပျက်များတို့ကို လူတို့သည် သင်္ကေတ ဖွဲ့စည်းစနစ်ဖြင့် ပြောခဲ့၊ မှတ်တမ်းတင်ခဲ့ကြသည်။

ခေါမလူမျိုးတို့သည် အလွန်မှတ်တမ်းတင် ကောင်းကြသော လူမျိုးဖြစ်သည်။ နောက် တိုင်းကြီး ပြည်ကြီး ယဉ်ကျေးမှုကြီး ဖြစ်လာပြီးနောက် သူတို့ ရေးခဲ့သော သမိုင်းတို့သည် တိကျမှန်ကန်ပြီး အဆင့်အတန်း မြင့်လှသည်။ သူတို့ ရေးခဲ့သော သမိုင်းများမှ ကမ္ဘာသူကမ္ဘာသားတို့သည် သင်ခန်းစာနှင့် ပညာများ များစွာ ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဦးခေတ်မှ ခေါမကြီးများက သူတို့ သမိုင်းကို သင်္ကေတ ဖွဲ့စည်းမှုစနစ်ဖြင့်သာ ပြောခဲ့ကြသည်။ ဤတွင် ပုံပြမ်ဆန်လှသော သီးအိုနီ ကဗျာကြီးကဲ့သို့ နတ်သမိုင်း ပုံပြင်တွေ ရှိလာခဲ့သည်။ သမိုင်းကိုသာမက လူ့သဘာဝ၊ လူ့စရိုက်ကိုလည်း သင်္ကေတ ဖွဲ့စည်းမှုစနစ်နှင့် ပြောသွားခဲ့ကြသည်။ ထို့ကြောင့်လည်း ခေါမ သမိုင်းရိပ်ပြ ဂန္ထဝင်ပုံပြင်တွေကို ယခုခေတ် တက္ကသိုလ်ကြီးများ၌ ပညာတစ်ရပ်အဖြစ် လေ့လာကြရပါသည်။

ခေါမနတ် ဂန္ထဝင်ကို ပညာအမြင်ဖြင့် ရှင်းမပြမီ ဇာတ်လမ်းတို့ကို မူရင်းအတိုင်းသာ သိထားနှင့်သင့်ပါသည်။

မူရင်းအတိုင်း သိပါမှလည်း မဖုံးမကွယ်သော အမှန်တရားတို့ကို ရိပ်စားမိကြပါမည်။

နတ်ဘုရားကြီး ဖြစ်သော ဇူးစ်၏ အကျင့်စရိုက်ကိုမူ ရိပ်မိတန်သမျှ ရိပ်မိကြပြီဟု ကျွန်တော် ယုံကြည်ပါသည်။

ဇူးစ်မှတစ်ပါး အခြားနတ်များ အကြောင်းကို ပြောလျှင် ပိုးဆိုက်ဒင့် အကြောင်းမှ စပြောရပါမည်။

ပိုးဆိုက်ဒင်သည် ဇူးစ်၏ အစ်ကို တော်ကြောင်း၊ ဇူးစ်၊ ပိုးဆိုက်ဒင်နှင့် ဟေးဒီးစ် ညီနောင် သုံးဖော်တို့ ပေါင်း၍ ခမည်းတော် ကရိုးနက်စ်ကြီးကို နှိမ်နင်းချခဲ့ကြောင်း စသည်ကို မှတ်မိကြမည် ထင်ပါ၏။

သူတို့ အရေးတော်ကြီး အပြီး၌ ကောင်းကင်၊ သမုဒ္ဒရာနှင့် မြေအောက် အမှောင်ကမ္ဘာတို့ကို မည်သူက အသီးသီး အုပ်စိုးကြရမည်ဟု ဆုံးဖြတ်ရန် သံခမောက်အတွင်း၌ မဲထည့်လှုပ်ပြီး နှိုက်ကြသည်။

သြော်… နတ်မင်းကြီးတွေတောင်မှ တရားမျှတမှု ဖြစ်အောင် မဲနှိုက် ကြရရှာသည်။

ညီနောင် သုံးဦးတို့က ပထဝီမြေပြင်ကိုမူ အားလုံးနှင့်ဆိုင်သော နယ်ပယ် အဖြစ် သတ်မှတ် သဘောတူကြ၏။

ပိုးဆိုက်ဒင်သည် ဂုဏ်အဆင့်အတန်းအားဖြင့် ဇူးစ်နှင့် တူညီသော်လည်း တန်ခိုးအရာတွင်မူ ဝရဇိန်လက်နက်ရှင် ဇူးစ်ကို မမီဟု ဆိုသည်။ ထို့အပြင် ပိုးဆိုက်ဒင်က ဒေါသကြီးပြီး ရန်လိုတတ်သည်။

သမုဒ္ဒရာကို စိုးသော အရှင်သခင် ဖြစ်သည်နှင့်တစ်ပြိုင်နက် ဆိုင်း မနေတော့ဘဲ ပိုးဆိုက်ဒင်သည် ယူးဘီးအ (Eubocea) ကျွန်းအနီး အီးဂျီး

www.burmeseclassic.com

www.burmeseclassic.com



(Agae)ပင်လယ်တွင်း၌ ရေအောက်နန်းတော်ကြီးကို ဆောက်သည်။ နန်းတော်ကြီး၏ ကျယ်ဝန်းလှသော မြင်းဇောင်းကြီးတွင် ကြေးဝါရောင် ခွာများနှင့် ရွှေရောင်လည်ဆံမွေး ရှိသည့် စစ်ရထားဆွဲ မြင်းဖြူကြီးများကို မွေးထား၏။ ထိုမြင်းဖြူကြီးများ က,သော ရွှေစစ်ရထားကြီးနှင့် ပိုးဆိုက်ဒင် ထွက်လာပြီဆိုလျှင် မုန်တိုင်းကြီးများပင် တစ်ခဏအတွင်း၌ ငြိမ်ကျသွားရသည်။ ပင်လယ်ဘီလူးကြီးတို့လည်း ထကြွကုန်၍ ရွှေရထားကြီး၏ ပတ်ပတ်လည်တွင် မြူးထူးကခုန် လိုက်ကြသည်။

သမုဒ္ဒရာစိုး နတ်မင်းကြီး ဖြစ်လာသည်နှင့် ပိုးဆိုက်ဒင်တွင် မိဖုရားလိုချင်သော ရောဂါ ထလာသည်။ ဤနေရာတွင် သူ့ညီ ဇူးစ်နှင့် ရောဂါတူလေ၏။ ခွကျသည်မှာ သူ့မိဖုရား လုပ်မည့်သူမှာ ပင်လယ်ရေနက်ထဲတွင် ပျော်နိုင်သူသာ ဖြစ်ရလေမည်။

ပိုးဆိုက်ဒင်က နီရီအစ်ဒ် ညီအစ်မများထဲမှ ပရိသတ် သိပြီး ဖြစ်သောသီးတစ်(စ်)ကို လူပျိုလှည့်သည်။ သို့ရာတွင် သီးတစ်(စ်)မှ မွေးသော သားမှန်သမျှသည် ဖအေထက် ကြီးကျယ်မြင့်မြတ်လိမ့်မည်ဟူသော ကြမ္မာ ညီအစ်မသုံးဖော်၏ မိခင် သီးမစ်(စ်)၏ ဗေဒင်ဟောချက်ကြောင့် ပိုးဆိုက်ဒင်၏ မေတ္တာခြေလှမ်းတော်များ ဒူးတုန် တုံ့ရပ်သွားသည်။ ဩော်··· နတ်မင်းကြီးလည်း ဗေဒင်ယုံရှာသကိုး။

မှောက်ကျကွဲသော နွားနို့တစ်အိုးလုံးကို ရွှေစည်းခံ လှူသော မဟာစေတနာမျိုးဖြင့် ပိုးဆိုက်ဒင်သည် သဘောထားကြီးများ ကြီးပြပြီး သီးတစ်(စ်)ကို လူသား ပီးလီအက်စ် (Peleus) နှင့် ယူရန် ကြည်ကြည်ဖြူဖြူ သဘောတူတော်မူ၏။

သူကိုယ်တိုင်ကမူ အစ်မ မပာန် ညီမလေးကြိ ဟူသော ထုံးကိုလိုက်၍ နီရီအစ်ဒ်ညီအစ်မ ငါးဆယ်အနက်မှ တစ်ဦး ဖြစ်သော အင်ဖီတရိုက်တီ (Amphitrite) ကို ခြေကန်ပိုးပြန်၏။

ဇူးစ်တို့၊ ပိုးဆိုက်ဒင်တို့ ညီအစ်ကိုတွေ သတင်းသည် နတ်အပျိုတွေကြား အတော်မွေးဟန် တူသည်။ ဇူးစ်ကို ဟီးရာကလည်း ပထမ၌ ရှောင်ခဲ့၏။ ယခုလည်း ပိုးဆိုက်ဒင်ကို အင်ဖီတရိုက်တီက ခါးခါးသီးသီး ငြင်းပယ်ရုံမက အက်တလက်စ်တောင်တန်းများဆီ ထွက်ပြေး တိမ်းရှောင်နေသည်။

ဇူးစ်တုန်းက ဟီးရာ၏ ရင်ခွင်ဆီ ဥဩငှက်လေး ယောင်ဆောင်၍ ဝင်သည်။ ပိုးဆိုက်ဒင်ကမူ အောင်သွယ်တော် တစ်ယောက်ပြီး တစ်ယောက် လွှတ်ရာ နောက်ဆုံး၌ ဒဲလ်ဖီးနက်စ် (Delphinus) ကို လွှတ်လိုက်သည်။ ဒဲလ်

www.burmeseclassic.com

www.burmeseclassic.com



ဖီးနက်စ်က ပိုးဆိုက်ဒင်အတွက် ကျအောင် ပြောနိုင်သောကြောင့် အင်ဖီတရိုက်တီ ကြွေပြီး ပိုးဆိုက်ဒင်နှင့် လက်ထပ်ရန် သဘောတူတော့၏။

ကျေးဇူးတင်လွန်းလှသော ပိုးဆိုက်ဒင်က ဒဲလ်ဖီးနက်စ်၏ သဏ္ဌာန်ကို ကြယ်များဖြင့် ပေါ်စေရာ ယခုအခါ ထိုကြယ်စုကို ဒဲလ်ဖီးနက်စ်နက္ခတ် (ဝါ) လင်းပိုင်နက္ခတ်အဖြစ် နဂါးငွေ့တန်းကြီး၏ အစပ်တွင် တွေ့ရှိနိုင်သည်။

ပိုးဆိုက်ဒင်၏ မိဖုရားကြီးအဖြစ်နှင့် အင်ဖီတရိုက်တီသည် **ထရိုက်တင်** (Triton) ခေါ် သားတစ်ယောက်၊ **ရိုးဒ်** (Rhode) နှင့် **ဘင်သဆီးစမီး** (Ben-thesicyme) ခေါ် သမီးနှစ်ဦးကို ဖွားသည်။ ထရိုက်တင်ကား လူ့ကိုယ်နှင့် ငါးအမြီး ရှိပြီး ပင်လယ်ခရုသင်းကြီးကို ဆောင်ထားတတ်၏။

ပိုးဆိုက်ဒင်၏ မိဖုရားကြီး ဖြစ်သောကြောင့် သူကိုယ်တိုင်လည်း ပင်လယ်ပြင်ဝယ် အပူဇော်ခံ တန်ခိုးရှင် ဖြစ်လာသော အင်ဖီတရိုက်တီ၏ ဘဝမှာ ပျော်စရာကြီးဟု ထင်ဖွယ်ရာ ဖြစ်၏။

သို့ရာတွင် ဇူးစ်၏ မိဖုရားကြီး ဟီးရာကဲ့သို့ပင် အခြားနတ်ဒေဝီတွေ၊ နင့်ဖ်တွေ၊ လူသား အမျိုးသမီးတွေနှင့် ပွေတတ်သော ပိုးဆိုက်ဒင်ကြောင့် အင်ဖီတရိုက်တီသည် မကြာခဏ မျက်စပ်ပိုးဝင် ဒေါသူပုန်ထတတ်သည်။

အထူးသဖြင့် ပထဝီ မိခင်ကြီး၏ သားဖြစ်သူ ကမ္ဘာဦးမှ ပင်လယ်ပျော် ပညာရှိ အဘိုးအိုကြီး **ဖောစစ်(စ်)** (Phorcys)၏သမီး **ဆီလာ** (Scylla) ကို မုန်းတီးသည်။ ပိုးဆိုက်ဒင်နှင့် ဆီလာတို့ ချစ်စခန်းဖွင့်ကြသောအခါ အင်ဖီတရိုက်တီက ဆီလာ၏ ရေကူးကန်အတွင်းသို့ မှော်အတတ်ဖြင့် စီရင်ထားသော ဆေးပင်ငယ်များကို ချထားလိုက်၏။ ထိုရေကန်တွင် ကူးမိသော ဆီလာ ခမျာ လှပသော မိန်းမအဖြစ်မှ ခေါင်းခြောက်လုံးနှင့် ခြေဆယ့်နှစ်ချောင်း ရှိသော ခွေးကဲ့သို့ ဟောင်သည့် သတ္တဝါကြီး ဖြစ်သွားရရှာသည်။

ပထဝီ မြေပြင်ကို နတ်မင်း သုံးပါးကြား အမျှားနှင့် ဆိုင်သည်ဟု သဘောတူ သတ်မှတ်ခဲ့ကြောင်း ဆိုခဲ့ပြီ။

ပိုးဆိုက်ဒင်သည် မိန်းမ ပွေရုံသာမက လောဘလည်း ကြီးရာ မြေပြင်မှ နိုင်ငံတို့ကို လက်ဦးအောင် သူပိုင် အလွန်လုပ်ချင်သည်။

တစ်ခါသော် **အက်တိက** (Attica) ကျွန်းဆွယ်ကြီးကို သူပိုင်အဖြစ် ကြေညာ၍ **အေသင်စ်** (Athens) မြို့တော်ရှိ **အကရိုပလစ်(စ်)** (Acropolis) တောင်ကုန်းထက် သူ၏ အသွားသုံးခွရှိ လှံကြီးကို စိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လုံ စိုက်ရာ၌ ရေတွင်းကြီး ဖြစ်ပြီး ပင်လယ်ရေငန်များ တစ်ခဏ အတွင်း ပန်းထွက်ခဲ့လေရာ ယနေ့တိုင် တွေ့နိုင်သေးသည်။ တောင်လေတိုက်သော ရာသီ၌ ရေတွင်းအောက်ဆီမှ ပင်လယ်လှိုင်းတို့ ရိုက်ပုတ် ပြိုကွဲသံကို ကြားရသည် ဆို၏။

နောင်အခါတွင် အသီးနီး နတ်ဒေဝီကလည်း အက်တိကကို လိုချင်ပြန်၏။ အေသင်ဇ်မြို့၏ လူတစ်ပိုင်း နဂါးတစ်ပိုင်း **ဆီးကရော့ပ်** (Cecrops) ဘုရင် လက်ထက်၌ အေကရိုပလစ်(စ်)တောင်ကုန်း ပိုးဆိုက်ဒင်၏ ရေတွင်းနားတွင် ပထမဆုံး သံလွင်ပင်ကို အသီးနီးက အဝေးမှ ဆောင်ယူလာပြီး စိုက်ထားကာ သူ့ပိုင်မြေအဖြစ် ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ အထိမ်းအမှတ်ပြုလိုက်တော့၏။

ဒေါသအိုး ပေါက်ကွဲသော ပိုးဆိုက်ဒင်က စီးချင်းထိုး တိုက်ကြရန် အသီးနီးကို စိန်ခေါ်ရာ အသီးနီးကလည်း လက်ခံရန် အသင့်။ သို့ရာတွင် ဇူးစ်က ဝင်လာပြီး နှစ်ဦးစလုံးကို နတ်ခုံရုံး၌ ရင်ဆိုင်ကြရန် အမိန့်ပေးသည်။

နတ်ခုံရုံးကို အိုလင်ပီယင် နတ်မင်းတွေ၊ နတ်ဒေဝီတွေနှင့် ဖွဲ့၏။

ခုံရုံးက ဆီးကရော့ပ်ကိုလည်း သက်သေအဖြစ် ဆင့်ခေါ် စစ်ဆေးသည်။

အဟင်း··· ကုလသမဂ္ဂ လုံခြုံရေးကောင်စီဟန်ပါတကား။

အမှုကို စီရင်ကြသောအခါ ဇူးစ်က ဘက်မလိုက်ဘဲ ကြားနေဝါဒ ကျင့်သုံးသည်။ နတ်ထီးတွေ အားလုံးက ပိုးဆိုက်ဒင်ကို အနိုင်ပေးသည်။ နတ်မတွေ အားလုံးက အသီးနီးကို အနိုင်ပေးသည်။ အဖွဲ့တွင် နတ်မဦးရေက တစ်ဦး ပိုနေရာ တစ်မဲတည်းနှင့် ကပ်၍ အသီးနီး အနိုင်ရသွား၏။ အနိုင်ပေးသော အချက်က အသီးနီးသည် လူတို့ကို ပိုးဆိုက်ဒင်ထက် ပိုကောင်းသော လက်ဆောင်အဖြစ် သစ်ပင် ပေးသောကြောင့် ဟူသတည်း။

မကျေချမ်းနိုင်သော ပိုးဆိုက်ဒင်က ကြွက်မနိုင်သောကြောင့် ကျီမီးရှို့၏။

**သရီဆီယံင်** (Thriasian Plain) လွင်ပြင်၌ အသီးနီး ပိုင်သော **အက်သနီး**မြို့ ရှိသည်။ ထိုမြို့ ပျက်ရန် ပိုးဆိုက်ဒင်က သရီဆီယင်လွင်ပြင်ကို ရေလွှမ်းပစ်လိုက်၏။

အသီးနီးက ပမာမပြု။ အေသင်ဇ်မြို့သို့ ပြောင်းစံသည်။ မြို့၏အမည်ကိုလည်း မိမိကို ဂုဏ်ပြု၍ **အားသီးနီ** (Athenae) ဟု ခေါ်စေ၏။

သို့ရာတွင် ပိုးဆိုက်ဒင် ရန်မပြုရန် လိုက်လျောမှု နှစ်ခု ပြုပေးကြရသည် ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမအနေနှင့် အေသင်စ်မြို့ မိန်းမများ မဲပေးပိုင်ခွင့် လက်လွှတ်ကြရသည်။ ဒုတိယအနေနှင့် ယောကျ်ားများ အမည်မှည့်ရာ၌ မိခင်ဘက်မှ အမည်ကို ယူသော အစဉ်အလာကို စွန့်ပေးကြရသည်။

**တရိုးဇင်း** (Troezen) မြို့အတွက်လည်း ပိုးဆိုက်ဒင်နှင့် အသီးနီးတို့ အငြင်းပွား ကြသေးသည်။ ဤတစ်ကြိမ်တွင်ကား ထိုမြို့ကို နှစ်ဦး အညီအမျှ ခွဲဝေယူကြရန် ဇူးစ်က အမိန့်ချသည်။ နှစ်ဦးလုံးက မကျေနပ်ကြဟု ဆိုသည်။

ပိုးဆိုက်ဒင်သည် ဇူးစ်ထံမှ **အီးဂျီးနာ** (Aegina) ကျွန်းကို လည်းကောင်း၊ ဒိုင်အာနီးဆက်စ်ထံမှ **နက်ကဆော့စ်** (Naxos) ကျွန်းကို လည်းကောင်း ရယူရန် ကြိုးစားခဲ့သေးသည်။ မအောင်မြင်။ ဟီးရာနှင့်လည်း ရန်ဖြစ်လိုက်သေး၏။

ပိုးဆိုက်ဒင်က **ကော့ရင့်သ်** (Corinth) ရေလက်ကြားကျွန်းမြောင်မြေ တစ်ခုလုံးကို တောင်းဆိုသည်။ တစ်စိတ်တစ်ပိုင်းသာ ရသဖြင့် မကျေနပ်ဘဲ ဟီးရာ ပိုင်သော **အားဂလစ်(စ်)**နယ်ကို သိမ်းယူရန် ပြင်သည်။ ဟီးရာကလည်း ပြန်တိုက်ရန် အသင့်။

ဤတစ်ကြိမ်တွင်လည်း ပိုးဆိုက်ဒင် ခုံရုံးတက်ရပြန်၏။ သို့ရာတွင် မျက်နှာလိုက်သော သူ့ဆွေတော်မျိုးတော် နတ်မင်း၊ နတ်ဒေဝီများကို ပိုးဆိုက်ဒင်က မယုံနိုင် ဆိုသောကြောင့် မြစ်စောင့်နတ်များ ဖြစ်ကြသော **အင်နခက်စ်** (Inachus)၊ **စီးဖစ်ဆက်စ်** (Cephissus)၊ **အက်စတာရီအင်** (Asterion)တို့ သုံးဦးဖြင့် ဇူးစ်က ခုံရုံးဖွဲ့ပေးသည်။ ခုံအဖွဲ့က ဟီးရာကို အနိုင်ပေးလိုက်ကြသည်။

ဟိုတစ်ခါတုန်းကကဲ့သို့ မကျေနပ်သူအပေါ် ရေလွှမ်းမိုး ဖျက်ဆီးခြင်း မပြုရန် ဇူးစ်က တားမြစ်ထားသောကြောင့် ပိုးဆိုက်ဒင်က ဆန့်ကျင်ဘက်နည်းနှင့် လက်စားချေသည်။ ခုံအဖွဲ့ဝင် သုံးဦးတို့ပိုင် မြစ် ချောင်းများကို ပိုးဆိုက်ဒင်က ခန်းခြောက်အောင် ပြုလုပ်လိုက်သောကြောင့် ထိုမြစ်ချောင်းတို့တွင် နွေအခါ ရေမရှိတော့ဟု ဆိုသည်။

သို့ရာတွင် နောင်အခါ၌ အားဂက်စ်ဘုရင် **ဒနီးအက်စ်** (Danaus) သည် မိုးခေါင်ရေရှား ဖြစ်နေသော မိမိနိုင်ငံအတွက် **ဒါနေအာဒီးစ်** (Danaids) ဟု ခေါ်သော သမီးတော် ၅၀ တို့ကို ရေရှာထွက်ခိုင်းသည်။ ညီအစ်မတွေ အနက် **အေမီမနီး** (Amymone) မင်းသမီးသည် မမျှော်လင့်ဘဲ ပိုးဆိုက်ဒင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တောတွင်းတစ်နေရာတွင် တွေ့ကြသည်။ ပြီးတော့ အင်း… လူနှင့် နတ် ခဏ ညားကြသည်။

အေမီမနီး အလိုပြည့်စေရန် ပိုးဆိုက်ဒင်က ကျောက်ဆောင်ထက် စိုက်နေသော သူ့သုံးခွလှံကြီးကို အေမီမနီးအား ဆွဲနုတ်စေ၏။ သူ စေတိုင်း ပြုသော် လှံသွားရာ သုံးပေါက်မှ ရေချိုတွေ ပန်းထွက်လာသည်။ ထိုနေရာကို အေမီမနီးရေထွက်ဦးဟု ခေါ်ပြီး လာနာ (Lerna) မြစ် မြစ်ဖျားခံရာ ဖြစ်လာသည်။ လာနာမြစ်သည်လည်း ခေါမတိုင်းတွင် ဘယ်သောအခါမှ ရေမခန်းသည့် မြစ် ဖြစ်လာခဲ့၏။

ပိုးဆိုက်ဒင်က သူ့ကိုယ်သူ မြင်းများကို ဖန်ဆင်းသူဟု လည်းကောင်း၊ မြင်းပါးချပ်ကြိုးကို ဖန်ဆင်းသူဟု လည်းကောင်း ကြွားသေး၏။ အမှန်မှာ မြင်းကို ဖန်ဆင်းသူကား ပိုးဆိုက်ဒင်၏ မိခင် ရီးယာ ဖြစ်ပြီး မြင်းပါးချပ်ကြိုး စတင် ဖန်ဆင်း အသုံးပြုသူက အသီးနီး ဖြစ်သည် ဆိုကြ၏။ ပိုးဆိုက်ဒင်သည် ဤလောက၌ မြင်းပြိုင်ပွဲ စလုပ်ပေးသူကား အမှန် ဖြစ်၏။

ပိုးဆိုက်ဒင်အတွက် မြင်းသည် အထွတ်အမြတ် ဖြစ်သည်။ ဤကိစ္စမှာလည်း သူ့အချစ် စွန့်စားခန်းနှင့် ပတ်သက်နေသည်။

ဇုးစ်သည် သူ့အရီးတော် မီးတစ်(စ်)ကို အချစ်ကြီး ချစ်ဖူးလေသကဲ့သို့ ပိုးဆိုက်ဒင်သည်လည်း အစ်မတော် ဒီမီးတားကို အစွဲကြီး စွဲခဲ့သည်။


ဒီမီးတား

ဒီမီးတားကား ပျောက်ဆုံးနေသော သမီးတော်လေး ပါဆက်ဖနီအတွက် မျက်ရည်နှင့်မျက်ခွက် အပူအည် ဖြစ်နေသည်။

ပါဆက်ဖနီကို ဟေးဒီးစ်က မြေအောက်ကမ္ဘာဆီသို့ ခိုးပြေးသွားသည်။ ဤကိစ္စတွင် ဇုးစ်ကလည်း ဝင်မစွက်ဘဲ ဆိတ်ဆိတ်ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သောကရောက်နေသူ ဒီမီးတားခမျာ မည်သည့်နတ်၊ မည်သည့်တိုင်းတန်တို့နှင့်မျှ ချစ်ကိစ္စပွေရန် အားမသန်။ ချစ်စိတ်တွေ ကုန်နေချိန်။

**အနေ့ာင့်အယှက်ကင်းရန်** ဒီမီးတားသည် မြင်းမတစ်ကောင် သဏ္ဌာန်ဆောင်၍ ခေါမတိုင်း တောင်ဘက်စွန်း **ပယ်လပနီးဆက်စ်** (Peloponnesus) ကျွန်းဆွယ်ကြီး၏ ဗဟိုပိုင်း တိရစ္ဆာန်မွေးမြူရေး ထွန်းကားရာ သာယာလှပသည့် **အားကားဒီးယား** (Acadia) နယ်တွင်ရှိ **အွန်ကက်စ်** (Oncus) ၏ မြင်းအုပ်တွင်း ရောနှောလျက် ရုပ်ဖျက် ကျက်စားနေသည်။

ဒီမီးတား နည်းဗျူဟာ မှားရှာခဲ့သည်။

ပိုးဆိုက်ဒင်က မြင်းဝိဇ္ဇာ၊ မြင်းပါရဂူ။ မြင်းအစစ်နှင့် ရုပ်ဖျက်ထားသော မြင်းကို အလွန်သိသည်။

ပိုးဆိုက်ဒင်ကလည်း သူ့ ကိုယ်သူ မြင်းသိုးကြီးယောင်ဆောင်လိုက်တော့သည်။

ဩော်… ဓူးစ်နှင့် ဟီးရာတုန်းကလည်း စုလျားရစ်သီ၊ မပတ်မီ။

မြင်းလောကမှာတော့ ယဉ်ကျေးမှုတွေ၊ စုလျားရစ်သီတာတွေ၊ ဘာတွေ ဘာရှိမည်နည်း။

ချစ်ညီဖောက်ပြန်၊ မတော်ဟန်တွေ ဘာတွေ ဒီမီးတားမှာ ပြောခွင့်မရလိုက်ရှာတော့။

မြင်းမက မြင်းမ… မြင်းသိုးက မြင်းသိုး… ။

မြင်းမလေးအဖြစ် မြင်းသိုး မြင်းဆိုးကြီး ပြုသမျှ နလိုက်ရရှာတော့၏။

ဤအမွှသံဝါသမှ နင့်ဖ်နတ်သမီး **ဒက်စပီးန** (Despoena) နှင့် မြင်းရိုင်းကြီး **အေးရီအင်** (Arion) တို့ မွေးဖွားလာခဲ့သည် ဆို၏။

ဒီမီးတား၏ ဒေါသမီးမှာလည်း ကြီးလွန်းလှသောကြောင့် အချင်းဖြစ်ရာအရပ်မှ လူတို့က ယနေ့တိုင် ဒီမီးတားကို 'ဒေါသူပုန်ရှင်မ ဒီမီးတား' အဖြစ် ပူဇော်ကိုးကွယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟားမီးဇ်

အခန်း [ ၁၄ ]

# ဟားမီးဇ်၏ စရိုက်သဘာဝ

ဗူးစ်ကြီးနှင့် ပေါင်းဖက်သဖြင့် မေးယာသည် **စီလီးနီ** (Cyllene) တောင်ထိပ်၌ ဟားမီးဇ်ကို မွေးခဲ့သည်။ ဟားမီးဇ်ကား မွေးစကတည်းက အငြိမ်မနေနိုင်သူ၊ အဖမ်းရ ခက်သူ ဖြစ်လေသည်။ ပြဒါးဓာတ်သည် ဟားမီးဇ်၏ သဘာဝစရိုက်ကို ပြသည်။ နောင်သော် ရောမလူမျိုးတို့က ဟားမီးဇ်ကို မာကျူရီဟု ခေါ်ကြသည်။

သူ့ကို မွေးပြီးပြီးချင်း သူ့အမေက စပါးလှေ့သော ရဟတ်တစ်ခုပေါ်တွင် အနှီးစများနှင့် ပတ်ရစ်ထုပ်သိမ်းပြီး သိပ်ထားသည်။ သို့ရာတွင် အံ့ဖွယ်ရာ လျင်မြန်နှုန်းဖြင့် ဟားမီးဇ်သည် သူငယ်အရွယ်သို့ ကြီးထွားလာခဲ့သည်။ သူ့အမေ သူ့ကို ကျောပေးလိုက်သည့် တစ်ခဏ၌ သူက အနှီးထုပ်တွင်းမှ လျှောထွက်ပြီး ဘဝ၌ **စွန့်စားခန်း** စဖွင့်လေတော့သည်။

လေကဲ့သို့ လျင်မြန်သော ဟားမီးဇ်သည် **ပိုင်အီးရီယ** (Pieria) အရပ်သို့ ရောက်လာသည်။ ထိုအရပ်၌ အပိုးလိုးက မျိုးကောင်းမျိုးသန့် နွားတွေ မွေးထားရာ နွားခိုးခြင်းဖြင့် ဘဝစွန့်စားခန်း ဖွင့်ရန် ဟားမီးဇ် ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လူ··· အဲ··· နတ်သားငယ် ဟားမီးဇ်က ဉာဏ်မသေး။ နွားတွေ ခြေရာကောက်လိုက်လျှင် အမှုက ပေါ်သွားနိုင်ကြောင်း သူ သိသည်။

လဲကျနေသော ဝက်သစ်ချပင်မှ အခေါက်ဖြင့် ဖိနပ်တွေ ဟားမီးဇ် လုပ်တော့၏။ နွားမတွေ ခြေထောက်များတွင် ဖိနပ်စွပ်လျက် မြက်ကို ကျစ်သော ကြိုးတွေနှင့် မြဲအောင် စည်းပေးပြီး ညမှောင်မှောင်တွင် နွားအုပ်ကြီးကို မ,၍ အပိုင်သုတ်ခဲ့တော့၏။



ဇုးစ်

နံနက်လင်းသောအခါ မိမိ နွားတွေ ပျောက်နေကြောင်း အပိုးလိုး သိသည်။ သို့ရာတွင် မည်သို့မျှ ခြေရာခံမရ။

အပိုးလိုးခမျာ အနောက်လားသော် **ပိုင်းလက်စ်** (Pylus) အထိ၊ အရှေ့လားသော် **အွန်ကီး စတက်စ်** (Onchestus) အထိ နွားပျောက် ရှာပုံတော်ဖွင့်သည်။ သဲလွန်စလေး တစ်စပင် မရ။

**နောက်ဆုံးတော့** သူခိုးမိလျှင် ဆုကောင်းကောင်း ပေးမည်ဟု ကြော်ငြာ ရတော့၏။

အဟင်း··· ခေါမနတ်တွေ၌ ဒိဗ္ဗစက္ခုရှိဟန် မတူ။

ဤတွင် **ဆိုင်းလီးနက်စ်** (Silenus) နှင့် သူ့အပေါင်းအသင်း နောက်လိုက် **ဆက်တီးယားစ်** (Satyrs) တို့ ဝင်လာကြသည်။ ဆိုင်းလီးနက်စ် ဆိုသော သတ္တဝါကား လူ့ကိုယ်နှင့် ဆိတ်ခြေထောက် ရှိသည်။ နားရွက်ကြီး များက ချွန်ပြီး ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့် ဖြစ်သည်။ ပျော်ပျော်နေတတ်သော ယစ်ထုပ်ကြီးတစ်ဦးလည်း ဖြစ်သည်။ သူ့နောက်လိုက် ဆက်တီးယားစ်တို့က သည်း သူ့လိုပင် လူ့ကိုယ်နှင့် ဆိတ် ခြေထောက် ရှိကြပြီး နားရွက်ချွန်များအပြင် ခေါင်း၌ ဦးချိုတိုတိုလေးများ ရှိကြ၏။ သူတို့ကား ကာမကြူးပြီး ဗရုတ်ဗရက် ရှုပ်ရှုပ်ယှက်ယှက် ဖြစ်အောင် အပျော်လွန်တတ်သည်။ ဆိုင်းလီးနက်စ်ကြီးကို ဗိုလ်တင်ပြီး တောတောင်တွင်း ကျက်စားတတ်သည့် နတ်ရှုပ်နတ်ပွေ နတ်တေလေ များ ဖြစ်ကြသည်။

အပိုးလိုး ကြော်ငြာထားသော ဆုကို လိုချင်ကြသောကြောင့် ဆိုင်းလီးနက်စ် ခေါင်းဆောင်သော ဤဗရုတ်တစ်သိုက်သည် အရပ်ရှစ်မျက်နှာ ဖြန့်၍ ရှုံစား၊

www.burmeseclassic.com

www.burmeseclassic.com



ဒိန်းဒေါင် လုပ်ကြသည်။ အချိန်အတန်ကြာသည်အထိ သူတို့လည်း သူခိုးကို ခြေရာခံမမိ။

သို့ရာတွင် နောက်ဆုံး၌ ဗရုတ်အချို့သည် အားကားဒီးယားနယ်သို့ ရောက်သွားကြသည်။ ထိုနယ်တွင်း ဖြတ်သွားကြစဉ် ခပ်အုပ်အုပ် တီးအပ်သော သူတို့ တစ်သက်နှင့် တစ်ခါ မကြားဖူးသေးသည့် သာယာလှသည့် လိုင်ယာ စောင်းသံကို ကြားကြရ၏။ ထို့အပြင် လိုဏ်ဂူတစ်ခု၏ အဝ၌ စီလီးနီ ဟု ခေါ်သော နင့်ဖ်နတ်သမီးကိုလည်း တွေ့ကြရသည်။

စီလီးနီက ဤလိုဏ်အတွင်း၌ မကြာမီကပင် ပါရမီချွန်လှသော ကလေးငယ်တစ်ဦး မွေးကြောင်း၊ မိမိသည် ထိုကလေး၏ အထိန်းတော် ဖြစ်ကြောင်း၊ ထိုကလေးက လိပ်ခွံနှင့် နွားအူကို သုံး၍ ရှေးက မရှိဖူးသေးသော တူရိယာပစ္စည်းတစ်ခုကို တီထွင်ပြုလုပ်ထားကြောင်း၊ ထိုတူရိယာကို တီး၍ သူ့အမေကို သူ ချော့သိပ်ထားကြောင်း ကောင်းကောင်း အာချောင်တော့၏။

သွားပါများ ခရီးရောက်ခဲ့သော ဗရုတ်တစ်သိုက်အတွက် မေးရန် စကား ရခဲ့လေပြီ။

လိုဏ်ဝ၌ ကားကျက်ထားသော နွားသားရေ နှစ်ချပ်ကို မြင်မိသည့် ဆက်တီးယားစ်တို့က မေးခွန်းတွေ ထုတ်ကြတော့၏။

အိုးမလုံ အုံပွင့်သော စီလီးနီက ဒေါနှင့် ဟောက်၏။

"ကြမ်းပိုးတွေ... ဘာလဲ၊ နင်တို့က အပြစ်မဲ့တဲ့ ကလေးငယ်ကို သူခိုးလို့ စွပ်စွဲချင်ကြသလား"

ဗရုတ်တစ်သိုက်နှင့် စီလီးနီတို့ နှုတ်လှန်ထိုး စကားများကြတော့၏။

ထိုအခိုက်တွင်ပင် အပိုးလိုး ရောက်ရှိလာသည်။ တောင်ပံ ရှည်သော ငှက်တစ်ကောင်၏ မသင်္ကာဖွယ် အမူအရာကို ရှုရာမှ သူခိုး မည်သူ ဆိုသည် ကို အပိုးလိုး ရိပ်မိသွား၏။ ယင်းငှက်ကား ဟားမီးဇ် အမြတ်တနိုးထား မွေးသည့် ကြိုးကြာငှက်ကြီး ဖြစ်သည် ဆို၏။

အပိုးလိုးသည် မဆိုင်းတော့ဘဲ လိုဏ်တွင်း ဝင်၍ မေးယာကို ဇွတ်နှိုး ပြီး ခိုးသွားသော နွားတွေကို ပြန်ပေးရန် ပက်ပက်စက်စက် ပြောတော့သည် ဆို၏။

မေးယာက အနီးထုပ်တွင် အိပ်ချင်ယောင်ဆောင်နေသော ကလေးငယ် ကို လက်ညှိုးထိုးပြ၍ ပြန်အော်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်က ဟုတ်က စွပ်စွဲတာ၊ မင်း ရူးနေသလား"

သို့ရာတွင် အပိုးလိုးက နွားသားရေများကို မှတ်မိသဖြင့် သက်သေ လုံလောက်နေရာ မေးယာနှင့် ရန်ဖက်မဖြစ်တော့ဘဲ ဟားမီးဇ်ကို တစ်ခါတည်း ပွေ့ယူလျက် အိုလင်ပတ်စ် တောင်တော်ထိပ်သို့ ခေါ်ခဲ့သည်။ နွားသားရေများကို သက်သေခံပစ္စည်းအဖြစ် ပြလျက် ဟားမီးဇ်ကို နွားခိုးအဖြစ် တရားဝင် စွဲချက်တင်တော့၏။

ဇူးစ်ကြီးအတွက် မလွယ်သော အခြေအနေ ဖြစ်သွားသည်။

သူ··· ဇူးစ်၊ နှယ်နှယ်ရရကောင် မဟုတ်။ လောကကြီးတစ်ခုလုံး၏ အရှင်သခင် ပရမေသွာ နတ်ဘုရားကြီး။ အဲသည်နတ်ဘုရားကြီး၏ မွေးကင်းစ သားငယ်က နွားခိုး။ မြတ်စွာဘုရား··· အရပ်ရပ် ပြည်ပေါ် ကြားလို့မှ မတော်။ နတ်ဘုရားကြီး၏ သားက နွားခိုး··· တဲ့။ အရပ်ကတို့··· ။

ဇူးစ်က အပြစ်မရှိကြောင်း ငြင်းချက်ထုတ်ရန် ဟားမီးဇ်ကို အားပေး သည်။

သို့ရာတွင် အပိုးလိုးကလည်း အလျှော့မပေး။ ဟားမီးဇ်ကို အပိုင်နင်း ပြောတော့ရာ စောရစ္ဆတ်တားလေး မခံနိုင်တော့ဘဲ ဝန်ခံရတော့၏။

"ကောင်းပြီလေ··· ခင်ဗျားကြီး ကျွန်တော်နဲ့ လိုက်ခဲ့။ ခင်ဗျား နွားအုပ်ကြီး ပြန်ပေးမယ်။ အဲ··· နှစ်ကောင်တော့ သတ်ပြီးပြီ ခင်ဗျ။ အဲဒီ နှစ်ကောင်ကို ဘုရားစူး··· ဆယ့်နှစ်ပိုင်း အညီအမျှ ပိုင်းပြီး နတ်ဘုရား ဆယ့်နှစ်ပါးကို ယဇ်ပူဇော်လိုက်တယ် ခင်ဗျ"

ထိုအချိန်က နတ်ဘုရား ဆယ့်တစ်ပါးသာ ရှိသေးရကား အပိုးလိုး မျက်စိလည်သွားသည်။

"ဘယ်လို ဘယ်လို··· နတ်ဘုရား ဆယ့်နှစ်ပါး··· ဟုတ်လား၊ တစ်ပါးက ဘယ်က ရောက်လာသလဲ"

သူ့ကိုယ်သူ ညွှန်ပြပြီး ဟားမီးဇ်က ယဉ်ကျေးနှိမ့်ချစွာ ပြော၏။

"အဲဒီနောက်တစ်ပါးက ဟောဒီ ကျွန်တော်မျိုးလေးပါ နောင်တော် ဘုရား··· ဘုရားစူး··· ကျွန်တော် သိပ်ကို ဆာနေပေမယ့် ကျွန်တော့်အတွက် အစုရှယ်ယာထက် ပိုမစားဘူး ခင်ဗျ။ ကျန်တာတွေကို ထုံးစံနဲ့အညီ မီးရှို့ ပူဇော်လိုက်တယ်"

ကမ္ဘာဦး၌ အသားနှင့် ယဇ်ပူဇော်သည်မှာ ဤက စခဲ့သည် ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်ဘုရား ညီအစ်ကိုနှစ်ဦးတို့ သင့်မြတ်သွားကြပြီး စီလီးနီတောင်သို့ အတူ ပြန်လာခဲ့ကြသည်။ ဟားမီးဇ်သည် သူ့အမေကို ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်ပြီး သိုးသားရေအခင်းတစ်ခု အောက်၌ ဝှက်ထားသော ပစ္စည်းတစ်ခုကို ဆွဲထုတ်သည်။

အပိုးလိုးက မေး၏။

"မင်းဥစ္စာ ဘာလဲကွ"

ဟားမီးဇ်က သူ တီထွင်ထားသော လိပ်ခွံစောင်းသစ်ကို ပြရုံမက တီးသည်။ သူပင် တီထွင်ထားသော လက်ခတ်နှင့် တီးလိုက်သော စောင်းသံသည် သာယာနာပျော်ဖွယ် ကောင်းလှ၏။ စောင်းကို တီးရင်းက အပိုးလိုး၏ မြင့်မြတ်မှု၊ ဉာဏ်ကြီးမှု၊ သဘောထားကြီးမှုတို့ကို မြှောက်ပင့်လျက် တေးလည်း ဆိုသည်။

မိမိ၏ ဘုန်းတော်တွဲ့ကို ရွှေနှားဆတ်ဆတ် ဆင်လိုက်ရသော အပိုးလိုးသည် အကျေနပ်ကြီး ကျေနပ်ပြီး ဟားမီးဇ်ကို အကြွင်းမရှိ ခွင့်လွှတ်တော့၏။

ထိုအခါကျမှ အံ့သြလည်း အံ့သြ၊ ရွှင်မြူးလည်း ရွှင်မြူးနေသည့် အပိုးလိုးကို ဟားမီးဇ်က ပိုင်းလက်စ် ဟူသော အရပ်သို့ ခေါ်သွားသည်။ လမ်းခရီးတစ်လျှောက်လုံး၌လည်း သူ့စောင်းကို တီးလာ၏။ ပိုင်းလက်စ်သို့ ရောက်သောအခါ လိုဏ်ဂူတစ်ခုတွင်း၌ သူ ဝှက်ထားသည့် နွားများအားလုံးကို ထုတ်ပေးသည်။

"လျှော့ဈေးနဲ့ ပေးမယ် ငါ့ညီရေ…" ဟု အပိုးလိုးက ပြောသည်။

"ဘာလဲ ခင်ဗျ"

"ငါ့နွားတွေ မင်း အကုန်ယူ၊ မင့်စောင်းကို ငါ့ပေး၊ ဘယ့်နှယ်လဲ"

"အိုး… စိန်လိုက်"

ညီအစ်ကို နှစ်ယောက် လက်ဆွဲ နှုတ်ဆက်ကြသည်။

အစာငတ်နေသော နွားများကို မြက်ခင်း၌ လွှတ်ထားခိုက် ဟားမီးဇ်က ကျူရိုးတွေ ဖြတ်ပြီး အရှည် အတို စီတန်းချည်လျက် သံစုံမြည်သော လေမှုတ်တူရိယာတစ်ခု လုပ်၍ ဂီတသံစဉ်အသစ်တစ်ခု ထွက်အောင် မှုတ်ပြန်၏။

နှစ်သက်မိပြန်သော အပိုးလိုးက ဆိုပြန်၏။

"လျှော့ဈေးနဲ့ ပေးဦးမယ် ငါ့ညီရေ… မင့်လေမှုတ်တူရိယာ ငါ့ပေး၊ ငါက ငါ့နွားအုပ် သိုးအုပ်တွေကို ထိန်းကျောင်းတဲ့ ဟောဒီရွှေတောင်ဝှေးကို

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်၊ အဲဒါ ပိုင်ရင် မင်းဟာ နွားကျောင်းသားတွေ၊ သိုးကျောင်းသားတွေရဲ့ အရှင်သခင်ဘုရား ဖြစ်လာလိမ့်မယ်၊ ဘယ့်နှယ်လဲ''

''ဒီတစ်ခါတော့ လျှော့ဈေးနဲ့ ပေးတယ် မပြောနဲ့ဗျာ၊ ကျွန်တော့်ဟောဒီတူရိယာက ခင်ဗျားတောင်ဝှေးကြီးထက် အများကြီး တန်ဖိုးရှိတယ်။ အဲ... ခင်ဗျားဆီမှာ အဖိုးတန်တဲ့ ပညာတစ်ခုတော့ ရှိတယ်၊ နိမိတ်ဖတ်ဗေဒင်ဟောတဲ့ အတတ်လေ၊ အဲဒါပါ အလိုက်ပေးရင်တော့ ကျွန်တော့် တူရိယာနဲ့ ခင်ဗျား တောင်ဝှေး လဲမယ်''

''နိမိတ်ဖတ်နည်း ငါ မသင်တတ်ဘူးကွ၊ ဒါပေမဲ့ ငါ လမ်းညွှန်မယ်၊ မင်း ဟိုးတောင်ပိုင်းက **ပါးနက်ဆက်စ်** (Parnassus) တောင်ဆီ သွား။ အဲဒီမှာ ငါ့အထိန်းတော်ဟောင်း **သရီအီး** (Thriae) ညီအစ်မသုံးဖော် ရှိတယ်။ ကျောက်စရစ်ခဲလေးတွေကို ကြည့်ပြီး နိမိတ်ဖတ် ဗေဒင်ဟောတဲ့အတတ် သူတို့က မင်းကို သင်ပေးပါလိမ့်မယ်''

ညီအစ်ကို နှစ်ယောက် သဘောတူကြောင်း လက်ဆွဲ နှုတ်ဆက်ကြပြန်သည်။

ဤသို့ ပြေလည်ကြပြီးနောက် အပိုးလိုးက နတ်ဘုရား အသေးစားလေးကို အိုလင်ပတ်စ်တောင်ထိပ်သို့ ပြန်ခေါ်လာခဲ့သည်။ ပြေလည်ကြပြီ ဖြစ်ကြောင်းကိုလည်း ပြည့်ပြည့်စုံစုံ ခမည်းတော် ဇူးစ်ကို လျှောက်သည်။

ဇူးစ်ကြီးက ယနေ့မှစပြီး နောင်ကို သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းပိုင်ခွင့်ကို ရိုသေလေးစားရန်၊ တမင်သက်သက် လိမ်ညာမပြောရန် မိဘတို့ ဝတ္တရားရှိသည့်အတိုင်း ဟားမီးဇ်ကို ဆုံးမသည်။ ဆုံးသာ ဆုံးမသည်၊ သူ့သား လူလည်ငချွတ်ကို သဘောအကျကြီးတော့ ကျမိ၏။

''အဟင်း... ငါ့သား ကြည့်ရတာ ကိုယ်ပိုင်တီထွင်ဉာဏ်လည်း ရှိပုံ ရတယ်။ စကားအရာ လိမ္မာပြီး သူတစ်ဖက်သားကို ဆွဲဆောင်နိုင်တဲ့ နတ်ဘုရားပေါက်စလည်း ဖြစ်ပုံရတယ်''

''အဲဒီလို ထင်ရင်လည်း အဖေရယ်၊ ကျွန်တော့်ကို အဖေ့ သံတော်ဆင့် နတ်မင်းအဖြစ် ခန့်ပါလား၊ ဘုရားပိုင်ပစ္စည်း မှန်သမျှ လုံခြုံမှုအတွက် ကျွန်တော် တာဝန်ယူမလေ၊ ပြီးတော့ ဘယ်တော့မှလည်း မလိမ်ဘူး''

သူ့သားအတွက် ထိုက်တန်သော အလုပ်ကို သူ စဉ်းစားပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ မင်းကို ငါ့ရဲ့ သံတော်ဆင့် ခန့်မယ်။ ဒါပေမဲ့ မင်း ထမ်းရမယ့် တာဝန်တွေထဲမှာ စာချုပ်စာတမ်း ချုပ်တာ၊ ကုန်စည် ကူးသန်း ရောင်းဝယ်မှု ထွန်းကားအောင် လုပ်ပေးတာ၊ ကမ္ဘာပေါ်မှာ ရှိတဲ့ ဘယ်လမ်း မှာမဆို ခရီးသည်တွေမှန်သမျှ လွတ်လပ်စွာ သွားလာခွင့်ကို ထိန်းသိမ်းစောင့်ရှောက် ပေးတာ၊ အဲဒါတွေလည်း ထည့်ပေးမယ်၊ ကြိုက်ရဲ့လား"

ဟားမီးဇ်က ကြိုက်ကြောင်း ဖြေသောအခါ ဖဲပြားကြီး အမြှုတွေ တန်ဆာဆင်သည့် သံတော်ဆင့် အဆောင်အယောင် တောင်ဝှေးကို သူ့အား ဇုးစ်က နှင်းအပ်သည်။ ဤတောင်ဝှေးကို တစ်လောကလုံး အရိုအသေပြုကြရန် ဇုးစ်က အမိန့်ပြန်တမ်း ထုတ်ဝေသည်။ မိုးထဲ လေထဲ အချိန်မရွေး သွားနိုင်ရန် ဦးထုပ်ဝိုင်းတစ်ခုနှင့် လေကဲ့သို့ အမြန်ပျံနိုင်သည့် အတောင်ပံတပ် ရွှေကြိုးသိုင်း ဖိနပ်တစ်စုံကိုလည်း ဇုးစ်က ဟားမီးဇ်ကို ထပ်ဆင့် ချီးမြှင့်၏။

အင်း... တောက်ပြားနှင့် သတိုးမင်းစောပမာပါတကား။

ဟားမီးဇ်ကို အိုလင်ပီယင် နတ်မိသားစုက ချက်ချင်း လက်ခံ၊ နေရာ ပေးကြသည်။ သူကလည်း မီးမွေးတုတ်ကို အလျှင်အမြန် လိမ်ပတ်လည်စေပြီး မီးထွက်အောင် လုပ်သည့် အတတ်ကို သူ့အလျှင် နတ်ဖြစ်နေသည့် ဆွေတော် မျိုးတော်အပေါင်းကို သင်ပေးသည် ဟူသတတ်။

နောင်သောအခါ ရေခွက်အတွင်း၌ ကျောက်စရစ်ခဲလေးတွေ လှုပ်ရှား သည်ကို ကြည့် နိမိတ်ဖတ်ဗေဒင် ဟောသည့် အတတ်ကို သူ့အား သရီအီး ညီအစ်မတွေက သင်ပေးကြသည်။ သိုးလက်ကောက် အဆစ်ရိုးနှင့် နိမိတ်ဖတ် ဗေဒင်ဟောခြင်း အတတ်ကိုမူ သူ့ဘာသာသူ တီထွင်သည် ဆို၏။

သူသည် ကြမ္မာညီအစ်မ သုံးဖော်တို့ အက္ခရာ စာလုံးထွင်သည်ကို လည်း ကူညီခဲ့သည်။ ဗေဒင်ပညာ၊ ဂီတသံစဉ်၊ လက်ဝှေ့နှင့် ကာယပညာ၊ အလေးချိန်ခွင်၊ တင်း တောင်းနှင့် တိုင်းတာမှု ကိရိယာများကိုလည်း ဟားမီးဇ် ပင် တီထွင်ခဲ့သည် ဆို၏။ သံလွင်ပင် စိုက်နည်းစလည်း သူပင် သင်ပေးခဲ့သည် ဆိုသတည်း။

အချို့က ဟားမီးဇ် တီထွင်သော စောင်းတွင် ကြိုး ခုနစ်ကြိုး စကတည်းက ပါသည် ဆို၏။ အချို့ကမူ ရာသီ သုံးမျိုးကို ရည်၍ သုံးကြိုးသာ ပါသည်။ သို့မဟုတ် နှစ်တစ်နှစ်၏ အပိုင်းလေးပိုင်းနှင့်အညီ လေးကြိုးသာ ပါသည်။ ခုနစ်ကြိုး ရှိအောင် ဖြည့်သူမှာ အပိုးလိုး ဖြစ်သည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြည်သံဖြစ်သော ခေါ်တော်နှင့် နောင် ရောမသားတွေက ဟားမီးဇ်ကို သံတော်ဆင့်နတ်ဘုရား ကုန်သည်ရောင်းဝယ်မှု နတ်ဘုရား၊ ကာယပညာ နတ်ဘုရား၊ စကားအလင်္ကာနတ်ဘုရား၊ ဝါးနှပ်လိမ္မာမှု နတ်ဘုရားအပြင် သူခိုးတို့၏ နတ်ဘုရားအဖြစ်ပါ ကိုးကွယ်ဆည်းကပ်ကြသည်။

ခမ္မာအောက်ကမ္ဘာကို စိုးသူ ဟေးဒီးစ်ကလည်း ဟားမီးဇ်ကိုပင် သူ့သံတော်ဆင့်အဖြစ် လိုက်၍ ခန့်ထားသည်။ ဟားမီးဇ်သည် သေခါနီးလူများကို ညင်ညင်သာသာ စကားလှလှဖြင့် သေရွာသို့ ခေါ်သွားတတ်သည် ဆို၏။ ဤသို့ ဖြစ်အောင် သေတော့မည့်သူ၏ မျက်လုံးများထက် သူ့ ရွှေတောင်ဝှေးကို သူက တင်ထားလိုက်သည် ဆိုသတည်း။

ဟေးဒီးစ်၏ တမန်လည်း ဖြစ်သော သူ့အကြောင်း သိသူတို့က သူ့တောင်ဝှေးမှ ဖဲပြားစများကို မြွေများဟု အထင်မှားကြသည် ဆို၏။

ဟားမီးဇ်၌ သားများစွာ ရှိသည်။

**အီးကီယင်** (Echion) ဆိုသော သားတစ်ဦးသည် နောင်အခါ ထင်ရှားသည့် **အားဂနော့တ်စ်** (Argonauts) သူရဲကောင်းတို့၏ သံတော်ဆင့် ဖြစ်သည်။ **အော်တိုးလက်ကက်စ်** (Autolycus) ဆိုသော သားကား ခေါမ ဂန္ထဝင်တွင် စာတင်ထားရသည့် ဂန္ထဝင်သူခိုးကြီး ဖြစ်လေသည်။

သူ့၌ သူ ခိုးသော တိရစ္ဆာန်တို့ကို ရုပ်ပြောင်းပစ်နိုင်သော တန်ခိုး ရှိသည်။ ဤတန်ခိုးကို သူ့အား သူ့အဖေ ဟားမီးဇ်ကပင် ပေးခဲ့သည်။ ကောင်းကြပါ၏။ အဲ… နောက်သားတစ်ယောက် ဖြစ်သော **ဒက်ဖနစ်(စ်)** (Daphnis) ကမူ ကဗျာဆရာ။ သူကား ကျေးလက်တေးကဗျာတွေကို စတင် တီထွင်သူဟု ဆို၏။

ဒက်ဖနစ်(စ်)သည် လူချောလူလှ တစ်ဦး ဖြစ်လေသည်။ သူ့ကို ဆိတ်နတ်ပင်န်က ပလွေသံစုံမှုတ်နည်း သင်ပေးသည်။ အပိုးလိုးကလည်း သူ့ကို ချစ်သည်။ အားတမစ်(စ်)ကမူ သူ့ဂီတကို နှစ်သက်ပြီး အမဲလိုက်ထွက်တိုင်း သူ့ကို ခေါ်သွားသည်။ သူ၌ ဂရုစိုက် မွေးမြူထားသော နွားကောင်းနွားသန့် အများ ရှိသည်။

သူသည် **နိုးမီယာ** (Nomia) ဟု ခေါ်သည့် နင့်ဖ်နတ်သမီးနှင့် ချစ်ကြိုး သွယ်မိသည်။ မိမိကို သစ္စာဖျက်လျှင် မျက်လုံးကန်းစေသားဟု နိုးမီယာက

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဖနစ်(စ်) ကို ကျိန်စိုင်းထားသည်။ သို့ရာတွင် ဒက်ဖနစ်(စ်) အရက်မူးနေသော တစ်ချိန်တွင် နိုးမိယာ၏ ပြိုင်ဘက် **ကီမီးရာ** (Chimaera) က မာယာကွန်ရက်၍ ချော့မြူ အမိဖမ်းလိုက်သည်။ အချစ်ကြီးသမျှ အမျက်ကြီးသော နိုးမိယာက ကျိန်စာနှင့်အညီ ဒက်ဖနစ်(စ်)၏ မျက်လုံးများကို **ကန်းစေလိုက်**တော့၏။

ဒက်ဖနစ်(စ်)ခမျာ အကာန်းဘဝအကြောင်း တေးတွေသီ လွမ်း၍ **စိတ်ဖြေ**နေရှာပါသေး၏။ သို့ရာတွင် သက်ဆိုးရှည်ခွင့် မရရှာ။

သူ့ဖခင် ဟားမီးဇ်က သူ့ကို ကျောက်တုံးတစ်တုံး ဖြစ်အောင် လုပ်ပစ်လိုက်သည်။ ထိုကျောက်တုံးကို ယနေ့တိုင် ခေါ်မနိုင်ငံ **ဆက်ဖလင်နီတနင်မြို့** (Cephalenitanum)၌ ပြထားကြသည်။

ဆစ်စလီကျွန်း **ဆီးရာကျူးစ်** (Syracuse) မြို့တွင်လည်း ရေထွက်စမ်းတစ်ခုကို ဟားမီးဇ်က ဖန်ဆင်းပြီး **ဒက်ဖနစ်(စ်)စမ်း**ဟု အမည်ပေးထားခဲ့ရာ ယနေ့တိုင် လူတွေ နှစ်စဉ် ယဇ်ပူဇော်ပွဲ လုပ်နေကြသည် ဆို၏။

သြော်… ဟားမီးဇ်၏ သားချစ်ပုံကား တစ်မျိုးကြီးပါတကား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၅ ]

# အပိုးလိုး၏ စရိုက်သဘာဝ



အပိုးလိုး

ဇူးစ်ကြီး၏ များလှစွာသော မိဖုရားတွေအနက် လီးတိုး တစ်ယောက် ပါဝင်ကြောင်း ဆိုခဲ့ပြီ။

လီးတိုးနှင့် ချစ်ဗျူဟာခင်းကြသောအခါ ဇူးစ်က လီးတိုးကိုရော မိမိကိုယ်ကိုပါ ငုံးငှက်အသွင် ပြောင်းထားသည်။ ဤကြားထဲက ဝန်တိုစိတ်ကြီးလှသော ဟီးရာ သိသွားသည်။

ဟီးရာက မိမိ၏ နတ်မြွေကြီး ပိုင်းသွန်း (Python) ကို ကမ္ဘာအနှံ့ လီးတိုးကို လိုက်တိုက်ခိုက်စေသည်။ လီးတိုးသည် ဇူးစ်နှင့် သန္ဓေရပါကလည်း နေရောင်ကျရာ မည်သည့်နေရာတွင်မှ မီးမဖွားစေရဟုလည်း တစ်ချက်လွှတ် အမိန့်ချသည်။

တောင်လေမင်း သယ်ပို့ရာ လိုက်ပါ၍ လီးတိုးသည် ဒီးလော့စ် (Delos) အနီးရှိ ဩော်တီးဂီယ (Ortygia) သို့ ရောက်ရှိလာသည်။ ထိုအရပ်၌ သမီးတော်

www.burmeseclassic.com

www.burmeseclassic.com



**အားတမစ်(စ်)** ကို မွေးသည်။ အားတမစ်(စ်)ကား သားဖွားပညာ တန်ခိုးရှင်မ ဖြစ်လေရာ အမိဝမ်းမှ ကျွတ်သည်ခဏာ၌ပင် မိခင်ကို ကျဉ်းမြောင်းသော ရေလက်ကြားများကို ဖြတ်လျက် ထိုစဉ်က ကျွန်းမျောတစ်ခုသာ ဖြစ်သည့် **ဒီးလော့စ်**သို့ ဦးဆောင် ခေါ်ခဲ့သည်။

ထိုကျွန်းရှိ **စင်းသက်စ်** (Cynthus) တောင် မြောက်ဘက်**စောင်း၌** ပေါက်နေသော သံလွင်ပင်တစ်ပင်နှင့် စွန်ပလွံပင်တစ်ပင်ကြား **အရိပ်တွင်** မိမိ၏ အမြွာမောင်တော် ဖြစ်သူ အပိုးလိုးကို မွေးရန် ဝမ်းဆွဲဆရာမ လုပ်ပေးသည် ဟူသတတ်။

ဤသည့်တိုင်အောင် ဝမ်းနာ၍ ကိုးရက် ကြာမှ လီးတိုးသည် အပိုးလိုး ကို မွေးသည် ဆို၏။

ဒီးလော့စ်သည်လည်း ထာဝရမြဲသော ကျွန်းကြီး ဖြစ်လာခဲ့သည်။ ယနေ့တိုင် ဤကျွန်းပေါ်၌ ကလေးမွေးခွင့် မရှိ။ လူသေခွင့် မပြု။ သူအိုများ နှင့် ကိုယ်ဝန်သည်များကို ပင်လယ်ဖြတ်၍ ဩော်တီးဂီယသို့ ရွှေ့သယ်ကြရ သည် ဟူ၏။

အပိုးလိုးကို ကျွန်တော်တို့ သိပြီးကြသော သီးမစ်(စ်)က ပန်းဝတ်ရည် နှင့် နတ်သုဒ္ဓါ ကျွေး၍ မွေးမြူပေးသည်။ မွေးပြီး၍ လေးရက်မြောက် အရွယ် တက်စ ရှိသေးသည်၊ အပိုးလိုးက လေးနှင့် မြား အော်တောင်းတော့ရာ ပန်းပဲ မောင်တင့်တယ် ဟီဖီစတက်စ်က မဆိုင်းမတွ ချက်ချင်း လုပ်ပေးသည်။

အပိုးလိုး ခုနစ်လသား အရွယ် ရောက်လာသည်။ သို့ရာတွင် နတ် ဖြစ်သောကြောင့် အကြီးမြန်သည်။

အပိုးလိုးက ဒီးလော့စ်မှ ထွက်ခဲ့ပြီး ပါးနက်ဆက်စ် တောင်တန်းဆီ တိုက်ရိုက်သွားတော့၏။ ဤတောင်တန်းပေါ်မှာက သူ့မိခင်၏ ရန်သူ နတ်မြွေ ကြီး ပိုင်းသွန်းက ရန်ပြုရန် ပုန်းအောင်း ချောင်းမြောင်း စောင့်နေ၏။

အပိုးလိုး ချာတိတ်က **မြားလွှတ်၍** ကောင်းကောင်း ဆုံးမတော့ရာ ဒဏ်ရာ ပြင်းထန်စွာ ရသွားသော ပိုင်းသွန်းခမျာ **ဖိုးဆစ်(စ်)** (Phocis) နယ်ရှိ **ဒဲလ်ဖိုင်း** (Delphi) ရောက်အောင် ထွက်ပြေးလာသည်။ ပိုင်းသွန်း၌ ဒဲလ်ဖိုင်း (Delphyne) ခေါ်သော မယားရှိရာ သူ့ကို စွဲလျက် အရပ်ကို ဒဲလ်ဖိုင်းဟု ခေါ်သည်။ ဒဲလ်ဖိုင်းကား တောင်ပြိုးတို့၊ ပခန်းတို့၊ ပုပ္ပားတို့လို တောင်ကြီး၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား ဒဲလ်ဖိုင်းမှာ မယ်တော်ကြီး နတ်ကွန်း ရှိသည်။ ပထဝီမိခင်ကြီး ဂျီးယာ၏ နတ်ကွန်း။

အဲသည် နတ်ကွန်းမှာက **ဩဘ်ရကယ်လ်** (Oracle) ခေါ် နတ်ဘုရားတို့ ဗျာဒိတ် မြွက်ချပေးရာ နေရာ ရှိသည်။ ခေါမလူမျိုးတို့နှင့် နောင် ရောမ လူမျိုးတို့ပါ အလွန်လေးစားကြောက်ရွံ့ ရှိသေသော နေရာ ဖြစ်သည်။

ပိုင်းသွန်းက မယ်တော်ကြီး နတ်ကွန်းမှ ဩဘ်ရကယ်လ်ဆီ ဝင်ပြေး ခိုလှုံ၏။ ဩဘ်ရကယ်လ်တွင် မြေအက်ကြောင်း (ဝါ) မြေပေါက် ပါးစပ်ကြီး ရှိရာ အလွန်အထွတ်အမြတ် ထားရသည်။

အဲသည် အထွတ်အမြတ် မြေပေါက် ပါးစပ်ကြီးဘေးတွင် ပိုင်းသွန်းကြီးကို အပိုးလိုးက ကိစ္စတုံး စီရင်ပစ်လိုက်၏။

မယ်တော်ကြီး ဒွေ့ဒွေ့ခုန်သွားသည်။ သို့ရာတွင် ဘာတတ်နိုင်မည်နည်း။ ဇူးစ်၏ သား. . . ။

မယ်တော်ကြီးက အပိုးလိုး မိုက်ရိုင်းပုံကို ခြေးဖြစ်သူ ဇူးစ်အား သွားတိုင်သည်။

**ခွင့်မလွှတ်နိုင်သော** အပြစ်မျိုး ဖြစ်သောကြောင့် ဇူးစ်သည် သားမိုက်ကို ပြစ်ဒဏ် တစ်ခု မဟုတ်၊ နှစ်ခု ပေးသည်။

ပထမပြစ်ဒဏ်ကား အပိုးလိုးသည် ခေါမတိုင်း၏ အရှေ့မြောက် အစွန်း **သက်ဆလီ** (Thessaly) နယ်သို့ သွားရမည်။ ထိုနယ်ရှိ အိုလင်ပတ်စ် တောင်တန်းနှင့် **အော့ဆ** (Ossa) တောင်တန်းကြားမှ **တင်မ်ပီ** (Tempe) ချိုင့်ဝှမ်း၌ မိမိကိုယ်ကို အပြစ်စင်ကြယ်အောင် ပြုလုပ်နေရမည်။ (အိုလီပီယင် တောင်တော်ထက်မှ ပြည်နှင်ဒဏ်ခတ်ခြင်း ဖြစ်၏။)

ဒုတိယပြစ်ဒဏ်ကား **ဒဲလ်ဖိုင်းအရပ်**၌ ပိုင်းသွန်းကို ပူဇော် ဂုဏ်ပြုသည့် **ပိုင်းသီယင်** (Pythain) **ကစားပြိုင်ပွဲများ လေးနှစ်** တစ်ကြိမ် ပြုလုပ်ပြီး ထိုပွဲများကို အပိုးလိုးက **တာဝန်ယူ ကြီးကြပ်ရမည်။**

ခမည်းတော် အမိန့်ကို **အပိုးလိုးက** ပြောင်ပြောင်ပင် **ဆန့်ကျင်သည်။**

တင်မ်ပီသို့ မသွားဘဲ အစ်မတော် အားတမစ်(စ်)ကိုပါ အတူခေါ်၍ အပြစ်စင်ကြယ်ရေးကို **အားဂျီးယလီးယာ** (Aigialaea) တွင် သွားလုပ်စေသည်။ တစ်ဖန် ထိုအရပ်ကို မကြိုက်ဟု ဆိုကာ **ခရီးတ်ကျွန်းမှ တားရား** (Tarrha) ဆီ ပြောင်းပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်က မြောက် သွားခိုင်းသည်ကို ဆန့်ကျင်၍ တောင် သွားသည့် သားလိမ္မာတည်း။

တားရားတွင် အပိုးလိုး အပြစ်စင်ကြယ်ရန် ဘုရင် **ကားမနား** (Car-manor) က ပူဇော်ပသပွဲများ လုပ်ပေးသည်။

ခေါ်မတိုင်းသို့ ပြန်လာသောအခါ အပိုးလိုးက ဆိတ်နတ်ဝင်န်ကို တွေ့အောင် ရှာပြီး ချော့မြူ ချော့ပေါင်းလျှက် ဗေဒင်ပညာ သင်ပေးခိုင်းသည်။ ဗေဒင်ပညာ တတ်သည်နှင့် တစ်ပြိုင်နက် ဘွားတော်ကြီး ပိုင်သည့် ဒဲလ်ဖိုင်းနတ်ကွန်းနှင့် ဗျာဒိတ်ချပေးသော နေရာကို သိမ်းယူလိုက်သည်။ နတ်ကွန်းရှိ **ပိုင်းသနစ်(စ်)** (Phthoness) ဟု ခေါ်သည့် နတ်ဝင်သည် သို့မဟုတ် ဓာတ်စီးသောသူ မယ်သူတော်တို့ကိုမူ သူ့… အဲ… နတ်ကတော်များအဖြစ် ဆက်လက် ခန့်ထားသည်။

ယနေ့တိုင် ဒဲလ်ဖိုင်းနတ်ကွန်းကို အပိုးလိုးနတ်ကွန်းအဖြစ် လူတွေ ကိုးကွယ်ကြတော့၏။

ပိုင်းသီယင် ကစားပြိုင်ပွဲများကိုလည်း မှန်မှန်ပြုလုပ်ပေးသည်။ သို့ရာတွင် ပိုင်းသွန်းအတွက် ပွဲ မဟုတ်။ သူ့အတွက်ပွဲ… သူ့ကို ပူဇော်သည့်ပွဲ။

ပိုင်ပါဘိ… ။

(ဤမျှ ပိုင်သော အပိုးလိုးပေါ် လူလည်ကျခဲ့သော ဟားမီးဇ်ကို ဂျင်ပေါ်မှ ထုံးဟု ခေါ်ရမည် ထင်သည်။)

သားတော်မောင် ကြီးပွားနေပုံကို သိရသော **လီးတိုး**က အားတမစ်(စ်)နှင့်အတူ ဒဲလ်ဖိုင်းသို့ လိုက်လာခဲ့၏။ ဒဲလ်ဖိုင်းသို့ ရောက်သောအခါ သားသမီးတို့နှင့် ခွဲပြီး လီးတိုးက တောအုပ်သန့်သန့်လေး တစ်ခုတွင် သူ့ကိုယ်ရေးကိုယ်ရာ ဘာသာရေး ဝတ်ပြုမှုတစ်ခု တစ်ဦးတည်း လုပ်နေသည်။ ဤတွင် ဇူးစ်၏ အခြားသားတစ်ဦး ဖြစ်သူ ဘီလူးကြီး **တိုင်းတီယက်စ်** (Tityus) ပေါ်လာပြီး လီးတိုးကို ဗလက္ကာယပြုရန် ကြိုးစားတော့၏။

လီးတိုး၏ ကြောက်လန့်အော်ဟစ်သံကို ကြားသော အပိုးလိုးနှင့် အားတမစ်(စ်)တို့ ရောက်လာကြပြီး မြားမိုးရွာ၍ တိုင်းတီယက်စ်ကို ကိစ္စတုံး ပစ်ကြပြန်သည်။

ဤတစ်ကြိမ်တွင်မူ ဇူးစ်ကြီးက တရားမျှတသော လက်စားချေမှုဟု ကျေကျေနပ်နပ်ကြီး အသိအမှတ်ပြုရုံမက သေသွားသော တိုင်းတီယက်စ်ကို သူပါ ဝင်အပြစ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တားတရက်စ် ငရဲတွင် တိုင်းတီယက်စ်ကို ပက်လက် လှန်ထားပြီး လက်နှင့် ခြေများကို ကားစေလျက် မြေ၌ စို့နှင့် ရိုက်ထားသည်။

တိုင်းတီယက်စ်ကို ဖုံးထားသော မြေအကျယ်မှာ ကိုးဧကအောက် မနည်း ရှိသည် ဆို၏။ လင်းတကြီး နှစ်ကောင်က တိုင်းတီယက်စ်၏ အသည်းကို မှန်မှန် ဖောက်စားရသည်။

ခံလေရော့... တိုင်းတီယက်စ်။ နတ်ဘုရင်ကြီး၏ မယားကိုမှ ကြံကူလီ ရိုက်ချင်သည်ကိုး။

နောက်တစ်ခါတွင်လည်း အပိုးလိုးသည် နတ်ဗရုတ် ဆက်တီးယားစ် တို့အနက်မှ **မားဆီးယက်စ်** (Marsyas) ခေါ်သော ငတိလေးကို သတ်ပြန်၏။

ဖြစ်ရပုံမှာ ဤသို့။

တစ်နေ့တွင် စစ်နတ်သမီးကြီး **အသီးနီး** အနုပညာရောဂါထပြီး ပလွေ မှုတ်သည်။ သူ့ပလွေကို အသီးနီးက ဆတ်သတ္တဝါ၏ အရိုးနှင့် ပြုလုပ်သည်။ ပြီးတော့ နတ်ညစာစားပွဲတစ်ခုတွင် မှုတ်၍ ဖျော်ဖြေပြ၏။

အခြားသော နတ်တွေက နှစ်ခြိုက် သဘောကျနေသည့်ကြားမှာ...

ဟီးရာနှင့် အက်ဖရာဒိုက်တီးတို့ နှစ်ဦးက သူတို့ မျက်နှာတွေကို လက်ဝါးများနှင့် ကွယ်၍ တိတ်တိတ် ကျိတ်ရယ်နေကြသည်။

အစသော် ဘာကြောင့်မှန်း အသီးနီး မသိ။

မကျေနပ်သောကြောင့် မိုင်အီးရီယာတောအုပ်တွင်း အပျိုကြီးတစ်ယောက် တည်း စမ်းချောင်းတစ်ခုဘေးတွင် ပလွေ မှုတ်ကြည့်သည်။

စမ်းရေပြင်တွင် မိမိ၏ မျက်နှာကို မိမိ ပြန်မြင်ရသည်။

မျက်နှာကြီးက ပြာညိုညို၊ ပါးနှစ်ဖက်က စူစူဖောင်းဖောင်း၊ အရုပ်ဆိုးရုံမက ပေါချာချာအသွင် ထွက်ပြီး ရယ်ဖွယ်ကောင်းနေ၏။

အသီးနီးက စိတ်နာနာနှင့် ပလွေလေးကို လွှင့်ပစ်လိုက်ပြီးနောက် ကောက်ယူ မှုတ်သူတိုင်း ဒုက္ခတွေ့ပါစေဟု ကျိန်ဆဲထား ခဲ့၏။


မားဆီးယက်စ်

မားဆီးယက်စ်ခမျာမှာ ဘုမသိဘမသိနှင့် ကျိန်စာသင့်သူ ဖြစ်သည်။

ပလွေလေးကို သူ ကောက်ရသည်။ မှုတ်ခမ်း ပေါ် တင်မိရုံရှိသေးသည်၊ အသီးနီးဓာတ်ဝင်၍ ပလွေ

www.burmeseclassic.com



လေးက သူ့ဘာသာသူ မြည်တော့သည်။ ထွက်လာသော **ဂီတသံ**ကလည်း သာယာလှပါဘိ။

သဘာဝနတ်ဘုရားမ **ဆစ်ဘလီး (Cybele)**၏ **နောက်လိုက် အခြွေ** အရံအဖြစ် **ဖိုင်အီးရီယ (Phrygia)** တစ်နယ်လုံး ခရီးလှည့်စဉ် **မားဆီးယက်စ်**က ပလွေလေးကို မှတ်မှတ်ပြု၏။ ရိုးအသော လယ်သမားများက **အလွန်နှစ်သက်**ကြပြီး အပိုးလိုး၏ စောင်းသံထက်ပင် ပို၍ သာယာပါပေသည်ဟု **ဝိုင်းကောင်းချီး** ပေးကြသည်။ ပေါတာလေး မားဆီးယက်စ်ကလည်း ဟန်ဆောင်၍ပင် မငြင်းဘဲ ချီးမွမ်းသမျှ မြိန်မြိန်ကြီး ခံယူဂုဏ်ဝင့်သည်။

ဤသတင်းကို ကြားသောအခါ အပိုးလိုး ဒေါသူပုန်ထတော့၏။ သူက ဂီတကို စိုးသော တန်ခိုးရှင် မဟုတ်လော။ မားဆီးယက်စ် နတ်ဗရုတ်က ရာရာစစ... ။

အပိုးလိုးက ဂီတစွမ်းရည် ပြိုင်ကြရန် မားဆီးယက်စ်ကို စိန်ခေါ်သည်။ နိုင်သူက ရှုံးသူကို ကြိုက်သလို ပြုကြေး။

ငပေါလေး မားဆီးယက်စ်ကလည်း စိန်ခေါ်မှုကို လက်ခံလေရာ အပိုးလိုးက မူးဇ်၏ နတ်သမီး ညီအစ်မတွေကို အကဲဖြတ်လူကြီးများအဖြစ် ခံ့အဖွဲ့ ဖွဲ့၍ ဂီတပြိုင်ပွဲ ကျင်းပသည်။

အပိုးလိုး၏ စောင်းသံကရော၊ မားဆီးယက်စ်၏ ပလွေသံကရော သူမသာ ကိုယ်မသာ ကြည်နူးဖွယ် ကောင်းလှသောကြောင့် မူးဇ် ညီအစ်မတွေက တရားမျှတစွာ **သရေပွဲအဖြစ်** ကြေညာ၏။

ဤတွင် အပိုးလိုးက ထပ်စိန်ခေါ်၏။

"ဟေ့... ကြောင်နာလေး၊ မင့်ပလွေ မင်း ဘယ်လောက်နိုင်လဲ။ ငါ့စောင်း ငါ ဘယ်လောက်နိုင်လဲ။ အဲဒါ ပြိုင်ကြမယ်။ ကိုယ့်တူရိယာကို ကိုယ် ပြောင်းပြန်ဇောက်ထိုးထားပြီး တီးရ မှုတ်ရမယ်။ ပြီးတော့ တီးရင်း မှုတ်ရင်းက တစ်ပြိုင်တည်း သီချင်းဆိုရမယ်။ ဘယ့်နှယ်လဲ"

ပလွေသည် ပြောင်းပြန် ဇောက်ထိုးထား၍ မှုတ်မရ။ ပလွေ မှုတ်ရင်း သီချင်းဆိုရမည် ဆိုသည်ကလည်း မဖြစ်နိုင်။ ငပေါလေး လက်မှိုင်ချရသည်။

အပိုးလိုးကမူ သူ့စောင်းကို ပြောင်းပြန်ဇောက်ထိုးထား၍ တီးပြသည်။ အိုလင်ပီယင် တန်ခိုးရှင်များ၏ ဘုန်းတော်ဘွဲ့ သီချင်းများကိုလည်း တီးရင်း ကဆိုပြ၏။

www.burmeseclassic.com

www.burmeseclassic.com




မူးဇ်ညီအစ်မများ

မူးဇ်ညီအစ်မတွေက အပိုးလိုးကို အနိုင်ပေးလိုက်ရတော့သည်။

သည်အချိန်အထိ ဂီတပညာရှင်ဟန်ဖြင့် မျက်နှာချိုချို ထားနေသော အပိုးလိုး ဇာတိအမှန် ပြတော့၏။

ပေါ်တာလေး မားဆီးယက်စ်ကို အပိုးလိုးက မသေမချင်း ကြိမ်နှင့် ရိုက်သတ်သည်။ မားဆီးယက်စ်၏ ကိုယ်ရေခွံကို ထင်းရှူးပင်တစ်ပင်တွင် တားကြက်ထားရာ ယနေ့အထိ မားဆီးယက်စ်မြစ် မြစ်ဖျားခံရာ လိုဏ်အတွင်း၌ တွဲလောင်းဆွဲလျက် ရှိနေသေးသည် ဆို၏။

နောင်တွင်လည်း အပိုးလိုးသည် ဘုရင်ဗိုင်းဒက်စ် ခုံသဘာပတိလုပ်သည့် ဂီတပြိုင်ပွဲ၌ ဆိတ်နတ်ပင်န်ကို နိုင်လိုက်သေး၏။

ဤသို့ဖြင့် အပိုးလိုးသည် ဂီတ၊ ကဗျာ၊ ဗေဒင်နှင့် ဆေးပညာကို စိုးသော တန်ခိုးရှင် ဖြစ်လာခဲ့သည်။ မူလက နတ်ဘုရားတွေ မွေးထားသော တိရစ္ဆာန်အုပ်များကို ထိန်းသည့် တာဝန်ကို ယူရသော်လည်း နောင်တွင် ယင်း တာဝန်ကို ဟားမီးဇ်သို့ သူ လွှဲပေးခဲ့၏။

အပိုးလိုးသည် နုပျိုသည်။ ချောမောသည်။ သို့ရာတွင် မည်သူ့ကိုမျှ လက်မထပ်။

ပွဲရာတွင်ကား သူ့အဖေ ဇူးစ်ကြီး၏ ခြေရာကို ကောင်းကောင်းနင်း နိုင်သည်။ သူ ခြေတော်တင်ခဲ့သာ နင့်ဖ်နတ်သမီးတွေ၊ လူသား မိန်းမတွေ အများကြီး ရှိသည်။ ကလေးစာရင်းလည်း အရှည်ကြီး ရှိသည်။

| မိခင်အမည် | ကလေးအမည် |
| --- | --- |
| ဖသီယ (Phthia) | ဒေါရက်စ် ညီအစ်ကိုများ (Dorus) |
| သေးလီယ (Thalia) | ကော်ရာဘင့်စ် ညီအစ်ကိုများ (Corybant) |
| ကောရုနစ်စ် (Coronis) | အက်စ်ကလီးပီးယက်စ် (Asclepius) |
| အားရီယ (Aria) | မီးလီးတက်စ် (Miletus) |
| စီးရီးနီး (Cyrene) | အရစ်စတီးယက်စ် (Aristaeus) |

တစ်ခါသော် အပိုးလိုးသည် နင့်ဖ်နတ်သမီး ဒရီအက်ပီ (Dryope) ကို ရစ်နေ၏။ ဒရီအက်ပီသည် ဖခင်၏ နွားများကို သူငယ်ချင်း ဂူကွစိုး

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီး **ဟင်းမဒရီးယက်** (Hamadryads) ညီအစ်မများနှင့်အတူ ကျောင်းနေသည်။ အပိုးလိုး ဉာဏ်သမားက သူ့ကိုယ်သူ လိပ်တစ်ကောင်အသွင် **ဖန်ဆင်း** လိုက်၏။ နတ်အပျိုတွေအားလုံး လိပ်ကလေးနှင့် ဆော့ကစားကြသည်။ သို့ရာတွင် ဒရီအက်ပီက လိပ်ကလေးကို ရင်ခွင်မှာ ပွေ့ထားလိုက်သည့်ခဏ၌ လိပ်သည် တရှိန်ထိုး မာန်မူတ်သော မြွေကြီး ဖြစ်သွားလေရာ **ဟင်းမဒရီးယက်** ညီအစ်မတွေ ထိတ်လန့်ထွက်ပြေးကုန်ကြသည်။ ထိုအခါကျမှ **အပိုးလိုးက** ဒရီအက်ပီနှင့် စကြာလက်ရုံး ကြိုးပြီးခုံးသည်။

ဒရီအက်ပီသည် အပိုးလိုးနှင့် **အင်မ်ဖစ်ဆက်စ်** (Amphissus) ခေါ် သားတစ်ယောက် ဖွားမြင်သည်။ ထိုသားက နောင်တွင် **အီးတမြို့** (Oeta) ကို တည်ပြီး ဖခင် အပိုးလိုးနတ် နတ်ကွန်းတစ်ခုကို ဆောက်၏။ ဒရီအက်ပီသည် ထိုနတ်ကွန်း၌ မယ်သူတော် လာလုပ်နေသည်။ သို့ရာတွင် တစ်နေ့၌ ဒရီအက်ပီကို ဟင်းမဒရီးယက် **ညီအစ်မများက** လာခိုးယူသွားပြီး သူ့နေရာတွင် 'ပေါ့ပလာ' ဟု ခေါ်သော သစ်ပင်တစ်မျိုးကို အစား စိုက်ထားရစ်ကြသည် ဆို၏။

အပိုးလိုးသည် အမြဲတမ်း ချစ်ကံမကောင်းချေ။

တစ်ကြိမ်တွင် **အိုင်းဒ** (Ida) အရပ်မှ **မားပက်ဆ** (Marpessa) ကို သူ ခိုးယူမည် ကြံသည်။ **မားပက်ဆက** လင်သားကို သစ္စာမဖောက်သော ကြောင့် အပိုးလိုး ရှုံးခဲ့သည်။

တစ်ကြိမ်တွင်လည်း တောင်စောင့်နတ်သမီးမျိုး **ဒက်ဖနီး** (Daphne) ကို သူ လိုက်၏။ မိလုနီးဆဲဆဲတွင် **ဒက်ဖနီးက** ပထဝီမယ်တော်ကြီးကို တ,ခေါ်သောကြောင့် မယ်တော်ကြီး ဝင်ကယ်ရသည်။ မယ်တော်ကြီးက ဒက်ဖနီး ကို ခရီးတ်ကျွန်းကြီးသို့ သယ်သွားရာ ထိုကျွန်း၌ ဒက်ဖနီးသည် **ပဆစ်ဖအီး** (Pasiphae) ဟူသော **အမည်သစ်နှင့်** ထင်ရှား၏။ ဒက်ဖနီး ရှိရာ မှုလနေရာတွင် မယ်တော်ကြီးက **လောရယ်** (Laurel) ခေါ် အပင်တစ်မျိုးကို ထားရစ်ရာ အပိုးလိုးသည် စိတ်ဖြေသိမ့်ရန် **လောရယ်ရွက်များကို** စည်းခွေလျက် ခေါင်းရစ် လုပ် ဆင်မြန်းသည်။

ဒက်ဖနီးကို သူ ချစ်မိသည်မှာ ကြာပြီ ဆို၏။ **လူးဆစ်ပက်စ်** (Leucippus) ဆိုသူ က အပိုးလိုးနှင့် ပြိုင်၍ **ဒက်ဖနီးကို** ပိုးသည်။ လူးဆစ်ပက်စ်သည် မိန်းမယောင်ဆောင်ပြီး **ဒက်ဖနီး၏** တောင်ပေါ်ကပွဲများတွင် ဝင်ဝင်နွှဲသည်။ ဤအကြောင်းကို နတ်မျက်စိနှင့် သိသော အပိုးလိုးက တောင်ပျော် နတ်သမီး

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မိမိတို့ထဲတွင် မိန်းမချည်းသာ ပါကြောင်း သေချာရန် ရေချိုးကြလျှင် ဝတ်လစ်စလစ် ချိုးကြဖို့ အကြံပေးသည်။ ဤအကြံအတိုင်း လိုက်နာကြ၍ လူ့ဆစ်ပက်စ်ကို မိရာ သူ့ကို နင့်ဖ်နတ်သမီးတွေက တစ်စစီ ဖြစ်အောင် ဆုတ်ဖြဲ ပစ်ကြသည် ဆို၏။

**အပိုးလိုးနှင့်** စပါးတား လူမင်းသားလေး **ဟိုင်းယားဆင်းသက်စ်** (Hyacinthus) တို့၏ ဇာတ်လမ်းကလည်း ရှိသေးသည်။

**ဟိုင်းယားဆင်းသက်စ်**သည် ချောလှလွန်းသောကြောင့် ကဗျာဆရာ **သေးမိရစ်(စ်)** (Thamyris) က ယောက်ျားချင်း ချစ်မိသည်။ လူ့သမိုင်းမှာ ပထမဆုံး 'ဂေး' အချစ်ဟု မှတ်တမ်းပြုကြသည်။ ဟိုင်းယားဆင်းသက်စ်ကို အပိုးလိုးကလည်း မနေနိုင်မထိုင်နိုင် ဝင်ကြိုက်သည်။ ထို့ကြောင့် အပိုးလိုးသည် လည်း နတ်ထဲတွင် ဗွေဆော်ဦး 'ဂေး'အဖြစ် ကျော်ကြားသည်။ အင်း… သူတို့နှင့် ယှဉ်တော့ ကျွန်တော်တို့၏ မောင်မစ္စကမှာ အများကြီး နောက်ကျနေခဲ့သည်။

အပိုးလိုးအတွက် သေးမိရစ်(စ်)သည် အရေးမပြုလောက်သော ပြိုင်ဘက်သာ ဖြစ်သည်။ သေးမိရစ်(စ်)ကလည်း အာချောင်သည်။ မူးဇ်တွေထက်ပင် သူက ကဗျာစွမ်းရည် သာသည်ဟု ကြွားတတ်၏။ ဤအကြောင်းကို အပိုးလိုးက မူးဇ်တို့ထံ သွားတွန်းရာ မမချောတွေက သေးမိရစ်(စ်)၏ မျက်လုံးတွေကို လည်း ကန်းစေ၏။ အသံကိုလည်း ပျောက်စေ၏။ စောင်းပညာကိုလည်း မေ့စေ၏။

အပိုးလိုးသည် တစ်နေ့၌ ဟိုင်းယားဆင်းသက်စ်ကို သံပြားဝိုင်း ပစ်နည်း သင်ပေးနေသည်။ အပိုးလိုး မသိသော်လည်း အနောက်လေမင်းက လည်း ဟိုင်းယားဆင်းသက်စ်ကို ချစ်နေရာ ယခု မစားရသည့် အမဲ သဲနှင့် ပက်တော့၏။ ပစ်လွှတ်လိုက်သော သံပြားဝိုင်းကို အနောက်လေက ကြားမှ ဆီးခံပြီး ဟိုင်းယားဆင်းသက်စ်၏ ဦးခေါင်းဆီ တွန်းလွှတ်လိုက်ရာ ခများ သေပွဲဝင်ရရှာ၏။ သူ့သွေးများမှ **ဟိုင်းယာဆင့်သ် (Hycinth)** ခေါ် ဗေဒါပန်းတစ်မျိုး ပေါက်လာခဲ့သည်။ ထိုပန်းပေါ်တွင် ဟိုင်းယားဆင်းသက်စ်၏ အမည်မှ ပထမ အက္ခရာများ ယခုတိုင် ပေါ်နေသေးသည် ဆို၏။

သစ္စာဖောက်မှုကြီးကြောင့် အပိုးလိုးကို ဇူးစ်က တစ်ကြိမ် ဒဏ်ခတ်ခဲ့ ပုံကို မှတ်မိကြမည်။

နောက်တစ်ကြိမ်တွင်လည်း အပိုးလိုး၏ သား အက်စ်ကလီးပီးယပ်စ် ကြောင့် အမှုပွေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဆေးပညာရှင် ဖြစ်သည်။ သတိဉာဏ် ကင်းလွတ်ပြီး သူတ သေသူတစ်ဦးကို ရှင်အောင် ပြန်လုပ်သည်။

ထိုအခါ မြေအောက် သေရွာကို စိုးသူ ဟေးဒီးစ်က သူ့နိုင်ငံအတွက် လူဦးရေ တစ်ယောက် လျော့သွားသည်ဟု ဇုးစ်ထံ ကန့်ကွက်သည်။ ဇုးစ်က အပြစ်ဒဏ်အဖြစ် အက်စ်ကလီးပီးယက်စ်ကို မိုးကြိုးပစ်သတ်လိုက်၏။

ကြက်ခေါင်းဆိတ် မခံသော အပိုးလိုးကလည်း လက်စားချေသော အားဖြင့် ဆိုင်းကလော့ပ်ကြီးများကို သတ်လိုက်၏။

သူ့လက်နက် ထုတ်လုပ်ပေးသူ ပညာရှင်ကြီးများကို သတ်မှုဖြင့် ဇုးစ်က အပိုးလိုးကို တားတရက်စ် ငရဲဆီ ရာသက်ပန် ပို့တော့မည် ဆုံးဖြတ်တော့ရာ မယ်တော် လီးတိုး ဝင်အသနားခံရတော့သည်။ နောင် မဆိုးစေရန် လည်း အာမခံရသည်။

ဇုးစ်က အပိုးလိုးကို ရာသက်ပန် ငရဲဒဏ်မှ အလုပ်ကြမ်းနှင့် ပြစ်ဒဏ် တစ်နှစ်သို့ လျှော့ပေးသည်။ ထိုတစ်နှစ်တွင် လူဘုရင် **အက်ဒ်မီးတက်စ်** (Admetus) ၏ ကျွန်အဖြစ် အပိုးလိုးသည် သိုးကျောင်းပေးရသည်။

မိခင် လီးတိုး၏ ဆုံးမစကားကို နားထောင်ပြီး အပိုးလိုးက တာဝန် ကျေကျေ ဆောင်ရွက်ရုံမကဘဲ အက်ဒ်မီးတက်စ်ကို ကောင်းကျိုးချမ်းသာ များစွာ ရအောင် မ,သည်။

ထိုအချိန်မှစ၍ အပိုးလိုးသည် ဘဝသင်ခန်းစာ ကောင်းကောင်းရသွားသည် ဆို၏။ ယခုအခါတွင် **'ကိုယ့်ကိုယ်ကိုယ် သိပါ'၊ 'အစွန်းနှစ်ဖက် မသွားနှင့်'** ဟူသော **စကားတို့ကို** သူ့နှုတ်မှ အမြဲရွတ်နေသည် ဆို၏။

မူးဇ် ညီအစ်မတွေကိုလည်း သူတို့ ပျော်ရာ **ဟယ်လီကွန်** (Helicon) တောင်ထက်မှ ဒဲလ်ဖိုင်းသို့ ခေါ်လာခဲ့သည်။

လွတ်တတ်၊ သောင်းကျန်းတတ်သော မစချောတို့ကို ယဉ်ကျေးအောင် ဆုံးမပြီး တည်ငြိမ်ခံ့ညား ဣန္ဒြေရှိသော ထုံးမိစံကျသည့် ကကြိုးကကွက်များ၌ ပါဝင်ရန် အပိုးလိုးကိုယ်တိုင် ခေါင်းဆောင် ဝင်နွှဲနေသည် ဆိုသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၆ ]

# အဲရီးစ်၏ စရိုက်သဘာဝ

‘ကေသရာ ဂြိုဟ်အကြွ၊ နီခထာ စားမူ၊ ချိုမလှ အရှားမူ၊ တစ်ပါးသူ လွှန်မုန်း၊ ချစ်သူမှ သွေဖောက် ရှောင်သည်၊ သေလောက်အောင် ခွေးလိမ့် နှလုံး...’

ကျွန်တော်တို့၏ ဗေဒင် စာက အင်္ဂါဂြိုဟ်၏ သဘောသတ္တိ ကို ဤသို့ ဆို၏။

မာဂဓဘာသာဖြင့် အင်္ဂါ ဂြိုဟ်ကို **အင်္ဂါရ**ဟု ခေါ်သည်။



မားစ်

www.burmeseclassic.com

www.burmeseclassic.com






အဲရီးစ်

အင်္ဂါရ၏ အခြား အဓိပ္ပာယ်များကား မီးကျီး၊ မီးခဲ၊ မီးစ ဟူ၍ ဖြစ်သည်။ ကောင်းကင်မှ အင်္ဂါဂြိုဟ်၏ အရောင်ကလည်း မီးကျီးခဲကဲ့သို့ ရဲရဲနီလေသည်။

ရောမတို့၏ လက်တင်ဘာသာက အင်္ဂါဂြိုဟ်ကို **မားစ်** (Mars) ဟု ခေါ်သည်။ အင်္ဂါနေ့ကိုလည်း မားတစ်(စ်)ဒီးစ် (Martisdies) ဟု ခေါ်၏။

ရောမတို့၏ မားဇ်သည် ဓေါမတို့၏ အဲရီးစ်ပင် ဖြစ်လေသည်။

အဲရီးစ်သည် ဇူးစ်နှင့် ဟီးရာတို့၏ သား ဖြစ်ပြီး သူ့၌ အီးရစ်(စ်) ခေါ် အမြွာနှမတစ်ဦး ရှိကြောင်း ဆိုခဲ့ပြီ။



အီးရစ်(စ်)

အဲရီးစ် ဆိုသော ဓေါမစကား၏ အဓိပ္ပာယ်မှာ ငယ်ရွယ်သော စစ်သည်ဟု ဖြစ်သည်။ အီးရစ်စ်၏ အဓိပ္ပာယ်ကား ပဋိပက္ခ ဟု ရသည်။

အဲရီးစ်ကား ဓေါမတို့၏ စစ်မက် တန်ခိုးရှင်နတ် ဖြစ်သည်။ သူ သွားရာ၊ သူ လုပ်လေရာမှာ သူ့နှမ အီးရစ်(စ်) ပါတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့စာပေ၌ ကျော်ကြားသော ထရွိုင်မြို့ကြီး ပျက်စီးရသည့် ထရိုးဂျင်စစ်ပွဲကြီး ဖြစ်ခဲ့ရသည်မှာ အီးရစ်(စ်) မွေ၍ ဖြစ်သည်။ ခေါမသမိုင်းရိပ်ပြ ဂန္ထဝင်ဇာတ်လမ်းမှ အချင်းချင်း တိုက်ကြရသော စစ်ပွဲကြီးတိုင်းလိုလိုတွင် အဲရီးစ်တို့ မောင်နှမ၏ ပယောဂ ပါသည်။

အဲရီးစ်သည် စစ်မက် ဖြစ်ပွားခြင်းကို အကြောင်းမရှိဘဲ ဗီဇစရိုက်သက်သက်ဖြင့် နှစ်သက် သဘောကျသည်။ သူ့နှမ အီးရစ်(စ်)ကလည်း လူသားတို့ကြား၌ မဟုတ်သတင်းများ ဖြန့်ပေးခြင်း၊ မနာလိုဝန်တိုစိတ်တွေကို ထပ်တလဲလဲ လှုံ့ဆွပေးခြင်းတို့ဖြင့် အမြဲတမ်း စစ်မီး လိုက်မွှေးတတ်သည်။

သူတို့ မောင်နှမ၌ ဘက်လိုက်စရာ မြို့နှင့် လူ ဟူ၍ မရှိ။ စစ်ဖြစ်လာလျှင် စိတ်ပေါက်သည့်အတိုင်း တိုက်ချင်သည့်ဘက်မှ အတော် ဝင်တိုက်ပေးကြသည်။ လူလူချင်း သတ်ကြ၊ မြို့တွေ ရွာတွေ ပျက်ကြလျှင် သူတို့ မောင်နှမ အလွန်နှစ်ထောင်းအားရ ရှိကြသည် ဆို၏။

ဇူးစ်နှင့် ဟီးရာမှ စကာ ကျန်နတ်အားလုံးက သူတို့ မောင်နှမကို မုန်းကြသည်။ အင်း… ခြွင်းချက်တော့ ရှိသည်။ ရမ္မက်နတ်သမီး အက်ဖရာဒိုက်တီးကမူ ဖောက်ပြန်သော ကိလေသာနှင့် အဲရီးစ်ကို တပ်မက်သည်။ သေသူတို့၏ ဝိညာဉ်များ တည်ရာ မြေအောက်ကမ္ဘာကို စိုးသော ဟေးဒီးစ်ကလည်း ရက်စက်သော စစ်ပွဲများ၌ သေပြီး ရောက်ရောက်လာကြသည့် ငယ်ရွယ်ရဲရင့်သူတို့ဖြင့် သူ့နိုင်ငံတွင် ဝိညာဉ်ဦးရေ တိုးသောကြောင့် အဲရီးစ်တို့ မောင်နှမကို အလွန်ချစ်သည် ဆို၏။

အဲရီးစ်ကား အမြဲတမ်း အောင်နိုင်သူတော့ မဟုတ်။ စစ်နတ်သမီးကြီး အသီးနီးက သူ့ထက် ပိုရဲရင့်ပြီး သူ့ထက် တိုက်ရည်ခိုက်ရည် ပြည့်ဝသည်။ အဲရီးစ်ကို အသီးနီးက နှစ်ကြိမ်တိုင်တိုင် စစ်ပွဲ၌ အနိုင်ယူလျက် မှတ်လောက်အောင် ဆုံးမဖူးသည်။ တစ်ခါကလည်း အလိုးအစ်ဒ်စ် (Aloeids) ခေါ် ဘီလူးညီနောင်က အဲရီးစ်ကို အနိုင်ယူလျက် ဖမ်းဆီးပြီး ကြေးဝါအိုးကြီးတစ်လုံးတွင်း၌ ဆယ့်သုံးလတိတိ လှောင်ပိတ်ထားရာ ဟားမီးဇ် လာ၍ကယ်ထုတ်လေပါမှ အသက်ငွေ့ငွေ့လေးနှင့် ထွက်လာရသည်။ အခြားတစ်ခါ၌လည်း သူ့ရဲဘောင်း ဟီးရာကလီးစ် (Heracles) (ဟာကြူလီ)က လိုက်တိုက်သဖြင့် အဲရီးစ်ခမျာ မြေပြင်မှ အိုလင်ပတ်စ် တောင်ထိပ်ဆီ ကြောက်အားလန့်အားဖြင့် ပြန်ပြေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲရီးစ်သည် မာနကြီးလှပြီး တရားသဖြင့် ပဋိပက္ခ ပြေအေးငြိမ်းချမ်းမှုကို စက်ဆုပ် မုန်းတီးလေရာ တရားလိုအဖြစ်ပင် တရားရုံးတော်သို့ သွားလိုသူ မဟုတ်ပေ။ သို့ရာတွင် တစ်ချိတွင်ကား အဲရီးစ် ရုံးတော်ကို တရားခံအဖြစ် ရင်ဆိုင်ရသည်။

သူက ပိုးဆိုက်ဒင်၏ သား **ဟလာရာသီးယက်စ်** **(Halirrhothius)** ကို မဆင်မခြင် ရန်ပြုးတကြီး သတ်ခဲ့သည်။ သူ့ဆွေတော်မျိုးတော် နတ်အပေါင်းက သူ့ကို နတ်ခုံရုံးတင်၍ တရားစွဲတော့သည်။ အဲရီးစ်က မိမိ၏သမီး **အယ်လ်ဆက်ပီး** (Alcippe) ကို ဟလာရာသီးယက်စ်က အဓမ္မပြုကျင့်ရန် ကြိုးစားသောကြောင့် မိမိက ကာကွယ်ခုခံရင်း သတ်ခဲ့ရသည်ဟု ထုချေသည်။ အယ်လ်ဆက်ပီးကလည်း မှန်ကန်ကြောင်း သူ့အဖေဘက်က ထောက်ခံသည်။ အခြားသက်သေများ မရှိသောကြောင့် နတ်ခုံရုံးက အဲရီးစ်ကို တရားသေ လွှတ်ပေးလိုက်ရသည်။ ဤအမှုသည် ကမ္ဘာ၏ ပထမဆုံး လူသတ်မှု ဖြစ်သောကြောင့် အမှုစီရင်ရာတောင်သည် အေသင်မြို့ **အက်ကရိုပလစ်(စ်)တောင်တော်**၏ အနောက်ဘက်၌ **အရီယိုပဂက်စ်** (Areiopagus) ဟူသော အမည်နှင့် ယခုတိုင် တည်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၇ ]

# ဟီဖီစတက်စ်၏ စရိုက်သဘာဝ



ဟီဖီစတက်စ်

**အဲရီးစ်၏** ညီကား ကျွန်တော်တို့ သိပြီးခဲ့သော ခေါမ ပန်းပဲ မောင်တင့်တယ် **ဟီဖီစတက်စ်** ဖြစ်လေသည်။ ပန်းပဲဆရာသာ ဆိုသည်၊ ဟီဖီစတက်စ်သည် ပန်းထိမ်လည်း တတ်သည်။

မွေးစက သူ့ခများမှာ ကြဲ့ကြဲ့လိုလို သေးသေးကွေးကွေး နှင့် မစွမ်းမသန်လေး ဖြစ်လေရာ ရှုံ့ရှာစက်ဆုပ်သော သူ့အမေ ဟီးရာက ရှက်လည်း ရှက်လှသောကြောင့် လူမသိ နတ်မသိအောင် သူ့ကို အိုလင်ပတ်စ် တောင်ထိပ်မှ ပစ်ချ ဖျောက်ဖျက်ခဲ့သည်။ သို့ရာတွင် ပင်လယ်တွင်း၌ ကျလေ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မကျိုးမပဲ့ဘဲ ချမ်းသာရာရသွား၏။ နင့်ဖ်နတ်သမီး သီးတစ်(စ်)နှင့် ယူးရီနမီးတို့က ဆယ်ယူ မွေးစားပြုစုထားကြ၏။

သနား ကြင်နာတတ်သော ဤနတ်သမီး နှစ်ဦးတို့က ပင်လယ်အောက် ရှိ လိုဏ်ဂူတစ်ခုတွင်း၌ သူ့ကို သိုသိုသိပ်သိပ် ဖုံးဖုံးဖိဖိ ထားရှိခဲ့ကြသည်။ သူက ဤလိုဏ်ဂူအတွင်း၌ သူ၏ ပထမဆုံးဖြစ်သော ပန်းပဲဖို၊ ပန်းထိမ်ဖိုတို့ကို ထောင်၏။ မွေးစားမိခင် နှစ်ဦးကို ကျေးဇူးဆပ်သောအားဖြင့် လက်ဝတ်လက်စား ရတနာ အမျိုးမျိုး၊ အသုံးအဆောင် ကိရိယာ အမျိုးမျိုးတို့ကို သူက လုပ်ပေးသည်။

ကိုးနှစ် ကြာသွားသည်။

တစ်နေ့တွင် သီးတစ်(စ်)နှင့် ဟီးရာတို့ အမှတ်မထင် ဆုံမိကြသည်။

ဖြစ်ချင်တော့... သည်အချိန်တွင် သီးတစ်(စ်)က သူ့ မွေးစားသား၏ လက်ရာ ဖြစ်သော လှပသည့် ရင်ထိုးကြီးတစ်ခုကို ဆင်ထားသည်။

"အလိုတော်... လှလှချည်လား၊ အံ့လောက်ပါပေရဲ့။ လောကကြီး ဘယ်နေရာကနေ ညည်း ဒီရင်ထိုးကြီး ရခဲ့တာလဲ"

ဟီးရာ စုံစမ်းသည်ကို သီးတစ်(စ်)က ရုတ်တရက် အမှန်မဖြေ။ လှည့်ပတ် ကွယ်ဝှက်နေရှာသေး၏။

သို့ရာတွင် ဟီးရာ ဆိုသည်က ဟီးရာ...။ နတ်ဘုရင်ကြီး၏ မိဖုရားခေါင် ကြီး။ တန်ခိုးကလည်း ကြီးပါဘိ။ အလိုကလည်း ကြီးပါဘိ။ အလှကလည်း ကြိုက်ပါဘိ။ အဟင်း... ကောင်းတာလေးများ ဆိုလျှင် အလွန်ကြိုက်၊ သေလု အောင် ကြိုက်။



ဟီးရာ

ဟီးရာက မရမနေ နင်းစစ်၊ နင်း အစ်တော့ရာ နောက်ဆုံးတော့ သီးတစ်(စ်) ခမျာ အမှန်ကို ဖွင့်ဟပြောရတော့၏။

ချက်ချင်းပင် ဟီးရာက ဟီဖီစတက်စ် ကို အိုလင်ပတ်စ်တောင်တော်ထိပ်သို့ ပြန်ခေါ် သွားသည်။ ပိုမိုကောင်းမွန်ပြည့်စုံသည့် ပန်းပဲ ပန်းထိမ် အလုပ်ရုံတစ်ခုကိုလည်း တည်ထောင် ပေးသည်။ ထိုအလုပ်ရုံတွင် နေ့ရော ညပါ မနားဘဲ အလုပ်လုပ်နေသည့် ဖားဖိုကြီး နှစ်ဆယ် ရှိသည် ဆို၏။ ဟီဖီစတက်စ်လည်း

www.burmeseclassic.com



ပန်းပဲ၊ ပန်းထိမ်ပညာတို့ကိုစိုးသည့် ကောင်းကင်ဘုံ၏ တော်ဝင်နန်းသုံး နတ်မင်း ဖြစ်လာသည်။ ဟီဖီစတက်စ်ဟူသော အမည်မှာလည်း နေ့ခင်း၌ပင် ကိုယ်ရောင် ထွန်းတောက်သူဟု အဓိပ္ပာယ် ရှိသည်။

ယခုအချိန်တွင်တော့ ဟီဖီစတက်စ်သည် ဟီးရာ၏ ငါ့သား၊ မေမေ့ သား၊ အာဂသားကြီး ဖြစ်သွားကာ အထူးမြှောက်စားခြင်း ခံရသည်။ သူ့အာဂ သားကြီးကို အချစ်နတ်သမီး အလှပဂေး အက်ဖရာဒိုက်တီးနှင့် ရအောင်လည်း ဟီးရာက စီစဉ်တော့သည်။

အင်း… အရုပ်ဆိုးသည့် သူများသည် ချောသည့် မိန်းမကိုမှ ရတတ် သည်ဟူသော မြန်မာစကား ရှိသည်။ ဤစကားသည် ကမ္ဘာဦးကတည်းက မှန်သည်။

BURMESE CLASSIC

နတ်ယောက်ျားတကာတို့ တပ်မက်သော အက်ဖရာဒိုက်တီးကို ဟီးရာ အလိုကျ ဟီဖီစတက်စ်နှင့် ဇုစ်က ပေးစားခဲ့လေ၏။

ဟီဖီစတက်စ်ကလည်း သူ့အမေနှင့် အလွန်အဖွဲ့ကျသွားသည်။ မည်မျှ အဖွဲ့ကျသနည်းဆိုသော်… ကောင်းကင်ဘုံတော် သစ္စာဖောက်မှုကြီးကြောင့် ဟီးရာကို လက်နှစ်ဖက်မှ ကြိုးဆွဲကာ လေဟာနယ်၌ တွဲလောင်းချလျက် အပြစ်ပေးသောအခါ ခမည်းတော်ဇုစ်ကြီးကို ဟီဖီစတက်စ်က ဝေဖန် အပြစ် ပြောသည်။

အမှန်က… မေမေ့ အာဂသားကြီး ပါးစပ် ပိတ်နေလျှင် ပညာရှိ သည်ဟု ကောင်းကင်ဘုံ သမိုင်းပညာရှင်တို့က ဆိုကြမည်။

ယခုတော့… ဒေါသအိုး ပေါက်ကွဲနေသော ဇုစ်က ဟီဖီစတက်စ်ကို အိုလင်ပတ်စ် တောင်တော်ထက်မှ ကိုင်ပေါက် ပစ်ချလိုက်သည်။

ဒုတိယအကြိမ် တောင်ထိပ်မှ ကျခြင်း… မြေပြင်ရောက်အောင် ဟီဖီစတက်စ်ခမျာ တစ်နေ့လုံး ကျသွားသည် ဆို၏။

သည်တစ်ခါတော့ မသက်သာ။

လင်မနော့စ် (Lemnos) ကျွန်းပေါ် ကျ၍ မြေပြင်နှင့် ကိုင်ရိုက်သကဲ့ သို့ ဖြစ်ကာ ဟီဖီစတက်စ်၏ ခြေနှစ်ချောင်းလုံး သွင်သွင်ကျိုးသွားသည်။ သေမျိုးမဟုတ်သော နတ် ဖြစ်သောကြောင့် မသေသာ မသေသည်၊ သူ့ကို ကျွန်းသားများက တွေ့သောအခါ၌ အသက် ဖုတ်လှိုက်လေးသာ ရှိတော့သည် ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



**ချောင်အခါ** ရှူးစ်က သူ့ကို ခွင့်လွှတ်ပြီး အိုလင်ပတ်စ်တောင်တော် ဆော်၌ ပြန်လက်ခံ နေရာပေးသည်။ သို့ရာတွင် ရွှေခြေထောက်တု ထောက်ကူ ဘယ်ထားမှ လမ်းလျှောက်နိုင်သည့် 'ဖိုးထော့ကျိုး'ကြီး ဖြစ်နေရရှာတော့သည်။

ခြေထောက်က ထော့ကျိုး၊ အရုပ်ကလည်း ဆိုးရသည့်ထဲတွင် ဟီဖိစတက်စ်သည် အလွန်စိတ်တိုတတ်ပြီး ဒေါသကြီးသည် ဆို၏။ သို့ရာတွင် သူ့ပခုံးနှင့် လက်ရုံးများက စွမ်းသန်လှပြီး သူ့လက်ရာ ပစ္စည်းများက လက်ရာမြောက်သည့် နေရာတွင် ပြိုင်စံမရှိ ဆို၏။

တစ်ခါက အလုပ်ရုံတွင် သူ့ကို ကူရန် ရွှေနှင့်ပြီးသော မိန်းမစက်ရုပ် များ သူ လုပ်ထားသည် ဆို၏။ ထိုရွှေရုပ်မများသည် စကားပြောနိုင်ပြီး တာဝန် ပေးသမျှ အလုပ်ကို မည်မျှ ခက်ခက် ပြီးမြောက်အောင် လုပ်ပေးနိုင်ကြသည် ဆို၏။ သူ့အလုပ်ကို ဝန်းပတ်ချထားသော ရွှေဘီးတပ် အခြေ သုံးချောင်း ရှိသည့် စားပွဲများလည်း ရှိလေသေးသည်။ ဤစားပွဲများက သူတို့ဘာသာ အလိုအလျောက် နတ်သဘင် အစည်းအဝေးများဆီ သွားခြင်း၊ ယင်းအစည်းအဝေး များမှ ပြန်လာခြင်း ပြုနိုင်ကြသည် ဆို၏။

ယနေ့ ၂၀ ရာစုနှစ် ကုန်ခါနီး၌ ခေတ်စားလာသော ရိုးဘက်တစ်(စ်) (Robotics) ခေါ် ယန္တရားစက်ရုပ်လူ ဖန်တီးသည့် ပညာကို ကမ္ဘာဦးကတည်း က ဟီဖိစတက်စ်က တတ်ပြီး ဖြစ်နေဟန်တူလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၈ ]

# အသီးနီး၏ စရိုက်သဘာဝ

ဇုးစ်ကြီး၏ ဦးခေါင်းမှ ဖွားခဲ့သော စစ်နတ်ဒေဝီကြီး အသီးနီးကား အိုလင်ပီယင် တန်ခိုးရှင်တွေအနက် ဇုးစ်ကြီး ပြီးလျှင် တန်ခိုးအထက်ဆုံးသူဟု ဆိုနိုင်လေသည်။ ခေါမတိုင်း၏ ယနေ့ မြို့တော် အေသင်ဇ်မြို့၏ 'မယ်တော်ကြီး' တည်း။



အသီးနီး

အသီးနီးသည် လူတို့အတွက် ပလွေ၊ ခရာ၊ မြေအိုး၊ ထယ်၊ ထွန်၊ နွားထမ်းပိုး၊ မြင်းကကြိုး၊ မြင်းရထားနှင့် သင်္ဘောတို့ကို တီထွင် ဖန်တီးပေးခဲ့သည် ဆို၏။ လူတို့ကို ဂဏန်း အရေအတွက်လည်း သင်ပေးသည်။ မိန်းမသားများကို မိန်းမသားတို့ တတ်အပ်

www.burmeseclassic.com

www.burmeseclassic.com



သော အချက်အပြုတ်၊ မိုင်းငင်ချည်ကျစ်၊ ရက်ကန်းအတတ်များကို သင်ပေးသေးသည်။

စစ်နတ်ဒေဝီကြီး ဖြစ်သော်လည်း အဲရီးစ်ကဲ့သို့ အသားလွတ် စစ်တိုက်ခိုက်နေရခြင်း၌ အသီးနီး မပျော်ပိုက်။ သူ တကယ်ပျော်ပိုက်သည်ကား ငြိမ်းချမ်းသော နည်းဖြင့် ပဋိပက္ခတို့ကို ဖြေရှင်းပေးခြင်း၊ တရားဥပဒေ စိုးမိုးရေးကို ဆောင်ရွက်ပေးခြင်းတို့၌သာ ဖြစ်လေသည်။ ငြိမ်းချမ်းချိန်၌ အသီးနီးသည် လက်နက် ကိုင်ဆောင်လေ့ မရှိ။ အကယ်၍ လက်နက် ကိုင်ဆောင်ရန် လိုလာပါကလည်း ဇူးစ်ထံမှ ခေတ္တငှားရမ်းသုံးလေ့ ရှိသည်။

အသီးနီး၏ ပင်ကိုသဘာဝက ကရုဏာ အလွန်ကြီးမားသည်။ တရားရုံး၌ ခုံအဖွဲ့ဝင်အဖြစ် အသီးနီး ထိုင်လျှင် ခုံအဖွဲ့ဝင်တို့ ရာဇဝတ်ပြစ်မှု၌ ပြစ်ဒဏ်ပေးရေး၊ မပေးရေး မဲညီနေသောအခါ အဆုံးအဖြတ် ဖြစ်မည့် မဲကို အသီးနီးပေးသည်။ ထိုမဲသည် အမြဲတမ်း အပြစ်လွတ်ရေး မဲသာ ဖြစ်လေသည်။

သို့ရာတွင် စစ်တိုက်ရပြီဟော ဆိုလျှင်ကား အသီးနီးသည် အနိုင်သာ တိုက်တတ်သည်။ နည်းဗျူဟာ၊ မဟာဗျူဟာတို့၌ ပိုမိုကျွမ်းကျင်လိမ္မာသော အသီးနီးသည် ဝါသနာရှင် စစ်နတ် အဲရီးစ်ကိုပင် အနိုင်ရသည်။ ထို့ကြောင့်လည်း လူသား စစ်တပ်မှူးတို့သည် အသီးနီးကို ဆည်းကပ်ကိုးကွယ်ပြီး အကြံဉာဏ်ရယူကြသည်။

အသီးနီးသည် အပျိုစင်စစ်စစ်အဖြစ်နှင့်သာ နေသည်။ အေသင်ဇ်၏ မြို့သူမြို့သားများက သူတို့ နတ်ဒေဝီ၏ အပျိုစင်အဖြစ် သဘောကို သူတို့မြို့၏ ရန်သူ မဖျက်နိုင်ခြင်း သဘော သင်္ကေတ နိမိတ်ပုံအဖြစ် ဆောင်ထားကြသည်။

အပျိုစင်ကြီး အသီးနီးကို ချစ်သူတွေ ဝိုင်းဝိုင်းလည်နေ၏။

နတ်မင်းတွေကလည်း ချစ်ကြသည်။ တိုင်းတန်တွေကလည်း ကြိုက်ကြသည်။ ဘီလူးကြီးများကလည်း လိုချင်ကြသည်။ သို့ရာတွင် ချစ်ရေးမြွက်လာ ကြိုက်လာသူ အားလုံးကို အသီးနီးက ပယ်ထုတ်သည်။

အင်း--- ယင်ဖိုပင် အသမ်းမခံချင်သော အပျိုစင်ကြီး အသီးနီးခမျာ တစ်ခါတွင် ကိုယ်ကျိုးနည်းလုလု ဖြစ်သွားသည်။

ထရိုးဂျင်စစ်ပွဲကြီး (Trojan War) အတွင်း၌ ဖြစ်သည်။ ဟယ်လင် (Helen) ခေါ်သော လှတစ်မျက်နှာအတွက် ခေါမတွေနှင့် ထရိုင်မြို့သား

www.burmeseclassic.com



ထရိုးဂျင်တို့ ကြီးမားရှည်ကြာလှသော စစ်ပွဲကြီး ဆင်နွှဲကြသည်။ ဖူးစ်ကြီးမှ လွဲ၍ ကျန်နတ်မင်းတွေ နတ်ဒေဝီတွေက ဟိုဘက်သည်ဘက်မှ ဝင်တိုက်ပေးသည်။

အသီးနီးက ခေါမတွေဘက်မှ ဝင်တိုက်ပေးရာ ကြားနေသူ ဖူးစ်ထံ လက်နက်များ ငှား၍မဖြစ်။ သည်တစ်ကြိမ်တော့ ကိုယ်ပိုင်လက်နက် ရှိမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ပြီး အသီးနီးသည် ပန်းပဲမောင်တင့်တယ် ဟီဖိစတက်စ်ထံမှ လက်နက်တစ်စုံ ဝယ်ယူရန် ချဉ်းကပ်၏။ ဟီဖိစတက်စ်က အခကြေးငွေ မယူပါ။ ချစ်ခြင်းမေတ္တာအတွက် လုပ်ပေးပါမည်ဟု ယောက်ျားတို့ မာယာနှင့် ဆိုသည်။



တယ်လင်

အပျိုစင်ကြီးက ဤစကားထာကို နားမလည်။ မေတ္တာသန့်သန့်နှင့် ကူညီမည်ဟုသာ ယုံကြည်သွား၏။

ထို့ကြောင့်လည်း ရဲရဲနီသော သတ္တုတို့ကို ဟီဖိစတက်စ် ပုံသွင်းထုရိုက်နေစဉ် အနီးကပ် လေ့လာရှုကြည့်ရန် ပန်းပဲဖိုတွင်းသို့ အသီးနီးသည် လိပ်ပြာသန့်သန့်နှင့် ဝင်ရောက်လာခဲ့သည်။

အလစ် တစ်ခဏ၌ ဟီဖိစတက်စ်က အပျိုစင်ကြီးကို လှည့်ပတ်၍ 'ချစ်စထုံးနှောင်၊ ပျော်ရအောင်' ကြိုးစားတော့သည်။

အမှန်မှာ သူ့သဘာဝအတိုင်း ဆိုလျှင် ဟီဖိစတက်စ်သည် ဤမျှ ရမ်းကားတတ်သူ မဟုတ်။ ခမျာမှာ ပိုးဆိုက်ဒင် အရွှံးလုပ်သည်ကို အဟုတ် ယုံမိသောကြောင့် ဖြစ်ရလေသည်။

ပိုးဆိုက်ဒင်က တည်တည်နှင့် ဖြီးခဲ့သည်။ ဖူးစ်ကြီးက အသီးနီးကို ဟီဖိစတက်စ်နှင့် သဘောတူလိုက်ပြီ ဖြစ်ကြောင်း၊ သူ့ထံသို့ 'ချစ်မျှော်လင့်ချက်ကြိုး'နှင့် အသီးနီး လာလိမ့်မည် ဖြစ်ကြောင်း၊ ထို့ကြောင့်…

"လက်နှေးမနေနဲ့ ကိုယ့်လူ" ဟု မြှောက်ပေးထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော်… အူပါဘိ ဟီဖိစတက်စ်ကယ်လေး… ။ လူကဖြင့် နတ်တွေထဲ အကျည်းအတန်ဆုံး။

အငိုက်မိ၍သာ သူ့ရင်ခွင်တွင်း ခဏရောက်သွားခဲ့ရသော်လည်း အသီးနီးက မိမိကိုယ်ကို ရုန်းခွာ ထွက်လိုက်နိုင်သည်။

ဟီဖိစတက်စ်ထံမှ အချည်းနှီး ဖြစ်သွားသော ဗီဇမျိုးရည်သည် အသီးနီး၏ ဒူးအထက် ပေါင်သား တစ်နေရာကို ထိမှန် ပေကျံစေသည်။

ထိုဗီဇမျိုးရည်ကို အသီးနီးက သိုးမွေး လက်တစ်ဆုပ်နှင့် သုတ်ပစ်ပြီး ရွံရွံရှာရှာ စက်စက်ဆုပ်ဆုပ်ဖြင့် လွှင့်ပစ်လိုက်၏။ ဖြစ်ချင်တော့… ထိုဟာတွေက အေသင်ဇ်မြို့အနီး မြေဆီ အလည်အပတ် ရောက်နေသော ဂျီးယာ ကိုယ်ပေါ် ကျလေရာ ဂျီးယာ၌ သန္ဓေတည်တော့သည် ဆိုသတည်း။

ဒုက္ခ… အင်း… ဒုက္ခ။

မွေးလာသော ကလေးကို သူ ဆက်လက် တာဝန်မယူနိုင်ကြောင်း ဂျီးယာက ခါးခါးသီးသီး ငြင်းပယ်တော့၏။

ဩော်… အသးနီးက ကရုဏာစရိုက် ရှိသူ။

"ကောင်းပါပြီ… ဒီကလေးကို ကျွန်မပဲ မွေးမြူပါ့မယ်"

ဟု ဆိုပြီး အသီးနီးက မွေးစ ကလေးကို လက်ခံယူသည်။ **အီးရစ်သနီးယက်စ်** (Erichthonius) ဟုလည်း အမည်ပေးသည်။ 'မြေပြင်မှ သိုးမွေး' ဟု အဓိပ္ပာယ်ရသည်။ အင်း… မောင်မြေသိုးမွေး၊ သည်လို ခေါ်ရမည်။ မောင်မြေသိုးမွေးကား… လူတစ်ပိုင်း၊ မြွေတစ်ပိုင်း ဖြစ်သည် ဆို၏။

သူ့ ချောက်ချားမှု အောင်သည်ဟု ပိုးဆိုက်ဒင် ဟားတိုက် မရယ်နိုင်အောင် အပျိုစင်ကြီးက ကလေးကို ခြေရာဖျောက် မွေးမြူသည်။

အက်တ်ကနယ် ဘုရင် ဆီးကရော့ပ်ကို မှတ်မိကြမည် ထင်ပါသည်။ သူ့ကိုယ်ကလည်း လူတစ်ပိုင်း နဂါးတစ်ပိုင်း။ သူက အေသင်ဇ်မြို့ကို တည်ပြီး အသီးနီးကို ကိုးကွယ်သည်။ သတ်ရှိသည့်ဘဝကို သတ်၍ ယစ်ပူဇော်ခြင်းအလေ့ကို တားမြစ်ပြီး ဘာလီနှင့် လုပ်သော မုန့်ကို ပူဇော်ပစ္စည်းအဖြစ် အစားထိုးသည်။ တစ်လင် တစ်မယား စနစ်ကိုလည်း စတင် ပြဋ္ဌာန်းသည်။

ဆီးကရော့ပ်၏ မိဖုရားကား **အာဂရော့လက်စ်** (Agraulos) ဖြစ်သည်။ **အာဂလေ့ရက်စ်** (Aglauros)၊ **ဟားဆီး** (Herse)၊ **ပင်ဒရိုဆက်စ်** (Pandrosos) ဟူသော သမီး သုံးဦး ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြေသိုးမွေးကို သိဒ္ဓိနှင့်ပြီးသော ခြင်းတောင်းတစ်ခုတွင်း၌ ဝှက်၍ အသီးနီးက ဆီးကရေပ်၏ အကြီးဆုံးသမီးတော် အဂလူးရက်စ်၏ လက်သို့ အပ်၏။ ဤခြင်းတောင်းကို ဂရုတစိုက် စောင့်ရှောက် ကာကွယ်ရန်လည်း အမိန့်ထားခဲ့၏။

နောင်တွင် ဟားမီးဇ်က ဟားဆီးကို ကြိုက်ပြီး အောင်သွယ် လူယုံအဖြစ် အဂလူးရက်စ်ကို သိမ်းသွင်း၍ ရွှေများကို တံစိုးလက်ဆောင်အဖြစ် ပေး၏။ အဂလူးရက်စ်က ရွှေများကိုတော့ယူသည်။ သို့ရာတွင် ဟားဆီးကို မနာလိုသောကြောင့် အောင်သွယ်ဝတ်ကျေအောင်ကား ဘာမျှ လုပ်မပေးဘဲ နေသည်။

နတ်နှင့် နဂါး မလှည့်စားရ၊ အထူးသဖြင့် ဟားမီးဇ်လို ရှစ်စပ်ကလည်သောနတ်ကို မလှည့်စားရ။

ဟားမီးဇ်သည် အကရိုပလစ်(စ်)တောင်ကုန်းပေါ်ရှိ အဂလူးရက်စ်တို့၏ အခန်း သုံးခန်းပါ အိမ်တော်တွင်းသို့ ဒေါသမုန်တိုင်းနှင့် ဝင်လာခဲ့ပြီး အဂလူးရက်စ်ကို ကျောက်တုံးတစ်တုံး ဖြစ်အောင် လုပ်လိုက်သည်။ ဟားဆီးကိုလည်း ဖွတ်သိမ်းပိုက်တော့ရာ ဟားမီးဇ်နှင့် သင့်၍ ဟားဆီးသည် သားနှစ်ယောက် ရ၏။

သားနှစ်ဦး ဖွားပြီးမှ ဟားဆီးသည် ကျောက်တုံး ဖြစ်မသွားမီ အဂလူးရက်စ် ဂရုတစိုက် ထိန်းသိမ်း စောင့်ရှောက်ထားသော ခြင်းတောင်းကို စပ်စုလိုစိတ် ပေါ်လာသည်။

ဟားဆီးနှင့် ပင်ဒရိုးဆက်စ်တို့သည် မိခင် အဂရူးလက်စ်နှင့်အတူ ခြင်းတောင်း အဖုံးကို လှစ်၍ ချောင်းကြည့်ရာ ခြေတွေ နေရာတွင် မြွေ၏ အမြီးပေါက်နေသော ကလေးတစ်ကောင်ကို တွေ့ကြရသည်။

ထိတ်လန့် ရူးသွပ်သွားသော သားအမိ သုံးဦးတို့သည် ယယ်သံပါအောင် အော်၍ အကရိုပလစ်(စ်)တောင်ကုန်းပေါ်မှ ခုန်ချပြီး သေကုန်ကြသည်။

ထိုအချိန်၌ အကရိုပလစ်(စ်) တောင်ကုန်းကို တိုးချဲ့ အခိုင်အမာ ဆောက်လုပ်ရေးအတွက် အသီးနီးက ရောမကျောက်တုံးကြီးတစ်တုံးကို သယ်ဆောင်လာနေဆဲ ဖြစ်၏။ ဟားဆီးတို့၏ အမင်္ဂလာသတင်းကို ကျီးဖြူတစ်ကောင်က အသီးနီးအား ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



အသီးနီး လက်တွင်းမှ ကျောက်တုံးကြီး လွတ်ကျသွားရာ မြေပြင်အရောက်တွင် **လိုက်ကဘက်တက်စ်** (Lycabettus) တောင်ကြီး ဖြစ်သွားသည်။ အမင်္ဂလာသတင်းပို့သူ ကျီးဖြူကိုလည်း အသီးနီးက အရောင်ပြောင်းပစ်လိုက်ရာ ကျီးမည်း ဖြစ်သွားတော့၏။ နောင်အခါ အကရိုပလစ်(စ်)တောင်တော်ထိပ်သို့ ကျီးများ ပျံမလာရဟုလည်း အသီးနီးက တစ်ချက်လွှတ် အမိန့်ချလေ၏။

စောင့်ရှောက်မည့်သူ မရှိတော့သော အီးရစ်သနီးယက်စ်သည် အသီးနီး၏ ဒိုင်းကြီးတွင် ဝင်ခိုလှုံနေသည်။ အသီးနီးကလည်း အလွန်ယုယကြင်နာစွာ မွေးမြူထားရာ အများက သားအမိဟု ထင်ကြသည်။



ဩရိုက်ဂ

နောင်တွင်ကား အီးရစ်သနီးယက်စ်သည် အေသင်စ်မြို့၏ ဘုရင် ဖြစ်လာခဲ့သည်။ အသီးနီး ကိုးကွယ်မှုကို 'မြို့တော်ဘာသာ' ပြုလုပ်ခဲ့သည်။ မြို့တော်သားတို့ကိုလည်း ငွေသတ္တု အသုံးပြုနည်း သင်ပေးခဲ့သည်။ မြင်းလေးကောင် ကသော စစ်ရထားကိုလည်း တီထွင်ခဲ့သည်။ သူ့သဏ္ဌာန်ကို ကောင်းကင်၌ ကြယ်များဖြင့် ပုံဖော်ထားရာ **ဩရိုက်ဂ** (Auriga) နက္ခတ်ဟု ခေါ်သည်။ ရထားစစ်သည်ဟု အဓိပ္ပာယ်ရသည်။

အသီးနီးသည် မကြွားမဝင့် ဟိတ်ဟန်မကြီးဘဲ နေတတ်ရာ အားတမစ်(စ်)နှင့် တူသည်။ သို့ရာတွင် ရက်ရောမှု၌ အသီးနီးက သာသည်။

တစ်ခါက အသီးနီး ရေချိုးနေသည်ကို မရည်ရွယ်ဘဲနှင့် မတော်တဆ **တေးရက်ဆီးယက်စ်** (Teiresias) ဆိုသူခမျာ သွားဝင်တိုးသည်။ အရှက်ကြီးသော အပျိုစင်ကြီးက **တေးရက်ဆီးယက်စ်၏** မျက်လုံးများကို လက်နှင့်လွှမ်းအုပ်လျက် ကန်းစေလိုက်၏။ နောင်အခါတွင် ကရုဏာသက်သွားသော အသီးနီးက မျက်ကန်းကြီး **တေးရက်ဆီးယက်စ်** ကိုယ်တွင်းသို့ ကြိုတင်နိမိတ်ဖတ် သိနိုင်သော တန်ခိုးကို အစားထိုး ထည့်ပေးလိုက်ရာ တေးရက်ဆီးယက်စ်သည် အနာဂတ်ကို ဟောနိုင်သည့် မှော်ဝိဇ္ဇာကြီး ဖြစ်လာခဲ့လေသည်။

သေးသိမ်သော မနာလိုစိတ်ကြောင့် အမှားတစ်ခုကိုသာ သူ့ဘဝ၌ အသီးနီး လုပ်ခဲ့မိဖူးသည် ဆိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လစ်ဒီယာနယ် **ကိုလိုဖုန်း** (Colophon) မြို့သည် အဝတ်အစားတို့အတွက် သုံးသော ခရမ်းနုရောင် ဆိုးဆေးကြောင့် နာမည်ကျော်ကြားသည်။ ကိုလိုဖုန်းမြို့မှ **အရက်ကနီး** (Arachne) ဟု ခေါ်သော မင်းသမီးလေးသည် ရက်ကန်းရက်ရာ၌ တော်လှသည် ဆို၏။ ရက်ကန်းပညာတွင် အရက်ကနီးကို အသီးနီးပင် မယှဉ်နိုင်ဟု လူတို့က ပြောကြသည်။

အရက်ကနီး ရက်ကန်း ရက်ရာသို့ အသီးနီး သွားကြည့်သည်။ အရက်ကနီးက အိုလင်ပီယင်တောင်တော်ထက်မှ ချစ်ရေးချစ်ရာ ဇာတ်များ ဖော်ရက်ထားသည့် ပိတ်အထည်တစ်ခုကို ပြ၏။

အပြစ်တစ်စေ့ မိရန် အသီးနီးက ကြိုးစားပမ်းစား ရှာသည်။ မတွေ့။ မနာလိုသောစိတ် ဒေါသနှင့် အသီးနီးက ပိတ်ထည်ကို ဆုတ်ဖြဲပစ်သည်။

ကြောက်ရွံ့လှသော အရက်ကနီးက အိမ်ခေါင်မိုး ဒိုင်းမှ ကြိုးဆွဲချသည်။

သို့ရာတွင် အသီးနီးက အရက်ကနီးကို မိမိ အမုန်းဆုံး သတ္တဝါဖြစ်သည့် ပင့်ကူ ဖြစ်အောင် လုပ်လိုက်သည်။ ကြိုးကိုလည်း ပင့်ကူအိမ် ဖြစ်စေလိုက်၏။ ပင့်ကူမျှင်ကြိုးလေးကို ဆွဲ၍ ပင့်ကူမလေး အရက်ကနီးခမျာ ဘေးကင်းရာသွားခဲ့သည် ဆိုသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၉ ]

# အားတာမစ်(စ်)၏ စရိုက်သဘာဝ


အားတာမစ်(စ်)

အပိုးလိုးအကြောင်း ဖတ်ပြီးသော စာရှုသူသည် သူ့အစ်မ အားတာမစ်(စ်)ကို မှတ်မိပေလိမ့်မည်။

ရောမတို့က သူ့ကို 'ဒိုင်ယင်နာ' (Diana) ဟု ခေါ်ကြသည်။ အနောက်နိုင်ငံ ကဗျာအများက ဒိုင်ယင်နာ အကြောင်း လှလှပပ ဖွဲ့နွဲ့ကြသဖြင့် သူ့ကို **အားတာမစ်(စ်)**မှန်း မသိကြသော်လည်း ဒိုင်ယင်နာအဖြစ်မူ သူ ကျော်ကြားသည်။

**အားတာမစ်(စ်)**ကို ဟီးရာ၏ ဖွားဘေးမှ ပြေးရစဉ် မိခင် လီးတိုးက အပိုးလိုး အလျှင်မွေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**အားတမစ်(စ်)**၏ သင်္ကေတမှာ လေးနှင့် မြား ဖြစ်သည်။ သူ့ကို ခေါ်မတို့က 'ငွေလေးတော်ရှင်မ' (The Maiden of the Silver Bow) ဟုလည်း ခေါ်ကြသည်။ တော၊ တောင်၊ ရေ၊ မြေတို့ပေါ်၌ ငွေလရောင် **ကျသည်ကို** ငွေလေးတော်ရှင်မ အမဲလိုက်ထွက်သည်ဟု တင်စားပြောကြသည်။

သူ့မောင် အပိုးလိုးကဲ့သို့ပင် လူသားတို့အပေါ်၌ **ကပ်ရောဂါဘေးတွေ** ကျစေနိုင်သကဲ့သို့ ရောဂါ အမျိုးမျိုးကို ပျောက်စေနိုင်သော တန်ခိုး အားတမစ်(စ်)၌ ရှိသည်။ သူသည် ဝမ်းဆွဲပညာနတ်ဒေဝီ ဖြစ်ပြီး ကလေးငယ်တို့ကို စောင့်ရှောက်သော တန်ခိုးရှင် ဖြစ်လေသည်။ လူကလေးငယ်တို့ကိုသာမက အမိ နို့စို့သော သတ္တဝါငယ် မှန်သမျှကို သူ စောင့်ရှောက်၏။ သို့ရာတွင် အမဲလိုက်ဝါသနာ ပါပြီး သူ နှစ်ခြိုက်သော သားကောင်မှာ ဆတ်သတ္တဝါ ဖြစ်လေသည်။

ခမည်းတော် ဇူးစ်ကြီးက သမီးတော် အားတမစ်(စ်)ကို အလွန်ချစ်လေသည်။

အားတမစ်(စ်) သုံးနှစ်သမီး အရွယ်တွင် သူ့ကို ပေါင်ပေါ်တင်ထားရင်း ဇူးစ်ကြီးက အဘယ်မည်သော ဆုလက်ဆောင်များ လိုချင်သနည်းဟု မေးသည်။

သွက်လက်သော အားတမစ်(စ်)က ချက်ချင်းပင် လိုချင်သည်တွေ တသီတတန်းကြီး တောင်း၏။

'ထာဝရအပျိုစင်ဆုကို ပေးပါ ခမည်းတော်၊ မောင်တော် အပိုးလိုးလိုပဲ ဘွဲ့အမည် အမျိုးမျိုးလည်း ပေးပါ။ အဲ··· သူ့လေးနဲ့ မြားမျိုးလည်း လိုချင်တယ်။ အလင်းရောင် ပေးတဲ့ ရုံးတော်တစ်ခုလည်း ပိုင်ချင်တယ်။ လိမ္မော်ရောင် အမဲလိုက်အင်္ကျီ ထူထူရှည်ရှည်လည်း ပေးပါနော်။ သမီး ဒူးလောက်ရှည် ပြီး အောက်နားမှာ အနီရောင် ကွပ်ထားရမယ်နော်။ ရံရွေတော်တွေအဖြစ် အားလုံး အသက်ရွယ်တူတဲ့ သမုဒ္ဒရာ နင့်ဖ်နတ်သမီး ခြောက်ဆယ် လိုချင်တယ်။ ပြီးတော့ ဟိုးကရိုးတ်ကျွန်းက **အင်မ်နီးဆက်စ်ဒေသက** မြစ်စောင့် နင့်ဖ်နတ်သမီး နှစ်ဆယ်လောက်လည်း ပေးပါ။ သူတို့ကိုတော့ သမီး အမဲလိုက် မထွက်တဲ့အခါ သမီးရဲ့ ဖိနပ်ရှည်တွေကို ထိန်းသိမ်းခိုင်းမယ်။ အမဲလိုက်ခွေးကြီး တွေကိုလည်း အစာကျွေးကြရမယ်လေ။ သမီး အပိုင်စားချင်တာကတော့ ကမ္ဘာပေါ်မှာ ရှိတဲ့ တောင်တန်းတွေ အားလုံးပဲ။ နောက်ဆုံး လိုချင်တဲ့ ဆုကတော့ မြို့တစ်မြို့ပါ။ ဘယ်မြို့ရယ် မဟုတ်ပါဘူး။ ခမည်းတော် ပေးချင်တဲ့ မြို့ပေး။

www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့ဆို ကျေနပ်ပါပြီ။ သမီးက မြို့မှာ နေမှာမှ မဟုတ်တဲ့။ ဆောင်တန်းတွေ ပေါ်မှာသာ အနေများမှာ ခမည်းတော်ရဲ့။ တစ်ခုတော့ ဒုက္ခပဲ၊ ဝမ်းနာတဲ့ မိန်းမတွေကတော့ ခဏခဏ သမီးကို ပင့်ကြတော့မှာပဲ။ ဘယ်တတ်နိုင်မလဲ လေ၊ မယ်တော် လီးတိုးက သမီးကို မနာမကျင်ဘဲ သက်သက်သာသာ မွေးခဲ့တာ မဟုတ်လား။ ဒီတော့ ကြမ္မာနတ်သမီးကြီးတွေက သမီးကို သားဖွားမီးယပ် စောင့်ရှောက်ရေး နတ်ဒေဝီအဖြစ် ခန့်လိုက်ပြီးပြီ ခမည်းတော်ဘုရားရဲ့"

စကားကို အဆုံးသတ်လိုက်ပြီး အားတမစ်(စ်)က ဇူးစ်၏ မုတ်ဆိတ်မွေး ကြီးကို သူ့လက်လေးများနှင့် ချစ်စနိုး လှမ်းကိုင်၍ ဆော့သည်။

သွက်လက် ချက်ချာသော သမီးလှလေးကြောင့် သဘောအကျကြီး ကျသွားသော ဇူးစ်က ဂုဏ်ယူပြုံးကြီး ပြုံးပြီး မိန့်တော်မူ၏။

"ဒီလို သမီးမျိုးတွေနဲ့ဆိုရင် မကြီးရွေစာ ဟီးရာ မနာလိုတို့ရှည် ဖြစ်ချင်တိုင်း ဖြစ်လိုက်စမ်းဟေ့၊ ခမည်းတော် ဂရုမစိုက်ဘူး။ သမီးတော် တောင်းတာတွေ အားလုံး ရစေဗျား။ နေဦး··· ထပ်အပိုပေးလိုက်မယ်။ တစ်မြို့ မဟုတ်ဘူး၊ ဟောဒီကုန်းမကြီးနဲ့ ပင်လယ်ထဲက ကျွန်းစုတွေက မြို့ပေါင်း သုံးဆယ် အပိုင်စားပေရော့။ ဒ့ီအပြင် မြို့တော်တော်များများကိုလည်း တခြား နတ်တွေနဲ့ တွဲဖက် အပိုင်စားစေ။ မြို့တွေရဲ့ လမ်းတွေနဲ့ သင်္ဘောဆိပ်တွေကို ငါ့သမီး စောင့်ရှောက်စေဗျား"

အားတမစ်(စ်)က ဇူးစ်ကြီးကို ကျေးဇူးတင်စကား ပြောပြီး သူ့ပေါင် ပေါ်မှ ခုန်ထလိုက်သည်။ ဆိုင်းမနေတော့ဘဲ ကရီးတ်ကျွန်းမှ လူးကက်စ် (Leucxs) တောင်သို့ လည်းကောင်း၊ သမုဒ္ဒရာချောင်းဆီသို့ လည်းကောင်း သွားပြီး ကိုးနှစ်အရွယ်ရှိ နင့်ဖ်နတ်သမီးလေးတွေကို ရံရွေတော်တွေအဖြစ် ရွေးခေါ်သည်။ သူတို့ မိခင်တွေကလည်း ဝမ်းသာအားရ ထည့်လွှတ်လိုက်ကြ၏။

ထို့နောက် ပန်းပဲမောင်တင့်တယ် ဟီဖီစတက်စ်၏ ဖိတ်ကြားချက် အရ လိုင်းပါးရ (Lipara) ကျွန်းပေါ်ရှိ ပန်းပဲဆရာ ဆိုင်းကလော့ပ်ကြီးများဆီ သွားလည်သည်။

ဆိုင်းကလော့ပ်ကြီး သုံးဦးက ပိုးဆိုက်ဒင်အတွက် မြင်းစာခွက်ကြီး တစ်ခု ထုရိုက်ပုံသွင်းနေကြသည်။

ဇူးစ်ထံမှ အားတမစ်(စ်) ခိုင်းရာ လုပ်ပေးရန် အမိန့်ရထားပြီးသော ဘရွန်တီးစ်ကြီးက ဆီးကြို၍ အားတမစ်(စ်)ကို သူ့ပေါင်ပေါ် [illegible]ထားၿ၏၊

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတစ်လုံးတည်းနှင့် အရုပ်ဆိုးလှသော ဘရွန့်တီးစ်ကြီး၏ အရောတဝင် ပြုလုပ်ခြင်းကို မကြိုက်သော အားတမစ်(စ်)က သူ့ရင်ဘတ်မှ အမွေး လက်တစ်ဆုပ်စာကို ဆွဲနုတ်ပစ်လိုက်ရာ ဘရွန့်တီးစ်ကြီးခမျာ သေသည်အထိ ရင်ဘတ်၌ အကွက်ကြီး ဖြစ်သွား၏။ သူတကာက ဘရွန့်တီးစ်၌ မွေးကျွတ်နာ ရှိသည်ဟု ထင်ကြသည်။

အားတမစ်(စ်) နောက်မှ ပါလာကြသော ရဲရွှေတော် နှင့်ဖိနတ်သမီးလေးတို့ကား ဆိုင်းကလော့ပ်ကြီးများ၏ အသွင်ဆိုးကြီးများနှင့် သူတို့ ဖန်းပဲဖိုမှ အသံကြီးများကြောင့် ဆတ်ဆတ်တုန်အောင် ကြောက်နေကြရှာသည်။ ကြောက်ရှာကြမည်ပေါ့။ ဆုံးမ မနိုင်သော သမီးငယ်များကို မိခင်တွေက ဘရွန့်တီးစ်၊ အားဂျီးစ်၊ စတီရက်ပီးစ် ဟူသည့် ဆိုင်းကလော့ပ်ကြီးများနှင့် ခြောက်ထားခဲ့ကြသည်ကိုး။

အားတမစ်(စ်)ကမူ ဆိုင်းကလော့ပ်ကြီးများကို မကြောက်။ သူတို့ လုပ်နေဆဲ ပိုးဆိုက်ဒင်၏ မြင်းစားခွက်ကြီးကို ရပ်ထားပြီး မိမိအတွက် ငွေလေးနှင့် မြားတွေ လုပ်ရန် အမိန့်ပေးသည်။ အဖိုးအခအဖြစ် မိမိ ပထမဆုံး ရသောသားကောင်၏ အသားကို စားခွင့်ပြုမည်ဟု ခပ်တည်တည် ဆိုသည်။ ဆိုင်းကလော့ပ်တွေ အားတမစ်(စ်) ခိုင်းသမျှ လုပ်ပေးလိုက်ကြရ၏။

တန်ခိုးကြီးသည့် ဇူးစ်ကြီး၏ သမီးတော်ကိုး။

လေးနှင့် မြားတို့ ရရှိသောအခါ အားတမစ်(စ်)သည် အာကေးဒီယသို့ သွား၍ ဆိတ်နတ်ပင်န်နှင့် တွေ့သည်။ ထိုအချိန်က ပင်န်သည် သူ မွေးထားသော အမဲလိုက်ခွေးများနှင့် ခွေးသားပေါက်လေးများကို ကျွေးရန် တောကြောင်ကြီး တစ်ကောင်ကို ဖျက်နေ၏။

ပင်န်က နားရွက် တွဲလောင်းကျနေသော အမဲလိုက်ခွေး သုံးကောင်ကို အားတမစ်(စ်)အား ပေး၏။ ခွေးနှစ်ကောင်သည် ဇရာင်စုံခွေးကျား ဖြစ်ပြီး တစ်ကောင်က ကိုယ်တွင် အကွက်အပြောက် ပါသော ခွေးပြောက် ဖြစ်၏။ ဤခွေးတွေ စွမ်းသည်လော မမေးနှင့်။ သူတို့ သုံးကောင် ပေါင်း၍ ခြင်္သေ့တစ်ကောင်ကို ဆွဲပြီး မိမိတို့၏ ခွေးအိမ်ဆီ ဆောင်နိုင်ကြသည် ဆို၏။

ဤခွေးကြီး သုံးကောင်အပြင် စပါတာနယ်မှ အလွန် အပြေးမြန်သော အမဲလိုက်ခွေးကြီး ခုနစ်ကောင်ကိုလည်း ပင်န်က ပေးလိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com





ဒိုင်ယင်နာ

ထိုနောက် အားတမစ်(စ်)သည် ဦးချိုရှိသော သမင်နီ လေးကောင်ကို အရှင်ဖမ်းယူပြီး ရွှေဇက်သွားခွံ့၍ ရွှေရထားတွင် ကကြိုး တပ်ဆင်လျက် ဆွဲစေသည်။

သမင်နီ ကသော ရွှေရထားဖြင့် အားတမစ်(စ်)သည် မြောက်ဘက်ရှိ **သရေးရှ** (Thracia) နယ် **ဟီးမက်စ်** (Haemus) တောင်သို့ လာခဲ့သည်။ ထိုမှတစ်ဖန် အာရှမိုင်းနားကျွန်းဆွယ်ကြီးသို့ လာခဲ့ပြီး **မိုက်ရှီယ** (Mysia) နယ်မှ **မိုက်ရှီရင်အိုလင်ပတ်စ်** (Mysian Olympus) တောင်ထိပ်ရှိ မိုးကြိုး ထိမှန်ထားသော သစ်ပင်ကြီး တစ်ပင်၏ မီးကျီးခဲများနှင့် တို့ ရှို့၍ မိမိ၏ ပထမဦးဆုံး ဖြစ်သည့် ထင်းရှူး မီးတန်ဆောင်ကို ထွန်းညှိလိုက်သည်။

အားတမစ်(စ်)သည် ငွေလေးကို လေးကြိမ် ပစ်စမ်းကြည့်သည်။ ပထမ နှစ်ကြိမ်၌ သစ်ပင်များကို ပစ်ကြည့်သည်။ တတိယအကြိမ်၌ တောကောင် တစ်ကောင်၊ စတုတ္ထ ပစ်မှတ်သည်ကား အဓမ္မသားတို့ ကြီးစိုးသော မြို့တစ်မြို့ ဖြစ်သည် ဆို၏။

ဤခရီးမှ အားတမစ်(စ်) ပြန်လာပြီး ခေါမတိုင်း၌ နားသောအခါ မြစ်စောင့် နင့်ဖ်နတ်သမီး ရံရွေတော်တို့က သမင်နီများကို ကကြိုးမှ ချွတ်ပေးရသည်။ သူတို့ ကိုယ်မွေးများကိုလည်း သုတ်ပေးရသည်။ အစာလည်း ကျွေးပြီး ရွှေစားခွက်များ၌ ရေချပေးရသည်။ သမင်နီတို့၏ အစာကား ဇုးစ်ကြီး၏ မြင်းတို့သာ စားရသည့် ဟီးရာ၏ စားကျက်မြေမှာ ပေါက်သည့် အခွ သုံးခွ ပါသော အရွက် ဖြစ်သည် ဆိုသတည်း။

အသီးနီးကဲ့သို့ အားတမစ်(စ်)က အပျိုစင်ဘဝကို မြတ်နိုးသည်။ အပျိုစင်ဘဝနှင့်သာ နေသည်။

အပျိုစင် တန်ခိုးရှင်ကိုမှ ချစ်ငံ့သူတွေကလည်း ရှိဖြစ်အောင် ရှိသေးသည်။

သီးတစ်(စ်)၏ သား မြစ်စောင့်နတ် **အယ်လ်ဖီးယက်စ်** (Alpheius) ကား ဤကဲ့သို့သော ချစ်သူရဲကောင်း ဖြစ်လေသည်။ သူက အားတမစ်(စ်) နောက် ကောက်ကောက်ပါအောင် လိုက်သည်။ **အီးလစ်(စ်)** (Elis) နယ်

www.burmeseclassic.com

www.burmeseclassic.com



**လီးတရီနီ** (Letrini) အရပ်သို့ ရောက်သောအခါ အယ်လ်ဖီးယက်စ်ကို အားတမစ်(စ်)က ကောင်းကောင်းပညာပြပြီး အရူးလုပ်တော့၏။

အားတမစ်(စ်)က မိမိ၏ မျက်နှာကို ရွှံ့ဖြူတို့နှင့် လိမ်းလိုက်၏။ ရံရွေတော် နင့်ဖ်နတ်သမီး အားလုံးကိုလည်း လိမ်းကြစေ၏။ မျက်နှာ၌ ရွှံ့ဖြူ ညီတူ လိမ်းထားသော အပျိုတစ်သိုက်လုံးကြီးထဲတွင် မည်သူ အားတမစ်(စ်) ဖြစ်မှန်း အယ်လ်ဖီးယက်စ် ခွဲခြား မသိတော့။

လက်လျှော့ နောက်ဆုတ် ပြေးသော အယ်လ်ဖီးယက်စ် နောက်မှ သရော် ပြောင်လှောင် ရယ်မောသံတို့က လိုက်ကြတော့သည်ဟူ၏။

အားတမစ်(စ်)က သူ့ရံရွေတော်များကိုလည်း အပျိုရည် မပျက်အောင် ထိန်းသိမ်း ကွပ်ညှပ်ထား၏။ သည်ကြားထဲက **ကာလစ်စတို** (Callisto) ခေါ်သော သူ့ရံရွေတော် တစ်ယောက်ကို သူ့ခမည်းတော် ဇူးစ်ကြီးကိုယ်တိုင် ချော့မြှူပြီး ချစ်တလင်း၌ ချစ်ဗျူဟာ ခင်းဖြစ်အောင် ခင်းသွားသည်။ ကာလစ်စတို၌ သန္ဓေတည်မှ အားတမစ်(စ်) သိသွားရာ အားတမစ်(စ်)က ကာလစ်စတိုကို ဝက်ဝံအဖြစ် ပြောင်းလိုက်ပြီး သူ့အမဲလိုက်ခွေးကြီးတွေကို လွှတ်၍ လိုက်စေတော့၏။ ဇူးစ်ကြီး အချိန်မီ ဝင်ကယ်၍သာ သက်သာတော့သည်။ ကာလစ်စတိုကို ဇူးစ်က ဝင်ဖမ်းပြီး ကောင်းကင်သို့ ပို့ကာ နောင်သောအခါ ဝက်ဝံတာရာသင်္ချာန် ဂုဏ်ပြု မှတ်တမ်း တင်ထားပေးခဲ့၏။

အချို့ကမူ ကာလစ်စတိုကို အစကတည်းက ဝက်ဝံ ဖြစ်အောင် ဇူးစ်က ရုပ်ဖျက် ဖန်ဆင်းထားသည် ဆို၏။ အကြောင်းသိသွားသဖြင့် မနာလိုသော ဟီးရာက အားတမစ်(စ်)ကို လှည့်စားသည်။ ကာလစ်စတိုမှန်း မသိသော အားတမစ်(စ်)က ဝက်ဝံအစစ် ထင်မှားပြီး အမဲအဖြစ် လိုက်သည် ဆိုကြ၏။

ကာလစ်စတို၏ သား **အားကက်စ်** (Arcas) မှာမူ အန္တရာယ်အပေါင်းမှ လွတ်မြောက်ပြီး နောင်အခါ သူ့ထံမှ အာကေးဒီယ နယ်သားများ ဆင်းသက် ပေါက်ဖွားလာကြသည် ဆို၏။

တစ်ကြိမ်တွင်လည်း **အက်တီးယင်** (Actaeon) ခေါ်သော လုလင် တစ်ဦး ကျောက်ဆောင်တစ်ခုကို မှီလျက် ရပ်နေမိသည်။ မလှမ်းမကမ်းရှိ ငမ်းချောင်းတွင်း၌ အားတမစ်(စ်)က ရေချိုးနေသည်။

ဤသည်ကို အက်တီးယင်ခမျှာ 'မရည်းမထင်၊ ဖြတ်ခြည်း မြင်သည်' ကို ရှောင်ရှားက ရှောင်မသွား၊ 'ဘင်ပြစ်မကင်း၊ လုံလုံညက်ကို၊ ထက်ရုတ် ဘုံးမ စုသာကြောင်း၊ ဆင်ခြေ ရှုမြှော်'ဘုက် ဆေးဆေးသည်၊

www.burmeseclassic.com



အားတမစ်(စ်) အရှက်ကြီး ရှက်သွားသည်။ မိမိ၏ ထင်ပြစ်မစက်၊ လဲ့လဲ့ညက် တစ်ကိုယ်လုံးကို မိမွေးတိုင်း ဖမွေးတိုင်း မြင်ဖူးခဲ့သည်ဟု အက်တီးယင် လျှောက်မကြွားနိုင်ရန် အပျိုစင်ကြီး ရက်စက်တော့၏။

အားတမစ်(စ်)က အက်တီးယင်ကို ဆတ်တစ်ကောင်အဖြစ် ပြောင်းပစ်လိုက်၏။ ထို့နောက် သူ့အမဲလိုက်ခွေးကြီးတွေကို လွှတ်၍ အက်တီးယင်ကို တစ်စစီဖြစ်အောင် ကိုက်သတ်စေလိုက်သည်။

သေခါနီး 'ချစ်ပိုင်ဆက်ရာ၊ လက်ဆောင်လျှာမှု၊ သက်သာ ဖြစ်သင့်၊ ပေထိုက်တင့်' ဟု အက်တီးယင် အော်သွားသေးသည်လော··· မသိ။

အားတမစ်(စ်)··· ဒိုင်ယင်နာ··· လှသလောက် ရက်စက်လှပါပေသည် တကား။

သူ့စရိုက်၊ သူ့သဘာဝကို မသိမီ အင်္ဂလိပ်ကဗျာမှ ဒိုင်ယင်နာအကြောင်း ဖတ်ပြီး တစ်ယောက်သော သူ၏ အလှကို ကျွန်တော် မောင်ဘုန်းနိုင်လည်း လုလင်ဘာဝ စပ်ဆိုခဲ့ဖူးသည်။

'သခင်ငုံစ
နတ်နိုးလ၏
တစ်ည ရှန်းပြေ
ပင်မြခြေတွင်
စန်းငွေယုန်ပျံ့
ဗိမာန်နန်းရှင်
သက်လည်းလျှင်သို့
အံ့ထင်မှုးရိပ်···'

'သူ့'ကို ကျွန်တော် တင်စားလိုက်သော **'စန်းငွေယုန်ပျံ့၊ ဗိမာန်နန်းရှင်'** ဆိုသည်မှာ ဒိုင်ယင်နာ··· အားတမစ်(စ်)··· ။

အားတမစ်(စ်) ငွေမြားစူး၍ အင်း··· ကျွန်တော်လည်း အတော်ခံလိုက်ရဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမီးတား

# အခန်း [ ၂၀ ]

# ဒီမီးတား၏ စရိုက်သဘာဝ

ဒီမီးတားကား ဇုးစ်ကြီး၏ အစ်မတော် တစ်ဦး ဖြစ်ပြီး စိုက်ခင်း၊ ပျိုးခင်း၊ လယ်ကွင်း၊ ယာကွင်းတို့ကို စိုးသော တန်ခိုးရှင်မ ဖြစ်သည်။

ဒီမီးတားနှင့် ပတ်သက်၍ ရှေးခေါမတို့၌ ထုံးစံတစ်ခု ရှိသည်။ သူတို့က သတို့သားနှင့် သတို့သမီးတို့အား မပေါင်းသင်းကြမီ ဒီမီးတား နတ်ဝင်သည် မယ်တော်တို့ဆီ လွှတ်ကြသည်။ ထိုမယ်တော်တို့က အုံးစက်ရာ သဉ္စာဗွေ၏ လျှို့ဝှက်ကိစ္စများအား သတို့သား သတို့သမီးတို့ကို လက်တွေ့ပြ သင်ကြားပေး ကြသည် ဆို၏။

ဤသို့ ဖြစ်လေရာ လယ်ခင်း၊ ယာခင်းတို့၏ အရှင်မသည် မျိုးဆက် ပြန့်ပွားရေးဆိုင်ရာ တန်ခိုးရှင်လည်း ဖြစ်နေသည်။

အင်း… ဆီဆိုင်တော့ ဆီဆိုင်လေသလား။

သို့ရာတွင် မျိုးဆက် ပြန့်ပွားရေး တန်ခိုးရှင်မကြီးခမျာ၌ ယခုခေါ် မိမိကိုယ်ကို 'မောင့်မူပိုင်ရှင်' ဟု ကြွားဝင့်စရာ ကိုယ်ပိုင်လင် မရှိရှာတော့။

www.burmeseclassic.com

www.burmeseclassic.com



အသီးနီးတို့၊ အားတမစ်(စ်)တို့ကဲ့သို့ ဒီမီတားသည် အပျိုစင်တော့လည်း မဟုတ်။

ဟီးရာ မတိုင်မီ ဒီမီးတားသည် ဇုးစ်ကြီး၏ တရားဝင်မိဖုရား ဖြစ်ခဲ့ဖူးသည်။ ဩော်… ထိုစဉ်က ဒီမီးတားသည် နုပျိုစိုလန်းသည့် ဖူးပွင့်စပန်းဖြစ်လေသည်။ ဇုးစ်နှင့် ဒီမီးတားသည် ကော (Core) ဟု ခေါ်သော သမီးလှတစ်ပါး၊ သူ့ဖအေကဲ့သို့ပင် 'များ'ချင်သော အိုင်းအက်ခက်စ် (Iacehus) ခေါ် သားတစ်ပါး ရခဲ့သည်။ သို့ရာတွင် ခတော့ဖြင့် မစိုပြည် နဂိုနေ ပျက်ယွင်းသောကြောင့် ထင်သည်။ ဇုးစ်က စွန့်ပစ်ခဲ့ပြီးလေပြီ။

ဒီမီးတား၌ ပလူးတက်(စ်) (Plutus) ဟု ခေါ်သော အခြားသားတစ်ယောက်လည်း ရှိသေးသည်။ ဤသားကိုမူ တိုင်းတန် အိုင်အဆီးယက်စ်နှင့် တရားမဝင်ဘဲ ညားပြီး ရခဲ့လေသည်။

ဇုးစ်ကြီး ပုခက်တွင်း ရှိစဉ်က စောင့်ရှောက်ခဲ့ကြရသော ဒက်တဲလ်စ်ညီနောင်များကို မှတ်မိကြမည် ထင်ပါသည်။ အိုင်အဆီးယက်စ်သည် ထိုညီနောင်များအနက်မှ တစ်ဦး ဖြစ်လေသည်။

ဖြစ်ကြသမျှမှာ ဤသို့…

ပွေကြ ရှုပ်ကြသော ခေါ်မနတ်တို့ ထုံးစံအတိုင်း အချစ်နတ်သမီးအက်ဖရာဒိုက်တီးနှင့် စစ်နတ် အဲရီးစ်တို့၊ ပန်းပဲမောင်တင့်တယ် ဟီဖီစတက်စ်၏ ကွယ်ရာ၌ 'လှေကြီးပေါ် လှေငယ်တင်'ကြသည်။ ဤမှ ဟားမိုးနီယ (Harmonia) ခေါ် သမီးတစ်ဦး မွေးခဲ့သည်။ ဟားမိုးနီယသည် လူမင်းသားသူရဲကောင်း သီး(ဘ်)စ် မြို့နန်းတည်မင်း ကက်ဒမက်စ်နှင့် လက်ထပ်သည်။ ထိုလက်ထပ်ပွဲမှာ အိုလင်ပီယင်ဒီးအက်တီ တန်ခိုးရှင်တို့ ပထမဆုံး စုံစုံညီညီတက်ရောက် ချီးမြှင့်သော လူ့မင်္ဂလာဆောင်ဟု ဆို၏။ ထိုမင်္ဂလာပွဲ၌ နက်ကတာ (Nectar) ခေါ်သော နတ်သုဒ္ဓါ ယစ်ရွှေရည် ယမကာတို့ ချောင်းရေနှယ် စီးသည် ဆို၏။ ခေါ်မနတ်တွေလည်း ဦးမင်းကျော် ရွှံ့အောင် သောက်ကြမူးကြသည်။

ယစ်ရွှေရည် လောင်း၍ ချစ်မီးဟုန်းဟုန်း တောက်ကြသော ဒီမီးတားနှင့် အိုင်အဆီးယက်စ်တို့သည် ကျုန်နတ်ပရိသတ် အလစ်၌ နန်းအိမ်မှ တိတ်တိတ်ထွက်လာကြပြီး သုံးထပ် ထယ်ထိုး၍ ထွန်ရေးဝနေသော လယ်မြေတို့ ချစ်တလင်းပြု၍ ချစ်ဇာတ်ဖြူးပြုပြင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းအိမ်သို့ သူတို့ ပြန်လာကြသောအခါ ပျက်နေသော အမှုအရာ၊ လက်နှင့် ခြေများမှာ ရွံ့တွေ စသည်တို့ကို မြင်လျက် 'မပြေးသော် ကန်ရာရှိသည့် ဒွေးနှစ်ဖော် သံဝါသြို'ကြသည့် ကိစ္စကို ဒူးစ်ကြီး ရိပ်မိသွား၏။

ဤတွင် ဒေါသအိုး ပေါက်ကွဲသွားသော ဒူးစ်က အိုင်အဆီးယက်စ်ကို မိုးကြိုးပစ်သတ်လိုက်တော့သည်။

ဤကဲ့သို့ ဘဝဋ္ဌ အစွန်းအထင်း ရှိသော်လည်း ဒီမီးတား၏ ပင်ကိုစိတ်ရင်းမှာမူ နူးညံ့သည်။ တန်ခိုးရှင်မတစ်ဦးအနေနှင့် လူတို့အပေါ် အလွယ်တကူ ရက်ရက်စက်စက် လုပ်လေ့မရှိဟု ဆိုသည်။

**အရစ်ဆီးကသွန်** (Erysichthon) ဟု ခေါ်သော လုလင်တစ်ဦးကိုကား ဒီမီးတားသည် မှတ်လောက်အောင် ရက်ရက်စက်စက် လုပ်ခဲ့ဖူးသည်။

**ဒိုးတီယင်** (Dotium) အရပ်တွင် **ပီလက်စ်ဂျီ** (Pelasgi) လူမျိုးစုတစ်စုက ဒီမီးတားအတွက် ရည်စူးပြီး တောဥယျာဉ်တစ်ခုကို စိုက်ပျိုးပြုစုပူဇော်ထားရာ အဖော် နှစ်ဆယ်ကို ခေါင်းဆောင်လျက် အရစ်ဆီးကသွန်က ထိုတောအုပ်အတွင်း ကျူးကျော် ဝင်ရောက်၍ မိမိ၏ ညစာ စားပွဲတော်ခန်းမဆောက်ရန် သစ်အတွက် နတ်နေပင်များကို ခုတ်လှဲသည်။ ပထမသော် မရက်စက်တတ်သော ဒီမီးတားက ထိုတော၌နေသော မယ်သူတော် **နီးဆစ်ပီး** (Nicippe) အသွင်ဆောင်လျက် အရစ်ဆီးကသွန်ကို ညင်ညင်သာသာ ဆုံးမ တားမြစ်သည်။ လူရမ်းကား အရစ်ဆီးကသွန်က မနာခံသည့်အပြင် ပုဆိန်နှင့် ခုတ်သတ်အံ့ဟု ခြိမ်းခြောက်သော ခဏ၌ကား ဒီမီးတားသည် ကိုယ်ရောင်ကိုယ်ဝါ ထိန်လင်းစေလျက် မိမိ မည်သူဖြစ်ကြောင်း ပြရုံမက အရစ်ဆီးကသွန်ကို ထူးဆန်းသမျှရက်စက်သော ပြစ်ဒဏ်ပေး၏။

ထိုခဏမှ စပြီး အရစ်ဆီးကသွန်သည် ဗိုက်ကား ရှုံးအောင် မည်မျှစားစား အဆာက မပြေတော့။ သူက အိမ်ပြန်ပြီး မိဘကျွေးသော အစားအစာတို့ကို ပြောင်အောင် စားပစ်သည်။ စားလေလေ ဆာလေလေ လူကလည်း ပိန်လေလေ ဖြစ်လာတော့သည်။ နောက်ဆုံး၌ မိဘတို့ပင် သူ့ကို မကျွေးမွေးနိုင်တော့။ ဤသို့ဖြင့် လမ်းတကာ လည်၍ အညစ်အကြေးကိုပင် စားသောသူတောင်းစားတစ်ဦး ဖြစ်သွားသည်။

သူ့ နှစ်သက်သူကိုကား ဒီမီးတားသည် ထူးထူးဆန်းဆန်း မေတ္တာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ညတာ ချစ်ခဲ့ရသည့် အိုင်အဆီးယက်စ်ကို မိုးကြိုးနှင့် ပစ်သတ်ခဲ့သော ဇုးစ်ကြီးကို ဒီမီးတားက မကျေ။ ကရီးတ်ကျွန်းသား ပင်ဒရီးယက်စ် (Pandareus) ဆိုသူက ဒီမီးတားကိုယ်စား လက်စားချေသည့်အနေနှင့် ဇုးစ်ကြီး၏ ရွှေအဆင်း ရှိသော ခွေးကြီးတစ်ကောင်ကို ခိုးပေးသည်။ အရစ်ဆီးကသွန်ကို ပေးသော ပြစ်ဒဏ်နှင့် ဆန်ကျင်ဘက် ပြောင်းပြန်ဖြစ်သော ဆုကို ပင်ဒရီးယက်စ်အား ဒီမီးတားက ချီးမြှင့်ခဲ့သည်။

ထိုနေ့မှစ၍ ပင်ဒရီးယက်စ်၏ ပါစက ဝမ်းမီးငြိမ်း၍ ဆာလောင်ခြင်းကို ဘယ်သောအခါမှ မခံစားရတော့ဟု ဆိုသည်။

အင်း… အဟင်း… ဤဆုမျိုး လိုချင်၍ ကျွန်တော်ပင်လျှင် ဒီမီးတားကို အရမ်းကိုးကွယ်ချင်နေသည်။

သို့ရာတွင် ဒီမီးတားသည် တန်ခိုးရှင်တို့အနက် ကံဆိုးမ ဖြစ်လေသည်။

ဒီမီးတား၏ သမီးအလှ ကောကို မြေအောက်ကမ္ဘာစိုးသူ ဟေးဒီးစ်က အကြိုက်ကြီး ကြိုက်ပြီး လက်ထပ်ခွင့် ပေးရန် ဇုးစ်ထံ တောင်းသည်။

ဇုးစ်ကြီး ဦးနှောက်ခြောက်တော့၏။

တစ်ဖက်တွင် သူ့နောင်တော် အကြီးဆုံးနှင့် ရဲဘော်ရဲဘက်ကြီး ဟေးဒီးစ်ကို မငြင်းချင်။ မငြင်းနိုင်။ တစ်ဖက်တွင်ကား သူ့သမီး ကောကို မြေအောက်ကမ္ဘာ တားတရက်စ်သို့ ထာဝရစံရန် ထည့်လိုက်လျှင် မိမိအား ဒီမီးတားက တစ်သက် ခွင့်လွှတ်တော့မည် မဟုတ်။

ရာဇပရိယာယ် ကြွယ်သော ကမ္ဘာဦးဘုရင်ကြီးပီပီ ဇုးစ်က အဓိပ္ပာယ် ယူချင်သကဲ့သို့ ယူ၍ရသော စကားကို ဆို၏။

"သဘောတူကြောင်း ခွင့်ပြုချက် မပေးနိုင်လင့်ကစား သဘောမတူကြောင်း ကန့်ကွက်ချက်လည်း မပြုနိုင်ဖြစ်ဘူး နောင်တော်ရေ…"

ဤကိစ္စ၌ ဇုးစ်သည့် အသာ 'ရွှေမျက်နှာတော်လွှဲ' ထားချင်မှန်း ရိပ်မိသော ဟေးဒီးစ်က ရဲတင်းသွားတော့သည်။

တစ်နေ့၌ ကောသည် မြက်ခင်းသာ တစ်ခု၌ သဘာဝပန်းများကို လျှောက်ခူးနေစဉ် ဟေးဒီးစ်က ဖွတ်ပွေ့ယူ ခိုးပြေးတော့၏။

ဒီမီးတားသည် ကိုးနေ့နှင့် ကိုးညတိတိ ထမင်းမစား ရေမသောက်ဘဲ ကော၏ နာမည်ကို တကြော်ကြော် ဟစ်ခေါ်လျက် သမီးပျောက် ရှာပုံတော်

www.burmeseclassic.com

www.burmeseclassic.com




ဟက်ကတိ

ဖွင့်သည်။ သဲလွန်စ တစ်ဝက်တစ်ပျက်ကို ကား မှော်ပညာစိုးသော နတ်သမီး **ဟက်ကတိ** (Hecate) ထံမှ ရခဲ့သည်။

ဟက်ကတိက တစ်နံနက်တွင် ကောင်၏ 'မှုဒိမ်း… မုဒိမ်း' ဟု အော်သံကို ကြားခဲ့ရကြောင်း၊ အသံလာရာဆီသို့ ကယ်ရန် မိမိ အပြေးသွားသောအခါ ဘာအရိပ်အယောင်ကိုမျှ မတွေ့ရတော့ကြောင်း ပြောပြသည်။

ဆယ်ရက်မြောက်တွင် မိမိကို တစ်ဖက်သတ် လိုက်နေသော ပိုးဆိုက်ဒင်နှင့် ဝင်တိုးသည်။ လွတ်မည်လောဟု မြင်းမယောင်ဆောင်မိသော ဒီမီးတားခမျာ ပိုးဆိုက်ဒင် မြင်းသိုးကြီးနှင့် နှလုံးနာမဆုံးသည့် အဖြစ်ဆိုးကို ကြုံတွေ့ခဲ့ရရှာသည်။

မြင်းမအသွင်ကို စွန့်ကာ လူမိန်းမအသွင် ဆောင်လျက် ဒီမီးတားသည် **အီလူးဆစ်(စ်)** (Eleusis) အရပ်သို့ ရောက်လာခဲ့ပြန်ရာ ဘုရင် **ဆီးလီးယက်(စ်)** (Celeus) မိဖုရား **မီးတနီးရ** (Metaneira) တို့က ကြင်ကြင်နာနာ ဖော်ဖော်ရွေရွေ လက်ခံကြသည်။ ထိုအချိန်၌ ဘုရင်နှင့် မိဖုရားတွင် **ဒီမိုဖွန်း** (Demophoon) ခေါ် သားငယ်တစ်ဦး ထပ်မံဖွားပြီးစ ဖြစ်သောကြောင့် ဒီမီးတားကို နို့ထိန်းတော်အဖြစ် ခန့်ထားကြသည်။ ခြေမသန်စွမ်းသူ ဒုက္ခိတ မင်းသမီးလေး **အိုင်းအင်မ်ဘီး** (Iambe) က ဒီမီးတား ရွှင်မြူးလာစေရန် ညစ်ညစ်ပတ်ပတ် ဟာသကဗျာများကို ရွတ်ရွတ်ပြသည်။ အထိန်းအချီတော် အမျိုးသမီးကြီး **ဘောဘိုး** (Baubo) ကလည်း နောက်ပြောင်လျက် ဘာလီကျို အားဆေးရည်ကို သောက်ရန် **ဒီမီးတားအား တိုက်တွန်း၏။ ဒီမီးတားကိုယ်တိုင်လည်း** ရွှင်မြူးသွားသည်လော၊ ပြန်လည်နောက်ပြောင်လေသည်လော မသိ။ ဘာလီကျိုရည်ကို သောက်ပြီး ဝမ်းနာသည့် ဟန်ဆောင်၍ ညည်းပြသည်။ ထိုနောက် တစ်ခဏ၌ လှည့်ပြသည့်ပမာ မိမိ၏ ဂါဝန်အောက်တွင်းမှနေ၍ မိမိ၏သား **အိုင်းအက်ခက်စ်** ကို ဆွဲထုတ်ပြ၏။ အိုင်းအက်ခက်စ်သည် မိမိ၏ လက်မောင်းများဆီ ခုန်ပေါက်၍ မိခင်ကို နမ်းသည်။

www.burmeseclassic.com

ဤသည်တို့ကို မြင်တွေ့သော ဆီးလီးယက်စ်၏ သားအကြီး အဘားစ် (Abas) က အော်သည်။

"တကတဲဗျာ… ဗိုက်ထဲက ကလေး ထွက်ကျအောင် အစားအသောက် ငမ်းလိုက်ပါဘိ"

အမွှေးအကြိုင် ထည့်ထားသော ဘာလီကျိုရည်ကို တစ်ကျိုက် သောက်နေရာမှ ရုတ်တရက် ထွက်လာသော ဒေါသနှင့် ဒီမီးတားက အဘားစ် ကို စိန်းစိန်းစိုက်ကြည့်ရာ အဘားစ်ခမျာ နေရာတွင်ပင် တောက်တဲ့တစ်ကောင် ဖြစ်သွားတော့သည်။

ဤအတွက် နောင်တရမိသော ဒီမီးတားက ဆီးလီးယက်စ်ကို အစားပေး ကျွေးမွေးဆပ်သောအားဖြင့် မင်းသားလေး ဒီမိုဖွန်းကို သေခြင်းကင်းသူအဖြစ် လုပ်ပေးရန် ဆုံးဖြတ်လိုက်သည်။

ထိုညဉ့် ဒီမိုဖွန်းကို မီးလျှံ၌ ကင်ကာ ဒီမီးတားက မရဏာဓာတ်များကို မီးရှို့ပစ်နေသည်။ ဤအစီအရင်ကို လူမမြင်ရဟု ဆို၏။ ကံဆိုးချင်တော့ အစီအရင် မပြီးခင် မီးတနီးရက အခန်းတွင်း ဝင်လာရာ စည်းပေါက်ပြီး ဒီမိုဖွန်း မီးလောင်၍ သေသည်။

"အောင်မယ်လေး… ငါ့အိမ်တစ်ခုလုံး ကံဆိုးမိုးမှောင်ကျပါပေါ့"



ဒစ်ဆူးလီးစ်

ဟု သားနှစ်ဦး၏ ဒုက္ခကို ကြည့်ပြီး ရာဇ ဏ္ဍေမြေမဆည်နိုင်တော့ဘဲ ဆီးလီးယက်စ်က ငိုကြွေးရှာ သည်။ ထိုအချိန်မှစပြီး ဆီးလီးယက်စ်ကိုလည်း ဒစ်ဆူးလီးစ် (Dysaules) ဟု ခေါ်ကြသည် ဆို၏။ ကံဆိုးသော အိမ်ရှင်ဟု အဓိပ္ပာယ်ရသည်။

ဒီမီးတားကမူ အားပေး၏။

"မင်း မျက်ရည်တွေကို သုတ်ပစ်လိုက်ပါ ဒစ်ဆူးလီးစ်။ တရိုင်းတိုး လမက်စ် (Triptolemus) အပါအဝင် မင်းမှာ သားသုံးယောက် ကျန်နေသေးတာပဲ။ တရိုင်းတိုးလမက်စ် ကို ငါ ကောင်းကောင်းမ, မယ်။ သားနှစ်ယောက် ဆုံးခဲ့ရတာ မေ့သွားတဲ့အထိ ငါ့အကြောင်း ကောင်းကောင်း ပြပါမယ်"

ဒီမီးတားသည် ဖခင်၏ သိုး နွား တိရစ္ဆာန်များကို ကျောင်းနေသည့် တရိုင်းတိုးလမက်စ်ဆီ သွားသည်။ သူကလည်း ဒီမီးတားကို ဘယ်သူမှန်း ကောင်းကောင်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဒီမီးတား လိုချင်သော သတင်းကို ပေး၏။

လွန်ခဲ့သော ဆယ်ရက်က သူညီအစ်ကိုများ ဖြစ်ကြသူ သိုးကျောင်းသား ယူးမဲလ်ပတ်စ် (Eumolpus) နှင့် ဝက်ကျောင်းသား ယူးဘူးလီးယက်စ် (Eubuleus) တို့သည် မြက်ခင်းများတွင် သူတို့ တိရစ္ဆာန်များကို အစာရှာစားစေလျက် စောင့်ကြည့်နေကြသည်။ ထိုစဉ်တွင် ပထဝီ မြေပြင်သည် ဟက်တက်ကွဲ၍ ပွင့်သွားသောကြောင့် ဝက်များသည် ယူးဘူးလီးယက်စ် မျက်စိအောက်မှာပင် မြေတွင်းသို့ ကျပျောက်ကုန်သည်။ မရှေးမနှေးမှာပင် ပြင်းထန်သော မြင်းခွာသံများကို ကြားရပြီး မြင်းနက်ကြီးများ ဆွဲသော စစ်ရထား တစ်စီးပေါ်လာ၍ ပထဝီ အက်ကွဲကြောင်းကြီးအတွင်းသို့ တစ်ရှိန်ထိုး မောင်းဝင်သွားသည်။ ရထားမောင်းသူ၏ မျက်နှာကို မမြင်နိုင်သော်လည်း သူ့လက်တစ်ဖက်ကမူ ပေါ်နေပြီး ငယ်သံပါအောင် အော်နေသည့် မိန်းမပျိုတစ်ယောက်ကို တင်းကျပ်စွာ ပတ်ရစ် ပွေ့ဆောင်ထားသည်။ သူ မြင်တွေ့ခဲ့ရသည်ကို ယူးဘူးလီးယက်စ်က ယူးမဲလ်ပက်စ်ကို ပြောပြပြီး ညီအစ်ကို နှစ်ယောက် စိတ်မကောင်းဖြစ်နေကြသည် ဆို၏။

ဤသက်သေခံစကား ရရချင်းပင် ဒီမီးတားသည် ဟက်ကတီကို ဆင့်ခေါ်လျက် နေနတ်သား ဟီးလီးယက်စ် (Helius) ထံ သွား၏။ ဟီးလီးယက်စ်သည် ဤလောကတွင် ဖြစ်ပျက်သည် မှန်သမျှကို မမြင်မရှိ မြင်သူ ဖြစ်လေရာ သူ့ကို ဒီမီးတားနှင့် ဟက်ကတီတို့က အကျပ်ကိုင် စစ်မေးကြတော့၏။ တရားခံသည် ဟေးဒီးစ် ဖြစ်ကြောင်း၊ ဤမှု ရဲ့ဝံ့သည်မှာလည်း မြေကြီးလက်ခတ်မလွဲ သူညီ ဇူးစ်ကြီးက အလိုတူ အလိုပါ ဖြစ်သောကြောင့်သာဟု ဟီးလီးယက်စ်က အစစ်ခံသည်။

ဒီမီးတား၏ ဒေါသ ပေါက်ကွဲတော့၏။

◆

ဇူးစ်ကြီးအပေါ် စိတ်နာလှသောကြောင့် ဒီမီးတားသည် နတ်တို့ စံရာ အိုလင်ပတ်စ်တောင်တော်သို့ မပြန်တော့။ ကမ္ဘာမြေကြီးတစ်ခွင်တွင်သာ မြေပြင်တည့်ရာ လျှောက်သွားနေသည်။ သို့ရာတွင် ရိုးရိုးကောင်းကောင်း သွားနေသည် မဟုတ်။ မိမိ၏ ဒေါသနှင့် အမုန်းတွေကို ကမ္ဘာမြေပေါ်၌ ပုံပစ်ချရင်း သွားသည်။

www.burmeseclassic.com

www.burmeseclassic.com





ဟိုလီးယက်စ်

ဒီမီတာသည် ထယ်ခင်း ယာခင်းနှင့် မျိုးဆက်ပြန့်ပွားရေး ဆိုင်ရာ တန်ခိုးရှင်မ ဖြစ်ကြောင်း ဆိုခဲ့ပြီ။ ယခု ဇူးစ်တို့ ပေားဒီးစ်တို့ အပေါ် မနိုင်သမျှ ဒီမီးတားက သူ့တန်ခိုးဖြင့် အဖျက်လုပ်ငန်းကို ကမ္ဘာမြေပေါ် မဲ၍ချသည်။

ဒီမီးတားက ကမ္ဘာမြေပြင် ပေါ်ရှိ သစ်ပင်ကြီးတွေ မှန်သမျှ မပွင့်အောင် မသီးအောင်၊ အခြား အပင်ငယ်တွေ မှန်သမျှ မပေါက်အောင် မရှင်အောင် လုပ်ထည့်ပစ်လိုက်ရာ မဆီမဆိုင် လူသားအားလုံး ငတ်မွတ်သေဆုံးပြီး မျိုးတုံးရမည့် ဘေးနှင့် ရင်ဆိုင် ရတော့၏။

ဤတွင် စကြဝဠာ လောကကြီး၏ ဖခင်ကြီးဟူသော ဘွဲ့ကို ယူထားသည့် ဇူးစ်ကြီး မျက်လုံး ပြူးရတော့၏။ လူသားတွေ မျိုးတုံးလျှင် မိမိ၌ တာဝန်မကင်း။

သို့ရာတွင် မဟာရာဇဣန္ဒြေကြီးကလည်း ရှိသေးသည်။ အဲဒါကြီးကို လည်း အပုံမခံနိုင်။ ထို့ကြောင့် အီလူးဆစ်(စ်)အရပ်၌ နေနေသော ဒီမီးတားဆီ ကိုယ်တော်တိုင် ကြွပြီး ချော့ရန် ရှက်နေသည်။

ပထမအကြိမ်တွင် သက်တံ့နတ်သမီး အိုင်းရစ်(စ်) (Iris) ကို ချစ်ကြည် ရေး တမန်တော်အဖြစ် ဒီမီးတားထံ ဇူးစ်က စေလွှတ်လိုက်၏။ အိုင်းရစ်(စ်)ကို ဒီမီးတားက အဖက်ပင် မလုပ်ခဲ့။

ဤတွင် ဇူးစ်ကြီးက မိမိမှတစ်ပါး အခြား အိုလင်ပီယင်နတ်အပေါင်း ကို အထူးကိုယ်စားလှယ်အဖွဲ့ ခွဲ၍ ဒီမီးတားထံ စေလွှတ်ပြန်၏။ သူတို့မှတစ်ဆင့် လက်ဆောင်တွေလည်း ပေးလိုက်သည်။ 'ကျေပါနော်… မအေးစိန်' ဟု ကောလိပ်ဂျင်နေဝင်း လေမျိုးနှင့်လည်း 'ကျေပါနော်… ဒီမီးတားရယ်' လုပ်ခိုင်းသည်။

ဒီမီးတားက မအေးစိန် မဟုတ်။ ထို့ကြောင့် မကျေ။

အထူးကိုယ်စားလှယ်တော်အဖွဲ့အား အိုလင်ပတ်စ်တောင်တော်သို့ ပြန်မလိုက်နိုင်ကြောင်း။ မိမိ၏ သမီး ကောကို မိမိထံ ပြန်မအပ်မချင်း ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်တစ်ခွင်လုံး မြုံနေအောင် ဆက်လုပ်ထားမည် ဖြစ်ကြောင်း ပြတ်ပြတ်သားသား ပြန်ကြားလိုက်၏။

ဇူးစ်ကြီးခမျာ လုပ်စရာ တစ်နည်းသာ ကျန်တော့သည်။

သူက သူ့သားတော် ခပ်တိုင်းငန် သံတမန် လူလည် ဟားမီးဇ်ကို မြေအောက်ကမ္ဘာဆီမှ ဟေးဒီးစ်ထံ အမြန်ဆုံး စေလွှတ် ပြောခိုင်းရတော့၏။

"မဖြစ်တော့ဘူး နောင်တော်ရေ… ကောကို သူ့အမေဆီ အမြန်ဆုံး ပြန်အပ်ပေတော့၊ နို့မဟုတ်ရင် နောင်တော်တို့ ကျွန်တော်တို့ နတ်စစ်စစ်က ခွေးဖြစ်ကိန်း ဆိုက်နေပြီ"

ဟေးဒီးစ်ထံမှ ပြန်ရောက်ရောက်ချင်း ဟားမီးဇ်ကို ဒီမီးတားဆီ စေလွှတ်၍ ပြောခိုင်းရပြန်၏။

"အမိ… သမီးကို အမိလက် ပြန်အပ်ပါမယ်၊ ဒါပေမဲ့ ခြွင်းချက် စည်းကမ်းလေးတော့ ပါတယ်နော်၊ ကျုပ်တို့က ထာဝရ ရှင်နေတဲ့ အမျိုးတွေ။ ဟုတ်ပါစ၊ ဒီတော့ အမိသမီးဟာ မြေအောက်ကမ္ဘာက အသေကောင်တွေ မှီဝဲတဲ့ အစာကို တစ်စက်လေးမှ လျှာနဲ့ မတို့ခဲ့ရဘူး"

အလိုမတူဘဲ မြေအောက်ကမ္ဘာဆီ ရောက်လာရကတည်းက ပေါင်မုန့်စလေး တစ်စကိုပင် ပါးစပ်ထဲ မထည့်ဘဲ ကောကလည်း အစာငတ်ခံနေခဲ့ရာ ဇူးစ်ထံမှ တမန် ရောက်လာပြီးသောအခါ မိမိ၏ စိတ်ဒုက္ခကို ဖုံးကွယ်လျက် ဟေးဒီးစ်က ကောအား ချိုချိုသာသာ ပြော၏။

"ကလေးရယ်… မင်းက ငါ့ဆီမှာ မပျော်ဘူးပေါ့။ အင်း… မင်း အမေကလည်း မင်းအတွက် မျက်ရည်နဲ့ မျက်ခွက်တဲ့။ ကောင်းပါပြီလေ… မင်းကို အိမ်ပြန်ပို့ပေးမယ်လို့ ငါ ဆုံးဖြတ်လိုက်ပါပြီ"

အင်း… အဟင်း… မလွှဲသာ၍ သဘောထား ကြီးပြရခြင်း…။

ကော အငိုတိတ်သွားသည်။ အကြိုတော် ရောက်လာသော ဟားမီးဇ်က မိမိ၏ စစ်ရထားထက် ကောကို တင်သည်။

အီလူးဆစ်(စ်)ဆီသို့ ကော ထွက်ခွာမည့်ဆဲဆဲတွင် **အက်စ်ကားလဖက်စ်** (Asealaphus) ဟု ခေါ်သော ဟေးဒီးစ်၏ ဥယျာဉ်ခြံ အလုပ်သမားတစ်ဦးက ပေါ်လာပြီး မဲ့မဲ့ရွဲ့ရွဲ့နှင့် ဇီးကွက်သံဖြင့် အော်ဟစ် စွပ်စွဲတော့၏။

"ဟေးဒီးစ် အရှင်ရဲ့။ အရှင့်ဥယျာဉ်တော်ထဲက သလဲပင်က သလဲသီး ခူးပြီး ကောသခင်မလေး သလဲစေ့ ခုနစ်စေ့ ဝါးစားတာ ကျွန်တော်မျိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့တယ် ဘုရား။ အသေကောင်တွေရဲ့ အစာကို သခင်မလေး မြည်းစမ်းသွားတယ် ဆိုတာ ကျွန်တော်မျိုးကြီး သက်သေထွက်ဆိုဖို့ အဆင်သင့်ပဲ ဘုရား"

ကျွန်ယုံကြီးကြောင့် ဟေးဒီးစ်ကြီး ပြုံးလာနိုင်တော့သည်။ သူက အက်စ်ကားလဖက်စ်ကို ဟားမီးဖ်၏ ရထား နောက်မြီးမှ ခိုလိုက်သွားစေ၏။

အီလူးဆစ်(စ်)သို့ ရောက်ကြသောအခါ ဒီမီးတားသည် ကောတို ဝမ်းမြောက်ဝမ်းသာ ပွေ့ဖက်ကြိုဆိုရှာ၏။

သို့ရာတွင် ခမျာ၏ ဝမ်းသာမှုမှာ ခဏသာ ကြာသတည်း။

သလဲစေ့ ခုနစ်စေ့အကြောင်း ကြားသည်နှင့် တစ်ပြိုင်နက် ဒီမီးတားမှာ ရှေးယခင်တွေကထက် ပို၍ စိတ်နှလုံး ညှိုးချုံးကျသွားတော့သည်။

"တော်ပြီ… အိုလင်ပတ်စ်တောင်တော်ဆီသို့ ဘယ်တော့မှ မပြန်တော့ဘူး။ ကမ္ဘာမြေပြင်ပေါ် ချထားတဲ့ ကျုပ် ကျိန်စာကိုလည်း ဘယ်တော့မှ မနုတ်တော့ဘူး"

မိုးမီးလောင်ပြန်ပြီ။ ဇူးစ်ကြီး ဦးနှောက်ခြောက်ရပြန်ချေပြီ။

ဤတစ်ကြိမ် ခလုတ်ထိသောအခါတွင်ကား အမိတ,ပြီ။ ဇူးစ်သည် မိမိ၊ ဟေးဒီးစ်နှင့် ဒီမီးတားတို့ သုံးဦးစလုံး၏ မိခင် အရင်းကြီး ဖြစ်သူ ရီးယား ထံ ပြေး၍ ပြဿနာကို ဝင်ဖြေရှင်းပေးပါရန် အသနားခံရတော့၏။

ဩော်… အိုလင်ပီယင် နတ်တွေ ဇရတ်သာ ကျသည်။ အမေ့စကားတော့ နားထောင်ကြလေသလား။

ရီးယားက မိခင်ပီပီ သားသမီးတွေ လက်ခံနိုင်မည့် သူ့ဘက် ကိုယ့်ဘက် အလျှော့ပေး စေ့စပ်ငြိမ်းအေးနိုင်မည့်နည်းကို ရှာပေးသည်။

ကောသည် ပါဆက်ဖနီ (Persephone) ဟူသော ဒေဝီဘွဲ့ခံလျက် ဟေးဒီးစ်၏ မိဖုရားခေါင်ကြီးအဖြစ် တစ်နှစ်လျှင် သုံးလ မြေအောက်ကမ္ဘာ တားတရက်စ်တွင် စံရမည်။ ကျန်ကိုးလ၌ မိခင် ဒီမီးတားနှင့် အတူ မြေပေါ်ကမ္ဘာ၌ စံရမည်။ ဤစီမံချက်အတိုင်း နှစ်ဦးနှစ်ဖက် အတိအကျ လိုက်နာကြရန် လည်းကောင်း၊ ကောကို မျက်ခြည်မပြတ် စောင့်ကြည့်နေရန် လည်းကောင်း ဟက်ကတီက စေတနာ့ဝန်ထမ်း တာဝန်ယူမည်။

ဖြစ်နိုင်သမျှ အကောင်းဆုံး ပြဿနာ ဖြေရှင်းမှု ဖြစ်သောကြောင့် နောက်ဆုံးတွင် ဒီမီးတားက သဘောတူ လက်ခံပြီး အိုလင်ပတ်စ်တောင်တော်တွင် ပြန်စံနေ၍ သူ့အလုပ် သူ ဆက်လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော်… မြေပေါ်၌ သူ ဒုက္ခတွေ ပင်လယ်ဝေစဉ်က သူ့အပေါ် ကောင်းခဲ့ကြသူတွေကို သူ မမေ့။

ဆီးလီးယက်စ်နှင့် သားများ ဖြစ်သူ တရိုင်းတိုးလမက်စ်တို့ ယူးမဲလ်ပက်စ် တို့။ ပြီးတော့ တစ်ယောက် ရှိသေးသည်။ **ဒိုင်အကလီးစ် (Diocles)**။

ဒိုင်အကလီးစ်က လူရှင်ဘုရင်တစ်ပါး ဖြစ်သည်။ သူကလည်း ကော ပျောက်သွားကြောင်း သိချိန်မှစပြီး သူ့နည်းနှင့်သူ မဆုတ်မနစ်သော လုံ့လ ဖြင့် ကောကို လိုက်ရှာနေခဲ့သည် ဆို၏။

ဆီးလီးယက်စ်၊ တရိုင်းတိုးလမက်စ်၊ ယူးမဲလ်ပက်စ်နှင့် ဒိုင်အကလီးစ် တို့ကို အတွင်းလူယုံတွေအဖြစ် ဒီမီးတားက သတ်မှတ်ပြီး မိမိကို ကိုးကွယ် နည်း၊ ပူဇော်ပသနည်းတို့နှင့်တကွ သိအပ်သော မိမိ တန်ခိုးမှ လျှို့ဝှက်ချက်များ ကို အိုလင်ပက်စ်တောင်တော်ဆီ ပြန်မတက်မီ အပြီး သင်ပေးသွားသည်။

အင်း… သက်သေခံကောင်းသူ အက်စ်ကားလဖက်စ်ကိုမူ မှတ်လောက် အောင် ဆုံးမသွားသည်။ သူ့ကို ဒီမီးတားက တွင်းတစ်ခုထဲ တွန်းချထည့်၍ အပေါ်မှ ရောမကျောက်တုံးကြီး တစ်တုံးနှင့် ဖိပိတ်ထားခဲ့ရာ နောင် နှစ်ပေါင်း များစွာ ကြာသောအခါမှ သူ့ရဲကောင်း ဟာရာကလီးဇ်က ကယ်ထုတ်ယူရ သည်။ ဤသည့်တိုင်အောင် မကျေနိုင်သေးသော ဒီမီးတားက အက်စ်ကား လဖက်စ်ကို နားရွက်တိုမျိုး ဇီးကွက်တစ်ကောင်အဖြစ် ပြောင်းပစ်လိုက်သည်။

မြင်းသိုးကြီး ပိုးဆိုက်ဒင် ပြုသမျှ နုရအပြီး၌ အီးလူးဆစ်(စ်)နယ်သို့ မထွက်ခွာမီ ဒီမီးတားခမျာ အာကေဒိယနယ် **ဖီနီးရှင်း** (Pheneatians) တို့ နေအိမ်တွင် အားပြည့်အောင် နားနေခဲ့ရှာသေးသည်။ ဤကျေးဇူးကို မမေ့ဘဲ ဖီနီးရှင်း မိသားစုကို ကောက်သီး ကောက်နှံ အမျိုးစုံပေး၍ ဒီမီးတားက ချီးမြှောက် ခဲ့သည်။ သို့ရာတွင် ပဲစိုက်ပျိုးခြင်း မပြုရန်တော့ ဒီမီးတားက ပညတ် မှာကြားခဲ့ သည်။ နောင်နှစ်ပေါင်းများစွာ ကြာမှ **ဆိုင်ယမိတီးစ်** (Cyamities) ဆိုသူက ပဲကို စွန့်စားစိုက်ခဲ့သည်။ **ဆီးဖစ်ဆက်စ်** (Cephissus) မြစ်ကမ်းဘေးတွင် ဆိုင်ယမိတီးစ်ကို ဂုဏ်ပြုပူဇော်သော နတ်ကွန်း ရှိနေသည်။

ကမ္ဘာမြေပြင်ပေါ် မိမိ ဒဏ်ခတ်ခဲ့သည်ကို နောင်တရလေသလော မသိ။ ဒီမီးတားက တရိုင်းတိုးလမက်စ်တို ပြောင်းဖူးစေ့များနှင့် သစ်သားယာဉ် တစ်ခုကို ပေး၍ **ရားရီယင်လွင်ပြင်** (Rarian Plain) ၌ စိုက်ပျိုးရေးပညာများ

www.burmeseclassic.com

နည်းများ သင်ပေးသည်။ ထိုနောက် မြွေနဂါးတို့ ဆွဲသော စစ်ရထားတစ်စင်းကို ဒီမီးတားက ထပ်ပေးပြီး ထိုရထားဖြင့် ကမ္ဘာတစ်ခွင် လှည့်လည်၍ [illegible] လမက်စ်ကို လူသားအပေါင်းအား စိုက်ပျိုးရေးပညာ သင်ကြားပေးစေသည်။

ထို့ပြင်မက ဆီးဖစ်ဆက်စ် မြစ်ကမ်း၌ မိမိအပေါ် ကြင်ကြင်နာနာ ပြုမူဆက်ဆံခဲ့ဖူးသူ ဖိုင်တာလက်စ် (Phytalus) ဆိုသူအား အက်တိကာကျွန်းဆွယ် ကြီး၌ မရှိဖူးသေးသော သဖန်းပင်တစ်ပင်ကို ဒီမီးတားက ပေးပြီး သဖန်း စိုက်ပျိုးနည်းပါ သင်ကြားပေးခဲ့သည် ဟူသတည်း။

www.burmeseclassic.com

အခန်း [ ၂၁ ]

# ဒိုင်အာနီးဆက်စ်၏ စရိုက်သဘာဝ



• ဒိုင်အာနီးဆက်စ်

ဥရောပစာပေနှင့် အနုပညာများ အပေါ်တွင် ခေါမဂန္ထဝင်တို့က ဩဇာလွှမ်းမိုး ကြီးစိုးကြောင်း ကျွန်တော် ဆိုခဲ့ပြီးပြီ။

အရစ္စတိုတယ်လ်၏ ပိုးအက်တစ်(စ်) ခေါ် ကဗျာသဘော တရား (တစ်နည်း) စာပေသဘော တရား ကျမ်းကြီးအရ ခေါမ ထရက်ဂျဒီပြဇာတ်ကြီးများသည် အခေါင်အထွတ် ရောက်အောင် ပြည့်စုံပြီးမြောက်သော ကဗျာ (ဝါ) စာပေ ဖြစ်သည် ဆို၏။

ထရက်ဂျဒီ ပြဇာတ်ကြီးများသည် သမိုင်းအစဉ် ရက္ခဗေဒလောကနှင့် ဝိုင်အရက်တို့ကို အစိုးရသော တန်ခိုးရှင် ဒိုင်အာနီးဆက်စ်ကို ပသပူဇော်သော

www.burmeseclassic.com

www.burmeseclassic.com



ပွဲတို့မှ ဆင်းသက်ပေါက်ဖွား တိုးတက်လာခဲ့သည် ဆို၏။ ဒိုင်အာနီးဆက်စ်ကို ရောမတို့က **ဘက်ကက်စ်** (Bacchus) ဟု ခေါ်သည်။

**ဇူးစ်ကြီး**၏ ပေါင်သားအတွင်း အရေးပေါ် ထည့်ချုပ်ထားပြီးမှ မွေးလာရသဖြင့် တံခါးနှစ်ပေါက် ထွက်သူဟု ဘွဲ့ရသည့် ဒိုင်အာနီးဆက်စ်ကို မှတ်မိကြမည် ထင်ပါသည်။ သူကား ခေါမဦးမင်းကျော် ဖြစ်သည်။

**ဦးမင်းကျော်**ထက် သာသည်ကား သူက အသောက်သမားသာမက သောက်စရာ ဝိုင်အရက်ကို စတင် ဖန်တီးသူ ဖြစ်သည် ဆိုသတည်း။

မိခင် ဆင်မလီ၏ ဝမ်းတွင်းမှ သေခါနီး လက်မတင်လေး၌ ဖခင် ဇူးစ် ပေါင်သားတွင်းသို့ ပြောင်းရွှေ့ကာ ပဋိသန္ဓေ ဒုတိယပိုင်း ခရီးဆက်ခဲ့ရရှာသော ဒိုင်အာနီးဆက်စ်ခမျာ ဒုတိယတံခါးပေါက်မှ ထွက်လာပြီးသည့်နောက် တွင်လည်း မသက်သာ။

မနာလိုဝန်တိုစိတ် ကြီးလှသော ဟီးရာက မွေးစကလေးကို အဆုံးစီရင်ပစ်ရန် တိုင်းတန်ကြီးတွေကို စေလွှတ်လိုက်၏။

ဦးခေါင်းတွင် ချိုပေါက်လျက် မြွေများက ဆံပင်ပမာ လွှမ်းနေသော ဒိုင်အာနီးဆက်စ် ပေါက်စကလည်း အသွင်သဏ္ဌာန်အမျိုးမျိုး ပြောင်း၍ ရုပ်ဖျက်ရှာသည်။ သို့ရာတွင် မလွတ်။ တိုင်းတန်ကြီးများက သူ့ကိုယ်ကို **အစိတ်စိတ်** အမွှာမွှာ ဖြစ်အောင် ဆုတ်ဖြဲပစ်ပြီး **တစ်စစီ ဖြစ်သွားသော အရိုး အသား**တို့ကို ပွက်ပွက်ဆူသည့် ရေနွေးအိုးတွင်း **ထည့်ပြုတ်ကြ**၏။ အဆုတ် အဖြဲခံရစဉ်က သူ့ကိုယ်မှ ကျသော သွေးတွေသည် မြေ၌ သလဲသီးပင် ထပေါက်သည်။

တစ်စစီ ဖြစ်ကာ အပြုတ်ခံနေရသော ဒိုင်အာနီးဆက်စ်၏ သုံးဆယ့်နှစ် ကောဋ္ဌာသတို့ကို ဘွားတော်ကြီး ရီးယာက ဆယ်ယူပြီး ပြန်၍ ဆက်စပ်ပုံဖော် တည်ဆောက်ပေးသည်။ အာဂဖိုးသက်ပြင်း ပြန်အသက်ဝင်လာသည် ဟူသတည်း။

သည်တော့မှ **ဇူးစ်**က သူ့သားရတနာကို စောင့်ရှောက်ရန် ပါဆက်ဖနီ ထံ အပ်၏။ ပါဆက်ဖနီက တစ်ဖန် **အော်ခမီးနက်စ်** (Orchomenus) ပြည့်ရှင်ဘုရင် **အသမက်စ်** (Athamas) နှင့် မိဖုရား **အီနို** (Ino) တို့ကို သား အဖြစ် မွေးစေသည်။ မိန်းကလေးသဏ္ဌာန် ရုပ်ဖျက်ပြီး မိန်းမသားများ အဆောင် တွင်သာ ထားရန်လည်း မှာကြားသည်။

သို့ရာတွင် ဉာဏ်မျှနှင့် ဟီးရာကို လှည့်စား၍ ရနိုင်ရိုးလား။

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ထားကြသည်ကို သိသွားသော ဟီးရာက အပြစ်ဒဏ်ခတ်သည့်အဖြစ်နှင့် ဘုရင် အသမက်စ်နှင့် မိဖုရား အီနိုတို့ကို ရူးအောင် လုပ်လိုက်သည်။ အသမက်စ်သည် မိမိ၏သားအရင်း **လီယာခက်စ်** (Learchus) ကို ဆတ်တစ်ကောင်အဖြစ် ထင်ယောင်မှားပြီး သတ်ပစ်လိုက်တော့၏။

ဇူးစ်ကြီး နည်းဗျူဟာ ပြောင်းရပြန်၏။ ဇူးစ်အမိန့်နှင့် ခပ်တိုင်းငန်ဟားမီးဇ်က ဒိုင်အာနီးဆက်စ်ကို ဆိတ်ပေါက်စလေးအသွင် ပြောင်းပေးပြီး **ဟယ်လီကင်းနီယ** (Heliconia) နယ်၊ **နစ်ဆ** (Nysa) တောင်၌ နေကြသူနင့်ဖ်နတ်သမီး ငါးဖော်တို့ထံ အပ်သည်။ နတ်သမီး ငါးဖော်တို့၏ အမည်များကား **မက်ခရစ်(စ်)** (Mcaris)၊ နစ်ဆ၊ အရက်တိုး၊ **ဘရိုမီး** (Bromie) နှင့် **ဘက်ကီ** (Bacche) တို့ ဖြစ်ကြသည်။ သူတို့က ဆိတ်ပေါက်စလေး ဒိုင်အာနီးဆက်စ်ကို ချစ်ခင်ကြင်နာစွာဖြင့် လိုဏ်ဂူတစ်ခုတွင်း၌ ပျားရည်တိုက်ပြီး မွေးမြူထားခဲ့ကြသည်။

သူ့အပေါ် ကျေးဇူးပြုကြသူများကို ကောင်းကင်တွင် နက္ခတ်တာရာအဖြစ် ဇူးစ်ကြီးသည် မှတ်တမ်းတင် ဂုဏ်ပြုတတ်ကြောင်း ဖော်ပြပြီးခဲ့ပြီ။

ကောင်းကင်၌ **တောရက်စ်** (Taurus) ခေါ် နွားနက္ခတ်စုကြီး ရှိသည်။ ထိုနွားနက္ခတ်၏ ခေါင်းပိုင်း၌ အင်္ဂလိပ်အက္ခရာ ဗွီပုံသဏ္ဌာန်ရှိ **ဟိုင်ယဒီးစ်** (Hyades) ကြယ်စု ရှိသည်။ ထိုကြယ်စုမှ ကြယ်ငါးပွင့်သည် ဒိုင်အာနီးဆက်စ်ကို မွေးမြူ စောင့်ရှောက်ပေးကြသည့် နတ်သမီးငါးဖော်၏ ကိုယ်စား ပုံရိပ်ကို ဇူးစ်ကြီးက မှတ်တမ်းတင် ဂုဏ်ပြုဖော်ထားခြင်း ဖြစ်သည် ဆို၏။

အဲသည် နစ်ဆတောင်၌ အိမ်နီမှိစ် နေစဉ်အတွင်း ဒိုင်အာနီးဆက်စ်သည် ဝိုင်အရက်ကို ဖန်တီးခဲ့သည် ဆို၏။

မိန်းမတွေချည်းကြား၌ ကြီးပြင်းခဲ့ရသော ဒိုင်အာနီးဆက်စ်သည် ကျွန်တော်တို့ ကိုကြီးကျော်ကဲ့သို့ ကျားကျားလျားလျားတော့ မရှိ။ သူက မိန်းမလျာလေး တစ်ဦးကဲ့သို့ နုနုနွဲ့နွဲ့ ပျောင်းပျောင်းအိအိလေး။ အဟင်း… အထင်တော့ မသေးနှင့်။ ကြောက်စရာ အလွန်ကောင်းသည်။

ဒိုင်အာနီးဆက်စ် လူလားမြောက်လာသောအခါ ဤမိန်းမလျာလိုကောင်လေးသည် ဇူးစ်ကြီး၏ သား ဖိုးသက်ပြင်းကလေး ဖြစ်မှန်း ဟီးရာသိသည်။ ဖိုးသက်ပြင်းကို သတ်ရန် ဟီးရာက မကြိုးစားတော့ဘဲ ရူးအောင်သာ လုပ်သည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်ရှုးပီပီ ဒိုင်အာနီးဆက်စ်သည် ခြေဦးတည့်ရာ ကမ္ဘာမြေတစ်ခွင် ပြိုပြိုစင်အောင် ရွှေစကြာဖြန့် ခရီးဆန့်တော့၏။ သူ တစ်ယောက်တည်း မဟုတ်။ အဖော်ကောင်းတွေနှင့်။

နားရွက်ချွန်ချွန်၊ လူကိုယ်တွင် ဆိတ်ခြေထောက်နှင့် နတ်ဗရုတ် ဝဝကြီး ဆိုင်းလီးနက်စ်ကို မှတ်မိကြမည် ထင်၏။ အင်း… အဲသည် ပုဂ္ဂိုလ်ကြီးက ဒိုင်အာနီးဆက်စ်၏ 'အကြီးတော်' ဖြစ်သည်။ ဤဆရာသမားကြီးက ဒိုင်အာနီးဆက်စ် သွားလေရာ ပါသည်။ ဆိုင်းလီးနက်စ်ကဲ့သို့ပင် လူကိုယ်၊ ဆိတ် ခြေထောက်၊ နားရွက်ချွန်နှင့် ဦးခေါင်းတွင် ချိုပါသော ဆိုင်းလီးနက်စ်၏ တပည့်တပန်း အပေါင်းအသင်း ဆက်တီးယားစ် နတ်ဗရုတ်လေးတွေလည်း ပါသည်။ မိန်းမဆောင်တွင် မိန်းမတွေကြား ကြီးလာရသောကြောင့်လော မသိ။ ဒိုင်အာနီးဆက်စ် သွားလေရာ **မီးနဒ် (Maenads)** ခေါ် **မိန်းမရူး မိန်းမကြီး** တွေလည်း ပါသေး၏။ ခေါ်မ 'အမေဂျမ်း'ကြီးတွေ ဆိုပါစို့။



မီးနဒ်

ဆက်တီးယားစ်တွေနှင့် **မီးနဒ်** အမေဂျမ်းကြီးတွေ ပေါင်းသောအခါ တပ်တစ်တပ် ဖြစ်လာသည်။ သူတို့သည် **သိုင်းရဆက်စ် (Thyrsus)** ခေါ် လက်နက်ကို ကိုင်ကြ၏။ ယင်းလက်နက်ကား ထင်းရှူးကတော့သီး ထိပ်ဖူးတပ်အပ်သော အိုင်ဗီနွယ်လိမ် ရစ်ပတ်သည့် တုတ် (ဝါ) တင်းပုတ်ကြီးများ ဖြစ်သည်။ ထို့အပြင် ဓားချွန်ရှည်နှင့် မြွေအရှင်များကိုလည်း လက်နက်အဖြစ် ဆောင်ကြသည်။ ကြိုးအဖျားတွင် သစ်သားပြား တပ်ထားသော လေတွင် လှည့်လွှင် ကြောက်ဖွယ် အသံမြည်တတ်သည့် လက်နက်ဆန်း တစ်မျိုးကိုလည်း သွားလေရာ ဆောင်ကြသေးသည်။ အင်း တကယ့်တပ်နှင့် တကယ့်လက်နက်တွေ။

ဤနောက်လိုက်နောက်ပါတွေနှင့် ဒိုင်အာနီးဆက်စ်သည် ရှေးဦးစွာ အီဂျစ်နိုင်ငံသို့ ချီသည်။ **ဖရော့စ် (Pharos)** မြို့မှ ဘုရင်ပရိုတီးယက်စ်

www.burmeseclassic.com



(Proteus) က ဒိုင်အာနီးဆက်စ်ကို ပျူပျူငှာငှာ ဖော်ဖော်ရွေရွေ ဆီးကြိုလက်ခံသည်။ ဒိုင်အာနီးဆက်စ်ကလည်း သူ သယ်ဆောင်လာသော စပျစ်ပင်ကို အီဂျစ်သားတို့အား လက်ဆောင်ပေး၏။

ထိုအချိန်တွင် ဘုရင် **အင်မင်** (Ammon) ဆိုသူကို တိုင်းတန်ကြီးတွေက တိုက်ခိုက် မောင်းထုတ်ပြီး သူ့ပြည်ကို သိမ်းယူထားကြသည်။

ဖဲရှောစ်မြို့နှင့် မျက်နှာချင်းဆိုင်ရှိ နိုင်းလ်မြစ်ဝကျွန်းပေါ်နေ လိုင်းဗျားလူမျိုးတွေထဲတွင် **အင်မဇွန်** (Amazon) ဘုရင်မများ ရှိကြသည်။ အင်မဇွန်ဆိုသော စကားက 'ရင်သား မရှိသူ' ဟု အဓိပ္ပာယ်ရသည်။ အင်မဇွန်တို့ကား စစ်တိုက်ရန် ဝါသနာကြီးသော မိန်းမရဲကြီးများ ဖြစ်ကြသည်။ မြားလွှတ်လေးတင်သောအခါ လွယ်ကူချောမွေ့ရန်အတွက် ခိုးလိုးခုလု ကန့်လန့်ခံနေသော သူတို့၏ အဲ… ပစ္စည်းတစ်ဖက်ကို ဖြတ်ထုတ် ရှင်းထားကြသည်။ ထို့ကြောင့် သူတို့နာမည်က အင်မဇွန်… ။ အဟင်း… 'တစ်လုံးရှင်မ'တွေ။

အဲသည် တစ်လုံးရှင်မကြီးတွေနှင့် ဒိုင်အာနီးဆက်စ်က မဟာမိတ်ဖွဲ့ပြီး တိုင်းတန်တွေကို တိုက်ထုတ်ကြရန် သွေးဆောင်ရာ မိန်းမရဲကြီးများက သဘောတူကြသည်။

ဤတွင် ကမ္ဘာ့၌ ရှာမှရှားသော တပ်ထူးတပ်ဆန်းကြီးကို ဦးဆောင်လျက် ဒိုင်အာနီးဆက်စ်က သူ့ရန်သူဟောင်း တိုင်းတန်ကြီးတွေကို တိုက်တော့၏။

အမေဂျမ်းကြီးတွေ၊ အင်မဇွန်ကြီးတွေ ဝိုင်းနှိမ်ကြရာ တိုင်းတန်ကြီးတွေ မခံနိုင်တော့ဘဲ ပြေးကြရတော့၏။ ဒိုင်အာနီးဆက်စ်က ဘုရင် အင်မင်ကို နန်းပြန်ပေးသည်။

မိန်းမလျာလေးဟု ထင်ရသူ ဒိုင်အာနီးဆက်စ်၏ ပထမဆုံး အောင်ပွဲဖြစ်ကြောင်း ကမ္ဘာဦးသမိုင်းက မှတ်တမ်းတင်သည်။

ဒိုင်အာနီးဆက်စ်သည် အိန္ဒိယအရှေ့ဘက် ချီမည်ဟု သူ့မူလတပ်နှင့် အရှေ့ဘက်သို့ ကွေ့လာခဲ့၏။ **ယူဖရေးတီး** (Eufphrates) မြစ် အရှေ့ဘက်၌ **ဒမတ်စကက်စ်** (Damacus) ပြည်ရှင်ဘုရင်က ဒိုင်အားနီးဆက်စ်ကို ဆီးကြိုတိုက်ခိုက်သည်။ ထိုဘုရင်ကို ဒိုင်အာနီးဆက်စ်က နှိမ်နင်းပြီး အပြစ်ဒဏ်အဖြစ် မသေမချင်း ကြိမ်ဒဏ် ခတ်သတ်သည်။ ထို့နောက် အိုင်ဗီနွယ်တွေနှင့် စပျစ်ပင်နွယ်တို့ကို သုံးလျက် တံတားလုပ်ပြီး ယူဖရေးတီးစ်မြစ်ကို သူ့တပ်နှင့် ကူးသည်။

www.burmeseclassic.com

www.burmeseclassic.com





တိုက်ဂရစ်မြစ်

နောက် မြစ်တစ်ခုဆီသို့ ရောက်လာပြန်၏။ ဤအကြိမ်တွင်ကား ခမည်းတော် ဖိုးစ်ကြီးက သူ့ထံသို့ ကျားတစ်ကောင်စေလွှတ်ပေးသည်။ ထိုကျား၏ အကူအညီနှင့် ဒိုင်အာနီးဆက်စ်က မြစ်ကို ကူးသည်။ မြစ်အမည်က **တိုက်ဂရစ်(စ်)** (Tigris) ဖြစ်၏။

နောက်ဆုံးတွင် ရန်အမျိုးမျိုးကို ရင်ဆိုင်အနိုင်ယူ၍ အိန္ဒိယသို့ ဒိုင်အာနီးဆက်စ် ရောက်သွားပြီး တစ်နိုင်ငံလုံးကို စိုးမိုးအုပ်ချုပ်သည်။ အိန္ဒိယတွင် ဒိုင်အာနီးဆက်စ်က မြို့တော်ကြီးများကို တည်ဆောက်ပေးသည်။ အိန္ဒိယသားတွေကို တရားဥပဒေတွေ သင်ပေးရုံမက စပျစ်ပင် စိုက်ပျိုးရေးအတတ်ပညာကိုပါ သင်ပေးခဲ့သည်ဟု ဆို၏။

အိန္ဒိယမှ အပြန်ခရီးတွင်ကား သူ့ကို သူ့မဟာမိတ်ဟောင်း တစ်လုံးရှင်မကြီးတွေက ဝိုင်းတိုက်ရာ သူတို့ကိုလည်း ဒိုင်အာနီးဆက်စ်က နှိမ်နင်းပြီး အချို့ကို **အက်ဖ်ဖဆက်စ်** (Ephesus) ဒေသ ရောက်အောင် တိုက်ခိုက်မောင်းထုတ်လိုက်၏။ အချို့က အားတမစ်(စ်)နတ်ကွန်းသို့ ပြေးဝင် ခိုလှုံကြလေရာ ထိုနတ်ကွန်း၌ ယနေ့တိုင် ယင်းတို့၏ အနွယ်များ ရှိကျန်ဆဲဟု ဆိုသည်။ အချို့က ဆားမော့စ်ကျွန်းသို့ ထွက်ပြေးကြရာ ဒိုင်အာနီးဆက်စ်က လှေတို့နှင့် လိုက်တိုက်၏။ ဤတိုက်ပွဲတွင် အင်မဇွန် မိန်းမရဲ ကျန်သမျှ အားလုံးကို ဒိုင်အာနီးဆက်စ်က ရက်ရက်စက်စက် သွေးချောင်းစီးအောင် သုတ်သင်ခဲ့သဖြင့် စစ်တလင်းကြီး တစ်ခုလုံးသည် **ပင်ဟီမ** (Panhaema) ဟု အမည်တွင်သွားသည်။ သွေးပြင်တစ်ခွင်ဟု အဓိပ္ပာယ်ရသည်။

**ဖလိုးအင်မ်** (Phloeum) အရပ်သို့ ရောက်သောအခါ အိန္ဒိယမှ ဒိုင်အာနီးဆက်စ် ယူလာသော ဆင်အချို့ သေကုန်ကြရာ ထိုအရပ်၌ မြေမှ ထိုးထောင်ထွက်နေသည့် ဆင်ရိုးများကို ယနေ့တိုင် တွေ့နိုင်သည် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



အာရှတိုက်ဘက်၌ သူ့ စွန့်စားခန်းများ အပြီးတွင် ဒိုင်အာနီးဆက်စ်သည် ယခု တူရကီနိုင်ငံ ဖြစ်နေသော အေးရှားမိုင်းနားကျွန်းဆွယ်ကြီး၏ ဗဟိုရှိ **ဖရစ်ဂျီယ** (Phrygia) နယ်ကို ဖြတ်လျက် ဥရောပဆီ ပြန်လာခဲ့၏။ သူ ရူးသွပ်စဉ် ကျူးလွန်ခဲ့သော ပါဏာတိပါတ အကုသိုလ်ကံ အပြစ်များမှ စင်ကြယ်သွားရန် ဖရစ်ဂျီယ၌ သူ့ကို ဘွားတော်ကြီး ရီးယာက သန့်စင်ပေးခဲ့ပြီး မိမိထံမှ တန်ခိုးဏ္ဍ္ဍိပါဒ်များ ခံယူရရှိနိုင်သည့် လျှို့ဝှက်ဂမ္ဘီရ အတတ်များကိုလည်း သင်ပေးလိုက်၏။

ဒိုင်အာနီးဆက်စ်က သူ့နောက်လိုက်နောက်ပါများနှင့် ဥရောပဘက် ဆက်ကူးလာခဲ့ပြီး ခေါ်မတိုင်းနှင့် အေးရှားမိုင်းနားတို့ ဆုံရာ **သရေးစ်** (Thrace) နယ်ကို ချဉ်းနင်း ဝင်ရောက် တိုက်ခိုက်သည်။ သို့ရာတွင် ဒိုင်အာနီးဆက်စ်နှင့် သူ့အပေါင်းအဖော်တို့ **ဆတရီမန်** (Strymon) မြစ်ဝ၌ ခြေချမိရုံ ရှိသေးသည်၊ **အီဒနီးယင်** (Edonians) တို့၏ ဘုရင် **လိုက်ကားဂက်စ်** (Lycurgus) က နွားနှင်တံကို လက်နက်ပြု၍ အပြင်းအထန် ခုခံတိုက်ခိုက်သည်။ ဒိုင်အာနီးဆက်စ် မှတစ်ပါး သူ့နောက်လိုက်နောက်ပါ အားလုံးကို လိုက်ကားဂက်စ်က အောင်နိုင်ပြီး ဖမ်းဆီးလိုက်၏။ ဒိုင်အာနီးဆက်စ်ကား ရေထဲသို့ မဟားတရား ခုန်ချပြေးရပြီး သီးတစ်(စ်)၏ လိုဏ်တွင်း၌ ပုန်းအောင်း ခိုလှုံနေရသည်။ ဤတွင် ဘွားတော်ကြီး ရီးယာ မခံမရပ်နိုင် ဖြစ်ပြီး ဖမ်းမိထားသော သုံ့ပန်းများ ထွက်ပြေးလွတ်မြောက်အောင် ကူမ,လိုက်၏။ လိုက်ကားဂက်စ်ကိုလည်း ရူးအောင် လုပ်လိုက်၏။ လိုက်ကားဂက်စ်သည် မိမိ၏ သားအရင်း **ဒရိုင်းယက်စ်** (Dryas) ကို နွယ်ပင်တစ်ပင်အဖြစ် မြင်ထင်ပြီး ခုတ်သတ်လိုက်၏။ သား၏ နှာခေါင်း၊ နားရွက်၊ လက်ချောင်း၊ ခြေချောင်းတို့ကို နွယ်၏ အတက်အလက် အရွက်များကဲ့သို့ လှီးဖြတ် ညှိခုတ်ပြီးကာမှ လိုက်ကားဂက်စ်၌ လူကောင်းစိတ် ပြန်ဝင်လာခဲ့သည်။ သို့ရာတွင် နောက်ကျသွားလေပြီ။ ရူးသွပ်ခိုက် ကျူးလွန်ခဲ့သော သူ့ရာဇဝတ်မှုကြီးကြောင့် သရေးစ် မြေပြင်တစ်ခုလုံးသည် တုန်လှုပ်ချောက်ချားသွားပြီး ရုတ်တရက် မြုံသွားသည် ဆို၏။ ဘာပင်မှ မပေါက်၊ မသီး၊ မပွင့်တော့ဟု ဆိုသတည်း။ ဤတွင် ကိုရွှေချော ဒိုင်အာနီးဆက်စ် ပင်လယ်တွင်းမှ ပြန်ထွက်လာခဲ့ပြီး လိုက်ကားဂက်စ်ကို သုတ်သင်လျှင် သုတ်သင်၊ မသုတ်သင်က သရေးစ် မြေပြင်သည် ထာဝစဉ် မြုံတော့မည်ဟု ကြော်ငြာလိုက်သည်။ အီဒနီးယင် ပြည်သူပြည်သားများက လိုက်ကားဂက်စ်ကို ဖမ်းဆီးပြီး

www.burmeseclassic.com

www.burmeseclassic.com



**ပင်ဂီးယန်** (Pangaeum) တောင်သို့ ခေါ်ဆောင်ခဲ့ကြသည်။ ဤတောင်အရောက်၌ လိုက်ကားဂက်စ်၏ ကိုယ်ကို မြင်းရိုင်းတို့နှင့် ဆွဲလျက် နှစ်ခြမ်းကွဲအောင် ဆုတ်ဖြဲ သတ်ကြသည်ဟူသတတ်။

ဤသည် နောက်ပိုင်း၌ သရေးစ် တစ်နယ်လုံးသည် **ဒိုင်အာနီးဆက်စ်** အောက်သို့ အခုအခံ မရှိဘဲ ကျရောက်တော့သည်။ သို့ရာတွင် **ဒိုင်အာနီးဆက်စ်** က ဤနယ်တွင် ကြာရှည် မနေ။ သူ့အချစ်ဆုံးနယ်မြေ ဖြစ်သည့် **ဘီအိုရှား** (Boeotia) သို့ ဆက်ချီ၍ မြို့တော် သီးဘ်စ်ဆီ ရောက်လာခဲ့၏။ **စစ်သီရင်** (Cithaeron) တောင်ထိပ်တွင် ပြုလုပ်မည့် ပျော်ပွဲ သောက်ပွဲသို့ မိန်းမမှန်သမျှ တက်ရောက်ရန် ဖိတ်ခေါ်သည်။

သီးဘ်စ်ဘုရင် **ပင်သီးအက်စ်** (Pentheus) က ဒုစရိုက်ကောင်ရှုပ် ပေါက်နေသော ဒိုင်အာနီးဆက်စ်ကိုရော၊ သူ့မိန်းမကြမ်းကြီးများ ဖြစ်သော မီးနဒ်ကြီးတွေကိုပါ ဖမ်းဆီး ချုပ်နှောင်ထားလိုက်၏။ ဤတစ်ကြိမ်တွင်လည်း ပင်သီးအက်စ် ရှူးသွပ်သွားပြန်ရသည်။ သူက ဒိုင်အာနီးဆက်စ် အမှတ်နှင့် နွားသိုးကြီး တစ်ကောင်ကို သံခြေကျင်း ခတ်သည်။ မီးနဒ်ကြီးတွေလည်း လွတ်ပြေးပြီး တောင်ပေါ်ရှိ နွားပေါက်စများကို အစိတ်စိတ်အမြွာမြွာ ဖြစ်အောင် ဆုတ်ဖြဲ သတ်ဖြတ်လျက် သောင်းကျန်းချင်တိုင်း သောင်းကျန်းကြ၏။ မီးနဒ်ကြီးတို့၏ သောင်းကျန်းပွဲတွင် ပင်သီးအက်စ်၏ မယ်တော် **အဂေဗီ** (Agave) ပင် ပါလာသည်။ ပင်သီးအက်စ်က မိန်းမတွေ သောင်းကျန်းနေသည်ကို တားမြစ်ရန် ကြိုးစားသည်။ သို့ရာတွင် မူးလည်း မူး၊ ရူးလည်း ရူးလျက် ယုံကြည်မှု အရိုင်းစိတ်နှင့် စုန်းပူး နတ်ပူးသကဲ့သို့ ဖြစ်နေကြသော မိန်းမများက သူ့ကို ဖမ်းပြီး ခြေတစ်စ လက်တစ်စစီ ဖြစ်အောင် ဆုတ်ဖြဲ သတ်ပစ်လိုက်ကြသည်။ ထိုမိန်းမ တစ်သိုက်ကို အဂေဗီက ခေါင်းဆောင်ပြီး ပင်သီးအက်စ်ကို သူကိုယ်တိုင် လည်လိမ်ညှစ်၍ ခေါင်းတခြား ကိုယ်တခြား လုပ်ပစ်လိုက်သည် ဟူ၏။

**သြော်ခမီးနက်စ်** (Orchomenus) သို့ ရောက်ပြန်သောအခါ ဒိုင်အာနီးဆက်စ်သည် မိန်းကလေးသဏ္ဌာန် ဆောင်၍ **မီးနယက်စ်** (Minyas) ၏ သမီး သုံးဦး ဖြစ်သော **အယ်လ်စီသီး** (Alcithoe)၊ **လူစစ်ပီး** (Leucippe)၊ **အာရ်စစ်ပီး** (Arsippe) တို့ကို မိမိ၏ ပျော်ပွဲ သောက်ပွဲသို့ တက်ရောက်ရန် ကိုယ်တိုင် ဖိတ်ခေါ်သည်။ ညီအစ်မ သုံးဖော်တို့က ငြင်းပယ်ကြသည်။ ဤတွင် ဒိုင်အာနီးဆက်စ်က မိမိကိုယ်ကို ခြင်္သေ့သဏ္ဌာန် ပြောင်းလိုက်၊ နွားသိုးသဏ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလိုက်၊ စပါးကြီးမြွေသဏ္ဌာန် ပြောင်းလိုက်နှင့် ခြောက်လှန့်တော့ရာ ညီအစ်မ သုံးဦးခမျာ ရူးသွားကြရရှာသည်။

နောက်ဆုံးတွင် လူးစစ်ပီးက မိမိ၏ သားငယ် **ဟစ်ပဆက်စ်** (Hippasus) ကို ယဇ်ကောင်အဖြစ် ပေးရသည်။ ပြန်ရူးသွားကြသော ညီအစ်မ သုံးဖော်တို့က ဟစ်ပဆက်စ်ကို တစ်စစီ ဆုတ်ဖြဲ သတ်လျက် ဘီလူး သဘက်များပမာ မျိုဝါးကြသည်။ ထိုနောက် တောင်ရိုးတစ်လျှောက် ဖျပ်ဖျပ်လူးလာ စုန်ကာ ဆန်ကာ သတိလက်လွတ် ပြေးကြသည်။ ဤတွင် **ဟားမီးဇ်က** သူတို့ကို ငှက်များအဖြစ် ပြောင်းပစ်လိုက်၏။ အချို့ကမူ ဒိုင်အာနီးဆက်စ်ကပင် သူတို့ကို လင်းနို့များအဖြစ် ပြောင်းပစ်လိုက်သည် ဆို၏။

ဘီအိုရှား တစ်နယ်လုံးက သူ့ကို တန်ခိုးရှင်အဖြစ် အသိအမှတ်ပြု ကိုးကွယ်ကြမှ ဒိုင်အာနီးဆက်စ်သည် အီးဂျီးယင်ပင်လယ်တွင်းရှိ ကျွန်းများဆီ လှည့်လည်သည်။ သူ ရောက်လေရာ၌ ပျော်ရွှင်မှုတွေကိုရော၊ ကြောက်မက်ဖွယ် ရာတွေကိုရော အစုံ လျှောက်လုပ်သည်။

**အစ်ကဲရီးယ** (Icaria) သို့ ရောက်ချိန်၌ မိမိ၏ သင်္ဘောသည် ပင်လယ်၌ ဆက်ခရီးနှင်ရန် မဟန်တော့ကြောင်း ဒိုင်အာနီးဆက်စ် သိရသည်။ ဤတွင် **နားကဆော့စ်** (Naxos) သို့ သွားမည်ဆိုသော **တီရင်းနီးယင်း** **(Tyrrhenian)** သင်္ဘောသား ဆိုသူများထံမှ သင်္ဘောကို ဒိုင်အာနီးဆက်စ်က စီးလုံးငှားသည်။ သို့ရာတွင် သင်္ဘောသား ဆိုသူတို့ကား အမှန်မှာ ပင်လယ်ဓားပြ များ ဖြစ်ကြသည်။ လောဘသား ငမိုက်များသည် ဒိုင်အာနီးဆက်စ်ကို တန်ခိုးရှင် တစ်ဦးဟု မရိပ်မိကြ။ မုတ်ဆိတ် ပျားစွဲ၍ 'အချည်'ဖမ်းမိသည် ထင်ပြီး ကျွန်အဖြစ် ရောင်းစားကြရန် စိတ်ကူးလျက် သင်္ဘောကို နားကဆော့စ်ဘက်သို့ မဟုတ်ဘဲ အာရှတိုက်ဘက်သို့ ဦးတည် ရွက်လွှင့်ကြသည်။

ဒိုင်အာနီးဆက်စ်က သင်္ဘောကြမ်းတွင်နွယ်တစ်ပင် ပေါက်စေလိုက် ၏။ နွယ်ပင်က ရွက်တိုင်တို့ကို ရစ်ပတ် တက်ပြီး ရွက်တို့ကို ခေါက်လိမ်ပစ် သည်။ နွယ်နှာမောင်းတွေက သင်္ဘောလွှင့်ရန် တပ်ဆင်ထားသော ကိရိယာ တန်ဆာ မှန်သမျှကို လိမ်တက် ပတ်ရစ် ချုပ်တုပ်ကြသည်။

ဤမျှမက ဒိုင်အာနီးဆက်စ်က လှော်တက်ကြီးများကို မြွေကြီးများ ဖြစ်စေပြီး မိမိကိုယ်ကိုလည်း ခြင်္သေ့ကြီးတစ်ကောင် အသွင်ပြောင်းပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောတစ်စီးလုံးကိုလည်း နာနာဘာဝ သားရဲတိရစ္ဆာန် အကောင်ပေါင်းစုံနှင့် ပြည့်စေသည်။ ပလွေသံ၊ နှဲသံတွေလည်း ညံစေ၏။

ထိတ်လန့် သွေးပျက်ကုန်သော ပင်လယ်ဓားပြတို့သည် ပင်လယ်တွင်း ခုန်ချကြရာ ရေ၌ လင်းပိုင်ငါးတွေ ဖြစ်သွားကြကုန်၏။

ဒိုင်အာနီးဆက်စ်က နားကဆော့စ်သို့ လာခဲ့၏။ သူရဲကောင်း **သီးဆီယက်စ်** (Theseus) က စွန့်ပစ်ထားခဲ့သော ချစ်စဖွယ် မင်းသမီးလေး **အရီအက်ဒနီ** (Ariadne) ကို နားကဆော့စ်၌ ဒိုင်အာနီးဆက်စ် တွေ့လေရာ အချိန်ဆိုင်းမနေဘဲ ချက်ချင်း လက်ထပ်ယူသည်။ အရီအက်ဒနီနှင့် ဒိုင်အာနီးဆက်စ်သည် သား ခြောက်ယောက် ရသည်။ နောင်တွင် လက်ထပ်စဉ်က အရီအက်ဒနီ ဆင်ခဲ့သော ပုတီးကုံးကို ကြယ်နက္ခတ်တွေကြား၌ ဒိုင်အာနီးဆက်စ်က ထားပေးခဲ့သည် ဆို၏။

နားကဆော့စ်မှနေ၍ ခေါမတိုင်း ကုန်းမပေါ်ရှိ အားဂက်စ်နယ်သို့ ဒိုင်အာနီးဆက်စ် ရောက်ခဲ့ပြန်သည်။ ရှေးဇာတ်လမ်းများအတိုင်းပင် အားဂက်စ်ဘုရင် ပါးဆီးယက်စ်က သူ့ကို ခုခံတိုက်ခိုက်ပြီး သူ့နောက်လိုက်နောက်ပါ အများကိုလည်း သတ်ပစ်လိုက်၏။ ပါးဆီးယက်စ်မှာလည်း ဇူးစ်ကြီး၏ သား တစ်ဦး ဖြစ်လေသည်။ ပါးဆီးယက်စ်ကို ဆုံးမသည့်အနေဖြင့် အားဂက်စ်နယ်မှ မိန်းမတွေ အားလုံး ရူးအောင် ဒိုင်အာနီးဆက်စ်က လုပ်လိုက်သည်။ ရူးကုန်သော မိန်းမတွေက ကိုယ့်ကလေးကို ပြန်သတ်စားကြသောအခါမှ ပါးဆီးယက်စ်သည် ဒိုင်အာနီးဆက်စ်ကို ပူဇော်ပသသော နတ်ကွန်းတစ်ခုလည်း ဆောက်ပေးသောကြောင့် ဒိုင်အာနီးဆက်စ် အမျက်ပြေသွားသည်။

ယင်းသို့လျှင် တစ်ကမ္ဘာလုံး၌ ငါမှန်း သိအောင် အကြောင်းပြပြီး နောက် ဒိုင်အာနီးဆက်စ်သည် ကောင်းကင်ဘုံ တက်ကာ ခမည်းတော် ဇူးစ်ကြီး၏ လက်ယာဘက်၌ တန်ခိုးရှင်တစ်ဦးအဖြစ် ဝင်ထိုင်သည်။ သူ့ကိုယ်သူ **ဒွါဒသမ မဟာဒေဝါ** (The Twelve Great Ones) အဖွဲ့ဝင် ဖြစ်အောင် လုပ်လိုက်ခြင်း ဖြစ်သည်။

အဲ... နတ်ဒေဝါ ဒေဝီ ဆယ့်နှစ်ပါးက ထိုအချိန်တွင် စေ့ပြီးနေပြီ။ ရာထူးနေရာ လစ်လပ်မှု မရှိ။

တော်ပါသေး၏။ နတ်ဒေဝီကြီး ဟက်စတီယာက ဒွါဒသမ မဟာဒေဝါ စားပွဲဝိုင်း၌ ထိုင်ရသည့် အလုပ်ကို စိတ်ကုန်နေသည်။ မနာလိုတို့ရှည်မှု ပေါင်းစုံ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ညစ်ကြ၊ ကောက်ကြ၊ ခြေထိုးကြ၊ ချောက်တွန်းကြနှင့် ထာဝရ မဟာ အလုပ်တော် ရှုပ်နေရသော သူ့နတ်မိသားစု အသိုင်းအဝိုင်းမှ ထွက်ပြေးချင်စိတ် ပေါက်နေသည်မှာ ကြာပြီ။ ခေါမတိုင်းမှ ဘယ်မြို့တွင် သွားနေနေ သူ့ကို လူသားတွေက ဝမ်းသာအားရ ဆီးကြို ကိုးကွယ်ကြမည့် အကြောင်းကိုလည်း ဟက်စတီယာ သိသည်။

**'တစ်ကိုယ်တည်း ဆိတ်ငြိမ်ရာတွင် နိဗ္ဗိန္ဒာကြည်စေနှင့် သည်တောဝ မြိုင်ဝေဠု၊ ပန်းစုံကကြိုး…'**

ဟု အခွင့်ကောင်း ချောင်းနေသူ ဟက်စတီယာက တံခါးနှစ်ပေါက်မှ ထွက်သူ တူတော်မောင် အကောင်းစားလေးအတွက် နေရာမှ ထွက်ပေးသည်။

ဒွါဒသမ မဟာဒေဝါဂိုဏ်းဝင် တန်ခိုးရှင် ဖြစ်လာခဲ့သော ဒိုင်အာနီးဆက်စ်သည် **လီရနာ** (Lerna) မြစ်စမ်းပေါက်မှ ဝင်၍ တားတရက်စ် မြေအောက်ကမ္ဘာသို့ လာခဲ့သည်။ **မားတဲလ်** (Myrtel) ခေါ် နတ်ဆေးပင် တစ်မျိုးဖြင့် ပါဆက်ဖနီကို လာဘ်ထိုးပြီး ဒိုင်အာနီးဆက်စ်က သူ၏ မိခင် ဆင်မလီကို မရဏလောကမှ ထုတ်လာခဲ့သည်။ ဆင်မလီကလည်း သားထူး သားမြတ် သားအကောင်းစားလေးနှင့်အတူ လိုက်လာခဲ့ပြီး **တရိုးဇင်** (Troezen) ရှိ အားတမစ်(စ်) နတ်ကွန်းတွင် နေသည်။

ဒိုင်အာနီးဆက်စ်သည် မိခင် ဆင်မလီကို အိုလင်ပီယင်တောင်ထိပ်သို့ ပင် ခေါ်လာပြီး ဒွါဒသမ မဟာဒေဝီတွေနှင့် ခပ်တည်တည် မိတ်ဆက်ပေး သည်။ အခြား မရဏလောကသားတွေနှင့် တခြေတွေ ကြားလျှင် စိတ်ဓာတ် တွေ မကျကြအောင်၊ မနာလို မဖြစ်ကြအောင် သူ့မိခင်၏ နာမည်ရင်းကိုတော့ သူ မသုံး။ သေရွာပြန် ဆင်မလီကို **သိုင်ယိုးနီ** (Thyone) ဟူသော အမည်သစ် ဒိုင်အာနီးဆက်စ်က ပေးထားသည်။ ဇူးစ်ကြီးက သားတော်မောင် 'နတ်လည်' လုပ်ခြင်းကို မကန့်ကွက်သည့် အပြင် သဘောအများကြီး ကျ၏။



သိုင်ယိုးနီ

www.burmeseclassic.com

www.burmeseclassic.com



သူ့အဆက်ဟောင်း ဆင်မလီ (ဝါ) သိုင်ယိုးနီ လာလည်လျှင် စံရန် သူ့ရွှေနန်းတော်၌ ခန်းဆောင်တစ်ခု ထားပေးသည်။

ဤနည်းဖြင့် ဒိုင်အာနီးဆက်စ်သည် မိခင်ကိုလည်း ကျေးဇူးဆပ်သည်။ သူ့အပေါ် မကောင်းခဲ့သော ဟီးရာကိုလည်း ပညာသားပါပါ လက်စားချေသည်။

တန်းတူရည်တူ ဒွါဒသသချင်း ဖြစ်လေတော့ တန်ခိုးရှင် ဒိုင်အာနီးဆက်စ်၏ အမေ သိုင်ယိုးနီ… ဇူးစ်ကြီး၏ 'ညွှဲသည်တော်' အဖြစ် လာလာနေသည်ကို မမဟီးရာ ဘာလုပ်နိုင်မည်နည်း။ ဘာမျှ မလုပ်နိုင်။

မနိုင်၍ သည်းခံခြင်းအဖြစ် ဟီးရာခမျာ အောင့်အောင့်အည်းအည်း ခြေပြုံးရှုံ့နှင့် သည်းညည်းကြီး မိုတ်ခံနေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂ ]

# အက်ဖရောဒိုက်တီး၏ စရိုက်သဘာဝ



အက်ဖရာဒိုက်တီး

မိုးနတ်ဒေဝီဆိုလျှင် လှစမြဲ။ လှသော မိုးနတ်ဒေဝီတွေထဲမှာပင်လျှင် အလှဆုံးဟု ကျော်ကြားသူက ရှိသေးသည်။ ကျွန်တော်တို့စာတွေတွင် အလှဆုံး မိုးနတ်ဒေဝီကား ဗီရဏီနတ်သမီး ဖြစ်လေသည်။ သူ့ကြောင့် နတ်သားလေးယောက် ရူးမတတ် ဖြစ်ကြရသည် ဆို၏။

နေမိဘုံ ခန်းပျို့ကြီး၌ ရှင်အဂ္ဂသမာဓိက ဗီရဏီနတ်သမီး၏ အလှကို-

www.burmeseclassic.com

www.burmeseclassic.com



'နှင်မှု ပြီးပြီး၊ မျက်လုံး မျက်ခွက်၊ လရောင်စက်သို့၊ နားရွက်ဖြန့်ထား၊ ညွှန့်ညွှန့်တွားမျှ။ မေးပါးသွယ်သပ်၊ အာစပ်ဝင်းရွှေ၊ ချေလည်းမပြောက်။ ကြန်လျှောက်နှာယောင်၊ မျက်တောင်ကော့ဖြူး၊ နဖူးပြင်လှ၊ ရင်ဝလည်း မောက်၊ ဖိတ်ဖိတ်တောက်မျှ၊ ပြောက်ပြောက်စွန်းစွန်း။ ဆေးထင်းပန်းသို့။ လက်သန်း လက်ချောင်း။ ရိုးပျောင်းနုနု။ ပီစွာထုလည်း၊ ရုပ်တုမရ၊ မြမြဝါဝါ...'

ဟု အသေးစိတ် စပ်ဖွဲ့သည်။

ဗီရဏီနတ်သမီးကို မြင်တွေ့ရသော နေမိမင်းကြီး၏ ရှေးဦး ခံစားရချက်ကိုလည်း-

'ရထားပျံထက်၊ လှစ်မင်းခြေ၊ မြင်တုံလေသော်၊ သပြေတမွတ်၊ ကိုယ်လုံးညွတ်မျှ၊ ဆွတ်ဆွတ်နှလုံး၊ ရွှင်ပြုံးလျက်...'

ဟု လည်းကောင်း၊

'တရားနေမျိုး၊ သတိုးနတ်ရှင်၊ အိပ်မက်တွင်မျှ၊ မထင်စဖူး၊ ရှုးမူးလှည့်တုံ...'

ဟု လည်းကောင်း စပ်သည်။

ရထားပျံ မောင်းသူ မာတလိနတ်သားကလည်း ဗီရဏီနတ်သမီးကို မြင်တွေ့သော် လူကို မဆိုထားနှင့် သူကဲ့သို့ နတ်သားပင်လျှင် မည်သို့ ခံစားရကြောင်း...

'အာရုံမြင်မိ၊ ဆိုဖွယ်ရှိသား၊ မျက်စိလတ်လတ်၊ မိသက်ပြတ်ကို၊ ငါ နတ်သော်လည်း၊ မြော်ကတည်းက၊ မနည်းလောက်စင်၊ ဆွတ်ဆွတ်ကြင်၏...'

ဟု ဝန်ခံ ပြောကြားသည်။

သူတို့ အနောက်တိုင်း၌လည်း နတ်ဒေဝီတွေအနက် အလှကေရီဖြစ်သော နတ်သမီး ရှိလေသည်။

သူ့နာမည်က အက်ဖရာဒိုက်တီး။ သူ့ကို ရောမတို့ ခေါ်သော ဗီးနက်စ် (Venus) ဟူသော အမည်နှင့် ကမ္ဘာက ပိုသိကြသည်။ သူ့အကြောင်း စပ်လိုက်ကြသည့် ကဗျာတွေ၊ ထုလိုက်ကြသည့် ပန်းပုတွေ တစ်ပုံကြီး ရှိသည့်အနက် လက်နှစ်ဖက် မပါ၊ ကိုယ်တစ်ပိုင်း ဗလာနှင့် မီးလိုးစ်ကျွန်းတွင် စတွေ့ပြီး ယခုအခါ ပြင်သစ်ပြည် ပါရီမြို့ လူးဗရ (Louvre) ပြတိုက်ကြီး၌ ထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရုပ်တု **မီးလိုးစ်မှ ဗီးနက်စ်** (Venus of Milo) ပုံတူတွေကို မြန်မာအိမ်အများမှာပင် တွေ့နေရသည်။

အဲသည် သူ့ရုပ်တု ပုံတူကို ကျွန်တော် လက်ဆောင်ရဖူးသည်။ ကျွန်တော်က အိမ်၌ မထားဘဲ စွန့်ပစ်သည်။ တစ်ကြောင်းက အင်္ဂါမစုံသော အရုပ်ကို မြန်မာပီပီ ကျွန်တော်က အိမ်၌ မထားလို။ နောက်တစ်ကြောင်းက သူ့အကြောင်း ကျွန်တော်က သိသည်။ အလွန်သိသည်။

အင်း... ယခု သူ့အကြောင်း ပြောပြပါမည်။

အက်ဖရာဒိုက်တီးကား အိုလင်ပီယင်တောင်တော်စံ ခေါမတို့၏ အလှနှင့် အချစ်ကိုစိုးသော နတ်ဒေဝီ ဖြစ်သည်။

အချစ်... အင်း... ခေါမတို့က အချစ်ဟု ခေါ်သော အရာကြီးကလည်း အလွန်ကြောက်စရာ ကောင်းသည်။ ခေါမတွေ အချစ်ဟု ခေါ်ခေါ်နေသည်မှာ ပက်ရှင် (Passion) ခေါ် ရာဂ ဖြစ်သည်။ ကျွန်တော်တို့ မြန်မာတွေနားလည်သော မေတ္တာမွှမ်းသော အချစ်... မြတ်နိုးချစ် မဟုတ်ပါ။

ကျွန်တော်တို့ ဗီရဏီနတ်သမီးက ရှေးဘဝက ဖြူစင်လှသော ဒါနတွေ သီလတွေ ပြုခဲ့သောကြောင့် လားရာဂတိ ကောင်းပြီး လှသော မြတ်သော နတ်သမီး ဖြစ်လာသူ ဖြစ်သည်။ ဤအကြောင်းကို ရှင်အဂ္ဂသမာဓိက-

**'ပြာညက်ချော၍၊ သဘောမြဲချည်၊ ဂတိတည်လျက်၊ ငါးမည် ဆင်းပုံ၊ အင်စုံစုံဝယ်...'**

ဟု စပ်ဆိုခဲ့သည်။

အက်ဖရာဒိုက်တီး ဖွားလာပုံကို မှတ်မိကြဦးမည် ထင်၏။

ယူးရေနက်စ်ကြီး၏ ဟိုပစ္စည်းကြီးကို ကရိုးနက်စ်က ဖြတ်ပြီး သမုဒ္ဒရာတွင်း ပစ်ချလိုက်သည်။ အဲသည် ပစ္စည်းကြီးမှ ရေမြှုပ်ကြီး ဖြစ်လာပြီး ထိုရေမြှုပ်ကြီးမှ အက်ဖရာဒိုက်တီး ဖွားလာခဲ့သည်။

လှသည်တော့ အလွန်လှ... ။ အက်ဖရာဒိုက်တီး မွေးဖွားပေါ်ထွန်းလာပုံကို ကမ္ဘာကျော် ပြင်သစ်ပန်းချီဆရာကြီး **ဘူးရိုး** (Bouguereau) ဆွဲထားသည့် ပန်းချီ ရှိသည်။ **မိမွေးတိုင်း ဖမွေးတိုင်း ခါးလေးကို နွဲ့... တင်လေးကို အလှပြ... လက်နှစ်ဖက် မြှောက်ထားလျက် ဆံပင်ကို ကိုင်နေဟန်က ကာလသားတွေ ရင်ဖိုပြီး ရူးလောက်အောင် လှသည်။**

အက်ဖရာဒိုက်တီးက လှသမျှ အဲ... ကြွလှ ကဲလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ အဲသည်သဘာဝကို ဂုဏ်ပြုသောအားဖြင့် ကြွချင်သူ၊ ကဲချင်သူတွေ အားကိုးတကြီးနှင့် ဈေးကြီးပေး ဝယ်သောက်ကြသည့် ဆေးတွေ အစာတွေကို **အက်ဖရာဒစ်တီအက်စ်** (Aphrodisiac) ဟု ခေါ်သည်။

သူ့နာမည်မှာ **အက်ဖရက်စ်** (Aphros) ဟူသော စကားမှ ဆင်းသက်လာသည်။ အက်ဖရက်စ် ဆိုသည်မှာ ရေမြှုပ်ဟု အဓိပ္ပာယ်ရသည်။ အက်ဖရာဒိုက်တီး၏ တိုက်ရိုက်အဓိပ္ပာယ်ကား ရေမြှုပ်မှ ဖွားသူဟု ဖြစ်သည်။

ရေမြှုပ်မှ ဖွားသူ ဖြစ်လင့်ကစား သူ့ကို မွေးစားသမီးအဖြစ် ဇူးစ်ကြီးက သတ်မှတ်ပြီး အိုလင်ပီယင်တောင်ထိပ်တွင် တစ်နေရာ ပေးထား၏။

သူ့ကို ပိုင်းကြိုက်ကြသူ နတ်မင်းတွေ၊ တိုင်းတန်တွေ တစ်ပုံတစ်ခေါင်းရှိသည့်ကြားက မမဟီးရာ ကြိုးဆွဲရာ ပါပြီး သူ့ကို ဇူးစ်ကြီးက ခြေနှစ်ချောင်း မသန်သူ ပန်းပဲမောင်တင့်တယ် ဟီဖီစတက်စ်နှင့် ပေးစားထား၏။

ခြော်… လှသော မိန်းမများ အရုပ်ဆိုးသူနှင့် ရတတ်သည်ဟု ဆိုရမည်ကဲ့သို့ ဖြစ်နေသည်။

အမှန်ကား အက်ဖရာဒိုက်တီးက ဟီဖီစတက်စ်ကို အမည်ခံသာ ပေါင်းနေ၏။ ဇူးစ်ကြီး၏ မွေးစားသမီးပီပီ သူကလည်း 'များ'သည်။

အက်ဖရာဒိုက်တီး ပင်တိုင်မျောက်အဖြစ် မွေးထားသူကား ခြေဖြောင့် လက်ဖြောင့်နှင့် တဓောက်ကန်းသမား၊ အသောက်သမား၊ ရန်လို ဒေါသကြီးသူ စစ်နတ်မင်း အဲရီးစ် ဖြစ်သည်။

အဲရီးစ်နှင့် တိတ်တိတ်ပုန်း အက်ဖရာဒိုက်တီးသည် **ဖက်ဘက်စ်** (Phobus) နှင့် **ဒီးမက်စ်** (Deimus) ခေါ် သားနှစ်ယောက်၊ ဟာမိုးနီးယခေါ် သမီးတစ်ယောက် မွေးသည်။ အစသော် ဟီဖီစတက်စ်သည် ဘာမျှ မသိဘဲ ကလေးတွေကို သူ့ကလေးတွေဟု နွားကျကျ လက်ခံထားသည်။

တစ်ညတွင်ကား အဲရီးစ်၏ သရေးစ်နယ်-နန်းတော်တွင် အဲရီးစ်နှင့် အက်ဖရာဒိုက်တီးတို့ မိုးကြီး စင်စင်လင်းသည်အထိ ချစ်တလင်းပေါ်တွင် ချစ်ဗျူဟာခင်းနေမိကြရာ အရှေ့ဘက် ကောင်းကင်မှ တက်လာသော နေနတ်သား ဟီးလီးအက်စ်က မမြင်ချင်အဆုံး မြင်လိုက်ရသည်။ ဖြစ်နေကြပုံကို ဟီးလီးအက်စ်က အပိုဆာဒါးလေးတွေပါ စွက်ပြီး ဟီဖီစတက်စ်ကို ဝါသနာအလျောက် ဖောက်သည်ချမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဟီဖီစတက်စ် ဒေါသတကြီးနှင့် ပန်းပဲဖိုတွင်း ပြေးဝင်၍ တူကြီးကို ကိုင်သည်။ ထို့နောက်… ကြေးနီနှင့် အမဲလိုက် ပိုက်ကွန်တစ်ခုကို ပြုလုပ်သည်။ လက်ရာမြောက်လှဘိသည်။ ပိုက်ကွန်သည် လေတွင် လွင့်သော သို့မဟုတ် သစ်ရွက်တို့ မြက်တို့ပေါ်၌ ရေးရေးရိပ်ရိပ်သာ လွှမ်းသော ပင့်ကူအိမ်နုနုကဲ့သို့ မှုန်မှုန်ဝါးဝါးလေးသာ ဖြစ်လေသည်။ ခိုင်လိုက်သည်မှာကား ဘယ်သို့မှ ဖြတ်၍ ဖျက်၍ မရ။

ဤအနုပညာလက်ရာမြောက် နတ်ပိုက်ကွန်ကို မိမိနှင့် အက်ဖရာဒိုက်တီးတို့၏ မင်္ဂလာဦးပါ အိပ်ရာ ခုတင်မှ တိုင်နှင့် တန်းတွေတွင် အစီအမံ ပြုလျက် သူက လျှို့ဝှက်ထောင်ထားလိုက်၏။

သရေးစ်မှ ချစ်ပွဲပြန် အက်ဖရာဒိုက်တီးက ပြုံးပန်းတစ်ရာ ချိုချိုဖြင့် အလုပ်ကိစ္စကြောင့် ကောရင့်သ်နယ်ဘက် ခရီးလွန်နေခဲ့ကြောင်း လိမ်သည်။ ဟီဖီစတက်စ်ကလည်း အေးအေးချိုချိုပင် ပြောသည်။



လင်းမနက်စ်

"မောင့်ကိုလည်း ခွင့်လွှတ်ပါဦး ချစ်ဇနီးရေ… မောင်လည်း ပန်းတယ်ကွယ်၊ မောင့်အသည်းစွဲ **လင်းမနက်စ်** (Lemnos) ကျွန်းမှာ သွားအနားယူဦးမယ်"

ဟီဖီစတက်စ်နှင့် လိုက်ခဲ့မည်ဟု အက်ဖရာဒိုက်တီးက ဟန်လေးလုပ်၍ပင် မပြော။

ဟီဖီစတက်စ် မျက်စိအောက်မှ ပျောက်သွားရုံရှိသေး… အက်ဖရာဒိုက်တီးက လင်ငယ်တော် အဲရီးစ်ထံ သတင်းပို့ ဖိတ်ခေါ်သည်။ စက္ကန့်မဆိုင်းဘဲ အဲရီးစ်လည်း ဒုန်းစိုင်းရောက်လာ၏။

အိစက်ညက်ညောသည့် ဖဲမွေ့ရာပေါ် နှစ်ဦး ပျော်ပျော်ကြီး ရောက်ကြပြန်၏။

သို့ရာတွင် အရုဏ်ကျင်းသဖြင့် ထလိုက်ကြရာ ပိုက်ကွန်တစ်ခုတွင်း လုံးထွေးမိနေမှန်း နှစ်ဦးသား သိကြရသည်။ ဘယ်သို့မျှ ရုန်းထွက်၍ မရကြ။ ပိုဆိုးသည်ကား နှစ်ဦးစလုံး၌ အဝတ်အစား မရှိ။ မိမွေးတိုင်း ဖမွေးတိုင်း။

ဟီဖီစတက်စ်က ပြန်ရောက်လာပြီး သူတို့ကို လက်ပူးလက်ကြပ် ဖမ်းမိကာ ရှိသမျှ နတ်တွေကို ခေါ်လျက်- "ကြည့်ကြပါ… ကောင်းကြသေးလား ခင်ဗျ" ဟု တိုင်တည်သည်။

www.burmeseclassic.com



အချစ်ကွန်ရက်အတွင်း မိနေသူ နှစ်ဦးထံ နတ်တွေ မှန်သမျှ လာကြည့်ကြသည်။ နတ်ဒေဝီတွေကမူ ရှက်စနိုးကြောင့် အိမ်တွင်းပုန်းနေကြသည် ဆို၏။

ပရိသတ် ထိပ်ဆုံးမှ အပိုးလိုးက ဟားမီးဇ်ကို တံတောင်ဆစ်နှင့် တို့ပြီး မေးသည်။

"အဲရီးစ် နေရာမျိုး ရောက်ရရင် ငါ့ညီ စိတ်ဆိုးမလား၊ ဒီအတိုင်းပဲ ကွန်ထဲမှာလေ… အဟေ…"

ဟားမီးဇ်က မိမိခေါင်း မိမိ ကိုင်ပြီး လေးနက်စွာ ကျိန်တွယ်ပြော၏။

စိတ်မဆိုးကြောင်း၊ ပိုက်ကွန်တစ်ခုတည်း မဟုတ်၊ သုံးခု အုပ်ထားစမ်းပါစေ၊ နတ်ဒေဝီတွေပါ သုန်သုန်မှုန်မှုန် လာကြည့်နေစမ်းပါစေ။ သူနှင့်သာ ဆိုလျှင်… အဟင်း။

အပိုးလိုးနှင့် ဟားမီးဇ်တို့က မိမိတို့စကား မိမိတို့ သဘောကျပြီး ဟားတိုက် ရယ်ကြသည်။

ဟီဖီစတက်စ်သည် ပိုက်ကွန် ဖွင့်ပေးစေလိုလျှင် နစ်နာကြေးအဖြစ် အက်ဖရာဒိုက်တီးကို ယူစဉ်က မိမိ တင်တောင်းခဲ့ရသည့် ရတနာလက်ဆောင်များကို မွေးစားဖခင် ဇူးစ်က ပြန်ပေးရမည်ဟု တောင်းဆိုသည်။

ဇူးစ်ကြီးကား အလွန်ဒေါပွနေ၏။ လက်ဖွဲ့ရတနာတွေကိုလည်း ပြန်မပေးနိုင်။ လင်နှင့် မယားတို့၏ အောက်တန်းကျလှသော အရှုပ်ပြဿနာတွင်လည်း သူ ဝင်မပါနိုင်ဟု ဆိုရုံမက လူသိရှင်ကြား ကိုယ့်အရှက် ကိုယ်ခွဲသည့် ဟီဖီစတက်စ်ကို 'သောက်ရူး'ဟု ဘွဲ့ပေးသည်။

ပိုးဆိုက်ဒင်ကြီးကား အက်ဖရာဒိုက်တီး၏ မိမွေးတိုင်း ဖမွေးတိုင်း အလှကို မြင်ပြီး ချစ်စိတ်တွေ ယိုဖိတ်လာခဲ့သည်။ အဲရီးစ်ကိုလည်း စိတ်တွင်းမှ ကျိတ်မနာလို ဖြစ်နေသည်။

သူက ဟီဖီစတက်စ်ကို ကရုဏာသက်ဟန်ဆောင်ပြီး ပြော၏။

"ဇူးစ်က ဒီပြဿနာထဲ မဝင်ချင်ဘူး ဆိုတော့ လူကြီးတစ်ယောက်အနေနဲ့ ငါ ဝင်ရတယ်ကွယ်၊ အဲရီးစ်က ကိုယ့်ကိုယ်ကိုယ် ရွေးတဲ့အနေနဲ့ လက်ဖွဲ့ရတနာတွေရဲ့ တန်ဖိုးနဲ့ညီတဲ့ အဖိုးအခကို ဟီဖီစတက်စ်ကို ပေးလိုက်၊ အဲရီးစ်ဘက်က ငါ အာမခံတယ်၊ ဟီဖီစတက်စ်ကလည်း လွှတ်ပေးလိုက်"

ဟီဖီစတက်စ်က စိတ်မချမ်းမသာဟန်ဖြင့် အူတူတူ ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ... ဒါပေမဲ့ အဲရီးစ်က ကတိမတည်ရင် အာမခံတဲ့ ခင်ဗျားကြီး သူ့နေရာ ဝင်ရမှာနော်၊ ဒါပဲ"

ဤတွင် အပိုးလိုးက ရယ်လျက် ဝင်စုံစမ်းသည်။

"သူ့နေရာ ဝင်ရမယ်နော်၊ ဒီအတိုင်းပဲ အက်ဖရာဒိုက်တီး ဘေးမှာ၊ ဟုတ်လား... အဟီး..."

ပိုးဆိုက်ဒင်က သမာဓိကြီးကြီးနှင့် စကားဖြတ်ပေး၏။

"အဲရီးစ် ကတိဖျက်လိမ့်မယ်လို့ ငါ မထင်ပါဘူး၊ အဲ... မိုးမပြို ပြိုခဲ့သော်... အဲရီးစ်က ကတိဖျက်တယ် ဆိုပါတော့၊ ကတိထားတဲ့ အဖိုးအခ ကို ငါက စိုက်လျော်ပြီး အင်း... အက်ဖရာဒိုက်တီးကို ငါပဲ ပြန်လက်ထပ်ယူ ရမှာပေါ့ကွယ်"

ဤတွင် ပြေလည်သွားကြသည်။

ဟီဖိစတက်စ်က အဲရီးစ်ကို လွှတ်ပေးလိုက်ရာ ကိုယ်တော်မြတ် သရေးစ်သို့ အမြန်ပြန်သုတ်လေ၏။

**အက်ဖရာဒိုက်တီးကမူ ဆိုက်ပရက်စ်** (Cyprus) ကျွန်းရှိ **ပေးဖက်စ်** (Paphos) **မြို့ဆီ ပြေးသည်။** ထိုမြို့ ပင်လယ်၌ ရေချိုးလိုက်သောအခါ ယင်ဖိုပင် မနားဖူးသော ပကတိ အပျိုစင်စစ်စစ် ပြန်ဖြစ်သွားသည် ဟူသတည်း။

♦

မိမိနှင့် အဲရီးစ်တို့ ရွှေကွန်ချာအတွင်း ပိတ်မိနေစဉ်က မိမိ၏ အလှကို တပ်မက်သည့်ဇောနှင့် ဟားမီးဇ် ဘာပြောခဲ့ကြောင်း အက်ဖရာဒိုက်တီး သိသွားသည်။ ချစ်မှချစ်ပလေဟု အကျေနပ်ကြီးလည်း ကျေနပ်သွားသည်။ ချစ်တတ်သူကြီးကို ချစ်ဆုပေးသည့်အနေနှင့် အက်ဖရာဒိုက်တီးက ဟားမီးဇ်နှင့် တစ်ည ပေါင်းသင်းသည်။ ဤတစ်ည ချစ်မှ ဟာမက်ဖရာဒီးတက်စ် (Hermapyroditus) ကို အက်ဖရာဒိုက်တီး ဖွားခဲ့သည်။ ဤကလေးကို သား ဆိုရလည်း ခက်၏။ သမီး ဆိုရလည်း ခက်၏။ အကြောင်းကား သူ့တွင် အဖိုလိင်အင်္ဂါရော အမ လိင်အင်္ဂါပါ ပါရှိနေလေသတည်း။

မိမိနှင့် အဲရီးစ်တို့ကို ရွှေကွန်ချာတွင်းမှ လွှတ်ပေး ရှေ့ဆောင်ဆောင် ပေးခဲ့သော ပိုးဆိုက်ဒင်ကြီး၏ ကျေးဇူးကိုလည်း အက်ဖရာဒိုက်တီး မမေ့၊

www.burmeseclassic.com

www.burmeseclassic.com



အချစ်နတ်သမီး ဖြစ်သောကြောင့် အချစ်နှင့်ပင် ကျေးဇူးဆပ်လေရာ အက်ဖရာဒိုက်တီးသည် ပိုးဆိုက်ဒင်နှင့်လည်း သားနှစ်ပါး ဖွားသည်။

ရွှေကွန်ချာတွင်းမှ လွတ်ရာလွတ်ကြောင်းအဖြစ် ပေးပါမည်ဟု ကတိပြုခဲ့သော လျော်ကြေးကို အဲရီးစ်က မပေးခဲ့ချေ။ ကြားက ဝင်အာမခံခဲ့သော ပိုးဆိုက်ဒင်ကလည်း မပေးခဲ့ချေ။ လျော်ကြေး မရရှိလည်း ဟီဖီစတက်စ်က ဘာမျှ ဆက်မလုပ်။ အမှန်မှာ ဟီဖီစတက်စ်သည် အက်ဖရာဒိုက်တီးကို ရူးမတတ်ချစ်ရှာသူ ဖြစ်လေရာ မမချော ဘာလုပ်လုပ် ကွာရှင်းပြတ်စဲရန် စကတည်းကပင် စိတ်ကူးမထားချေ။

အက်ဖရာဒိုက်တီးက အချစ် စွန့်စားခန်းများ တစ်ခန်းပြီး တစ်ခန်း ဖွင့်နေလေတော့သည်။

ဒွါဒသမ မဟာဒေဝါ အသစ်စက်စက် ဖြစ်လာခဲ့သူ ဒိုင်အာနီးဆက်စ်နှင့်လည်း အက်ဖရာဒိုက်တီးသည် ငြိလိုက်သေးရာ **ပရီးအေးပက်စ်** (Priapus) ခေါ် သော သားတစ်ဦးကို မွေးခဲ့သည်။ ဤကလေး၏ ပုရိသလိင်အင်္ဂါသည် မြင်မကောင်းအောင် ကြီးထွားလှသည် ဆို၏။ မအေ ဖြစ်သူ၏ တွေ့မရှောင် သောင်းကျန်းမှုကို မနှစ်မြို့သော ဟီးရာက ဤသို့ ဖြစ်ရန် ကလေးအပေါ်၌ ဒဏ်ခတ်လိုက်ခြင်း ဖြစ်သည်။ မည်သို့ဖြစ်စေ ပရီးအေးပက်စ်သည် ခေါမနှင့် ရေမသားတို့၏ ဖိုသဘာဝအစွမ်းရှင် နတ် ဖြစ်လာခဲ့သည်။ သူ့ကို အကိုင်းအရွက် ဖြတ်ညှိသည့် ဓား ကိုင်ဆောင်ထားသည့် ဥယျာဉ်မှူးအဖြစ် နိမိတ်သင်္ကေတ ပြုကြသည်။

အလွန်ပွေသော ဇူးစ်ကြီးကား ထူးထူးဆန်းဆန်းပင် အက်ဖရာဒိုက်တီးကို ရှောင်သည်။ ရှောင်သာ ရှောင်သည်။ ဇူးစ်ကြီးအတွက် ရှောင်ရသည့် ဒုက္ခက မသက်သာ။ အက်ဖရာဒိုက်တီး၏ ခါးစည်းတန်ဆာက တန်ခိုးထက်လှသည်။ ဤခါးစည်းတန်ဆာကို ဝတ်ဆင်ထားလျှင် ဇူးစ်ကြီးပင်လျှင် ထိန်းချုပ်ထားသည့်ကြားက အချစ်ဇောတွေ ကြွကြွတက်လာသည်။ မခံမရပ်နိုင်သော ဇူးစ်ကြီးက အက်ဖရာဒိုက်တီးကို ငြိမ်ဝပ်သွားအောင် အရှက်ခွဲ ဆုံးမမည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

ဇူးစ်သည် မိမိတန်ခိုးဖြင့် အက်ဖရာဒိုက်တီးကို သာမန်သေမျိုး လူသားလူချော ဘုရင်လေး **အင်ကီးဆီးစ်** (Anchises) အား အရူးအမူး ချစ်မိအောင် လုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညတစ်ည…

အင်ကီးဆီးဖ်သည် အိုက်ဒတောင်ထိပ်ရှိ မိမိ၏ သိုး နွား မွေးမြူရေး စခန်းထဲတွင် အိပ်ပျော်နေသည်။ လှဲ့လှဲ့တောက်ရှန်း လှပသည့် အနီရောင် ဝတ်ရုံကို လွှမ်းကာ ဖရစ်ဂျီယ မင်းသမီးလေးတစ်ပါးအသွင် ဆောင်လျက် အက်ဖရာဒိုက်တီး ရောက်လာသည်။

ဩော်… နတ်သမီးနှင့် လူသား တွေ့ကြသည့်အကြောင်း အောင်ပင်လယ် ဆင်ဖြူရှင်ဓာတ်လမ်းကို အချုပ်တန်းဆရာဖေကလည်း စာစပ်ဖူးသည်။

'… **နုပီယေစကားနှင့်၊ လှည့်ဖျားတဲ့ စော်ကျို၊ လက်ဖျစ်သံ တစ်ချက် တီးရုံနှင့်။ နတ်သမီး ဆင်းကျရသည်။ ။ မေထုနသံဝါမှီသည်၊ ရှုသတိ ကွယ်ပလို့။ တဒင်္ဂ ဆင်ဖြူရှင်။ ရှုးလေသည့်သွင်။ သည်ကသို့ ဖြစ်ထုံးတင်လျှင်။ ချစ်တုန်းတွင် ခွဲပါနှင့်လေး။ ။**

အင်း… အင်ကီးဆီးဖ်နှင့် အက်ဖရာဒိုက်တီးတို့လည်း ခြသေ့်သားရေ၊ ဝက်ဝံသားရေတို့ ခင်းအပ်သော ညောင်စောင်းပေါ်တွင် ချစ်ပွဲဆင်ကြသည်။ သူတို့ ပတ်ဝန်းကျင် လေ၌ကား ပျားတို့သည် အိပ်ချင်မူးရီနှင့် တဝီဝီ အော်မြည် ဝဲပျံနေကြသည်။

အရုဏ်တက်၌ ခွဲကြခါနီးကျမှ မိမိ မည်သူ ဖြစ်ကြောင်း အင်ကီးဆီးဖ် ကို အက်ဖရာဒိုက်တီးက ကိုယ်ထင်ပြပြီး သိစေသည်။ ဤတစ်ည ဓာတ်လမ်း ကိုလည်း မည်သူ့ကိုမျှ မပြောမိအောင် သတိပေးသည်။

အင်ကီးဆီးဖ်မှာ အောင်ပင်လယ် ဆင်ဖြူရှင်ကဲ့သို့မူ ရှုးမသွား။ သို့ရာ တွင် တန်ခိုးရှင် နတ်သမီးတစ်ပါးကို လူအထင်နှင့် လူပီပီ ပြုချင်ရာ ပြုမိခဲ့သည့် အတွက် အကြီးအကျယ် ချောက်ချားပြီး အသက်ချမ်းသာပေးပါရန် ကြောက် အားနှင့် ထိုင်ကန်တော့ တောင်းပန်သည်။

အက်ဖရာဒိုက်တီးက ဤအတွက် ဘာမျှ စိုးရိမ်ပူပန်ရန် မလိုကြောင်း ကတိပြုသည့်အပြင် အင်ကီးဆီးဖ်နှင့် မိမိသည် သားတစ်ဦး ရပြီး ထိုသားသည် ထင်ရှားကျော်ကြားသော သားကောင်းတစ်ဦး ဖြစ်လာလိမ့်မည်ဟုပင် အားပေး ပြော ပြောကြားခဲ့သည်။

ရက်ပေါင်း အတန်ကြာသော တစ်နေ့သ၌ အင်ကီးဆီးဖ်သည် အပေါင်း အသင်းများနှင့် အရက်သေရည် သောက်နေသည်။ အရက်သမားတို့ ထုံးစံ ... ဘွေ့ကရာ ရှုစ်သောင်း ပြောကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



ရောင်းရင်းတစ်ဦးက ဆိုသည်။

"အင်ကီးဆီးဇ်ရေ... ဟိုအဘိုးကြီးရဲ့ သမီး ဟိုဟာလေးက ဘုရားစူး တကယ်ကို လှတာ၊ အင်း... အဲဒါလေးနဲ့သာ အုံးစက်ရာမှာ ယှဉ်နွဲ့ရမယ်ဆိုရင် အက်ဖရာဒိုက်တီးနဲ့ မလဲပါဘူး... ဘယ့်နှယ်လဲ"

သတိလက်လွတ် ဖြစ်ပြီး အင်ကီးဆီးဇ်က မဆင်မခြင် ဖြေသည်။

"အင်း... ကိုယ်က သူတို့နှစ်ယောက်လုံးနဲ့ အုံးစက်ရာမှာ ယှဉ်နွဲ့ခဲ့ဖူးသူ ဆိုတော့ မောင်ရင့် မေးခွန်းကြီးက ကိုယ့်အတွက် အဓိပ္ပာယ် မရှိလှဘူးကွာ"

ဝါကြွားမှုအရိပ် ပါသော အင်ကီးဆီးဇ်၏ ဤစကားကို ဇူးစ်ကြီး ကြားသွားရာ ဒေါသအမျက်ခြောင်းခြောင်း ထွက်ပြန်တော့၏။

ရာရာစစ... သေမျိုး လူသားက မတန်မရာ စော်စော်ကားကား...။

ဇူးစ်က အင်ကီးဆီးဇ်ကို မိုးကြိုးလက်နက်နှင့် ပစ်ချလိုက်၏။ အက်ဖရာဒိုက်တီးက အချိန်မီ သူ့ခါးစည်းတန်ဆာနှင့် ဝင်ကာပေးရာ မိုးကြိုးသွားသည် အင်ကီးဆီးဇ်ကို မမှန်ဘဲ လွဲချော်၍ ခြေရင်းရှိ မြေကြီးကိုသာ မှန်သည်။ သို့သော် မိုးကြိုးစက်က ပြင်းလှလွန်းသောကြောင့် အသက် မသေသော်လည်း အင်ကီးဆီးဇ်ခမျာ မြေတွင် ဘယ်သောအခါမှ မတ်မတ် မရပ်နိုင်ရှာပေ။ **အီးနီးအက်စ်** (Aeneas) ခေါ် သားတစ်ပါး မွေးဖွားပြီးနောက် အက်ဖ့ရာဒိုက်တီးသည် အင်ကီးဆီးဇ်အပေါ် တပ်မက်စိတ် ကုန်ခန်း၍ စွန့်ခွာသွားတော့၏။

တစ်နေ့တွင် ဆိုက်ပရပ်စ်ဘုရင် **စင်နီးရက်စ်** (Cinyras) လည်း စကားပို အကြွားလွန်မိသည်။ သူက မိမိ၏သမီး **ဆမားန** (Smyrna) သည် အက်ဖရာဒိုက်တီးထက်ပင် ပို၍လှပကြောင်း ပြောမိ၏။ ဤစော်ကားမှုကြောင့် အက်ဖရာဒိုက်တီး လက်စားချေပုံကား ဆမားနသည် စင်နီးရက်စ်ကို အချစ်ကြီး ချစ်မိစေသည်။ ဆမားန၏ အထိန်းတော်ကြီးက တစ်ညတွင် စင်နီးရက်စ်ကို လူမှန်းမသိ သတိလက်လွတ် ဖြစ်သည့်တိုင်အောင် အရက်သေစာ တိုက်ကျွေးသည်။ ညမှောင်မှောင်၌ စင်နီးရက်စ်၏ စက်ရာတွင်းသို့ ဆမားန ဝင်အိပ်လိုက်သည်။

ဆမားန၌ သန္ဓေရင့်လေမှ ဘာဖြစ်ခဲ့သည်ကို သိသော စင်နီးရက်စ် သည် ရှက်ဒေါသနှင့် ဓားနှင့် ဆွဲပြီး ဆမားနကို လိုက်တော့၏။ ဆမားနကို တောတွင်း တောင်ထိပ် ကမ်းပါးစွန်း၌ စင်နီးရက်စ် သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com




အဒိုးနစ်(စ်)

ထိုအချိန်၌ အက်ဖရာဒိုက်တီး ပေါ်လာသည်။ မိမိ၏ လက်စားချေပုံမှာ ပြင်းထန် ရက်စက်လွန်းသွားပြီဟု အက်ဖရာဒိုက်တီး နောင်တရနေ၏။ ထို့ကြောင့် စင်နီးရက်စ်၏ ဇာ:ကြီး ဆမားန၏ ကိုယ်ပေါ် ကျလာခိုက်၌ အချိန်မီ အက်ဖရာဒိုက်တီးက ဆမားနကို မားရ် (Myrrh) ဟု ခေါ်သည့် နံ့သာစေးပင်အဖြစ် ပြောင်းပစ်လိုက်သည်။ စင်နီးရက်စ်၏ ဓားကြီးက နံ့သာစေးပင်ကို နှစ်ခြမ်း ခွဲချလိုက်ရာ ပင်စည်တွင်းမှ ကလေးငယ် **အဒိုးနစ်(စ်)** (Adonis) လိမ့်ကျထွက်လာ၏။

အက်ဖရာဒိုက်တီးက အဒိုးနစ်(စ်)ကို ကောက်ယူပြီး အလုံသေတ္တာတစ်ခုတွင်း ထည့်ဝှက်သည်။ မှောင်သောနေရာ၌ ထိန်းသိမ်းထားရန် မှာကြားပြီး မြေအောက်ကမ္ဘာမှ မရဏလောက၏ မိဖုရားခေါင်ကြီး ပါဆက်ဖနီ လက်သို့ သေတ္တာကို ယုံကြည်လွှဲအပ်ထားခဲ့သည်။

စပ်စုလိုစိတ်ကို မထိန်းနိုင်သော ပါဆက်ဖနီက သေတ္တာကို ဖွင့်ကြည့်ရာ အဒိုးနစ်(စ်)ကို တွေ့သည်။ သူငယ်မှာ အလွန်ချောမောလှသောကြောင့် ပါဆက်ဖနီက မိမိ၏ နန်းတော်ခန်းဆောင်၌သာ မွေးမြူထားခဲ့၏။

ဤအကြောင်းကို သိသိချင်း အက်ဖရာဒိုက်တီးသည် တားတရက်(စ်)ဆီ သွား၍ ပါဆက်ဖနီထံမှ အဒိုးနစ်(စ်)ကို ပြန်တောင်းသည်။ အဒိုးနစ်(စ်)ကို ချစ်သူပြုပြီးနေသော ပါဆက်ဖနီကလည်း ပြန်မပေး။ ဤတွင် အက်ဖရာဒိုက်တီးက ဇူးစ်ကြီးကို တိုင်သည်။

မိမိ၏ မွေးစားသမီးအကြောင်း ဇူးစ်ကြီး ကောင်းကောင်းသိသည်။ အဒိုးနစ်(စ်)ကို ရလျှင် သူလည်း လင်လုပ်လေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဂုဏ်ကျက်သရေ မရှိလှသော အမှုကို မိမိကိုယ်တိုင် မစီရင်ဘဲ မူးဖ်နတ်သမီး ကလိုက်ယပီး ဉက္ကဋ္ဌ လုပ်သည့် အောက်ရုံးသို့ ဖူးစ်က ချပေးလိုက်သည်။

ကလိုက်ယပီး၏ စီရင်ချက်ကား... အဒိုးနစ်(စ်) မသေမပျောက်ဘဲ မွေးဖွားလာနိုင်အောင် အက်ဖရာဒိုက်တီးက စွမ်းဆောင်ပေးခဲ့သည်။ သေတ္တာတွင်းမှ ထုတ်ယူ ကယ်တင်ပြီး ပါဆက်ဖနီက စောင့်ရှောက် မွေးမြူခဲ့သည်။ ထို့ကြောင့် အဒိုးနစ်(စ်)ကို နှစ်ဦးလုံး ပိုင်ကြသည်။ သို့ရာတွင် ရမ္မက်ကြီးသူ ဤနတ်ဒေဝီကြီး နှစ်ဦးနှင့် အဒိုးနစ်(စ်)ကို အစဉ်ထား၍ မဖြစ်။ သူ့မှာ သူ့ကိုယ်ပိုင် နားနေ လွတ်လပ်ချိန်လေး ရှိသင့်သည်။ ကလိုက်ယပီးက တစ်နှစ်ကို သုံးပိုင်း ပိုင်းပြီး အဒိုးနစ်(စ်)သည် လေးလ အက်ဖရာဒိုက်တီးနှင့် နေစေ၊ လေးလ ပါဆက်ဖနီနှင့် နေစေ။ ကျန်လေးလကား အဒိုးနစ်(စ်)၏ ကိုယ်ပိုင် ဟောလီးဒေး အချိန် ဖြစ်စေဟု အမိန့်ချ၏။

ရုံးတော်အမိန့်ကို နာခံသယောင်ယောင်နှင့် အက်ဖရာဒိုက်တီးက လှုလည်လုပ်တော့သည်။ မိမိ၏ ခါးစည်းတန်ဆာ တန်ခိုးနှင့် အဒိုးနစ်(စ်)ကို မိမိအနားမှ မခွာနိုင်အောင် လုပ်သည်။ သူ့ကိုယ်ပိုင် လေးလတွင်ပင် အဒိုးနစ်(စ်)သည် အက်ဖရာဒိုက်တီးနှင့် မခွဲဘဲ နေတော့သည်။ ပါဆက်ဖနီနှင့် နေရသည့် လေးလအတွင်း၌လည်း အဒိုးနစ်(စ်)က မကြည်မဖြူ ငြီးငြီးငြင်ငြင် ပြုသည်။ ရုံးတော်၏ အမိန့်ကို အဒိုးနစ်(စ်)က တတ်နိုင်သမျှ ချိုးဖောက်၏။

ထိုက်ထိုက်တန်တန် စိတ်ထိခိုက်ရရှာသော ပါဆက်ဖနီသည် သရေးစ်နယ်သို့ သွားပြီး မိမိ၏ ကျေးဇူးရှင် ဖြစ်ခဲ့ဖူးသည့် အဲရီးစ်နှင့် တွေ့ဆုံသည်။ အက်ဖရာဒိုက်တီးသည် ယခုအခါ အဒိုးနစ်(စ်)ကို အဲရီးစ်ထက် ပို၍ ချစ်ခင်စွဲမက်နေကြောင်း ပါဆက်ဖနီက ပြောပြီး...

"ကောင်းကြသေးရဲ့လား၊ နတ်ထက် လူကို ပိုချစ်သတဲ့ရှင်၊ လူမှလည်း မိန်းမလျာလို လူပျော့လေး၊ ကောင်းရော ကောင်းရော..."

ဟု နတ်ရမ်း အဲရီးစ်ကို ဆွပေးသည်။

မနာလိုစိတ်နှင့် အဲရီးစ် မခံမရပ်နိုင်အောင် ဖြစ်လာခဲ့ပြီး မိမိကိုယ်ကို တောဝက်ရိုင်းကြီး တစ်ကောင်အဖြစ် ရုပ်ပြောင်းလိုက်၍ လက်ဘနွန်တောင်တန်းပေါ်၌ အမဲလိုက်နေသော အဒိုးနစ်(စ်)ကို အက်ဖရာဒိုက်တီး၏ မျက်စိအောက်

www.burmeseclassic.com

www.burmeseclassic.com



၌ပင် ထိုးပက်သတ်ပစ်လိုက်၏။ အဒိုးနစ်(စ်)၏ သွေးတို့မှ **အနင်မနီး** (Anemone) ပန်းပင်များ မြေတွင် ပေါက်လာခဲ့သည်။ အဒိုးနစ်(စ်)၏ ဝိညာဉ်ကား မြေအောက်ကမ္ဘာ တားတရက်စ်သို့ ဆင်းသွားရ၏။

ဤတွင် မျက်ရည်လည်ရွဲနှင့် အက်ဖရာဒိုက်တီးသည် ဇူးစ်ကြီးထံ အယူခံတက်ပြန်ရ၏။ ဤအတိုင်းဆိုလျှင် တားတရက်စ် မြေအောက်ကမ္ဘာတွင် ပါဆက်ဖနီနှင့် အဒိုးနစ်(စ်) ထာဝရ နေရတော့မည်။ တရားမျှတပါ၏လော။ အဒိုးနစ်(စ်)သည် အေးစက်မည်းမှောင်သော ဆောင်းရက်များတွင်သာ ပါဆက်ဖနီနှင့် နေခွင့်ရှိသည်။ နွေလရက်များတွင်ကား မိမိ၏ အဖော်အဖြစ် နေသင့်သည်။ ခမည်းတော် ကြည့်လုပ်ပါဦး... ။

ဤတစ်ကြိမ်တွင်ကား မွေးစားသမီးအပေါ် ကရုဏာသက်သွားပြီး အက်ဖရာဒိုက်တီး တောင်းဆိုသမျှကို ဇူးစ်ကြီးက ပေးခဲ့သည်ဟူသတတ်။

အဒိုးနစ်(စ်)က မိမိကို စွဲမက်နေရန် အက်ဖရာဒိုက်တီးသည် နည်းမျိုးစုံ သုံးသည်။ ဥပမာ- အဒိုးနစ်(စ်) မနာလိုတိုရှည် ဖြစ်အောင် **အားဂနော့တီ** (Argonaut) သူရဲကောင်း **ဘူးတီးစ်** (Butes) နှင့် အက်ဖရာဒိုက်တီးသည် ညပေါင်းများစွာ သွားနေပြရာ ဘူးတီးစ်နှင့် **အီးရစ်ဇ်** (Eryx) ခေါ် သား တစ်ယောက် ရသည်။ နောင်အခါ၌ အီးရစ်ဇ်သည် ဆစ်စလီကျွန်း၏ ဘုရင် ဖြစ်လာခဲ့သည်။ အဒိုးနစ်(စ်)နှင့် အက်ဖရာဒိုက်တီးသည် **ဂေါလ်ဂက်စ်** (Golgos) ခေါ် သားတစ်ယောက်နှင့် **ဘီးရိုးအီး** (Beroe) ခေါ် သမီးတစ်ဦး ရသည်။ ဂေါလ်ဂက်စ်သည် ဆိုက်ပရက်စ်ကျွန်းရှိ **ဂေါလ်ဂီး** (Golgi) မြို့နန်း တည်ထောင်သူ မင်း ဖြစ်လာပြီး ဘီးရိုးအီးကား သရေးစ်နယ်ရှိ **ဘီရိုးအား** (Beroea) မြို့နန်း တည်ထောင်သူ မင်းသမီး ဖြစ်လာခဲ့၏။

ကြမ္မာနတ်သမီးကြီးများက အက်ဖရာဒိုက်တီးအတွက် ကမ္ဘာလောကတွင် ချစ်ခန်းတွေ လိုက်ဖွင့်ရန်တည်းဟူသော မဟာတာဝန်ကြီး တစ်ခုကိုသာ သတ်မှတ် ချပေးထားသည်။ သို့ရာတွင် တစ်ချိန်၌ အက်ဖရာဒိုက်တီးသည် တိတ်တိတ်ခိုး၍ ရက်ကန်းရက်ကြည့်သည်။ ဤသည်ကို မိသွားသော နတ်ဒေဝါကြီး အသီးသီးက မိမိ ပညာနယ်ပယ် ပိုင်နက်ကို ကျူးကျော်ကြောင်း [illegible] ကျူးကျော်သွင်း ဤအတတ်ပညာတွေကို မိမိ ထိန်းသိမ်းစောင့်ရှောက်မှု [illegible] အချိန်အခါ [illegible] တော့မည် ဖြစ်ကြောင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကန့်ကွက်သည်။ အသီးနီးကြီး ကျေနပ်ရန် အက်ဖရာဒိုက်တီးခများ မနည်းတောင်းပန်လိုက်ရသည် ဆိုသည်။ ထိုနေ့မှစပြီး မိမိ တာဝန်ဖြစ်သော အချစ်လုပ်ငန်းမှ လွဲ၍ အက်ဖရာဒိုက်တီးသည် ဘာဆိုဘာမျှ မလုပ်တော့ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com


ဟက်စတီယာ

အခန်း [ ၂၃ ]

## ဟက်စတီယာ၏ စရိုက်သဘာဝ

ခါကုကလျာ စပ်သည်ဟု ဆိုကြသော ရတုပိုဒ်စုံတွင်…

**'နှင်းယန့်တပဲ၊ ဝတ်ဖြူလဲနှင့်၊ နန်းထဲ နန်းလှေ့၊ သီမငွေ့ဘဲ၊ ချမ်းမြေ့ စိတ်ကြည်၊ ဝိတိရည်ဖြင့်၊ ခိုင်တည်နှလုံး၊ တဖြောင့်သုံး၍၊ နှောင်ထုံး ကေမင်၊ လျှော့မြေချင်…'**

သည့်အကြောင်း ဖော်ပြထားသည်။

အိုလင်ပီယင် တန်ခိုးရှင်တွေကြား၌လည်း ရှုပ်ကြ၊ ပွေကြ၊ ဗရုတ်ကျကြ၊ အချင်းချင်း ချောက်တွန်းကြနှင့် မဟာအလုပ်တော် များကြသည့် စရိုက်မလှေ့ကို ရှုံ့မုန်းပြီး ခိုင်တည်နှလုံး တဖြောင့်သုံး၍ အေးအေးနေလိုသူ နတ်သမီး တစ်ဦး ရှိသည်။

သူကား ဟက်စတီယာ… ဇုးစ်တို့ မောင်နှမတွေအနက် အကြီးဆုံး။

www.burmeseclassic.com

www.burmeseclassic.com



ဟက်စတီယာသည် မည်သည့်စစ်ပွဲ၊ မည်သည့် ပဋိပက္ခပွဲတွင်မျှ ဝင်ပါလေ့မရှိ။ နှောင်ယုံးကေမင်၊ လျှော့ဖြေချင်လေသည်လော မသိ။ နတ်မင်းတွေ၊ တိုင်းတန်တွေက ကလီကမာ ချဉ်းကပ်လာသမျှကို ပယ်ထုတ်သည်။

ကရိုးနက်စ်ကြီးကို နန်းချပြီးစဉ် ပိုးဆိုက်ဒင်နှင့် အပိုးလိုးတို့သည် ဟက်စတီယာကို အပြိုင်ပိုးပြီး သူတို့ ဝသီအတိုင်း နွားသိုး ကြိုးပြတ် လုပ်ချင်ကြသည်။

ဟက်စတီယာက စကြဝဠာဖခင်ကြီး အသက်စက်စက် ဇူးစ်ကြီး၏ ဦးခေါင်းကို ကျမ်းကိုင် တိုင်တည်လျက် ယင်ဖိုပင် မနားသော အပျိုစင်စစ်စစ် အဖြစ် ထာဝရနေမည်ဟု သစ္စာပြုသည်။

ပိုင်လိုက်သည့် ဟက်စတီယာ... ပိုးဆိုက်ဒင်တို့ တူဝရီး နောက်ဆုတ်ပြေးရသည်။

မိမိ၏ ရွှေဦးခေါင်းတော်မြတ်ကို ကျမ်းကိုင် တိုင်တည်သဖြင့် အလွန်ရွှေဘောတော်ကျသွားသော ဇူးစ်ကြီးကလည်း ဟက်စတီယာကို ထာဝရဆုတစ်ခု ချသည်။ လူတို့ ယဇ်ပူဇော်ပွဲများ ပြုလုပ်သောအခါ ပထမဆုံး ယဇ်ကောင်ကို ဟက်စတီယာ အပိုင်ယူစေ၏။ အိုလင်ပီယင်တောင်တော်၏ ငြိမ်းချမ်းရေးကို ဟက်စတီယာက ထိန်းသိမ်း စောင့်ရှောက်ပေးသောကြောင့်ဟု ဇူးစ်က အကြောင်းပြသည်။

ခေါမတို့က ဟက်စတီယာကို မီးလှုံရာ မီးဖိုကို စိုးသော နတ်ဒေဝီ အဖြစ် ကိုးကွယ်ကြသည်။ အိမ်တိုင်းတွင် လည်းကောင်း၊ အများပြည်သူနှင့် ဆိုင်သော ခန်းမများတွင် လည်းကောင်း မီးလှုံရာ မီးဖို ရှိသည်။ မီးလှုံရာ မီးဖိုသည် ခေါမတို့၏ လူမှုဆက်ဆံရေးတွင် အရေးပါ၍ မြင့်မြတ်သော နေရာ ဖြစ်လေသည်။ မီးဖို၏ အနွေးဓာတ်ဆီ ခိုလှုံလာသူမှန်သမျှကို ဟက်စတီယာ က စောင့်ရှောက်လေသည်။

ဇူးစ်ကြီး၏ ပေါင်မှ ဖွားသူ ဒိုင်အာနီးဆက်စ်က အိုလင်ပီယင်တန်ခိုးရှင် ဆယ့်နှစ်ပါး စာရင်းတွင် ပါဝင်ချင်သောအခါ ဟက်စတီယာက နေရာဖယ်ပေးသည်။

အိုလင်ပီယာ တောင်တော်မှာ နေမှ မဟုတ်။ တန်ခိုးရှင်တွေအားလုံး အနက် အသိမ်မွေ့ အနူးညံ့ဆုံး၊ သီလ သမာဓိ အရှိဆုံး၊ လူသားတွေအပေါ် စိတ်ကောင်း စေတနာ အထားဆုံးသူအဖြစ် လူတွေက မိမိကို ကြည်ညိုချစ်ခင်

www.burmeseclassic.com



ကြခြောင်း ဟက်စတီယာ သိသည်။ အိမ်ဆောက်ခြင်း အတတ်ပညာကို ကျွမ်းကျင်သော တန်ခိုးရှင်မအဖြစ်နှင့်လည်း လူတို့၏ မေတ္တာကို မိမိ ခံယူရရှိသားကြောင်း ဟက်စတီယာ သိသည်။

ခေါမနိုင်ငံရှိ မည်သည့်မြို့ကမဆို မိမိကို ကြည်ကြည်ဖြူဖြူ ကြိုဆိုနေမှန်း သိသည့် ဟက်စတီယာသည် အားတိုင်း ပြဿနာတွေ တက်သည့် မောင်တော်၊ ညီမတော်၊ တူတော်၊ တူမတော်တို့၏ စကြဝဠာတန်ခိုး ဗဟိုကို စွန့်ခဲ့ပြီး မြေပြင်၌ လူတွေကြားတွင် ချမ်းချမ်းသာသာ လာနေသည် ဆိုသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၄ ]

# ဆိတ်နတ် ပင်နို၏ စရိုက်သဘာဝ




ခေါမတန်ခိုးရှင် အားလုံးသည် အိုလင်ပတ်စ် တောင်တော်ပေါ်၌ မနေချေ။ ထို့ကြောင့် အိုလင်ပီယင် တန်ခိုးရှင်စာရင်း၌ မဝင်။

မဟာပထဝီမိခင်ကြီး ဆိုလျှင် အသက်ကြီးလှပြီ ဖြစ်သောကြောင့် မြေး တန်ခိုးရှင်တွေ၊ မြစ် တန်ခိုးရှင်တွေနှင့် တတ်နိုင်သမျှ ဝေးဝေးလေး မြေ၌ပင် အေးအေးနေသည်။

မြေ၌ပျော်သော အခြားတန်ခိုးရှင်တစ်ဦးကား ဆိတ်နတ်ပင်နိ် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ကိုယ်၊ လူ့လက်၊ လူ့မျက်နှာ၊ ဆိတ်ချို၊ ဆိတ်မုတ်ဆိတ်၊ ဆိတ်ခြေထောက်တို့နှင့် ပင်န်သည် အရုပ်ဆိုးလှသည်။ သို့ရာတွင် သူကား ခေသူမဟုတ်။ စကြဝဠာ ဖခင်ကြီး ဖြစ်လာသူ ဇုးစ်ကြီး၏ နို့စို့ဖက် ဖြစ်သည်။ သူလည်း တန်ခိုးသေးသူ မဟုတ်ပေ။ အထူးသဖြင့် အလစ်တွင် ရုတ်တရက် ထအော်သော သူ့အသံသည် သွေးပျက်အောင် ကြောက်ဖွယ်ကောင်းသည်။ ကရိုးနက်စ်ကို နန်းချသော စစ်ပွဲအတွင်း၌ တကယ့်ချက်၌ သူ့ခြောက်လှန့်အော်သံကြောင့် ရန်သူ တိုင်းတန်ကြီးတွေ သွေးပျက် ထွက်ပြေးကြရသည်။

ပင်န်သည် အာကေဒီယ၌ သိုးအုပ်၊ နွားအုပ်၊ တိရစ္ဆာန်မျိုးစုံနှင့် ပျားအုံတို့ကို စိုးမိုးစောင့်ရှောက်လျက် နေသည်။ တောင်တန်းပျော် နင့်ဖ်နတ်သမီးတို့၏ ပျော်ပွဲရွှင်ပွဲများတွင် ဝင်နွှဲတတ်သည်။ လူတို့ အမဲလိုက်ကြလျှင် သားကောင်ရအောင် ကူညီတတ်သည်။ သူကား ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပြီး အပျင်းထူသော တန်ခိုးရှင်တစ်ဦး ဖြစ်လေရာ ဤလောက၌ သူ အနှစ်သက်ဆုံး ကိစ္စမှာ နေ့လယ်နေ့ခင်း၌ တစ်ရေးတစ်မော အိပ်ရခြင်း ဖြစ်လေသည်။ ဤသို့ သူ ဖိမ်ခံအိပ်နေခြင်းကို နှောင့်ယှက်လျှင်မူ ကောင်းကောင်းလက်စားချေတတ်သည်။ သူက တောအုပ်တစ်ခု သို့မဟုတ် လိုဏ်တစ်ခုအတွင်းမှ အလစ်အော်တတ်သည်။ သူ့အသံ ကြားရသူမှန်သမျှ အနည်းဆုံး ခေါင်းမွေးထောင်အောင် လန့်တတ်သည်။

သွေးပျက်အောင် ကြောက်လန့်ခြင်းကို အင်္ဂလိပ်ဘာသာဖြင့် **ပင်န်နစ်** (Panic) ဟု ခေါ်သည်။ ဤစကားသည် တိုင်းတန်ကြီးတွေ သွေးပျက် လန့်ပြေးအောင် အလစ်ဝင်အော်ခဲ့သည့် ပင်န်၏ နာမည်မှ ဆင်းသက်လာသည်ဟု ဆိုကြ၏။

ဇုးစ်ကြီး၏ နို့စို့ဖက် ညီအစ်ကိုတော်သူ ပင်န်သည်လည်း ဇုးစ်ကဲ့သို့ ပင် ပွေပြီး 'များ'သည်။ သူကမူ နင့်ဖ်နတ်သမီးတွေနှင့် ပွေတတ်သည်။ နင့်ဖ်နတ်သမီး **အက်ကိုး** (Echo) သည် **နားဆစ်ဆက်စ်** (Narcissus) နှင့် မတွေ့မီ ပင်န်နှင့် ကလေးတစ်ယောက် ရဖူးသည်။ အနုပညာနတ်သမီးကြီးများ ဖြစ်ကြသော မူးဇ်တို့၏ အထိန်းတော်ကြီး **ယူးဖီမီး** (Eupheme) လည်း ပင်န်နှင့် ငြိပြီး ကလေးတစ်ယောက် ရသည်။ ထို့အပြင် ဒိုင်အာနီးဆက်စ်၏ နောက်တော်ပါ မီးနဒ် မိန်းမကြမ်းကြီးတွေ အားလုံး တစ်ယောက်မှ ပင်န်နှင့် မလွတ်ကင်းကြဟု ပင်န်က ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်၌ သန့်ရှင်းလှသော အပျိုစင်နတ်သမီးလေး **ပစ်တီးစ်** (Pitys) ကို ပင်န်က လိုက်ရာ ပစ်တီးစ်သည် မိမိဘဝကို ထင်ရှူးပင်တစ်မျိုးအဖြစ်သို့ ပြောင်းပစ်လိုက်ရသည်။ ထိုအပင်မှ အကိုင်းတစ်ခုကို ခွေဝိုင်းပြီး ပင်န်က မိမိ၏ ဦးခေါင်းရစ်တန်ဆာ ပြုလုပ် ဆင်ယင်သည်။

အခြားသော တစ်ချိန်၌လည်း ပင်န်သည် **ဆိုင်းရင့်ခ်** (Syrinx) ခေါ် နတ်သမီးလေးနောက် လိုက်လေရာ လိုင်ကေးယွန်တောင်မှသည် **လေးဒင်** (Ladon) မြစ်သို့ ရောက်သည်။ ထိုမြစ်တွင် ဆိုင်းရင့်ခ်က မိမိကိုယ်ကို ကျူပင်အဖြစ်သို့ ပြောင်းပစ်လိုက်ရတော့သည်။ မြောက်မြားလှသော ကျူပင်တွေကြားမှ ဆိုင်းရင့်ခ်၏ တစ်ဖြစ်ပြောင်း ကျူပင်လေးကို ပင်န် ရှာမတွေ့နိုင်တော့။ ထိုအခါ ကျူရိုး တော်တော်များများကို ဖြတ်ယူ၍ အတို အရှည် စဉ်လျက် ပင်ပိုက်ပ် (Pan-Pipe) ဟု ခေါ်သည့် ပုလွေတွဲ လေမှုတ် တူရိယာတစ်ခုကို ပင်န်က ပြုလုပ်လေသည်။



ဆီလီးနီး

ပင်န်၏ အအောင်မြင်ဆုံး အချစ်စွန့်စားခန်းကား လနတ်သမီး **ဆီလီးနီး** (Selene) နှင့် ဖြစ်သည်ဟု ဆိုကြသည်။

ပင်န်သည် မိမိကိုယ်ပေါ်မှ ဆိတ်မွေးတွေ မပေါ်အောင် ရေစင်အောင် ဆေးလျှော်ထားသော သိုးမွေးလှလှတွေနှင့် လွှမ်းလျက် ဆီလီးနီးထံ ချဉ်းကပ်သည်။ ပင်န်ကို ဘယ်သူမှန်း မသိသော ဆီလီးနီးက သူ့ကျောပေါ် တက်စီးပြီး တောတွင်း၌ လှည့်လည်ရန် သဘောတူလိုက်သည်။

နောက်…

အိုးချင်းထားတော့ အိုးချင်း ထိသည်။ နတ်ချင်း ထိတော့…

လနတ်သမီးလေး ဆီလီးနီးသည် အရုပ်ဆိုး ကုသကြီး ပင်န် ပြုသမျှ နေရသော ဘဝ ရောက်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုလင်ပတ်စ်တောင်ထိပ်စံ တန်ခိုးရှင်များက တောသား၊ ဗရုတ်ဟူ၍ ပင်နိကို အထင်သေးကြသည်။ သို့ရာတွင် အခွင့်သာလျှင် သူတို့သည် ပင်နိထံမှ တန်ခိုးတွေကို အချောင်ယူတတ်ကြသည်။

အပိုးလိုးက ပင်နိထံမှ ဗေဒင်ပညာကို ညာဝါး မြှောက်ပင့်လျက် ရယူသွားသည်။ ပင်နိ လွတ်ချထားသော ပလွေတွဲ လေမှုတ်တူရိယာကို ဟားမီးဇ်က ကောက်ရပြီး အတုယူ အသစ်လုပ်လျက် မိမိ တီထွင်သည်ဟု ကြွားသည်။ အပိုးလိုးကို ဈေးကောင်းကောင်းနှင့် ပြန်ရောင်းခဲ့၏။

ခေါမတန်ခိုးရှင်တွေအနက် စုတေသွားသူဟူ၍ ပင်နိတစ်ယောက်တည်းသာ ရှိသေးသည် ဆို၏။

**သေးမက်စ်** (Thamus) ခေါ် သင်္ဘောသားတစ်ဦးသည် သူ့သင်္ဘောကို ရွက်လွှင့်လျက် ပက်ကဇီ (Paxi) ခေါ် ကျွန်းအနီးမှ ဖြတ်၍ အီတလီသို့ ပြန်လာခဲ့သည်။ ထိုစဉ် ပင်လယ်တွင်းမှ တန်ခိုးနှင့် လာသော အသံကို သေးမက်စ် ကြားရသည်။

''သေးမက်စ်… နားထောင်စမ်းလော့၊ ပလိုးဒီးစ် (Palodes) ကို ရောက်သည့်အခါ မပျက်မကွက် သတင်းပါး ကြေညာပါလေ၊ ဆိတ်နတ်မင်းကြီး ပင်နိကား စုတေသွားလေပြီ''

သေးမက်စ်ကလည်း အသံက စေခိုင်းသည့်အတိုင်း မပျက်မကွက် သတင်း ကြေညာပေးသည်။

ခေါမ တောလိုက်သမားများ၏ 'အဘိုး'ပမာ ဖြစ်သော ပင်နိ စုတေကြောင်း သိရသဖြင့် လူတို့ ညည်းညူပူဆွေး ငိုကြွေးမြည်တမ်းကြသည် ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၂၅ ]

# မြေအောက်ကမ္ဘာမှ တန်ခိုးရှင်များ

ကောင်းကင်စံ အိုလင်ပီယင် တန်ခိုးရှင် ဆယ့်နှစ်ပါး၌ ထည့်မတွက်သည့် မြေအောက်ကမ္ဘာမှ တန်ခိုးရှင်များလည်း ရှိသေးသည်။

မြေအောက်ကမ္ဘာ ဆိုသည်မှာ တမလွန်လောကကို ဆိုလိုပေသည်။

ကမ္ဘာကြီးကို ပတ်ဝိုင်းထားသော သမုဒ္ဒရာမြစ်ကြီး၏ ကမ်းစပ်နေရာတွင် အနက်ရောင် **ပေါ်ပလာ** (Poplar) ပင် တောအုပ်တစ်အုပ် ရှိသည်။ ဤတောအုပ်သည် မြေအောက်ကမ္ဘာသို့ အဝင်ဂိတ် ဖြစ်လေသည်။

ကွယ်လွန်သူတို့ကို ဟားမီးဇ်က ဤတောအုပ်မှတစ်ဆင့် မြေအောက်ကမ္ဘာဆီသို့ ခေါ်ယူခဲ့သည်။ ခေါ်မသွား ကွယ်လွန်သူတို့၏ လျှာအောက်တွင် ဆွေမျိုးများက တာဝန်ကျေစွာဖြင့် ပိုက်ဆံဒင်္ဂါး တစ်ပြားကို ထည့်ပေးလိုက်ကြသည်။ ကူးတို့ခ ပေးရန် ဖြစ်လေသည်။

မြေအောက်ကမ္ဘာ တားတရက်စ်၏ အနောက်ဘက် တစ်ခြမ်းလုံးသို့ အမုန်းမြစ်ဟု အဓိပ္ပာယ်ရှိသော **စတစ်ကစ်** (Styx) မြစ်က ခွေပတ်စီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူမှန်သမျှက မုန်းသောကြောင့် ထိုမြစ်ကို အမုန်းမြစ်ဟု ခေါ်ခြင်း ဖြစ်လေသည်။

စတစ်က်စ်မြစ်၌ မြစ်လက်တက် ငါးသွယ် ရှိသည်။ တစ်သွယ်၏ အမည်မှာ **အကာရွန်** (Acheron) ဖြစ်ပြီး သောကမြစ်ဟု အဓိပ္ပာယ်ရသည်။ ဒုတိယတစ်သွယ်က **ဖလက်ဂသွန်** (Phlegethon) အမည်ရှိပြီး မီးလျှံမြစ်ဟု အဓိပ္ပာယ်ရသည်။ တတိယတစ်သွယ်၏ အမည်ကား **ကိုးဆိုးတက်စ်** (Cocytus) ဖြစ်ပြီး ငိုညည်းမြစ်ဟု အဓိပ္ပာယ်ရသည်။ စတုတ္ထမြစ်တစ်သွယ်ကို **အေးအော့နစ်(စ်)** (Ornis) ဟု ခေါ်ပြီး သွေးမြစ်ဟု အဓိပ္ပာယ်ရသည်။ နောက်ဆုံးမြစ်ကား **လီးသီ** (Lethe) အမည်ရှိ မေ့ခြင်းမြစ် ဖြစ်၏။



ကဲရင်န်

စတစ်က်စ်မြစ်ကမ်း ကူးတို့ဆိပ်တွင် ထူးဆန်းသမျှ အရုပ်ဆိုးသော လှေနှင့် ကူးတို့သမားကြီး **ကဲရင်န်** (Charon) ရှိနေသည်။ ထိုနာမည်၏ အဓိပ္ပာယ်မှာ စူးရှပြင်းထန်သော အရောင်ဟု ရသည်။ ကဲရင်န်၏ မျက်လုံးကြီးများမှာ ငွေလောဘနှင့် စူးရှတောက်ပြောင်နေသည်။



ဆားဘာရက်စ်

တမလွန်ဘဝသား တစ္ဆေများက ကူးတို့ခ ပေးမှသာ ကဲရင်န်က သူ၏ လှေဖြင့် တစ်ဖက်ကမ်းသို့ ပို့ပေးသည်။ ကူးတို့ခ မပါသော တစ္ဆေတို့မှာ ဤဘက်ကမ်းတွင်သာ ဟိုမရောက် သည်မရောက်ဘဝနှင့် ဒုက္ခဖြစ် ကျန်နေရသည်။

အဝကတည်းက လည်းကြ[illegible] ပြီးတော့ ဟားမီးဇ်ကို ...ဘက်အောင် ဆောင်နိုင်သူ ဘိုင်ကောင်တစ္ဆေတို့အတွက် မြေအောက်ကမ္ဘာသို့ ...သော ဆောက်ပေးပေါက် နှစ်ပေါက်တော့ ရှိသည် ဆို၏။ ထပ်ပေါက်က

www.burmeseclassic.com



လကိုးနီးယား (Laconia) နယ် **တီးနရက်စ်** (Taenarus) အရပ်တွင် ရှိပြီး အခြားတစ်ပေါက်က **သက်စပရိုရှား** (Thesprotia) နယ် **အေးအောနင်မ်** (Aornum) အရပ်တွင် ရှိသည် ဆို၏။

ကူးတို့ခ ပေးနိုင်သူတို့ ရောက်သွားသော စတစ်က်စ်မြစ်၏ ဟိုမှာဘက်တွင် ငရဲခွေးကြီး **ဆားဘာရက်စ်** (Cerberus) က စောင့်ရှောက်ထားသည်။ ဆားဘာရက်စ်တွင် အချို့က ဦးခေါင်း သုံးလုံး၊ အချို့က ဦးခေါင်း ငါးဆယ် ရှိသည်ဟု ဆိုကြသည်။ မသေမီ နယ်ကျွံလာသူ လူနှင့် ငရဲပြည်ပြေး တစ္ဆေတို့ကို ဆားဘာရက်စ်က ကိုက်ဝါးစားပစ်သည်။

စတစ်က်စ်မြစ် ဟိုဘက်ကမ်း ရောက်လျှင် **အက်စ်ဖဒဲလ်လွင်ပြင်** (Asphodel Fields) များဟု ခေါ်သော လွင်ပြင်ကြီးကို ဖြတ်ကြရသည်။ အက်စ်ဖဒဲလ် ဆိုသည်မှာ ဂမုန်းပင်၊ နှင်းပန်းပင်ကဲ့သို့ ဥ ရှိသော အပင်ငယ် တစ်မျိုး ဖြစ်လေသည်။


အိုးရီအင်

အက်စ်ဖဒဲလ်လွင်ပြင်ကား ကျက်သရေနှင့် ရွှင်မြူးစရာဟူ၍ လုံးဝ မရှိ။ ဤလွင်ပြင်တွင် သမင်သေတစ္ဆေများကို အမဲလိုက်သူဟူ၍ တမလွန်ဘဝ ရောက်နေသူ မုဆိုး ကိုလူချော အိုးရီအင် (Orion) တစ်ဦးတည်းသာ ရှိသည် ဆို၏။ သာမန်တစ္ဆေတွေက လင်းနို့ကဲ့သို့ တိုးတိုးစီစီ အော်မြည်လျက် သွားလာနေကြသည်။ သူတို့ကြားတွင် ဟီးရိုး ခေါ် လူစွမ်းကောင်းတို့၏ ဝိညာဉ်တွေက ဦးတည်ရာမဲ့ လျှောက်သွားနေကြသည်။ ဤလူစွမ်းကောင်းဟောင်းများကို မြေအောက်ကမ္ဘာ တစ်ခုလုံးကို စိုးမိုးသည့် ဘုရင် မလုပ်ချင်ဘူးလားဟု မေးလျှင် မည်သူမျှ မလုပ်ချင်ကြ။ ဤကျက်သရေ မရှိသည့် ငြိမ့်ဘုရင်အစား လူ့ပြည်မှ မြေမဲ့ ယာမဲ့ ဆင်းရဲသား လယ်သမားတစ်ဦး၏ ကျေးကျွန်သာ ဖြစ်ချင်သေးသည်ဟု ဖြေကြမည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် ချမ်းသာမှု တစ်ခုသာ ရှိသည် ဆို၏။ လူ့ပြည်တွင် ကျန်ခဲ့သော ဆွေမျိုးများက ယဇ်ပူဇော်သော သွေးရည်ကို မြေပေါ်သို့ လောင်းချလိုက်သောအခါ သူတို့ သောက်ကြရပြီး လူသားစင်စစ်ကဲ့သို့နီးပါး ပြန်ခံစားကြရသည် ဆို၏။

အက်စ်ဖဒဲလ်လွင်ပြင်ကို ကျော်လွန်သောအခါ မြေအောက်ကမ္ဘာ၏ **အဲရေဘက်စ်** (Erebus) နှင့် ဟေးဒီးစ်တို့ ပါဆက်ဖနီတို့ စံရာ နန်းတော်ကြီးဆီ ရောက်သည်။

ဟေးဒီးစ်၏ နန်းတော်ကြီးအနီးသို့ ကပ်လာသောအခါ လက်ဝဲဘက်၌ အဖြူရောင် ဆိုင်းပရက်စ် (Cypress) သစ်ပင် တစ်ပင်၏ အရိပ်အောက်တွင် လီးသီဟု အမည်ရှိသော ရေကန်ငယ်တစ်ခု ရှိသည်။ သာမန်တစ္ဆေတို့သည် ဤမေ့ခြင်းရေကန်ငယ်မှ ရေကို စုပြုံးတိုး၍ အငမ်းမရ သောက်ကြ၏။ ပါရမီခေတ်ခံ ရှိသူများက ဤမေ့ခြင်းကန်ရေကို သောက်ခြင်းမပြုဘဲ အဖြူရောင် ပေါ်ပလာပင် တစ်ပင် အရိပ်အောက်ရှိ မှတ်မိခြင်းကန် (Pool of Memory) မှ ရေကိုသာ သောက်ကြသည်။ တစ္ဆေချင်းအတူတူ မှတ်မိခြင်းကန်ရေ သောက်သူက အစစ တစ်ပန်းသာသည် ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၂၆ ]

# လူသားတို့မိတ်ဆွေ

ဖတ်ရှုပြီးခဲ့ကြသည့်အတိုင်း အိုလင်ပီယင် တန်ခိုးရှင်အများသည် အားကိုးရန် သိပ်အစိုးမရ။ သူတို့စိတ်က တစ်နေ့ ရွှေ တစ်နေ့ ငွေ။ ကောင်းချင်လျှင် ကောင်းနေကြပြန်သည်။ ဆိုးချင်လျှင် အလွန်ကြောက်ဖွယ် ကောင်းကြသည်။ သူတို့သည် လူသားတို့၏ မိတ်ဆွေ ဖြစ်သည်ထက် အရှင်သခင်များသာ ဖြစ်ကြလေသည်။

လူသားတို့၏ မိတ်ဆွေအဖြစ် ထင်ရှားသော တန်ခိုးရှင်တစ်ဦးကား ရှိလေသည်။ သူကား အိုလင်ပီယင်တန်ခိုးရှင်များ စာရင်းတွင် မပါ။ အမှန်ကား တန်ခိုးရှင် ဖြစ်သော်လည်း သူ့ကို မျက်နှာငယ် တန်ခိုးရှင်ဟု ခေါ်ရမည် ထင်၏။

သူ့အမည်က **ပရမီးသီအက်စ်** (Prometheus) ဖြစ်လေသည်။ သူကား တိုင်းတန်တစ်ဦး ဖြစ်ပြီး သူ၌ **အက်ပမီးသီအက်(စ်)** (Epimetheus)၊ **အက်တာလက်စ်**နှင့် **မီးနိုးတီးယက်စ်** (Menoetius) ခေါ် ညီအစ်ကိုများ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရမီးသီအက်စ် ဟူသော စကားက 'ကြိုတင်တွေးဆမြော်မြင်ခြင်း' ဟု အဓိပ္ပာယ်ရှိသည်။ အက်ပမီးသီအက်စ်ကား 'နှောင်းခါမှ ပြန်လည်တွေးတော သုံးသပ်ခြင်း' ဟု အဓိပ္ပာယ်ရ၏။


ပရမီးသီအက်စ်

ဇူးစ်ကြီးနှင့် ကရိုးနက်စ်ကြီးတို့၏ စကြဝဠာ နန်းလုပွဲကြီးတွင် အက်တလက်စ်ကြီးနှင့် မီးနိုးတီးယက်စ်တို့က ကရိုးနက်စ်ကြီးဘက်မှ ဝင်တိုက်သည်။ မီးနိုးတီးယက်စ်မှာ ဇူးစ်၏ ဝရဇိန် လက်နက် ဒဏ်ဖြင့် သေပွဲဝင်သွားရသည်။ အက်တလက်စ်ကြီးကိုမူ ကောင်းကင်ဘုံကြီး တစ်ခုလုံးကို ထမ်းဆောင်ထားရသော ထာဝရအကျဉ်းသားကြီးအဖြစ် ဇူးစ်က အပြစ်ပေးသည်။

ပရမီးသီအက်စ်ကား နန်းလုပွဲကြီး၏ အရှုံး အနိုင်ကို ကြိုတင်တွက်ဆနိုင်သောကြောင့် ညီတော် အက်ပမီးသီအက်စ်ကိုပါ ညှိနှိုင်းသွေးဆောင်လျက် ဇူးစ်ကြီးတို့ဘက်မှ ဝင်တိုက်ပေးရာ ဇူးစ်ကြီး နိုင်သောအခါ သူတို့ညီနောင်နှစ်ဦးသည် တန်ခိုးရှင်လောကဌ် ဆက်နေခွင့် ရရှိကြသည်။

ပရမီးသီအက်စ်သည် ကိုယ်ကျိုးသက်သက်သာ ရှု၍ နိုင်မည့်ဘက်ကို ပင်းခဲ့ခြင်း မဟုတ်ပါလေ။


နောက် ပေါ်ပေါက်လာသော အဖြစ်အပျက်များက ပရမီးသီအက်စ်၏ စိတ်စေတနာကို ညွှန်ပြကြလေသည်။

အာကေးဒီယနယ်ကို စိုးစံသော **လိုင်ကေးယင်** (Lycaon) သည် ဇူးစ်ကြီးကို ကိုးကွယ်သည်။ သို့ရာတွင် ဒေဝသဘာဝ မြင့်မြတ်မှုကို စမ်းသပ်သည့်အနေနှင့် လူသား လူငယ်တစ်ဦး သတ်၍ လူ့အသားနှင့် ဇူးစ်ကို ရည်စူးပြီး ယဇ်ပူဇော်သည်။ ဒေါသူပုန်ထသွားသော ဇူးစ်က လိုင်ကေးယင်ကို ဝံပုလွေအဖြစ် ပြောင်းပစ်လိုက်သည်။ လိုင်ကေးယင်၏ နန်းတော်ကိုလည်း မိုးကြိုးပစ်၍ ဖျက်ဆီးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဇူးစ်နှင့် လိုင်ကေးယင်၏သားများ

လိုင်ကေးယင်၌ သားနှစ်ဆယ် ကျန်ရစ်သည်။ အချို့ကမူ သားငါးဆယ် ကျန်ရစ်သည်ဟုပင် ဆိုကြ၏။ ဤသားများကလည်း လူ့ပြည်တွင် ဆက်ဆိုးသွမ်းနေကြ၏။

တစ်နေ့တွင် ထိုမင်းသား ငါးဆယ်တို့၏ ဒုစရိုက်တွေကို ကိုယ်တွေ့စုံစမ်းမည်ဟု ဇူးစ်သည် ခရီးသည် သူဆင်းရဲ ဟန်ဆောင်လျက် လူ့ပြည်ဆင်းသည်။ လိုင်ကေးယင် သား ညီနောင်တစ်စုက အသွင်ပြောင်းထားသော ဇူးစ်ကို အမဲအူပြုတ်ဟင်းနှင့် ဧည့်ခံသည်။ ဟင်းထဲတွင် သိုးနှင့် ဆိတ်တို့၏ အူစုံအသည်းစုံတွေလည်း ပါသည်။ သူတို့ သတ်ထားသော သူတို့ ညီအရင်း နစ်တီးမက်စ် (Nyctimus) ၏ ကလီစာတွေလည်း ပါသည်။ ဇူးစ်က သူတို့ တည်ခင်းသောစားပွဲကို တွန်းဖယ်မှောက်ပစ်လိုက်၏။ သူတို့ ညီအစ်ကို အားလုံးကိုလည်း ဝံပုလွေတွေအဖြစ် ပြောင်းပစ်လိုက်၏။ အသတ်ခံထားရသော နစ်တီးမက်စ်ကိုကား လူအဖြစ် ပြန်ရှင်စေသည်။ ထိုသို့ ဖြစ်ပျက်ခဲ့သော နေရာကို ယခုတိုင် ထရက်ပီးဇက်စ် (Trapezus) ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ စားပွဲဟု ဖြစ်၏။

အိုလင်ပီယင်တောင်တော်ထိပ်သို့ ပြန်ရောက်သည့်တိုင်အောင် ဇူးစ်ဒေါသက မပြေသေး။ လူသားမျိုးနွယ် တစ်ယောက်မျှ မကျန်အောင် ဖျက်ဆီးပစ်မည်ဟု ဇူးစ်က ကမ္ဘာမြေပြင်ကို ရေဖြင့် လွှမ်းပစ်တော့သည်။ ထိုကမ္ဘာဖျက်

www.burmeseclassic.com

www.burmeseclassic.com



ရေလွှမ်းမှုကပ်ကြီးကို **ဒူးကေးလီယင်ဖလတ်ဒ်** (Deucalion Flood) ဟု ခေါ်သည်။ ဒူးကေးလီယင် ကမ္ဘာဖျက် ရေဘေးကြီးဟု အဓိပ္ပာယ် ရှိသည်။

သို့ရာတွင် **ဖသီးယား** (Phthia) နယ်ဘုရင် ဒူးကေးလီယင်ကား ပရမီးသီအက်စ်၏သား ဖြစ်လေသည်။ သူက ခမည်းတော် ရှိရာ ကော့ကေးဆက်စ် ဒေသသို့ အလည်ရောက်စဉ် လာမည့်ဘေးကို ပရမီးသီအက်စ်က ကြိုတင် သတိပေးခဲ့သည်။ ဒူးကေးလီယင်က ရောမ လှေကြီးတစ်စင်းကို တည်ဆောက် ပြီး အစာရေစာတွေ ဖြည့်တင်းသည်။ ထို့နောက် အက်ပမီးသီအက်စ်၏ သမီး မိမိ၏ မိဖုရား **ပီရာ** (Pyrrha) နှင့်အတူ လှေကြီးပေါ်တွင် တက်နေ၏။

မကြာမီ တောင်လေ တိုက်လာပြီး မိုးကြီး သည်းထန်စွာ ရွာတော့၏။ မြစ်များ ရေလျှံပြီး တစ်ဟုန်ထိုး စီးကြသည်။ ပင်လယ်ရေမျက်နှာပြင်သည် အလျှင်အမြန် မြင့်တက်လာပြီး ကမ္ဘာမြေပြင်တစ်ခုလုံးကို လွှမ်းတော့၏။ အလွန်မြင့်မားသော တောင်ထိပ်ကြီးတို့သာ ရေမမြုပ်ဘဲ ကျန်ရစ်သည်။ ဒူးကေးလီယင်နှင့် ပီရာတို့မှတစ်ပါး သက်ရှိသတ္တဝါမှန်သမျှ သေကျေ ပျက်စီး ကုန်ကြသည် ထင်ရ၏။

သူတို့ မောင်နှံ၏ လှေကြီးသည် ကိုးရက်တိတိ ရေမှာ မျောနေခဲ့ သည်။ သည့်နောက်တွင်တော့ ရေတွေ ကျသွားသည်။

လှေကြီးသည် တောင်ထိပ်တစ်ခုထက်တွင် တင်ကျန်ရစ်သည်။ ထို တောင်မှာ ခေါမနိုင်ငံ တောင်ပိုင်းရှိ **ပါးနက်ဆက်စ်** (Parnassus) တောင် ဖြစ်သည်ဟု လည်းကောင်း၊ ဆစ်စလီကျွန်းရှိ **အက်တနာ** (Aetna) တောင် ဖြစ်သည်ဟု လည်းကောင်း၊ ခေါမနိုင်ငံ အရှေ့မြောက်ဘက်ရှိ **အားသိုးစ်** (Athos) တောင် ဖြစ်သည်ဟု လည်းကောင်း၊ ထိုဒေသတွင်ပင် ရှိသော **သက်စလီ** (Thessaly) နယ်မှ **အိုးသရစ်(စ်)** (Othrys) တောင် ဖြစ်သည်ဟု လည်းကောင်း အမျိုးမျိုး အဆိုရှိလေသည်။ ကုန်းမြေ မတွေ့မီ ဒူးကေးလီယင်က အရှာအဖွေ လွှတ်လိုက်သော ချိုးငှက်လေးက တောင်ကို တွေ့ရှိလျှက် ပြန်လာပြီး ဒူးကေးလီယင် ကို စိတ်အေးစေသည်ဟု ဆိုကြသည်။

ဘေးရန်ကင်းစွာ မြေနင်းမိကြသော မောင်နှံနှစ်ဖော်တို့က ဒုက္ခသည် ၏ ကယ်တင်ရှင်ဟု ကျော်စောသော စကြဝဠာဖခင်ကြီး **ဇုးစ်**ကို သင့်လျော် လျောက်ပတ်သည့် ယဇ်ပူဇော်မှု ပြုကြသည်။ ထို့နောက် **ဆီးဖစ်ဆက်စ်** (Cephissus) မြစ်ကမ်းဘေးရှိ ထိုအချိန်၌ အမိုးပေါ်တွင် ပင်လယ်ရေညှိ

www.burmeseclassic.com

www.burmeseclassic.com



ရေမှော်တွေ တင်ပြီး အေးစက်နေသော ယစ်ပလ္လင်သာ ရှိတော့သည့် သီးမစ်(စ်) နတ်ကွန်းတွင် ဆုတောင်း အသနားခံကြသည်။ သူတို့အသံကို ဇုးစ်ကြီး ကြားပြီး ကရုဏာသက်ပြန်သဖြင့် ဟားမီးစ်ကို စေလွှတ်လျက် တောင်းသမျှဆု ပြည့်စေရမည်ဟု အားပေးစကား ပြောခိုင်းသည်။ သီးမစ်(စ်)ကလည်း ကိုယ်ထင် ပြလျက် မိန့်ကြားသည်။

"သင်တို့ ဦးခေါင်းတွေကို ပဝါဖုံးအုပ်၊ သင်တို့နှစ်ဦး၏ မိခင်အရိုးတို့ကို နောက်ပြန်လွှင့်ပစ်လော့"

သူတို့နှစ်ဦးမှာ တစ်မအေစီ ဖွားကြသဖြင့် လူမိခင်တွေတော့ မဖြစ်နိုင်။ ပရမီးသီအက်စ်၏ သားပီပီ ဒူးကေးလီယင်က ဉာဏ်ရှိသည်။ မိခင်ဆိုသည်မှာ ပထဝီမိခင်ကြီးကို ရည်ညွှန်းသည် ဖြစ်ရမည်။ ပထဝီမိခင်ကြီး၏ အရိုးတွေက ကျောက်တုံးတွေအဖြစ်နှင့် မြစ်တွင်းမှာ ရှိနေသည်။

မောင်နှံနှစ်ဖော်တို့က ခေါင်းတွေကို ပဝါအုပ်ပြီး ကိုယ်ကို ညွတ်လျက် ကျောက်တုံးတွေ ကောက်၍ နောက်ပြန်ပစ်ကြသည်။

ဒူးကေးလီယင် ပစ်သော ကျောက်တုံးတွေက လူယောကျ်ားတွေ ဖြစ်လာသည်။ ပီရာ ပစ်သော ကျောက်တုံးတွေက လူမိန်းမတွေ ဖြစ်လာ၏။ ကမ္ဘာမြေ၌ လူ့ဇာတ်အသစ် ပြန်လည် ဖြစ်ထွန်းလာခဲ့၏။

နောင်တွင် ဒူးကေးလီယင်နှင့် ပီရာတို့မှ ဟယ်လင်း (Hellin) ခေါ်သော သားတစ်ပါးကို ဖွားသည်။ ယနေ့အထိ ခေါ်မတွင် နေကြသော လူမျိုးများကို ဟယ်လိန်း (Hellene) များဟု ခေါ်ကြသည်။ ဟယ်လင်းမှ ဆင်းသက်လာသူများဟု ဆိုလိုသည်။

အမှန်မှာကား ရေလွှမ်းကပ်ကြီး၌ အသက်မသေဘဲ ကျန်ရစ်သူတို့မှာ ဒူးကေးလီယင်တို့ မောင်နှံ နှစ်ဦးတည်း မဟုတ်ဟု ဆိုကြသည်။

ဇုးစ်ကြီး၏ သားတစ်ဦး တော်သူ လူသား မဂ္ဂရက်စ် (Megarus) သည် ကပ်ဆိုက်ချိန်က ခုတင်ထက် အိပ်နေသည်။ သူသည် ကြိုးကြာငှက်များ၏ အော်သံကြောင့် လန့်နိုးလာသည်။ ကြိုးကြာငှက်များက ဂျီရေးနီယ (Gerania) ခေါ် ကြိုးကြာတောင်ဆီသို့ ပြေးလာခဲ့ရန် ခေါ်နေကြသည်။ ဂျီရေးနီယတောင်ထိပ်ဆီ ပြေးခဲ့သော မဂ္ဂရက်စ်လည်း ရေဘေးမှ လွတ်သည်။

လက်စလီနယ် အရှေ့ပိုင်း ပီးလီယင် (Pelion) တောင်၌ နေသော စီးရင်မ်ဘက်စ် (Cerambus) ဆိုသူကိုလည်း နင့်ဖ်နတ်သမီးများက ငှက်ချေးပိုး

www.burmeseclassic.com

www.burmeseclassic.com



ကောင်အဖြစ် ပြောင်းပေးလိုက်ရာ သူက လေဒ္ဒ်ပုံပြီး ပါးနက်ဆက်စ်တောင်ထိပ်ဆီ ပြေးသဖြင့် ကပ်ဘေးမှ လွတ်သည်။

◆

ထိုနည်းတူစွာ ပိုးဆိုက်ဒင်၏ သားတော်သူ **ပါးနေဆက်စ်** (Parnasus) တည်ထောင် ခဲ့သော ပါးနက်ဆက်စ်မြို့သားများမှာလည်း ကပ်ရောက်ချိန်၌ ဝံပုလွေတို့၏ အူသံကြောင့် အိပ်ရာမှ နိုးလာကြသည်။ သူတို့က ဝံပုလွေတို့ ရှေ့ဆောင်ရာ နောက် လိုက်ခဲ့ပြီး တောင်ထိပ်တစ်ခုထက် ရောက်လာကြ၏။ သူတို့လည်း ကပ်မှ လွတ်ပြီး ဝံပုလွေမြို့ဟု အဓိပ္ပာယ်ထွက်သော **လိုက်ကောရီယ** (Lycora) မြို့သစ်ကို တည်ထောင်ကြ၏။

တစ်နည်း ဆိုရသော် လူသားမျိုးနွယ် ပြုတ်အောင် ရေလွှမ်း သတ်သော ဇူးစ်ကြီး၏ အကြံသည် မအောင်မြင်ခဲ့။

ပရမီးသီအက်စ် ကယ်တင်ခဲ့သော လူများမှ ဟယ်လီန်း ခေါ် ယဉ်ကျေးသည့် ခေါမ (ဝါ) ဂရိခ်လူမျိုးများ ဖြစ်လာကြသည်။

ပါးနက်ဆက်စ်မြို့သားတို့မှ ဆင်းသက်လာကြသူတို့၏ ဓာတ်လမ်းကား တစ်မျိုး။

သူတို့က တဖြည်းဖြည်းနှင့် အာကေးဒီယနယ်ဆီ ရွှေ့ပြောင်းကြပြီး လိုင်ကေးယင် ကျင့်သုံးခဲ့သော ဒုစရိုက်ထုံးတမ်းများကို ပြန်အသက်သွင်းကြသည်။

ဤဓာတ်လမ်းတို့ကို စာနှင့် ပေနှင့် မှတ်တမ်းတင်နေသည့် အချိန်အထိ ထူးဆန်း၍ ကြောက်ဖွယ်ကောင်းသော ထုံးတမ်းစဉ်လာ အကျင့်တစ်မျိုးကို အာကေးဒီယနယ်၌ ကျင့်သုံးဆဲဟု သိရသည်။

ထိုအရပ်နေ လူတို့က သူငယ်တစ်ယောက်ကို သတ်၍ ဇူးစ်ကို ယဇ်ပူဇော်သည်။ သူ့ကလီစာတွေကို အခြား အမဲအူစုံ အသည်းစုံတို့နှင့် ရောလျက် အမဲအူပြုတ်ဟင်း ချက်သည်။ ထိုဟင်းကို ချောင်းတစ်ခုဘေးတွင် သိုးကျောင်းသားတို့ကို ကျွေး၏။ ထိုသိုးကျောင်းသားတို့အနက်မှ တစ်ဦးကို မဲချ ရွေးပြီး လူယဇ်ကောင်မှ ကလီစာကို စားစေသည်။ ထိုသို့ စားမိသော သိုးကျောင်းသားသည် ဝံပုလွေကဲ့သို့ အူပြီး အဝတ်အစားများကို ဝက်သစ်ချပင် တစ်ပင်၏ အကိုင်းတို့ထက် ထားခဲ့ကာ ချောင်းကို ရေကူး ဖြတ်သန်းပြေး၍ မှော်ဝံပုလွေ (werewolf)

www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားသည်။ သူသည် ဝံပုလွေအစစ်တို့နှင့် ရောလျက် ရှစ်နှစ် နေရသည်။ သူသည် သတိဉာဏ် ကျန်သေး၍ လူသားစားခြင်းကို ထိုရှစ်နှစ်လုံး ရှောင်ကြဉ်နိုင်ခဲ့သော် ထိုရှစ်နှစ်ကာလ အဆုံး၌ ချောင်းကို ပြန်ကူးလာပြီး မိမိ၏ အဝတ်အစားဟောင်းကို ပြန်ဝတ်ကာ လူပြန်ဖြစ်ခွင့် ရှိသည်ဆို၏။

ဤသို့လျှင် လူအချို့ ဒုစရိုက် ကျူးလွန်မြဲ ကျူးလွန်နေကြသည်ကို တွေ့ရသော ဇုးစ်ကြီးသည် ဤတစ်ကြိမ်၌ လူတစ်ယောက်မျှ မကျန်ရစ်သည် အထိ သုတ်သင်ပစ်ရန် ဆုံးဖြတ်ပြန်လေသောအခါ ပရမီးသီအက်စ်က မဆုတ်မနစ်သော လုံ့လ ဖွဲ့နှင့် ဝင်ရောက် အသနားခံ ကယ်ရပြန်သည်။

တစ်နေ့တွင် နောင် **ဆစ်ရှီအင်** (Sicyon) မြို့ ဖြစ်လာမည့် ပယ်လပနီးဆက်စ်ကျွန်းဆွယ်ကြီး၏ ဒေသတစ်ခု၌ လူတို့ အငြင်းအခုံ ဖြစ်ကြသည်။

သူတို့ ငြင်းခုံကြသည့် ပြဿနာကား နွားထီးတစ်ကောင်ကို သတ်၍ ယဇ်ပူဇော်ကြသောအခါ ဘယ်အစိတ်အပိုင်းတွေက နတ်အတွက်၊ ဘယ်အစိတ်အပိုင်းတွေက လူတွေ စားသုံးရန်အတွက် ဖြစ်သနည်းဟူသည့် ရောမ ပြဿနာတည်း။

လူတို့ မဆုံးဖြတ်နိုင်ကြသောကြောင့် ပရမီးသီအက်စ်ကို ခုံလူကြီးအဖြစ် အဆုံးအဖြတ် ပေးရန် အမှုအပ်သည်။

အမှန်ကား ဤအဆုံးအဖြတ်မျိုးကို နတ်ဘုရင်ကြီး ဇုးစ်ကသာလျှင် ဆုံးဖြတ်ပေးရမည် ဖြစ်ကြောင်း ပရမီးသီအက်စ် ကောင်းကောင်းသိသည်။ ထို့ကြောင့်လည်း အမှုကို ဇုးစ်ထံ ယူသွားရန် ပရမီးသီအက်စ် ဆုံးဖြတ်သည်။

သို့ရာတွင် ပညာရှိ သတိဖြစ်ခဲ ဖြစ်လေသလော။ သို့မဟုတ် ဇုးစ်ကြီး၏ ဉာဏ်ကို စမ်းချင်သလော၊ သို့မဟုတ် လူသားတွေကို ကောင်းကောင်း စားရစေချင်သလော မသိ။ ပရမီးသီအက်စ်က ဉာဏ်ကစားသည်။

သူက နွားထီးကြီးတစ်ကောင်ကို အရေ ဆုတ်ခွာ၍ အရိုး အသားခွဲခြားသည်။ နွားအရေခွံဖြင့် အခန်း နှစ်ခန်းရှိသော အိတ်ကြီးတစ်အိတ် ပြုလုပ်သည်။ တစ်ဖက်ခန်းတွင်း၌ အသားတွေချည်း ထည့်ပြီး အပေါ်ဆုံးမှ စားသုံးသူ အကြိုက်အနည်းဆုံး နွားအစာအိမ်ကြီးကို ဖုံးပိတ် တင်ထားသည်။ အခြားတစ်ခန်းတွင်ကား အရိုးတွေချည်း ထည့်၍ အပေါ်မှ တရွှဲရွှဲ ဖြစ်နေသော အသီးတို့ ဖုံးလွှမ်းထားလိုက်သည်။ ထိုအိတ်ကြီးကို ဇုးစ်ထံ ယူသွားပြီး ကြိုက်နှစ်သက်ရာ အခန်းကို ယူရန် ရွေးခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးစ်ကြီး ဒိဗ္ဗစက္ခု ခလုတ် မဖွင့်မိသလော။ သို့မဟုတ် နတ်သုဒ္ဓါယမကာရည် နည်းနည်း 'များ' နေသလား မသိ။ သူက အဆီတရွှဲရွှဲ လွှမ်းနေသော အခန်းကို ရွေးမိသည်။

*(ထိုနေ့မှစ၍ အရိုးနှင့် အဆီကို နတ်ပူဇော်ပြီး အသားကို လူတို့စားရသော ထုံးစံ ဖြစ်သွားသည် ဟူသတတ်)။*

နတ်တို့စကား မိုးကြိုးသွား၊ ထွက်ပြီးသား ဆင်စွယ် ဝင်တယ်မရှိ။ သည်စကြဝဠာ စည်းကမ်းကြောင့် သူ့အဆုံးအဖြတ်ကို သူ ပြန်မပြင်နိုင်တော့သော်လည်း ဖူးစ်ကြီး အတော်အောင့်သွားသည်။ သူ့အပေါ် နတ်လည်လုပ်၍ ပတ်သွားသော ပရမီးသီအက်စ်ကို မကျေ။

မဆီမဆိုင် ဖူးစ်ကြီးက လူတွေပေါ် လက်စားချေ ဒဏ်ခတ်သော အမိန့်ကို ချသည်။

"လူဆိုတဲ့ အကောင်တွေ ဒီနေ့ကစပြီး သားစိမ်း ငါးစိမ်းသာ စားစေ"

ဤအမိန့် တည်ရန် လူ့ပြည်၌ မီးဟူသည် မရှိရန် ဖူးစ်ကြီးက တားမြစ်ပိတ်ပင်လိုက်တော့၏။

သို့ဖြင့် လူ့ပြည်၌ မီးမရှိ။ လူတို့သည် မီး၏ အသုံးဝင်ပုံကို မသိ။

ဤတွင် ပရမီးသီအက်စ်က တန်ခိုးရှင် စစ်နတ်သမီးကြီး အသီးနီးထံ ချဉ်းကပ်၏။

အသီးနီးသည် ဖူးစ်ကြီး၏ ဦးခေါင်းမှ ဖွားလာခဲ့ကြောင်း မှတ်မိကြမည် ထင်ပါသည်။

အသီးနီး ထွက်လာနိုင်ရန်အတွက် ဖူးစ်ကြီး၏ မဟာဦးခေါင်းတော်ကြီးကို နတ်ပန်းပဲဆရာ ခွဲစိတ်သမားတော်ကြီးတို့ ဖွဲ့ကြ ဖောက်ကြရစဉ်က ပရမီးသီအက်စ်လည်း ပါဝင်ကူညီခဲ့သည် ဆို၏။

ဤကျေးဇူးကို ဆပ်သောအားဖြင့် ပညာရှင် ဉာဏ်ကြီးရှင် အသီးနီးက ပရမီးသီအက်စ်ကို ဗိသုကာပညာ၊ နက္ခတ္တဗေဒ၊ သင်္ချာ၊ ပင်လယ်ရေကြောင်းပညာ၊ ဆေးပညာ၊ ဓာတ်သတ္တု အသုံးပြုပုံပညာတို့မှ စကာ အဖိုးတန် အသုံးဝင်ပညာ မှန်သမျှ သင်ပေးခဲ့သည်။

ပရမီးသီအက်စ်က နတ်သမီးကြီး အသီးနီးနှင့် ဤမျှ ရင်းနှီးခင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း အိုလင်ပီယင်တန်ခိုးရှင် ဆယ့်နှစ်ပါးတို့သာ အခြေချခွင့်ရှိသော အိုလင်ပတ်စ်တောင်တော်ထိပ်သို့ နောက်ဖေးလှေကားမှ ခိုးတက်နိုင်ရေးအတွက် ကူညီပါရန် ပရမီးသီအက်စ်က အသီးနီးထံ ချဉ်းကပ်ခြင်း ဖြစ်၏။

အသီးနီးက ကူညီသဖြင့် အိုလင်ပတ်စ်တောင်တော်ထိပ်သို့ ပရမီးသီအက်စ်ရောက်သွားသည်။ ယင်းတောင်ထိပ်ပေါ်၌ နေမင်း၏ မီးလျှံစစ်ရထားကြီးဝယ် မီးရှူးတိုင်ကြီး တစ်တိုင်ကို မီးကူး ထွန်းညှိသည်။ မီးအားကောင်းလာသော မီးရှူးတိုင်ကြီးမှ မီးခဲရဲရဲကြီး တစ်ခဲကို သစ်ပင်ကြီးတစ်ပင်၏ နက်စွာသော အခေါင်းတွင်း ထည့်၍ ဝှက်သည်။ ထို့နောက် မီးရှူးတိုင်ကြီးကို မီးငြိမ်းသတ်ခဲ့ပြီး တိတ်တဆိတ် ပြန်လာခဲ့၍ ဝှက်ယူလာသော မီးကို လူတို့အားပေးသည်။

ထို့မျှနှင့် မရပ်သေးဘဲ အသီးနီးထံမှ သူ တတ်မြောက်ခဲ့သော ပညာမှန်သမျှ ပရမီးသီအက်စ်က လူတို့ကို သင်ကြားခဲ့သည် ဆို၏။

ဇူးစ်ကြီး အခဲမကျေနိုင်အောင် ဖြစ်တော့၏။

ဇူးစ်က ဟီဖီစတက်စ်ကို ရွှံ့မြေဖြင့် မိန်းမအရုပ် တစ်ရုပ် ထုလုပ်စေသည်။ လေမျိုး လေးပါးတို့ကို အရုပ်၌ လေမှုတ်သွင်း၍ အသက်ဝင်အောင်ပြုစေသည်။ ရှိသမျှ နတ်သမီးတွေကို အသက်ဝင်သော အရုပ်အား အဝတ်ကစ၍ တန်ဆာဆင်ပေးစေသည်။ ဤတွင် ဖန်ဆင်းသမျှ၌ အလှဆုံး ဖြစ်လေသော ပင်ဒေါရာ (Padora) ခေါ်သည့် မိန်းမတစ်ဦး ဖြစ်လာသည်။ ပင်ဒေါရာဟူသည် အရာခပ်သိမ်းပေးသူဟု အဓိပ္ပာယ်ရှိသည်။

ဟားမီးဇ်ကို အစောင့်အရှောက် တမန်မှူး ပြုစေလျက် ပင်ဒေါရာအား အက်ပမီးသီအက်စ်ထံ ကညာလက်ဆောင်အဖြစ် ဇူးစ်က ပို့လွှတ်လိုက်၏။

ဇူးစ်ထံမှ မည်သည့် လက်ဆောင်မျိုးကိုမျှ လက်မခံရန် နောင်တော် ပရမီးသီအက်စ်က မှာထားသောကြောင့် အက်ပမီးသီအက်စ်က ပင်ဒေါရာကို လက်မခံဘဲ စကားအလိမ္မာ သုံး၍ ငြင်းပယ်သည်။

ဤတွင် ဇူးစ်ကြီး ဒေါသယမ်းအိုး ပေါက်ကွဲလျက် ဟန်ဆောင်မနေတော့ဘဲ ပရမီးသီအက်စ်ကို ဖမ်း၍ ကော့ကေးဆက်စ် တောင်တန်းပေါ်ရှိ တောင်ချွန်းမတ်မတ် တစ်ခုထက်၌ ဝတ်လစ်စလစ် မိမွေးတိုင်း ဖမွေးတိုင်း သံကြိုးတို့ဖြင့် ခြေထိပ် လက်ထိပ်ခတ် ဖွဲ့နှောင်စေပြီး လဟာပြင်တွင် ပစ်ထားသည်။ နေ့အခါ၌ တစ်နေ့လုံး တစ်နှစ်ပြီး တစ်နှစ် အစာငမ်းလှသော လင်းယုန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်က ပရမီးသီအက်စ်၏ အသည်းကို ဆိတ်ပေါက် ဆုတ်ဖြဲစားသည်။ ပရမီးသီအက်စ်၏ ဝဋ်ဒုက္ခ ဆုံးခန်းက မရှိ။ ညအခါတွင် အချမ်းဒဏ်နှင့် အအေးဒဏ်တွေကို ခံစားနေရသည့်ကြားက ပရမီးသီအက်စ် မသေ။ သူ့အသည်းမှာလည်း ညတွင်းချင်း ပြန်ကောင်းလာ၍ နဂို ပကတိအရွယ်သို့ ပြန်ရောက်သည် ဆိုသတည်း။

သြော်… အသည်းကောင်းလှသော ပရမီးသီအက်စ်။ လူသားတို့၏ မိတ်ဆွေ…။

နောင်တော်၏ မရှုမလှ အဖြစ်ကို မြင်၍ ကြောက်လန့်တုန်လှုပ်သော အက်ပမီးသီအက်စ်ခမျာသည် ပင်ဒေါရာကို အလျင်အမြန် လက်ထပ်ယူလိုက်ရသည်။

ပင်ဒေါရာကို လှသမျှ မိုက်မဲ၊ ကောက်ကျစ်၊ ကျော့ရှိုး မရှိသည့် မိန်းမမျိုး အဖြစ် ဇူးစ်ကြီးက ဖန်ဆင်းခဲ့ရာ ဤကမ္ဘာ၌ ဤကဲ့သို့ မိန်းမမျိုး အစဉ်အဆက် ထိုအချိန်မှ စတင်ခဲ့သည် ဆိုသတတ်။

ပရမီးသီအက်စ်က လုံးလုံး ရှည်ရှည် အိုးတစ်ခုကို အက်ပမီးသီအက်စ် ထံ အပ်ထားခဲ့သည်။ ထိုအိုးကို မဖွင့်ရန်လည်း အတန်တန် မှာထားခဲ့သည်။ အကြောင်းကား လူသားမျိုးနွယ်ကို ကပ်ရောဂါသဖွယ် နှိပ်စက် ဖျက်ဆီးတတ်သော ဒုက္ခများ ဖြစ်ကြသည့် အိုခြင်း၊ ပင်ပန်းခြင်း၊ နာဖျားခြင်း၊ ရူးသွပ်ခြင်း၊ ဒုစရိုက်၊ ရမ္မက် စသည်တို့ကို ဖမ်းစုရ၍ ထိုအိုးတွင်း၌ ပရမီးသီအက်စ်က ပိတ်လှောင်ထားသောကြောင့် ဖြစ်၏။

ထိုအိုးကို ပင်ဒေါရာ တွေ့သွားသည်။ မချောက လက်မနေနိုင် ခြေမနေနိုင်ဘဲ အိုးအဆို့ကို ဆွဲဖွင့်လိုက်ရာ အိုးတွင်းမှ ဒုက္ခတရားတို့ အငွေ့တွေအဖြစ် ထွက်လာသည်။ ထိုအငွေ့တွေက အက်ပမီးသီအက်စ်နှင့် ပင်ဒေါရာတို့ကို တစ်ကိုယ်လုံးအနှံ့ ပျားတုပ်သကဲ့သို့ တုပ်တော့သည်။ ထိုမှတစ်ဖန် လူသားမျိုးနွယ် တစ်နွယ်လုံးကို လိုက်တုပ်သည်။ လူ့ပြည်၌ ဒုက္ခတရားတို့ ပျံ့နှံ့လေတော့သည်။



ပင်ဒေါရာ

www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေး၏။ အမြော်အမြင်ကြီးသော ပရမီးသီအက်စ်က မမေ့မလျော့ဘဲ မျှော်လင့်ချက်တရား (Hope) ကိုလည်း ထိုအိုးတွင်း၌ပင် ထည့်ပေးထားခဲ့၏။

အမိဖမ်းရ ခက်သော မျှော်လင့်ချက်တရားသည်လည်း အိုးတွင်းမှ ထွက်လိုက်လာပြီး လူမျိုးတုံးလျှင် မိမိတို့လည်း မျိုးသုဉ်းမည် ဖြစ်သောကြောင့် အထွေထွေ ကိုယ့်ဇီဝိန် ကိုယ်ခြေပွဲကြီး အပြီး မနွံပစ်ကြရန် စကားပရိယာယ် အသွယ်သွယ်ဖြင့် အဖျက်တရားစုတို့ကို တရားပြနေရသည် ဟူ၏။

ဖူးစ်ကြီးက ရက်ရက်စက်စက် လက်စားချေတတ်သူဟူ၍ စကြဝဠာ တစ်ခုလုံးက သူ့ကို စွပ်စွဲမည်ကို အလွန်ကြောက်သည်။

မိမိအပြစ်ကို ဖုံးကွယ်ရန် ဇာတ်လမ်းအတုတစ်ရပ် ဖန်တီးပြီး စကြဝဠာ အနှံ့ စည်လည် ဖြန့်ချိ၏။

သူ့လုပ်ဇာတ်က ဤသို့။

အသီးနီး နတ်သမီး အပျိုကြီးမမသည် ပရမီးသီအက်စ်နှင့် တိတ်တိတ် ပုန်း ညားနေသည်။ အသီးနီးက ပရမီးသီအက်စ်ကို အိုလင်ပတ်စ်တောင်တော် မြတ်ထိပ်သို့ တိတ်တဆိတ် ဖိတ်ခေါ်ပြီး ဒွေးနှစ်ဖော် သံဝါသပြုကြသည်။ အင်း... မပြေးသော် ကန်ရာရှိလာသော စကြဝဠာ မဟာအတုလဓမ္မရာဇာ အကျွန်ုပ် ဖူးစ်ကြီးခမျာ ဘာလုပ်ရမည်နည်း။ ပြောကြပါ။ ဘာလုပ်ရမည်နည်း။

ပြစ်မှုနှင့်စာလျှင် ပြစ်ဒဏ်သည် နည်းတောင် နည်းနေပါသေးသည် ဟူသတတ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၇ ]

# တန်ခိုးရှင်ယေ်များ

အိုလင်ပီယင်တောင်ထိပ်စံ တန်ခိုးရှင် ဆယ့်နှစ်ပါးနှင့် မြေအောက်ကမ္ဘာမှ တန်ခိုးရှင်များကား အကြီးစား တန်ခိုးရှင်များ ဖြစ်ကြ၏။ သူတို့အောက်၌ တန်ခိုးရှင် အငယ်စားများ ရှိကြသေး၏။

ယင်းတို့အနက် အထင်ရှားဆုံး သူကား ဖော်ပြပြီးခဲ့သည့် ကြမ္မာ ညီအစ်မ သုံးဖော် ဖြစ်ကြသည်။


သြော်… ဘဝဟူသည်မှာ ဖြစ်၊ တည်၊ ပျက် သဘောသာ ဖြစ်လေသည်။ ဖြစ် တည် ပျက် သဘောနှင့် ဆက်စပ်နေသော ကြမ္မာညီအစ်မသုံးဖော်တို့ ထင်ရှားကြသည်မှာ မဆန်းပါလေ။

လူတစ်ယောက်၏ ဘဝအစ 'ဖြစ်' ဟူသည် ကလိုးသိုးနတ်သမီးကြီး ဗိုင်းငင် ဆွဲကျစ်လိုက်သည့် ချည်မျှင်ကြိုးလေး တစ်ကြိုးမျှသာ ဖြစ်လေသည်။ ထိုကြိုးလေး မည်မျှ ရှည်ခွင့်ရှိကြောင်း ရှုးစ်ကြီးက ကြမ္မာ ညီအစ်မတွေကို ညွှန်ကြားထားသည် ဆို၏။ ကြိုးလေး ရှည်ခွင့်ရသမျှ 'တည်' နေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com





အိုလင်ပီယင်နတ်များ

အချိန်တန်သောအခါ ဖြတ်ရမည့် နေရာ အတိအကျကို လက်ကာဆစ်(စ်)နတ်သမီးကြီးက ပြသည်။ ထိုအခါ အက်တရာပေါ့စ်နတ်သမီးကြီးက ကတ်ကြေးကြီးဖြင့် တိခနဲ ဖြတ်ချလိုက်သည်။ သေခြင်းဟူသည် 'ပျက်' ပေတည်း။

ဤအကြောင်းကြောင့် ကြမ္မာနတ်သမီးကြီး သုံးဖော်ကို လူတို့ အလွန်ကြောက်ကြလေသည်။ အက်တရာပေါ့စ်ကို အကြောက်ဆုံး ဖြစ်လေ၏။

ခြွင်းချက်အနေနှင့်ကား ဖူးစ်ကြီးသည် စိတ်ပြောင်း၍ ကရုဏာသက်လျှင် အက်တရာပေါ့စ် အလုပ်ကို ဝင်ဟန့်လျက် အသက်ကြိုးမျှင်လေးကို ဆက်ရှည်ခွင့် ပေးနိုင်သည် ဆို၏။

သို့ရာတွင် လူအချို့ကမူ အသက် ဉာဏ်စောင့် ဟူဘိသကဲ့သို့ အတင့်မရဲဘဲ လာမည့်ဘေးကို ဝေးဝေးက ရှောင်လျှင် ကိုယ့်ကြမ္မာ ကိုယ် ထိန်းထားနိုင်သည်ဟု ယုံကြသည်။

**တန်ခိုးရှင် အငယ်အချို့ကမူ ကြမ္မာနတ်သမီးကြီးများကို ကွယ်ရာ၌ပြက်ရယ်ပြု၍ လှောင်ရယ် ရယ်ကြသည်။ အကြောင်းမှာ တစ်ကြိမ်က အပိုးလိုသည် ကြမ္မာနတ်သမီးကြီး သုံးဦးကို ယမကာ မူးအောင် တိုက်ပြီး သူ့မိတ်ဆွေ အက်ဒမီတက်စ် (Admetus) ကို သေဘေးမှလွတ်အောင် လုပ်ယူဖူးသည် ဆို၏။**

www.burmeseclassic.com



အများကမူ ကြမ္မာနတ်သမီးကြီးများကို လုညွှ်စား၍ မရ။ ဇုးစ်ကြီးပင် သူတို့၏ အဆုံးအဖြတ် အာဏာမှ မလွတ်ဟု ဆိုကြသည်။ ထိုသူများ အလိုအရ ဇုးစ်ကြီး 'ဖြီး'ထားသကဲ့သို့ ထိုနတ်သမီးကြီး သုံးဖော်မှာ ဇုးစ်ကြီး၏ သမီး အစစ်တွေ မဟုတ်။ **နက်ဆက်ဆတီ** (Necessity) အမည်ရှိ မဟာဒေဝီနတ်သမီး ကြီးထံမှ မေထုန် မမှီဝဲဘဲ သန္ဓေတည် ဖွားလာသူများသာ ဖြစ်ကြသည် ဆို၏။

ဖျူးရီးဖ်ဟု လည်းကောင်း၊ အီရင်နစ်(စ်)ဟု လည်းကောင်း ခေါ်ကြ သော မြွေဆံပင်နှင့် 'ဒုစရိုက်အပြစ်ပေးသူ' နတ်သမီးကြီး သုံးဦးကိုလည်း လူတို့ အလွန်ကြောက်ကြသည်။ သူတို့ အမည်များကား အလက်တိုး၊ တီဆစ်ဖနီး၊ မီဂေးရ ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးပြီ။ အကုသိုလ်ပြုရန် ဆိတ်ကွယ်ရာ မရှိဟု ကျွန်တော်တို့ ဆိုကြသည်။ ဒုစရိုက်နှင့် မတရားပြုကျင့်သူတို့သည် လူလူချင်း လက်မှ လွတ်ချင်လွတ်မည်။ လူလူချင်း မသိအောင် ဖုံးကွယ်နိုင်ကောင်း ဖုံးကွယ် နိုင်မည်။ သို့ရာတွင် ဖျူးရီးဖ် ညီအစ်မ သုံးဖော်ကိုမူ ဖုံးကွယ်၍မရ။ သူတို့က စောင့်ကြည့်နေသည်။ ကြမ္မာနတ်သမီးကြီး သုံးဖော်ဆီက အချက်ပြသည်နှင့် တစ်ပြိုင်နက် ဒုစရိုက်ကောင် ဘယ်ပြေးမည်နည်း။ ဖျူးရီးဖ် သုံးဖော်က မလွတ်အောင် လိုက်၍ အပြစ်ဒဏ်ခတ် သတ်တော့လေသည်။ တစ်ခါတစ်ရံ သူတို့က ကိုယ်တိုင် မလိုက်ဘဲ **ဟားပီးစ်** (Harpies) ညီအစ်မတွေကို လိုက် စေ၏။ ဟားပီးစ်တို့ကား သမုဒ္ဒရာပျော် နင့်ဖ်နတ်သမီး **အီလက်တရာ** (Electra) ၏ သမီးတို့ ဖြစ်ကြသည်။ ဟားပီးစ်တို့၏ ဦးခေါင်းကား လူဦးခေါင်း ဖြစ်ပြီး ခန္ဓာကိုယ်က လူမိန်းမကိုယ် ဖြစ်လေသည်။ သို့ရာတွင် ငှက်ကဲ့သို့ တောင်ပံရှိပြီး ငှက်၏ အမြီး၊ ခြေနှင့် ခြေသည်းများ ရှိသည်။ သူတို့က ဒုစရိုက် ကောင်ကို သုတ်ချီယူပြီး အဆုံးသတ် အပြစ်ဒဏ်ခတ်ရန် ဖျူးရီးဖ်တို့ထံ ပို့ဆက် သည်။

လူတို့၏ ဘဝနှင့် ဆက်စပ်နေသည့် အခြား တန်ခိုးရှင် နှစ်ဦးကား **တိုင်းကီ** (Tyche) နှင့် **နင်မဆစ်(စ်)** (Nemesis) တို့ ဖြစ်ကြသည်။ သူတို့ နှစ်ဦးလုံးကား နတ်သမီးများ ဖြစ်ကြလေသည်။

တိုင်းကီ ဆိုသော အဓိပ္ပာယ်မှာ ကောင်းကျိုးဟု ဖြစ်သည်။ လူ့ဘဝက ကောင်းကျိုးရော၊ ဆိုးကျိုးရော ရှိသည်။ ကောင်းကျိုး ဆိုးကျိုးတို့က ထမ်းသစော်

www.burmeseclassic.com

www.burmeseclassic.com



တည်း မလာ။ လာချင်သည့်အချိန် လာသည်၊ မလာချင်သည့် အချိန် မလာ။ ဖြစ်ချင်သော်လည်း မဖြစ်။ မဖြစ်ချင်သော်လည်း ဖြစ်။ အစိုးမရ··· ။

တိုင်းကီနတ်သမီးသည် ကောင်းကျိုးပေးရာ၌ စိတ်ထား မတည်ကြည်။ ခု တစ်မျိုး··· ခု တစ်မျိုး လုပ်တတ်သည်။ တိုင်းကီက သွားလေရာ၌ ဘောလုံးလေး တစ်လုံးကို လှည့်ပတ်ကစားပြလျက် သွားတတ်သည်။ မိမိ၏ ကံသေကံမ စိတ်မချရသော သဘာဝကို သတိပေးသည့်သဘော ဖြစ်၏။

အကယ်၍ တိုင်းကီက လူတစ်ယောက်ကို မ,၍ ထိုသူ ချမ်းသာသွားသည် ဆိုပါစို့။ ထိုသူသည် စည်းစိမ်ယစ်မူးနေသည်။ မာနထောင်လွှားလျက် ပကာသန မက်ကာ ကြွားဝင့်ခြင်းဖြင့် အချိန်ကုန်နေသည်။ နှမြောဝန်တို၍ နတ်တို့အားလည်း မပသ မပူဇော်။ လူသားချင်း ထောက်ထားညှာတာ၍ ချီးမြှင့်မ,စခြင်းလည်း မပြု။ ထိုအခါမျိုးတွင် ထိုသူကို ဆုံးမချိုးနှိမ်ရန် အလွန်သက်တမ်းရှည်နေပြီဖြစ်သော နင်မဆစ်(စ်)နတ်သမီးကြီးက ဝင်လာသည် ဆို၏။

နင်မဆစ်(စ်)ကား အိုးဆီးယင်နက်စ် (Oceanus) ခေါ် တိုင်းတန်နတ်ကြီး၏ သမီး ဖြစ်လေသည်။ အိုးဆီးယင်နက်စ်ကား စကြဝဠာ နန်းလုပွဲကြီး မတိုင်မီ သမုဒ္ဒရာကို စိုးသော နတ်ကြီး ဖြစ်လေသည်။ ယခု သူ အရာကျပြီး သူ့ရာထူးကို ပိုးဆိုက်ဒင်က ယူထားသည်။

နင်မဆစ်(စ်)သည် အက်ဖရာဒိုက်တီးကဲ့သို့ပင် အလွန်လှပချောမောသည် ဆို၏။

နင်မဆစ်(စ်)သည် လက်တစ်ဖက်က ပန်းသီးပင်၏ အကိုင်းကြီး တစ်ကိုင်းကို ကိုင်ထားပြီး အခြားလက်တစ်ဖက်က ဘီးဝိုင်းတစ်ဝိုင်းကို ကိုင်ထားသည်။


အိုးဆီးယင်နက်စ်

• သမင်ထီးကြီးများ ရုပ်တန်ဆာ ဆင်ထားသည့် ငွေသရဖူကို နင်မဆစ်(စ်) ဆောင်းသည်။ သူ့ခါးစည်းကြိုး၌ကား အပြစ်ရှိသူကို ဆုံးမရန် ကျာပွတ်ကြီးတစ်ချောင်း တွဲလွဲ အမြဲပါလာသည် ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



နင်မဆစ်(စ်) ဆိုသော အမည်သည် **နီးမီးယင်** (Nemein) ဟူသော စကားမှ ဆင်းသက်လာသည်။ ထိုစကားကား အညီအမျှ ပေးသည်။ ခွဲဝေပေးသည်ဟု အဓိပ္ပာယ် ရှိသည်။

နင်မဆစ်(စ်)ကား တရားမျှတရေး နတ်သမီးကြီး။ မတရားသူကို မလွဲမသွေ ဒဏ်ခတ်သူ။ မတရားခံရသူတို့ကိုယ်စား တရားမဲ့သူကို လက်စားချေပေးသူ။

သူ့ကို တရားမဲ့သူများ ကြောက်ကြရသည်။

ဩော်… တရားဘက်တော်သား နင်မဆစ်(စ်)။ ရုပ်ကလည်း အင်မတန်လှသည်။

အင်း… သူ့ကို ဇူးစ်ကြီးက ကြိုက်သည်။

စကြဝဠာ အရှင်သခင်ကြီး ဇူးစ်သည် တရားနတ်သမီးသော ဘာသောဂရုမစိုက်။ သူက တရားတွေ၏ အထက်က မဟုတ်လော။

ဇူးစ်ကြီးက နင်မဆစ်(စ်)ကို လိုက်သည်။ အသွင်အမျိုးမျိုး ပြောင်းပြီး မြေအနှံ့ သမုဒ္ဒရာအနှံ့ နင်မဆစ်(စ်)က ပြေးသည်။ ဇူးစ်ကြီးကလည်း အသွင်အမျိုးမျိုး ပြောင်း၍ပင် လိုက်၏။

နောက်ဆုံး၌ ငန်းဖြူကြီးတစ်ကောင် အသွင်ဆောင်ထားသော ဇူးစ်ကြီးက နင်မဆစ်(စ်)ကို မိသွားသည်။

သည်အခါ ငန်းပီပီ ငန်းတို့ထုံးစံအတိုင်း…

နင်မဆစ်(စ်)က ဇူးစ်ငန်းကြီးနှင့် သန္ဓေရသော ဥကြီးတစ်လုံးကို ဥချလိုက်ရရှာသည်။ ထိုဥကြီးမှ အလွန်လှပသော **ဟယ်လင်** (Helen) ခေါ်သည့် မိန်းမချော မွေးဖွားလာသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၂၈ ]

ခေါမတန်ခိုးရှင်များအကြောင်းကို နင်မဆစ်(စ်)နတ်သမီးကြီး အကြောင်း၌တွင် ကျွန်တော် ရပ်ထားလိုသည်။

ခေါမသမိုင်းရိပ်ပြ ဂန္ထဝင်ဇာတ်ဆန်းများကို **အပိုင်း (၁) ကပ်ကမ္ဘာဦး၊ အပိုင်း (၂) တန်ခိုးရှင်များ** ဟူ၍ အပိုင်းခွဲလျက် ကျွန်တော် ရေးခဲ့သည်ကို စာရှုသူများ သတိပြုမိကြမည် ထင်ပါသည်။ အမှန်ကား ရေးမည်ဆိုလျှင် တန်ခိုးရှင်များအကြောင်း များစွာ ရှိလေသေးသည်။ သို့ရာတွင် အဓိကတန်ခိုးရှင် များ အကြောင်းကား ပြည့်စုံပေပြီ။ ဆက်မည်ဆိုလျှင် **အပိုင်း (၃) လူစွမ်းကောင်း များ** အကြောင်းသို့ ဆက်ရမည်။

ဤသို့ မဆက်မီ ဆွေးနွေးဖွယ်များ ရှိနေပါသည်။

ယခု ဖတ်ရှုပြီးသမျှနှင့် သမိုင်းရိပ်ပြဂန္ထဝင်ဇာတ်ဆန်းခေါ် မစ်(သ်) များ၏ သဘောသဘာဝကို စာရှုသူများ ရိပ်မိကြပြီ ယုံကြည်ပါသည်။

မစ်(သ်) ဆိုသည်မှာ ဘာနည်း...

အို... ပုံပြင်တွေပါကွာ၊ ထူးထူးဆန်းဆန်း ဇာတ်လမ်းတွေပါ၊ ယုံချင် ယုံ၊ မယုံချင် နေပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မစ်(သ်)တွေကို ပုတ်ထုတ်ပစ်၍ မရပါ။ မစ်(သ်)တွေက ထူးထူးဆန်းဆန်း ပုံပြင်အမျိုးအစားတို့၏ အထက်မှာ ရှိနေ၏။

ရှေးဟောင်း ယဉ်ကျေးမှုကြီးတိုင်း၌ မစ်(သ်)တွေ ရှိသည်။ အီဂျစ်မစ်(သ်)၊ ဘေဘီလုံးမစ်(သ်)၊ ဟိန္ဒူမစ်(သ်) ဟူ၍ ကမ္ဘာကျော် ထင်ရှားကြသည်။

မစ်(သ်)တွေအကြောင်း ရှင်းပြသော သီအရီ အများလည်း ရှိလေသည်။

သီအရီ တစ်ခုက မစ်(သ်) ဆိုသည်မှာ **သဘာဝပုံပြင်** (Nature Tale) ဖြစ်သည် ဆို၏။

သဘာဝ၌ ဖြစ်ပေါ်မှုတို့ကို မှတ်တမ်းတင်ခြင်း အမှု၊ ဖြစ်နိုင်လျှင် အဖြေပေးသော အမှုတို့ကို (ဇာတ်လမ်းပမာ ပြော၍) ပြုကြသည် ဟူ၏။

ဥပမာ- ပိုးဆိုက်ဒင်၏ မိန်းကြီး ထိုးစိုက်ရာမှ ဘယ်သောအခါမှ ရေမခန်းသော လာနာမြစ် ဖြစ်လာသည်။ ဇူးစ်ကြီး၏ ဒေါသကြောင့် ဒူးကေးလီယင် ရေလွှမ်းမှုကြီး ဖြစ်လာသည်။ နေနတ်သား ဟီးလီးအက်(စ်)၏ မြင်းရိုင်းကြီးများ ဆွဲသော မီးလျှံရထားကြီးကို ၎င်း၏သား ဖြစ်သူ ဖေးအသင် (Phaethon) မနိုင်မနင်း တက်မောင်းသောကြောင့် နေလမ်းကြောင်း ကမောက်ကမ ဖြစ်ပြီး ကမ္ဘာကြီး၏ အချို့ဒေသတို့၌ ခိုက်ခိုက်တုန်အောင် အေးသမျှ၊ အချို့ဒေသတို့၌ လယ်ကွင်းတွေ၊ တော တောင်တွေ မီးလောင်ကုန်သည်။ ဤဇာတ်လမ်းတွေက သဘာဝ၌ ဖြစ်ပေါ်ခဲ့မှုတွေအကြောင်း ဖြစ်လေသည်။

နောက်သီအရီတစ်ခုကို **အေးတီအာလက်ဂျီ** (Aetiology) သီအရီဟု ခေါ်သည်။ **ကြောင်းကျိုးပြ** သီအရီဟု အဓိပ္ပာယ်ရသည်။ ထိုသီအရီအရ ကမ္ဘာဦးမှ လူများသည် သဘာဝ၌ ဖြစ်ပေါ်မှုကို မိမိတို့ ဉာဏ်မီသမျှ အကြောင်းအကျိုး ရှင်းပြကြရာမှ မစ်(သ်)တွေ ဖြစ်လာသည် ဆို၏။

ကမ္ဘာလောကကြီး ဘယ်သို့ ဖြစ်ပေါ်လာသနည်း။ အစကမူ ရောရော ထွေးထွေး ရှုပ်ရှုပ်ယှက်ယှက်။ ဤသဘောကို ခေါ်မတို့က **ကေးအော့(စ်)** (Chaos) ဟု ခေါ်သည်။ **ကေးအော့(စ်)ထဲမှာ ဂိုင်ယာ အလျှင်ပေါ်လာသည်။** မြေကြီး ပေါ်လာသည်ကို ဆိုလိုသည်။ **မြေကြီးကို ပထဝီမိခင်ကြီးဟု** ခေါ်သည်။ ထိုနောက် **ယူးရေနက်စ်** ပေါ်လာသည်။ ကောင်းကင် ပေါ်လာသည်ကို ဆိုလိုသည်။ **ကောင်းကင်ကို ဖခင်ကြီးအရာ၌** ထားသည်။ ပထဝီ မိခင်ကြီးနှင့် မိုးကောင်းကင် ဖခင်ကြီးတို့ ပေါင်းဖက်ရာမှ **သစ်ပင်တွေ၊** သတ္တဝါတွေ ဖြစ်လာသည်။ ဤသည့်တိုင်အောင် ကပ်ကမ္ဘာဦးမှ စကြာဝဠာသည် စနစ် မရှိ။

www.burmeseclassic.com

www.burmeseclassic.com



**အစီအစဉ်** (Order) မရှိ။ ဖြစ်ချင်သလို ဖြစ်နေသေးသည်။ နောင်တော့ ဇုးစ် ပေါ်လာသည်။ ဇုးစ်သည် သူ့ဘိုးဘေး ယူးရေနေ့က်စ်တို့၊ သူ့ဖခင် ကရိုးနက်စ်တို့ထက် ပို၍ တရားမျှတသည်။ အမြော်အမြင် ကြီးသည်။ သူက အိုလင်ပိယင်တန်ခိုးရှင် ၁၂ ပါးအဖွဲ့ ဖွဲ့ပြီး စကြဝဠာကြီးကို စီမံခန့်ခွဲသည်။ ဇုးစ်မှာလည်း သူ့တန်ခိုး၊ သူ့တာဝန်၊ သူ့အလုပ်နှင့်။ ကျန်တန်ခိုးရှင်တွေမှာလည်း မိမိတန်ခိုး၊ မိမိတာဝန်၊ မိမိအလုပ်နှင့်။ ဇုးစ်ကြီး၌ ချို့ယွင်းချက်တွေ ရှိသော်လည်း တတ်နိုင်သမျှ တာဝန်ကျေသည်။ မကောင်းသူ ပယ်သည်၊ ကောင်းသူ ကယ်သည်။ စကြဝဠာကြီးအတွက် စည်းကမ်းတွေ၊ ထုံးတမ်းတွေ ချပေး၏။ ဤသို့ဖြင့် ယနေ့အထိ စကြဝဠာကြီး၌ 'အော်ဒါ' ခေါ် စနစ်ကျမှု၊ အစီအစဉ်ကျမှုတွေ ရှိလာသည်။ ဤကား ကြောင်းကျိုးပြ သီအရီ၏ အနှစ်အသား အချုပ်တည်း။

နောက်သီအရီတစ်ခုက မစ်(သ်)တို့သည် အိပ်မက်ကဲ့သို့ပင် **မသိစိတ်**၏ ဖန်တီးချက် ဖြစ်သည် ဆို၏။ လူ၌ **သိစိတ်က** ခွင့်မပြုနိုင်သော ရမ္မက်တွေ၊ ဆန္ဒတွေ၊ ခံစားမှုတွေသည် မသိစိတ်အတွင်း၌ လျှို့ဝှက်ပုန်းခိုနေသည်။ သိစိတ် အားပျော့သွားသော အိပ်ပျော်ချိန်၌ သူတို့က အလစ်ပေါ်လာပြီး အလုပ်လုပ်ကြရာ အိပ်မက် ဖြစ်လာသည်။ ထင်ပေါ်သိသာလွန်းလျှင် သိစိတ် လန့်နိုးမည် ဖြစ်သောကြောင့် မသိစိတ်သည် အိပ်မက်၌ နိမိတ်ပုံတွေ သုံးပြီး အလုပ်လုပ်ရသည်။ ထို့ကြောင့် သာမန် ကြည့်လျှင် အိပ်မက်တွေမှာ အဓိပ္ပာယ်မရှိ၊ ကြောင်းကျိုး မဆက်စပ်။ သို့ရာတွင် အိပ်မက်တွင်းမှ နိမိတ်ပုံတွေကို ကောက်ယူတတ်လျှင် အိပ်မက်တွေ၌ အဓိပ္ပာယ် ရှိသည်။ ကြောင်းကျိုးဆက်သွယ်မှုတွေ ရှိသည်။

လူသားတစ်မျိုးလုံး၌လည်း မသိစိတ်သဘော ရှိသည်။ မစ်(သ်)တွေသည် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ မတွေးဝံ့၊ မဖြစ်ဝံ့၊ မလုပ်ဝံ့သည်တို့ကို နိမိတ်ပုံစနစ်ဖြင့် တွေးပြ၊ ဖြစ်ပြ၊ လုပ်ပြသည်။ ထို့ကြောင့် မစ်(သ်)တွေကို နားလည်လျှင် လူသားတို့၏ သဘာဝကို နားလည်သည်။ မစ်(သ်)တွေကို ဖတ်လျှင်၊ နားထောင်လျှင် **ကသားဆစ်(စ်)** (Catharsis) အကျိုး ခံစားရသည်။ ကသားဆစ်(စ်) ဆိုသည်မှာ စိတ်ဖြူစင်သန့်ရှင်းသွားခြင်းကို ဆိုလိုသည်။ [illegible] ကားတစ်လုံးတည်းနှင့် ဘာသာပြန်ရ ခက်ပါသည်။ မိမိစိတ်ကို [illegible] သတိတရား ရှိလာခြင်း၊ ကိုယ်ချင်းစာ နားလည်ခြင်း၊ သံဝေဂ

www.burmeseclassic.com



ရခြင်းတို့ကြောင့် စိတ်မှ အညစ်အကြေးတို့ 'ထွက်ပေါက်ရ သန့်စင်(သက်သာ) သွားခြင်း' ကို ဆိုလိုသည်။ ကဗျာ၊ စာပေ၊ အနုပညာတို့၌ ကသားဆစ်(စ်) အကျိုးရှိပုံကို အရစ္စတိုတယ်လ်က စပြောပြခဲ့သည်။

အခြားသီအရီတစ်ခုကို **ချားတား** (Charter) သီအရီဟု ခေါ်သည်။ ချားတား ဆိုသည်မှာ သဘောတူစာချုပ်ဟု အဓိပ္ပာယ်ရသည်။ မစ်(သ်)ဟူသည် လူတို့၏ သဘောတူစာချုပ် တစ်မျိုး ဖြစ်လေသည်။ ဘာတွေကို သဘောတူ စာချုပ်ထားသနည်း ဆိုသော် ထုံးတမ်းတွေ၊ အစဉ်အလာတွေကို သဘောတူ စာချုပ်ထားကြသည်။ မစ်(သ်)တွေက ထုံးတမ်းတွေကို တရားဝင်၊ မဝင် ပြောသည်။ အတည်ပြုခြင်း၊ ပယ်ချခြင်း ပြုလုပ်ပေးသည်။ အထူးသဖြင့် ကိုးကွယ်မှုဆိုင်ရာ ထုံးတမ်းများ၊ အစဉ်အလာများနှင့် ပတ်သက်လာလျှင် မစ်(သ်)တွေကို ကြည့်ရသည်။ ကိုးကားရသည်။ သက်သေပြုရသည်။

ဥပမာ- မြန်မာ၌ တောင်ပြုံးပွဲတွင် မင်းညီနောင်တို့ ထိန်ခုတ်ကြ သည်။ ဘာကြောင့်နည်း။ အိမ်တွင်းမင်းမဟာဂီရိကို မီးမတင်ရ။ ဘာကြောင့် နည်း။ ဦးရှင်ကြီး တင်လျှင် သက်သတ်လွတ်သာ တင်ရမည်။ ဘာကြောင့် နည်း။ ရှင်းပြသော **ဇာတ်လမ်း(မစ်သ်)များ** ရှိလေသည်။ ထိုနည်းတူစွာ သစ်ရွက် ပန်းဖူးတို့၌ တန်ဆောင်မုန်းလတွင် ဆေးပေါင်းခသည်ဟု ယုံကြပြီး မဲဇလီဖူး သုပ်စားကြသည်။ ဘာကြောင့်နည်း။ အလှူအတန်း လုပ်ချိန်၌ မိုးမရွာအောင် ရှင်ဥပဂုတ် ကိုးကြသည်။ ဘာကြောင့်နည်း။ ရှင်ပြုသောအခါ ရှင်လောင်းတို့ကို မင်းညီမင်းသားကဲ့သို့ ဝတ်စေ၍ မြင်းပေါ်တင်ကာ ရွှေထီးမိုး၍ လှည့်သည်။ ဘာကြောင့်နည်း။ အလှူအတန်း လုပ်ပြီး ရေစက်ချ၍ မြေ၌ သွန်သည်။ ဘာကြောင့်နည်း။ အသုဘချရာ၌ မျောက်မင်းအုန်းသီးကို တီးသည်။ ဘာကြောင့် နည်း။ အဖြေတွေအတွက် ချားတားပမာ ဇာတ်ကြောင်းတွေ ရှိလေသည်။

ခေါမတွေ၌လည်း ဒိုင်အာနီးဆက်စ်ကို ပူဇော်ပွဲတွေ ရှိသည်။ စိုက်ပျိုး ရာသီအလိုက် ကျင်းပသော ပွဲတွေ ရှိသည်။ မြို့အလိုက်စိုးသော နတ်မင်းတွေ၊ နတ်ဒေဝီတွေကို ပူဇော်သောပွဲတွေ ရှိသည်။ အထူးသဖြင့် **ဝင်းတားဆောလစတစ်(စ်)** (winter solstis) ခေါ် နေမင်းသည် ကမ္ဘာ့တောင်ဘက် အဝေးဆုံး ရောက် နေ့ (ဒီဇင်ဘာလ ၂၁ သို့မဟုတ် ၂၂) ၌ ပြုလုပ်သော ပွဲတို့က ဆန်းသည်။ ထိုပွဲ၌ အာကာကဲ့သို့သော ပွဲများ ကျင်းပပြီး ထူးချွန်သူ ယောက်ျားတစ်ယောက် ကို သူတော်စင်ဘုရင် (sacred king) အဖြစ် ရွေးသည်။ သူသည် မိမိုရားကြီး

www.burmeseclassic.com



နှင့် ပေါင်းဖက်ပြီး ဘုရင် လုပ်ရသည်။ သူ့ကိုယ်စား 'အမြွာ'ဘုရင် တစ်ယောက်ကိုလည်း ရွေးသည်။ **ဆမ်းမားဆောစတစ်(စ်)** (summer solstis) **ခေါ်** နေမင်းသည် ကမ္ဘာ့မြောက်ဘက် အဝေးဆုံး ရောက်နေချိန် (ဇွန်လ ၂၁ သို့မဟုတ် ၂၂) ၌ အခမ်းအနားဖြင့် **မယ်သူတော်** (priestess) တွေက သူတော်စင်ဘုရင် ကို တစ်စစီ ဖြစ်အောင် ဆုတ်ဖြဲ၍ သတ်သည်။ ဘုရင်သည် သေပြီး နတ်ဖြစ်၍ ဗျာဒိတ်ပေးပုဂ္ဂိုလ် ဖြစ်သွား၏။ သူ့နေရာကို အမြွာဘုရင်က ခေတ္တစိုးစံရသည်။ ဝင်းတားဆောစတစ်(စ်) ရောက်လာသောအခါ နောက်ထပ် သူတော်စင်ဘုရင်တစ်ပါး ရွေးကြပြန်၏။ သူလည်း ဆမ်းမားဆောတစ်(စ်) အထိသာ ခံသည်။

မူလက လူဘုရင်အစစ်ကို ဤသို့ စီရင်ပစ်ကြသည်။ နောင်သောအခါ 'စတိ'အမျိုးမျိုး အဆင့်ဆင့် အစားထိုး၍ ပြုလုပ်ကြသည်။ ဘာကြောင့်နည်း။ ဘာအဓိပ္ပာယ်နည်း။

ဤထုံးတမ်း အစဉ်အလာများ၏ အစ၊ ရည်ရွယ်ချက် စသည်တို့ကို မစ်(သ်)များ၌ တွေ့ရသည်။

ဤသို့ဖြင့် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို သိနားလည်ရန် မနုဿဗေဒပညာရှင်များက မစ်(သ်)များကို လေ့လာကြသည်။ လေ့လာရင်းက မစ်(သ်)များသည် လူမျိုးတစ်မျိုး၏ သမိုင်းအရုဏ်ဦး မှုန်မှုန် အချိန်က ထိုလူမျိုးတို့၏ အကြောင်းကို နိမိတ်ပုံစနစ်နှင့် ပြောနေကြောင်း သိလာကြသည်။ ဤတွင် သမိုင်းပညာရှင်တို့ပါ မစ်(သ်)များကို လျစ်လျူမရှုဘဲ စိတ်ဝင်စားလာကြသည်။

တန်ခိုးရှင်များအကြောင်း၌ ဇူးစ်ကြီးက ဟီးရာကို၊ ပိုးဆိုက်ဒင်က ဒီမီးတားကို၊ ဟေးဒီးစ်က ပါဆစ်ဖနီကို အတင်းအဓမ္မ မယားတရားပြုပုံများ ဖတ်ရှုခဲ့ရပြီးပြီ။

ဇူးစ်၊ ပိုးဆိုက်ဒင်၊ ဟေးဒီးစ်တို့ကား ခေါမကျွန်းဆွယ်အတွင်းသို့ ဟယ်လင်း ခေါ် လူမျိုးသစ်တို့ ကျူးကျော်ဝင်ရောက်ကြပုံကို နိမိတ်ပုံစနစ်နှင့် ပြောသည်။

မူလက ခေါမကျွန်းဆွယ်ကြီး၌ နေကြသူများသည် ဟယ်လင်းလူမျိုးတွေ မဟုတ်ကြ။ ဟယ်လင်းတွေကား နောက်မှ ဝင်လာကြသည့် အာရိယင် (Aryan) လူမျိုးများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မသို့ အဲရီယင်လူမျိုးများ လေးသုတ် ခွဲဝင်ကြသည်။ ပထမအသုတ်ကို **အိုင်အိုးနီးယင်း** (Ionian) ချဉ်းနင်း ဝင်ရောက်မှုဟု ခေါ်သည်။ အာရှမိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ဘက်ကမ်းရှိ အိုင်အိုးနီးယမှတစ်ဆင့် ဝင်လာ ကြသည်။ ဒုတိယအသုတ်ကို **အီးအိုးလီယင်** (Aeolian) ချဉ်းနင်း ဝင်ရောက်မှုဟု ခေါ်သည်။ အာရှမိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်မြောက်ကမ်းရှိ **အီးအလစ်(စ်)** (Aeolis) ဒေသမှတစ်ဆင့် ဝင်လာကြသည်။ တတိယအသုတ်ကို **အကီးယင်** (Achaean) ချဉ်းနင်း ဝင်ရောက်မှုဟု ခေါ်သည်။ မူလက အကီးယင် ဖြစ်လာမည့်သူများသည် ဒင်းနျူမြစ် မြောက်ဘက်နယ်များမှ လာသည်။ သူတို့ သည် နောင်တွင် ပယ်လပနီးဆက်စ် ခေါ် ဒေါ်မတောင်ပိုင်းကျွန်းဆွယ်ကြီးရှိ **အကေးယ** (Achaia) နယ်၌ နေပြီး နယ်ချဲ့ကြသည်။ စတုတ္ထအသုတ်ကို **ဒေါ်ရီယင်** (Dorian) ချဉ်နင်း ဝင်ရောက်မှုဟု ခေါ်သည်။ အဆင့်ဆင့် ဝင်ရောက်လာကြသော ဟယ်လင်းလူမျိုးတို့သည် ဒေါ်မကုန်းမကြီး၏ တောင်ဘက်ဆုံး ကုန်းမြေရှိ **ဒေါ်ရစ်(စ်)** (Doris) နယ်၌ အခြေကျပြီးမှ ဆက်လက် နယ်ချဲ့ကြသည်။ ဟိုးမား၏ အီလီယက်ကဗျာကြီးက ပြောပြသော ထရိုးဂျင်စစ်ပွဲကြီးမှာ ဒေါ်ရီယင်တို့နှင့် အိုင်အိုးနီးယင်း ဟယ်လင်းလူမျိုးချင်း တိုက်ကြသော စစ်ပွဲကြီး ဖြစ်လေသည်။ တတိယအသုတ် ဖြစ်သော အကီးယင် လူမျိုးတို့ကား **ဇူးစ်ကြီး၏** လူမျိုးတွေ ဖြစ်လေသည်။

အဲရီယင်အနွယ် ဟယ်လင်းတို့ကား ယောက်ျားဘုရင်စနစ်ကို ကျင့်သုံးသည်။ သူတို့က **ယောက်ျားနတ်သုံးဆူ** (Trinity) ဖြစ်သော **ဣန္ဒြ** (Andra)၊ **မိတြ** (Mitra)၊ **ဝရုဏ** (Varuna) တို့ကို ကိုးကွယ်သည်။ ဇူးစ်ဟူသော အမည်မှ အမြစ်ကိုလိုက်လျှင် ဒီအော့စ်… ထိုမှ သက္ကတ… ဒေဝဆီ ရောက်သည်။ ရောမတို့က ဇူးစ်ကို **ဂျူပီတာ** (Jupiter) ဟု ခေါ်သည်။ ဂျူပီတာ၏ အမြစ်ကို လိုက်သောအခါ သက္ကတ **ဒေဝ- ပီတာဆီ ရောက်သည်။** နတ်ဖခင်ကြီး… နတ်တို့၏ ဖခင်ကြီး… နတ်တို့၏သနင်းဟု **အဓိပ္ပာယ်ရသည်။** မြန်မာတို့က သိကြား၊ ဟိန္ဒူတို့က ဣန္ဒြဟု ခေါ်သော နတ်မင်းကြီးပင် ဖြစ်သည်။ သိကြား (ဝါ) ဣန္ဒြက ခန္ဓာကိုယ် အလွန်ကြီးသော အသုရာနတ်တွေကို နှိမ်နင်းပြီးမှ သိကြား ဖြစ်လာသည်။ ဇူးစ်ကလည်း တိုင်းတန်ကြီးတွေကို နှိမ်နင်းပြီးမှ စကြဝဠာ ဖခင်ကြီး ဖြစ်လာသည်။ သိကြားလည်း ဝရဇိန်လက်နက်ကို ကိုင်သည်။ ဇူးစ်လည်း ဝရဇိန်လက်နက်ကို ကိုင်သည်။ သိကြား၏ မိဖုရားခေါင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သုဖိတာက အသုရာနတ်မင်းကြီး၏ သမီး။ ဖူးစ်၏ မိဖုရားခေါင်ကြီး ဟီးရာကလည်း တိုင်းတန်ကြီး ကရိုးနက်စ်၏ သမီး... ။

♦

ဖူးစ်ကြီး၏ အဘိုးဖြစ်သူ နတ်ကြီး၏ အမည်က ယူးရေနက်စ်။ ၎င်း၏ အမြစ်ကို လိုက်သောအခါ **ယူးရဏာ** (Ur-ana) မှသည် သက္ကတ္တဝရုဏာဆီ ရောက်သည်။

ဟယ်လင်းတို့၏ အဲရီယင် ယဉ်ကျေးမှုအကြောင်းက ဤမျှဆိုလျှင် ထင်ရှားပြီ။

အဲရီယင်၊ ဟယ်လင်းတွေ မရောက်မီ ခေါ်မ အပါအဝင် မြေထဲပင်လယ် တစ်ဝိုက်မှ လူတို့၏ ယဉ်ကျေးမှုက တစ်မျိုး။

သူတို့၌ မိန်းမဘုရင်စနစ် အုပ်စိုးသည်။ သူတို့၌ နတ်အထီး မရှိ။ နတ်ဒေဝီ ခေါ် နတ်မကြီးတွေသာ ရှိသည်။ သူတို့၌ တစ်လင် တစ်မယားစနစ် မရှိ၊ ထို့ကြောင့် ဖခင်ဟူသော ရာထူး မရှိ၊ သန္ဓေတည်မှု ကိစ္စသည် ယောက်ျား၏ အစွမ်း မပါ။ လေ... သို့မဟုတ် ရေတို့၏ အစွမ်းသာ။ နောင်သောအခါ ယောကျ်ားဘက်မှ အစွမ်းအဖို့ ပါမှ သန္ဓေ ဖြစ်လာသည်ကို သိသော်လည်း ယောကျ်ားကို လင်အဖြစ် နေရာမပေး။ သန္ဓေတည်မှုကိစ္စ၌ မရှိမဖြစ်သော ပစ္စည်းတစ်မျိုးအဖြစ်သာ သဘောထားသည်။ အရာရာတွင် မိန်းမများသာ ကြီးစိုးသည်။ စိုက်ပျိုးရေးကိုလည်း မိန်းမတွေသာ လုပ်သည်။ စိုက်ပျိုးရေးပညာ၏ လျှို့ဝှက်ချက်များကို မိန်းမများကသာ ထိန်းသိမ်းထားသည်။ ထိုယဉ်ကျေးမှုမှ လူသားများအတွက် မိခင် ဆိုသည်မှာ ချစ်ခင်ဖွယ်၊ ကြည်ညိုဖွယ်၊ ရိုသေဖွယ်၊ ကြောက်ရွံ့ဖွယ် ဖြစ်နေသည်။ သူတို့က ပထဝီမိခင်ကြီးဟု ခေါ်သော နတ်ဒေဝီကြီးကို ကိုးကွယ်သည်။ တစ်ဖန် ထိုနတ်ဒေဝီကြီး၌ အသွင်သုံးမျိုး (Traid) ရှိသည်။ ထိုသုံးမျိုးမှာလည်း စိုက်ပျိုးရေးနှင့် ပတ်သက်နေသည်။

ပထဝီမိခင်ကြီး၏ ကိုယ်ပွား တန်ခိုးရှင်ဒေဝီကို ခွဲခြားရာ၌ လမင်း၏ အသွင်သုံးရပ်နှင့် တစ်နှစ်တာရှိ ရာသီသုံးပါးတို့၏ သဘာဝပေါ် မူတည်၍ ခွဲခြားကြသည်။

www.burmeseclassic.com



လဆန်း၊ နွေဦးရာသီ၊ နှစ်သစ် အစကို နိမိတ်ပုံပြုသည့် နတ်ဒေဝီကား **အပျိုစင်နတ်ဒေဝီ** (Maden goddess) ဖြစ်သည်။ လပြည့်၊ နွေလယ်နှင့် နှစ်လယ်ကို နိမိတ်ပုံပြုသည့် နတ်ဒေဝီကား **ကာမရာဂနတ်ဒေဝီ** (Nymph goddess) ဖြစ်သည်။ လကွယ်၊ ဆောင်းဦးနှင့် နှစ်အဆုံးကို နိမိတ်ပုံပြုသည့် နတ်ဒေဝီကား **အမယ်အိုနတ်ဒေဝီ** (Crone goddess) ဖြစ်လေသည်။ တစ်နည်းဆိုလျှင် မျိုးသစ် ပင်သစ် ပေါက်သည့် ရာသီ၊ သီးကြ ပွင့်ကြသည့် ရာသီ၊ ရင့်ကြ မှည့်ကြသည့် ရာသီတွေကို နိမိတ်ပုံပြု၍ နတ်ဒေဝီ သုံးမျိုးထားသည်။

ဤအခြေခံ နိမိတ်ပုံပြု နတ်ဒေဝီ သုံးမျိုးမှ ကိစ္စသဘာဝအလိုက် သုံးဦးစီ၍ တွဲထားသော 'သုံးပါးစု နတ်ဒေဝီ'တွေ ရှိလာသည်။

ကြမ္မာညီအစ်မ သုံးဖော်မှာ ဤသို့သော သုံးပါးစု နတ်ဒေဝီတွေ ဖြစ်ကြသည်။ သူတို့ သုံးဦးလုံးသည် အဖြူရောင်(လရောင်)အဝတ်ကို ဝတ်ကြသည်။ တစ်ဦးစီ၌ သီးခြားနာမည် ရှိသော်လည်း သုံးဦးပေါင်းကို **မီးရီး** (Moerae) ဟု ခေါ်သည်။ အဓိပ္ပာယ်ကား အသွင်၊ အလှည့်၊ တစ်ဖက်၊ ပက္ခဟု ဖြစ်သည်။ လဆန်းပက္ခ၊ လဆုတ်ပက္ခ ဟူသော စကားမှ ပက္ခ ဖြစ်သည်။ ခေါမတွေက လ၌ လဆန်း၊ လပြည့်၊ လဆုတ်ဟု ပက္ခ သုံးခု ခွဲသည်။ မွေးခြင်း၊ နေခြင်း၊ သေခြင်း (ဖြစ်၊ တည်၊ ပျက်) သဘောကို ကြမ္မာညီအစ်မ သုံးဖော် သုံးပက္ခအဖြစ် ပြောသည်။

မြေ၊ လေ၊ ရေဟု ဒြပ်စင်သုံးပါး ရှိသည်ဟု ခေါမတွေ ယုံပြန်ရာ နိမိတ်ပုံနတ်သမီး သုံးပါး ရှိပြန်သည်။ **သီးတစ်(စ်)** နတ်သမီးက မြေ ဖြစ်သည်။ အင်(မ်)ဖီတရိုက်တီက လေ ဖြစ်သည်။ **နီးရီးအစ်(စ်)** (စိုသောအရာ)က ပင်လယ် ဖြစ်သည်။

လနတ်ဒေဝီ အားတမစ်(စ်)သည်လည်း သုံးပါးစု နတ်ဒေဝီ ဖြစ်သည်။ အပျိုစင်အဖြစ် ဆိုလျှင် အားတမစ်(စ်)ဟု ခေါ်သည်။ နင့်ဖ်နတ်သမီး ကာမဒေဝီအဖြစ်ဆိုလျှင် **အီဖီးဆက်(စ်)** (Ephesus) ဟု ခေါ်သည်။ ဝမ်းဆွဲပညာရှင် နတ်ဒေဝီအဖြစ် ဆိုလျှင် **ကရိုးနီး** (Crone) ခေါ် အမယ်အို ဖြစ်သွားပြန်၏။

ငရဲသနင်း ဟေးဒီး(စ်)မင်းက သုတ်ပြေးသည် ဆိုသော ကိုးရီမှာလည်း သုံးပါးစု နတ်သမီးတစ်ဦးပင် ဖြစ်လေသည်။

ကိုးရီက စိမ်းနုသော ပြောင်းနှံကို နိမိတ်ပုံပြုသည်။ ပါဆက်ဖနီက ရင့်မှည့်သော ပြောင်းနှံ၏ နိမိတ်ပုံ ဖြစ်သည်။ ဟီးကတီးက ရိတ်သိမ်းပြီးသော

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းနှံကို ကိုယ်စားပြုသည်။ ခေါမဩ့ စိုက်ပျိုးရေးကို မိန်းမသားတွေသာ အပိုင်စီး၍ လုပ်ကိုင်ကြစဉ်က ကိုးကွယ်ခဲ့သည့် သုံးပါးစု နတ်သမီးတွေ ဖြစ်ကြ၏။

ဇူး(စ်)ကြီး၏ မိဖုရားခေါင်ကြီး ဆိုသူ ဟီးရာကိုယ်၌က ပထဝီမိခင်ကြီး၏ 'ဘွဲ့'တစ်ခုသာ ဖြစ်လေသည်။ ဓာတ်လမ်းတွင်တော့ ဟီးရာကို ပထဝီမိခင်ကြီး၏ မြေးအဖြစ် ပြောသည်။ ဟီးရာ ဆိုသည့် စကား၏ အဓိပ္ပာယ်မှာ 'အရှင်မ'ဟု ရသည်။ အဲရီယင်နွယ်ဝင် ဟယ်လင်းလူမျိုးတို့ ခေါမတိုင်းတွင်း ဝင်မလာမီက ရှေးခေါမလူမျိုးတို့ ကိုးကွယ်ကြသော နတ်ဒေဝီကြီး ဖြစ်လေသည်။

ခေါမတိုင်းတွင် ရှေးအကျဆုံး ယဉ်ကျေးမှုကြီးတို့သည် ခရီးတ်ကျွန်းနှင့် မိုင်ဆီးနီး (Mycenae) နယ်တို့တွင် အလျင်ထွန်းကားခဲ့သည်။ ဘီစီနှစ် ၁၅၀၀ နှင့် ၁၁၀၀ ကြားတွင် ထွန်းကားကြီးကျယ်ခဲ့သော ခရီးတ်ကျွန်း၊ မိုင်ဆီးနီးနှင့် အေရှားမိုင်းနားမှ ထိုယဉ်ကျေးမှုကြီးတို့ကို မိုင်ဆီနီးယင်း (Mycenaean) ယဉ်ကျေးမှုကြီးဟု ခြုံငုံခေါ်သည်။ ဟီးရာသည် ထိုယဉ်ကျေးမှု ခေတ်အခါက လူမျိုးတို့ ကိုးကွယ်ကြသော မူလနတ်ဧကရီဒေဝီကြီး ဖြစ်လေသည်။ တစ်နည်းဆိုရလျှင် ကျီးယာ(အဘွား)၊ ရီးယာ(အမေ)၊ ဟီးရာ(မြေး) တို့သည် သုံးပါးစု နတ်ဒေဝီများ… တစ်နည်း… သဘောတစ်ခု၏ အသွင်သုံးရပ် ဖြစ်လေသည်။

အားဂက်(စ်)မြို့၌ တွေ့ရသည့် ကျော်ကြားလှသော ဟီးရာ၏ ရုပ်တုသည် ရွှေနှင့် ဆင်စွယ် ပလ္လင်ပေါ်၌ ထုထားသည့် ရုပ်တု ဖြစ်၏။ ဟီးရာသည် ပြက္ခဒိန်ကို စိုးသော နတ်ဒေဝီလည်း ဖြစ်သည်။ ထို့ကြောင့် ဟီးရာ၏ လှင်ကန်ထိပ်၌ နွေဦးရာသီ၏ သင်္ကေတ ဥသြငှက်ရုပ် ပါသည်။ ဘယ်လက်ကမူ သြတွမ်ရာသီနှောင်း၌ ရင့်မှည့်သော သလဲသီးကို ကိုင်ထားရာ နှစ်၏ 'သေဆုံးမှု' သရုပ် ဖြစ်လေသည်။ အချို့နေရာတို့တွင် ဟီးရာကို ကလေးအသွင်၊ သတို့သမီးအသွင်၊ မုဆိုးမအသွင်ဖြင့် အသွင် သုံးမျိုးထား ကိုးကွယ်ကြသည်။

မိန်းမဘုရင်မ အုပ်ချုပ်၍ မိန်းမသားများ ကြီးစိုးပြီး မိန်းမတန်ခိုးရှင်များကို ကိုးကွယ်သည့် ခေါမတိုင်းအတွင်းသို့ ယဉ်ကျေးမှု ခြားနားသည့် အဲရီယင်လူမျိုးတို့ တဖြည်းဖြည်း တစိမ့်စိမ့် ဝင်လာကြသည်။

ပထမတွင် သူတို့သည် လက်ရုံးရည် ဝန်ထမ်းများအဖြစ် ရောက်လာကြသည်။ ထူးချွန်သူတို့သည် နောင်သော် ဘုရင်မများ၏ ကြင်ရာတော်များ ဖြစ်လာကြသည်။ ရှေးဦးပိုင်းတွင် ယဉ်ကျေးမှုချင်း သမ၍ စေ့စပ် နေထိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အခြေခိုင်၍ အင်အားကြီးလာသောအခါ အဲရီယင်တို့က မိမိတို့၏ ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုဟောင်းကို အစားထိုးကြသည်။

ရှေးဟောင်း ခေါ်မတိုင်းရင်းသားတို့က မိန်းမ တန်ခိုးရှင် သုံးပါးစု နတ်ဒေဝီတို့ကို ကိုးကွယ်ကြသကဲ့သို့ နောက်ဝင်လာသူ အဲရီယင်တို့က ယောကျ်ား တန်ခိုးရှင် သုံးပါးစု နတ်မင်းတွေကို ကိုးကွယ်သည်။

ခေါ်မဂန္ထဝင် ဇာတ်ဆန်းများတွင် ယောကျ်ား တန်ခိုးရှင်နှင့် မိန်းမ တန်ခိုးရှင်တို့ အားပြိုင်ကြပုံတွေ၊ ယောကျ်ား တန်ခိုးရှင်တွေက နောက်ဆုံးတော့ မိန်းမ တန်ခိုးရှင်တွေပေါ် အနိုင်ယူသွားပုံတွေ ပါဝင်ကြောင်း စာရှုသူတို့ တွေ့ပြီးလေပြီ။

**A Large part of Greek myth is politico-religious history.**

BURMESE CLASSIC

**'ခေါ်မဂန္ထဝင် ဇာတ်ဆန်းအများစုသည် နိုင်ငံရေးနှင့် ဘာသာရေးသမိုင်း** ဖြစ်သည်' ဟု ပညာရှင်တို့က ဆိုကြသည်။ အဲရီယင်တို့၏ ယောကျ်ား တန်ခိုးရှင်တို့၏ အမည်များကား ဣန္ဒြ၊ မိတြ၊ ဝရုဏတို့ ဖြစ်ကြောင်း ဆိုခဲ့ပြီ။

ရှေးဟောင်း ခေါ်မတို့က နောက်ဝင်လာသူတို့၏ တန်ခိုးရှင်များကို သူတို့၏ ပထဝီမိခင်ကြီး၏ သားများအဖြစ် အသိအမှတ်ပြု လက်ခံကြသည်။ အဲရီယင်ထဲမှ ထူးချွန်သူတို့ကို **စတိတန်ခိုးရှင်ဘုရင်** (Sacred King) အဖြစ် ရွေးပြီး ဒေသခံ ဘုရင်မ၏ ကြင်ရာအဖြစ် ထားသည်။ အချိန်တန်သောအခါ စတိဘုရင်ကို သတ်၍ ယဇ်ပူဇော်သည်။

နောင်သော် စတိဘုရင်က ဘုရင်အစစ် လုပ်လာသည်။

ယူးရေနက်စ်နှင့် ဂျီးယာတို့ ဇာတ်လမ်းကား **ဣတ္ထိယတော်ဝင် အုပ်ချုပ်ရေးစနစ်** (Female Aristocracy) နှင့် **ပုရိသတော်ဝင် အုပ်ချုပ်ရေးစနစ်** (Male Aristocracy) နှစ်ခုတို့၏ တိုက်ခိုက် ဆန့်ကျင် ရုန်းကန်မှုကို သရုပ်ပြသည်။

အစဦး၌ ထိုစနစ်နှစ်ခုသည် စေ့စပ်ညှိနှိုင်းနေကြသည်။ နောင်တွင် ပုရိသစနစ်က အပေါ်စီး ယူလာပြီး ဣတ္ထိယစနစ်ကို ချုပ်နှိမ်လာသည်။

ယူးရေနက်စ်က မျက်လုံး တစ်လုံးတည်းသာ ရှိသော ဆိုင်းကလော့ပ်ကြီးများနှင့် လက်ရုံး တစ်ရာရှင်များကို ဖမ်းဆီး၍ ငရဲတွင်းထဲ ချထားသည်ဟု ဆိုသည်။ ဆိုင်းကလော့ပ်များမှာ ပန်းပဲအတတ် တတ်သူ ဣတ္ထိယစနစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံသည့် ရှေးဟောင်းလူမျိုးများ ဖြစ်သည်။ မျက်လုံး တစ်လုံးတည်းသာ အကယ် ရှိသည် မဟုတ်။ သင်္ကေတသဘောကို ဆိုလိုခြင်း ဖြစ်သည်။ ရှေး ပန်းပဲဆရာတို့သည် နေမင်းကို အရိုအသေပြုသောအားဖြင့် နဖူးတွင် စက်ဝိုင်းရစ် များသဏ္ဌာန် ဆေးမင်ထိုးထားကြသည်။ ဆိုင်းကလော့ပ် ဆိုသော စကား၏ အဓိပ္ပာယ်မှာလည်း **'စက်ဝိုင်းကွင်းမျက်လုံး' (ring-eyed)** ရှိသူဟု ရသည်။ တစ်ဖန် ပန်းပဲဆရာတို့သည် မီးပွားများ ရန်မှ ကာကွယ်ရန် မျက်လုံးတစ်ဖက်ကို အဖုံးဝိုင်းတစ်ခုနှင့် ဖုံးပိတ်ထားလေ့ရှိသည်။ အဲရိယင်တို့ ရောက်မလာမီက ထွန်းကားခဲ့သော မိုင်ဆီနီးယင်း ယဉ်ကျေးမှုကြီးအကြောင်း ဖော်ပြခဲ့ပြီးပြီ။ ထိုယဉ်ကျေးမှုခေတ်က နန်းတော်ကြီးများ၊ သချိုင်းတော်ကြီးများသည် ယခုတိုင် ကျန်ရှိသေးသည်။ ထိုအဆောက်အအုံများ၏ ထူးကဲသော လက်ရာမှာ ကျောက်တုံး ကြီးများနှင့် တည်ဆောက်ထားသည့် ဧရာမတံတိုင်းကြီးများ ဖြစ်လေသည်။ ထိုတံတိုင်းကြီးများကို နောင်အခါ ဘီလူးကြီးများအဖြစ် တင်စား ပြောဆိုခြင်း ခံရသည့် ဆိုင်းကလော့ပ်တို့က တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တစ်နည်း ဆိုရလျှင် ဆိုင်းကလော့ပ်များသည် ဘီလူးကြီးများ မဟုတ်ဘဲ သံခေတ် မတိုင်မီ ကြေးနီခေတ်က ဗိသုကာပညာရှင် ပန်းပဲပညာရှင်၊ လက်နက် ဓား လှံ ထုတ်လုပ်သူ အတတ်ပညာရှင်များ ဖြစ်ကြလေသည်။

လက်ရုံး တစ်ရာရှင်များမှာလည်း ခေါမတိုင်း၌ နေသူ ရှေးဦးလူများ ဖြစ်ကြသည်။ သူတို့အမည်က သူတို့သဘာဝကို ဖော်ပြနေ၏။ တစ်ဦး၏ အမည်က ဂျိုင်းဂိုးစ် ဖြစ်၏။ အဓိပ္ပာယ်မှာ မြေက ဖွားသူဟု ဖြစ်ရာ မူလပထဝီ မိခင် ဒေဝီကြီးကို ကိုးကွယ်သူ ဖြစ်ကြောင်း ထင်ရှားသည်။ အခြားတစ်ဦး၏ အမည်ကား ဘရိုင်အားရီးယက်စ်ဟု လည်းကောင်း၊ **အီးဂျီယင် (Aegaeon)** ဟု လည်းကောင်း ခေါ်သည်။ **အီးဂစ်(စ်) (Aegis)** ဟု ခေါ်သော ဆိတ်နတ် ဒေဝီကို ကိုးကွယ်သော လစ်ဗျား-သရေးရှား (Libyo-Thracian) လူမျိုး ဖြစ်ကြောင်း ထင်ရှားသည်။ ခေါမကျွန်းဆွယ်ကြီး၏ အရှေ့ဘက်ရှိ အီးဂျီးယင် ပင်လယ်မှာ အီးဂစ်(စ်)နတ်ဒေဝီကို အစွဲပြု၍ အမည်ပေးထားသော ပင်လယ် ဖြစ်လေသည်။ နောက်တစ်ဦး၏ အမည်က **ကောတက်(စ်)** (Cottus) ဟု ဖြစ်သည်။ သူ့အနွယ် **ကော့တီယင်** (Cottian) လူမျိုးများ ရှိသည်။ သူတို့က ကာမကျူးမှုပုံစံ ပါသည့် **ကော့တီတိုး** (Cottyto) နတ်ဒေဝီကို ကိုးကွယ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ **တစ်ဖန် ဘာရိုင်းအားရီးယက်စ်၏** ဒေသမှာ ခေါမနိုင်ငံ မြောက်ဖျားရှိ ပြည်နယ်တစ်ခု ဖြစ်သော **မက်ဆီဒိုးနီးယား** (Macedonia) ဟု ဆိုသည်။

အဲရီယင်လူမျိုးသစ်များသည် မြောက်ဘက်မှ ဝင်ရောက်လာသဖြင့် သူတို့အား ရှေးဦးစွာ ရင်ဆိုင်ရသူများမှာ ခေါမမြောက်ပိုင်း သရေးရှားနယ်၊ မက်ဆီဒိုးနီးယားနယ်တို့မှ ရှေးဦးလူများ ဖြစ်ကြလေသည်။ ထိုသူတို့ ကိုးကွယ်သော မယ်သူတော်တို့သည် အစုလိုက် ဂိုဏ်းဖွဲ့နေကြပြီး တစ်စုလျှင် ငါးဆယ်စီ ရှိသည်။ သူတို့၏ တိုက်ခိုက်ရေး အဖွဲ့များကိုလည်း တစ်ဖွဲ့လျှင် လူတစ်ရာနှင့် ဖွဲ့စည်းသည်။ ထို့ကြောင့် သူတို့ကို လက်ရုံးတစ်ရာရှင်များဟု ခေါ်ကြသည်။

ဆိုင်းကလော့ပ်များနှင့် လက်ရုံးတစ်ရာရှင်များကား စင်စစ် ရှေးဦး လူမျိုးများ၏ လက်နက် ထုတ်လုပ်သူ ပညာရှင်များနှင့် စစ်သည်များသာ ဖြစ်သတည်း။

BURMESE CLASSIC

အဲရီယင်လူမျိုးသစ်တို့ အားကြီး၍ အပေါ်စီး ရလာသောအခါ၌ သူတို့ကို ဦးတည်နှိမ်နင်း ချုပ်ချယ်သည်။ မကျေနပ်သော ယဉ်ကျေးမှုဟောင်း လူတို့နှင့် တိုင်းရင်းသားစိတ် တဖြည်းဖြည်း ရှိလာသူ ခေါမတိုင်းတွင်းဖွား အဲရီယင်အနွယ်တို့ ပေါင်း၍ ချုပ်ချယ်သူ အစွန်းရောက် အဲရီယင်တို့ကို တိုက်ခိုက် ဖယ်ရှားကြသည်။ ဤသမိုင်းဦး အဖြစ်အပျက်ကို ယူးရေနက်စ်၊ ဂျီးယားနှင့် ကရိုးနက်စ်တို့၏ ဇာတ်လမ်းဖြင့် သရုပ်ဖော်ထားသည်။

ခေါမတိုင်းတွင်းဖွား အဲရီယင်တို့မှာလည်း သူတို့၏ မူလ ပုရိသစိုးမိုးမှု ယဉ်ကျေးမှုကို မစွန့်နိုင်။ ကြာသော် သူတို့လည်း ယဉ်ကျေးမှုဟောင်းသမားတွေ နှင့် ထိပ်တိုက် တွေ့ကြပြန်သည်။ ဤသို့ဖြင့် ကရိုးနက်စ်နှင့် ရီးယား၊ ဇူးစ် တို့၏ ဇာတ်လမ်း ဖြစ်လာပါသည်။ ကရိုးနက်စ်၏ အဓိပ္ပာယ်ကား အချိန်ဟု ဖြစ်သည်။

အချိန် ကြာမြင့်လာသောအခါ ယဉ်ကျေးမှုဟောင်းနှင့် ယဉ်ကျေးမှု သစ်တို့သည် ရောသထက် ရောလာသည်။ ယှဉ်တွဲနေနိုင်သမျှလည်း နေကြ သည်။ ပြုပြင်ရသမျှကို ပြုပြင်ကြသည်။ တစ်နည်းဆိုရလျှင် ယဉ်ကျေးမှုသည် နိုင်ငံ၏ ရှေးအစဉ်အလာ၊ ပထဝီ အနေအထား၊ ရာသီဥတု၊ ပစ္စုပ္ပန် လူမှုလိုအပ် ချက်တို့အရ ပြောင်းလဲရသည်။ ယူးရေနက်စ်တို့၏ ခေတ်ဆီ နောက်ဆုံးဆွဲ သော ကရိုးနက်စ်နှင့် ပစ္စုပ္ပန် ရန်ဖြစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးစ်တို့၊ ဟေးဒိုးစ်တို့ ပိုးဆိုက်ဒင်တို့က ပစ္စုပ္ပန်ဘက်သား ဖြစ်ကြသည်။ ပထဝီမိခင်ကြီး၏ အကြံပေးချက်အရ ဖူးစ်တို့က ဆိုင်းကလော့ပ်များနှင့် လက်ရုံးတစ်ရာရှင်တို့ကို လွှတ်ပေးသည်။ ဆိုင်းကလော့ပ်များက လက်နက်ထုတ်ပေးပြီး လက်ရုံးတစ်ရာရှင်များက တိုက်ပွဲဝင်ပေးသည်။ ဤသို့ဖြင့် ဖူးစ်၏ 'အိုလင်ပီယင် စကြဝဠာနိုင်ငံသစ်' ပေါ်ထွန်းလာသည်။ သမိုင်းစကားပြောရလျှင် ရှေးဟောင်းမူလ မိုင်ဆီနီးယင်း ယဉ်ကျေးမှုလည်း မဟုတ် မက၊ မူလ အဲရီယင်ယဉ်ကျေးမှုလည်း မဟုတ် မကသည့် **ဟယ်လင်းနစ်** (Hellenic) ယဉ်ကျေးမှုသစ်ကို ထူထောင်ကြသည်။ ထိုယဉ်ကျေးမှုသစ်က ပုရိသစနစ်ကို အခိုင်အမာ ကျင့်သုံးသော်လည်း ဣတ္ထိယစနစ် တစ်ခုလုံးကို အကြွင်းမရှိအောင် ဖြိုဖျက်ခြင်း မပြု။ ရော၊ ငုံ၊ သမ၍ အစွန်းမရောက်စေဘဲ ပြုပြင်ကျင့်သုံးသည်။

နိမိတ်ပုံ သင်္ကေတအဖြစ်နှင့်ဆိုလျှင် အိုလင်ပီယင် တန်ခိုးရှင် ဆယ့်နှစ်ပါးတွင် အဖို၊ အမ ညီမျှစွာ ထားသည်။ နောင်တွင် ဟက်စတီယာက နေရာဖယ်ပေးသဖြင့် ဒိုင်အာနီးဆက်စ်က ဝင်လာသောကြောင့် ပုရိသတို့က အနည်းငယ်မျှ အလေးသာမှု ရယူထားသည်။

ပုရိသစနစ် အလေးကဲသော ယဉ်ကျေးမှုသစ်သည် ခေါမနိုင်ငံတောင်ပိုင်းသို့ တဖြည်းဖြည်း နယ်ချဲ့လာသည်။ တောင်ပိုင်းမှ ဣတ္ထိယစနစ်သက်သက်ကို နည်းမျိုးစုံနှင့် လွှမ်းပစ်သည်။

ဖူးစ်ကြီးက ဟီးရာကို အနုနည်းနှင့် တစ်မျိုး၊ အကြမ်းနည်းနှင့် တစ်ဖုံ အပိုင်သိမ်းပုံမှာ မြောက်ပိုင်းစနစ်က တောင်ပိုင်း၌ ကျန်နေသေးသော စနစ်ဟောင်းကို အနိုင်ယူပုံကို သရုပ်ပြသည်။ မြောက်ပိုင်း ယဉ်ကျေးမှု အနွယ်ဝင် **ဟယ်လင်း** (Hellenes) များက ခရီးတ်ကျွန်း အပါအဝင် တောင်ပိုင်းမှ မိုင်ဆီနီးယင်း ယဉ်ကျေးမှုကို **ဘီစီနှစ် ၁၇၀၀ ၌** တစ်ကြိမ်၊ ၁၄၀၀ ၌ တစ်ကြိမ် အနိုင်ယူ သိမ်းပိုက်ပုံကို နိမိတ်ပုံစနစ်နှင့် ပြောသည်။ ဖူးစ်နှင့် ဟီးရာတို့၏ မင်္ဂလာဦး ပျားရည်ဆမ်း အချိန်သည် နှစ်ပေါင်း သုံးရာ ကြာသည် ဆိုခြင်းကား မတူသော ယဉ်ကျေးမှု နှစ်ခုတို့ ညီညွတ်သမသွားရန် ကြာခဲ့သော အချိန်ကို ဆိုလိုသည်။

နောင်တွင် ကမ္ဘာ့သမိုင်း၌ ထင်ရှားသော အေသင်မြို့ကား ရှေးကာလည်းက လွတ်လပ်မှုနှင့် ပတ်သက်လာလျှင် ခေါင်းမာသောမြို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ နတ်ဒေဝီကြီးကား အသီးနီး ဖြစ်လေသည်။ ဖူးစ်ကြီးသည် အခြား နတ်ဒေဝီများကို မယားလုပ်ပစ်သော်လည်း အသီးနီးကိုမူ လက်ဖျားနှင့်ပင် မတို့။ မတို့သည့်အပြင် သူ့ခေါင်းမှ ဖွားသော သမီးဟု ဆိုသည်။ တန်ခိုးအရာ တွင် ဖူးစ်ကြီး ပြီးလျှင် ဒုတိယဟု ဆိုရမလောက် ကြီးသည်။ သူ့ရသတ္တိတွင် ကား ဖူးစ်ကြီးထက်ပင် ကောင်းသည် ဆို၏။ အေသင်မြို့သားတို့ကလည်း သူတို့၏ နတ်ဒေဝီကြီးမှာ ရှာမှရှားသော အပျိုစင်ကြီးဟု ဂုဏ်ယူကြသည်။ ဆိုလိုသည်မှာ အေသင်သည် အစမှကျွန်ပြုမခံခဲ့ရဟု ဖြစ်သည်။ အသီးနီးသည် ဖူးစ်ကြီး၏ သမီး အပျိုစင်ဟူသည်ကား အေသင်သားတို့နှင့် ဟယ်လင်းလူမျိုး တို့ အပေးအယူ သဘောနှင့် စေ့စပ်ညှိနှိုင်း ပြေလည်သွားခြင်းကို ဆိုလိုသည်။ အေသင်သားတို့ အလျှော့ပေးခဲ့ရသည်မှာ အေသင်မှ အမျိုးသမီးတို့၏ ပိုင်ခွင့် ဖြစ်သည်။ ဟယ်လင်နစ်ခေတ်မှ စ၍ အေသင်မြို့သူ အမျိုးသမီးတို့သည် မဲ ပေးပိုင်ခွင့် မရှိတော့ဟု ဆိုသည်။

BURMESE CLASSIC

ကျန်သော နတ်ဒေဝီတွေ၊ လူဒေဝီတွေကို ဖူးစ်ကြီး ဗလက္ကာရပြု သိမ်းပိုက်မှုများကား ကြွင်းသော ဣတ္ထိယစနစ်ငယ်များကို ဟယ်လင်းတို့ လွှမ်းမိုးသိမ်းယူမှုကို သရုပ်ပြသည်။

အချုပ်ဆိုရလျှင် သုံးပါးစု နတ်ဒေဝီတို့ဖြင့် နိမိတ်ပုံဆောင်သော ဣတ္ထိယယဉ်ကျေးမှုစနစ်ကို သုံးပါးစု နတ်မင်းတို့ဖြင့် နိမိတ်ပုံဆောင်သော ပုရိသယဉ်ကျေးမှုစနစ်က အနိုင်ယူသွားပုံကို ဂန္ထဝင်ဇာတ်ဆန်းများက သရုပ် ပြသည်။

ဖူးစ်က··· ဟီးရာကို
ဟေးဒီးစ်က··· ကိုးရီကို
ပိုးဆိုက်ဒင်က··· ဒီမီးတားကို

အပိုင်သိမ်းယူခြင်းတို့က ပုရိသစနစ် ခေါ်မ တစ်တိုင်းလုံး လွှမ်းမိုး ကြီးစိုးသွားပုံကို ပြောလေသည်။

စာတွေ မပေါ်ခင်ကတည်းက လူ့သမိုင်းသည် ရှိနှင့်နေ၏။ သမိုင်း အရဏ်ဦးမှုန်မှုန်မှ အဖြစ်အပျက်တို့ကို လူတို့သည် သားစဉ် တစ်ဆက်မှ တစ်ဆက်သို့ ပုံပမာ နှုတ်ဖြင့် ပြောပြသွားကြ၏။ ပုံများသည် အနုပညာမြောက် သော နိမိတ်ပုံစနစ် (ဝါ) သင်္ကေတ ဖွဲ့စည်းမှုစနစ်ကို သုံးသည်။ ထိုပုံများသည် မင်းသ်ခေါ် ဂန္ထဝင်ဇာတ်ဆန်းများ ဖြစ်လာကြသည်၊ အဖြစ်အပျက်များကို

www.burmeseclassic.com

www.burmeseclassic.com



'လူပြု' (personify) ၍ ပြောသောအခါ လူ့စရိုက်၊ လူ့သဘာဝ၊ လူ့ထုံးစံတွေလည်း ပါလာ၏။

ဤသို့ဖြင့် မစ်သ် ခေါ် ဂန္ထဝင်ဇာတ်ဆန်းတို့သည် ဒဿနရှုထောင့်၊ သမိုင်းရှုထောင့်၊ မနုဿဗေဒရှုထောင့်၊ စိတ်ပညာရှုထောင့်၊ အနုပညာရှုထောင့် စသော ရှုထောင့် အသီးသီးမှ ရှုကြည့်လေ့လာ၍ရသော လူ့အမွေပစ္စည်းတို့ ဖြစ်လာခဲ့သည်။

'ခေါ်မသမိုင်းရိုပ်ပြ ဂန္ထဝင်ဇာတ်ဆန်းများ' ကား များပြား ရှည်လျားလှသည်။

'တန်ခိုးရှင်များ' ဟူသည့် 'ပထမပိုင်း' အပြီးတွင် ခေတ္တနားထားရန် ကျွန်တော် ဆုံးဖြတ်သည်။

စာဖတ်ပရိသတ်ကြီးသည် ကမ္ဘာ့ပညာလောကၖ ထင်ရှားသည့် မစ်သ်များအကြောင်း အကျဉ်းမျှ မြည်းကြည့်၍ အရသာ သိကြသည်ဆိုလျှင် ကျွန်တော် ဝမ်းမြောက်ပီတိ ဖြစ်ပါသတည်း။

BURMESE CLASSIC

တက္ကသိုလ်ဘုန်းနိုင်
၂၅-၄-၉၃

www.burmeseclassic.com